ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်

ကြံခင်းကျောင်းပရိယတ္တိစာသင်တိုက်

ကြံခင်းဆရာတော်

ဘဒ္ဒန္တ ဣန္ဒက (ဓမ္မာစရိယ၊ ဂဏဝါစက၊ ဂန္ထကာရက)

ရေးသားစီရင်အပ်သော

သစ္စာလေးဝအလင်းပြ

ဓမ္မစကြာသင်တန်း

# နိဗ္ဗာန်လမ်းညွှန်ကျမ်း


သာသနာရေးဝန်ကြီးဌာန

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

သာသနာ-၂၅၄၂ ကောဇာ-၁၃၆၀ ခရစ်-၁၉၉၈

"ကျန်းမာ ချမ်းသာ၍ လိုအင်ဆန္ဒ ပြည့်ဝပါစေ"

သို့

- - - - - - - - - - - - - - - - -

- - - - - - - - - - - - - - - - -

- - - - - - - - - - - - - - - - -

# ဓမ္မဒါနလက်ဆောင်မွန်

ပေးလှူသူ

○ လက်မှတ် - - - - - - - - - - - - - - - - -

○ အမည် ဆရာ - - - - - - - - - - - - - - - - -


○ နေ့စွဲ - - - - - - - - - - - - - - - - -

မြို့နယ်

ကြံခင်း

၅-ရပ်ကွက်

ကန်း



ကြံခင်းဆရာတော် ဘဒ္ဒန္တဣန္ဒက (ဓမ္မာစရိယ)
ဝါတွင်းကာလ ဥပုသ်နေ့တိုင်း
ဓမ္မစကြာသင်တန်း ပို့ချနေပုံ
(၁၃၆၀-ပြည့်နှစ်)



မမွှစကြာသင်တန်းအပြီးတွင် ယောဂီများ တရားထိုင်နေကြပုံ (၁၃၆၀-ခုနှစ်)

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်

## ကြံ့ခင်းကျောင်းပရိယတ္တိစာသင်တိုက်

ကြံ့ခင်းဆရာတော်

ဘဒ္ဒန္တ ဥက္ကန္ဒ (ဓမ္မာစရိယ၊ ဂဏဝါစက၊ ဂန္ထကာရက)

**ရေးသားစီရင်အပ်သော**

**သစ္စာလေးဝအလင်းပြ**

## ဓမ္မစကြာသင်တန်း

# နိဗ္ဗာန်လမ်းညွှန်ကျမ်း


**သာသနာရေးဝန်ကြီးဌာန**

**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**

သာသနာ-၂၅၄၂ ကောဇာ-၁၃၆၀ ခရစ်-၁၉၉၈

# ဓမ္မစကြာသင်တန်း နိဗ္ဗာန်လမ်းညွှန်ကျမ်း
# ပုံနှိပ်ခြင်း

ပထမအကြိမ်

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ဓမ္မဒါန

၁၃၆၀-ခု၊ တန်ဆောင်မုန်းလ၊ ၁၉၉၈-ခု၊ အောက်တိုဘာလ။

❖ မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် ❖

မြစ်မခအော့(ဖ်)ဆက်

❖ ကွန်ပျူတာစာစီ ❖

သာထွန်းပြန့်-ကွန်ပျူတာ

**ဓမ္မဒါန**

❖ ထုတ်ဝေသူ ❖

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

ညွှန်ကြားရေးမှူး ဦးထင်မျိုး

မှတ်ပုံတင်အမှတ် - ၁၁/၉၄(၁)မှ

ထုတ်ဝေသည်။

# ဓမ္မစကြာသင်တန်း နိဗ္ဗာန်လမ်းညွှန်ကျမ်း

## မာတိကာ

### (က) ဓမ္မစကြာဒေသနာဟောစဉ် မာတိကာ


ကျေးဇူးဆပ် အမြွက်ဓမ္မစကြာ ... (ဂ)
အကြောင်းပြနိဒါန်း ... (င)
မိတ်ဆက်နိဒါန်း ... (ဆ)
အာသီသပုဗ္ဗက ဂန္ထာရမ္ဘ-စက်လည် ၂-ဂါထာ ... ၁
ဗုဒ္ဓဝင်ဆောင်ပုဒ်အကျဉ်းချုပ် ... ၃
ပလ္လင်အကြောင်း သိကောင်းစရာများ ... ၈
ဓမ္မစကြာဒေသနာဟောစဉ် (၁) အစွန်းနှစ်ပါး ... ၁၂
ဓမ္မစကြာဒေသနာဟောစဉ် (၂) မဇ္ဈိမပဋိပဒါ ... ၁၈
ဓမ္မစကြာဒေသနာဟောစဉ် (၃) ဒုက္ခသစ္စာ ... ၄၁
ဓမ္မစကြာဒေသနာဟောစဉ် (၄) သမုဒယသစ္စာ ... ၅၉
ဓမ္မစကြာဒေသနာဟောစဉ် (၅) နိရောဓသစ္စာ ... ၇၀
ဓမ္မစကြာဒေသနာဟောစဉ် (၆) မဂ္ဂသစ္စာ ... ၇၉
ဓမ္မစကြာဒေသနာဟောစဉ် (၇) ဉာဏ် ၃-ပါး ... ၁၀၁
ဓမ္မစကြာဒေသနာဟောစဉ် (၈) နတ်ပြဟ္မာများ ကောင်းချီးပေးပုံ ... ၁၁၃
ဓမ္မစကြာဒေသနာဟောစဉ် (၉) ငါးပေါက်မမှားတရားတော် ... ၁၂၃
ဓမ္မစကြာဒေသနာဟောစဉ် (၁၀) ကျောင်းအနုမောဒနာတရား ... ၁၄၄
ဓမ္မစကြာဒေသနာဟောစဉ် (၁၁) ဘုရားကိုစေတီကွယ်သလော ... ၁၅၅
ဓမ္မစကြာဒေသနာဟောစဉ် (၁၂) သုဘာအမေးအဖြေ ... ၁၆၂
(ခ) (နောက်ဆက်တွဲ) ဓမ္မစကြာဒေသနာဝတ်ရွတ်စဉ် ... ၁၇၃
မိတ်ဆက် ... ၁၇၄
ရည်ညွှန်းချက် ... ၁၇၅
ဝါဆိုစဉ်ဘုရားရှိခိုး ... ၁၇၆
နမောတဿဘုရားရှိခိုးကြီး ... ၁၇၇
ရွှေဘုန်းရှင်ဘုရားရှိခိုး ... ၁၇၉
မြတ်တရားရှိခိုး ... ၁၈၁
မြတ်သံဃာရှိခိုး ... ၁၈၂

၁။ ဓမ္မစက္ကပဝတ္တနသုတ် (ပါဠိတော်)
(လက်ဝဲဘက်စာမျက်နှာများ) ... ၁၈၆ မှ ၂၀၆ ထိ
၂။ အသံထွက်ဓမ်မစက်ကြာ
(လက်ယာဘက်စာမျက်နှာများ) ... ၁၈၇ မှ ၂၀၇ ထိ
ဘုရားပင့် တရားတောင်း ... ၂၀၈
ဓမ္မစကြာအမွှန်း ... ၂၀၉
ဓမ္မစကြာဒေသနာ ... ၂၁၁
ဓမ္မစကြာဒေသနာ၊ ရှစ်လုံးဖွဲ့ အမေးအဖြေကဗျာများ ... ၂၃၁
သစ္စာ ၄-ပါး အကျယ်ကဗျာများ ... ၂၃၅
လူသေဘာဖြစ် စိစစ်ဖို့ရာ (နန္ဒိယနှင့် ရေဝတီဝတ္ထု) ... ၂၃၆
မစင်စားပြိတ္တာဝတ္ထု ... ၂၃၈
တောတေယျခွေးဖြစ်သောဝတ္ထု ... ၂၄၀
သံသရာလည်ပုံ ... ၂၄၃
သံသရာပြတ်ပုံ ... ၂၄၇
သတိပဋ္ဌာန်စာချိုးကဗျာများ ... ၂၅၃
လူသေဘာဖြစ်စာချိုးကဗျာများ ... ၂၅၄
အာရုံ ၆-ပါး စာချိုးကဗျာများ ... ၂၅၅
ကျောင်းဒါယကာများတေးထပ်၊ ကျွန်းသစ်ကျောင်း
ဒါယကာ ဒါယိကာမများ ... ၂၅၉
သူများအလှူ မနာလိုတေးထပ် ... ၂၆၀
ဝိနည်းကိုသင်ကြားပါတေးထပ် ... ၂၆၁
မေ္ဘာစရိယဆရာတော်များအား ပူဇော်ပါ၏ ... ၂၆၁
ပဋ္ဌာန်းအလှူခံဖြတ်ပိုင်း ဖိတ်ကြားစာတေးထပ်
(ပဋ္ဌာန်အကျိုး ၆-မျိုးတေးထပ်) ... ၂၆၂
ကထိန်အလှူဖြတ်ပိုင်း ဖိတ်ကြားစာတေးထပ် ... ၂၆၃
ဒုလ္လဘအလှူခံဖြတ်ပိုင်း ဖိတ်ကြားစာတေးထပ် ... ၂၆၃
နိဂုံးဂါထာ ... ၂၆၄
ကျမ်းကိုးစာရင်း ... ၂၆၆
ကျေးဇူးတင်လွှာ ... ၂၆၈
(ဓမ္မဒါန) အလှူရှင်များ ... ၂၆၉

* * * * *

# ကျေးဇူးဆပ် အမြတ်မေတ္တာ

ရှင်တော်မြတ်ဘုရားသည် ဘုရားအဖြစ်သို့ မရောက်မီက ဥရုဝေဠတောမှာ ခြောက်နှစ်ကြာအောင် ခဲခဲယဉ်းယဉ်းပြုကျင့်အပ်သော ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူပါသည်။ ထိုဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်ကြာအောင် ကျင့်တော်မူစဉ်က ပဉ္စဝဂ္ဂီငါးဦးတို့သည် ဘုရားလောင်းအား စောင့်ရှောက် ပြုစုလုပ်ကျွေးကြပါ သည်။ ဘုရားအဖြစ်သို့ရောက်တော်မူသောအခါ မိမိအား စောင့်ရှောက်ပြုစု လုပ်ကျွေးခဲ့ဖူးသော ကျေးဇူးများကိုဆပ်သောအားဖြင့် ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးမှန်စွာ ဤမေတ္တာကြာဒေသနာတော်ကို သေချာ ထုတ်ဖော် ဟောတော်မူပါသည်။

ထိုသည့်ထုံးကိုနှလုံးမူ၍ စာရေးသူသည် အဆုတ်ရောဂါနှင့် နှလုံးရောဂါ ကြောင့် အားအင်ဆုတ်ကာ လှုပ်ရှားသွားလာတဲ့အခါတိုင်းမှာ မောပန်း နေပါသည်။ ထိုရောဂါဝေဒနာများကို သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ သာသနာတော်ကြီးကို အလွန်ကြည်ညိုကြသော ညွှန်ကြားရေး မှူးချုပ်ဖြစ်သော ဒါယကာကြီး**ဦးစန်းလွင်**(ဗိုလ်မှူးကြီး)၊ လက်ထောက် ညွှန်ကြားရေးမှူးဖြစ်သော ဒါယကာကြီး **ဦးမင်းကြည်**(မေ့ာစရိယ၊ ဘီ-အေ)၊ ဒုတိယညွှန်ကြားရေးမှူးဖြစ်သော ဒါယိကာမကြီး **ဒေါ်ခင်လှလှ**၊ ဒါယကာကြီး **ဦးဇစ်တာသိန်းဟန်** (MCDER MOTT OFF SHORE Co. S'Pore) ဒါယိကာမကြီး **ဒေါ်ဌေးဌေးခင်**(စာရင်းစစ်၊ ဗဟိုစာရင်းစစ်ရုံး)၊ တို့က စီမံ ဆောင်ရွက်ပေးကြပြီး ပါမောက္ခကြီးဖြစ်သော ဒါယိကာမကြီး **ဒေါက်တာ ဒေါ်ချိုလေးမာ**(မြောက်ဥက္ကလာပဆေးရုံကြီး)၊ ပါရဂူကြီးဖြစ်သော ဒါယကာ ကြီး **ဒေါက်တာ ဦးကျော်စိုးဝင်း** (ဗိုလ်မှူး)၊ [illegible]ဆေးရုံကြီး၊ မင်္ဂလာဒုံ

(ယ)　　　ဓမ္မစကြာသင်တန်း နိဗ္ဗာန်လမ်းညွှန်ကျမ်း

ဒါယကာကြီး **ဒေါက်တာဦးနေအောင်** (နဝရတ်ဆေးကုခန်း) ဘူတာရုံလမ်း၊ လှိုင်မြို့နယ်၊ စသော သမားတော်ကြီးများက ကုသပေးကြ၍ ရောဂါဝေဒနာများ ပျောက်ကင်းချမ်းသာသွားသောကြောင့် အထူးကျေးဇူးတင်ပါသည်။

ဖော်ပြပါကျေးဇူးရှင် ဒါယကာ-ဒါယိကာမများအား ဤ **သစ္စာလေးဝ အလင်းပြ ဓမ္မစကြာသင်တန်း နိဗ္ဗာန်လမ်းညွှန်ကျမ်း** ဖြင့် ကျေးဇူးဆပ်ကာ မှတ်တမ်းတင်အပ်ပါသည်။

**အားလုံးကျန်းမာချမ်းသာကြပါစေ၊ လိုအင်ဆန္ဒပြည့်ဝကြပါစေ**

ဘဒ္ဒန္တ ဣန္ဒက (ဓမ္မာစရိယ)
ကြံခင်းပရိယတ္တိစာသင်တိုက်
၅-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၅၃၁၈၀၂

# အကြောင်းပြနိဒါန်း

ဤဓမ္မစကြာသင်တန်း နိဗ္ဗာန်လမ်းညွှန်ကျမ်း ဖြစ်ပေါ်လာရခြင်း၏ အကြောင်းမှာ . . . . .

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ ၇-ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၃၁)နေ ဆန်းမားတိုင်းအဖျော်ရည်နှင့် မြဟသ်ာအဖျော်ရည်လုပ်ငန်းပိုင်ရှင် ဒါယကာကြီး ဦးမြသောင်း(ဘီ၊ အက်၊ စီ)၏ လျှောက်ထားတောင်းပန်မှုကြောင့် ဖြစ်ပါသည်။

ဒါယကာကြီး ဦးမြသောင်းသည် မိုးကုတ်, မဟာစည်, စွန်းလွန်း, သန်လျင်တောရဓမ္မဝါဒီ-စသော တရားတိုက်များသို့ သွားရောက်ကာ တရားအားထုတ်ပြီး ဗုဒ္ဓတရားတော်စာပေများကို ဖတ်ရှုလေ့လာ မှတ်သားနေသူ ဖြစ်ပါသည်။

မိုးကုတ်သင်တန်းတက်ပြီးကာစက စာရေးသူ၏ **ပဋိစ္စသမုပ္ပါဒ်ဝိဘာဝနီ** ကျမ်းစာအုပ်ကိုဖတ်ပြီး နှစ်သက်သဘောကျ၍ ပဋိစ္စသမုပ္ပါဒ်သင်တန်းပို့ချပြီး ကျမ်းပြုစုပါရန် လျှောက်ထားတောင်းပန်သောကြောင့် ၉-ခုမြောက်ဖြစ်သော ပဋိစ္စသမုပ္ပါဒ်သင်တန်း နိဗ္ဗာန်လ မ်းညွှန်ကျမ်းကို ရေးသားပုံနှိပ်ပြီး ဓမ္မဒါနအဖြစ် ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။

ယခုတစ်ဖန် ဆရာတော်သည် ရောဝတီတိုင်း၊ ကြံခင်းမြို့နယ်၊ ကျွန်းသစ်ကျေးရွာမှာ သာသနာပြုစဉ်က လူငယ်-လူရွယ်များ၏ စာရိတ္တကောင်းမွန်ရေးကိုရှေးရှုပြီး မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်သင်တန်း၊ သံယုတ်သင်တန်း၊ အဘိဓမ္မာသင်တန်း၊ ဓမ္မစကြာသင်တန်း-စသည်များကို သင်တန်းပို့ချပြီး သက်ဆိုင်ရာဌာနများနှင့်ဆက်သွယ်ကာ စာမေးပွဲ ကျင်းပပေးခဲ့ပါသည်။ ထိုသင်တန်းစာအုပ်များအနက်က ဓမ္မစကြာသင်တန်းပို့ချထားသော "ဓမ္မ

စကြာဒေသနာ၀တ်ရွတ်စဉ်”ကျမ်းစာအုပ်ကို ဒါယကာကြီးဦးမြသောင်းအား ပေးလိုက်ရာ ဖတ်ရှုလေ့လာပြီး ၎င်းစာအုပ်ကို အဓိပ္ပါယ်အကျယ် ရေးသားပြုစုပါရန် လျှောက်ထားတောင်းပန်သောကြောင့်လည်းကောင်း၊ တန်ဖိုးရှိသော တရားတော်ကို ဒါယကာ-ဒါယိကာမများ သိစေလိုသောကြောင့်လည်းကောင်း၊ ကျင့်ကြံအားထုတ်စေလိုသောကြောင့်လည်းကောင်း ဖတ်ရှုသူများနားလည်သွားအောင် ဟောနည်းဟောဟန်ဖြင့်ရေးသားပြီး “သစ္စာလေး၀ အလင်းပြ ဓမ္မစကြာသင်တန်း နိဗ္ဗာန် လမ်းညွှန်ကျမ်း”အမည်ဖြင့် ၁၀-ခုမြောက်ဖြစ်သော ဤကျမ်းစာအုပ်ကို ရေးသားထုတ်ဝေကာ ဓမ္မဒါနပြုလိုက်ရခြင်း ဖြစ်ပါသတည်း။

ဘဒ္ဒန္တက္ကန္ဒက (ဓမ္မာစရိယ)

# မိတ်ဆက်နိဒါန်း

## ဓမ္မာစရိယဦးအေးနိုင် (ဘီအေ)

တစ်နေ့တွင် ရန်ကုန်မြို့၊ ကြံခင်းပရိယတ္တိစာသင်တိုက်၊ ပဓာန နာယက ဆရာတော်ဘုရားထံမှ မိတ်ဆက်နိဒါန်းရေးပေးရန် စာမူတစ်ခု ပေးပို့လိုက်ပါသည်။ စာရေးသူမှာ ဆရာတော်ပေးပို့လိုက်သည့် စာမူကို တည်းဖြတ်ခဲ့ဖူးသည့်အတွက် စာမူပါဟောစဉ်တရားများကို သိရှိပြီးဖြစ်၍ အသေးစိတ်ဖတ်ရှုရန်မလိုတော့ဘဲ ဤမိတ်ဆက်နိဒါန်းကို ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

ဆရာတော်ဘုရား ပေးပို့လိုက်သည့်စာမူမှာ "ဓမ္မစကြာဒေသနာ ဟောစဉ်တရား" စာမူဖြစ်ပါသည်။ ဟောစဉ်တရားဆိုသည့်အတိုင်း မြန်မာစကားပြေ ရေးနည်းရေးဟန်ဖြင့်မဟုတ်ဘဲ တရားသဘင်တွင် ဟောကြားစဉ်ကကဲ့သို့ ဟောနည်း-ဟောဟန်ဖြင့် ရေးသားပြုစုထားသဖြင့် စာဖတ်ပရိသတ်များ ပို၍ နားလည်ဖွယ်ရာရှိပါသည်။ ဓမ္မစကြာဒေသနာဆိုသည့် ဝေါဟာရမှာ ပါဠိသက် မြန်မာဝေါဟာရ ဖြစ်သည်။ ဘုရားဟောပါဠိတော်များတွင် "ဓမ္မ-စက္ကပ္ပဝတ္တနသုတ္တ"ဟု ရှိ၏။ "တရားတည်းဟူသောစက်ကို (ဝါ) တရားတည်းဟူသော စကြာရကနာကို လည်စေသောသုတ်"ဟု အဓိပ္ပါယ်ရ၏။ ရထားဘီး၊ လှည်းဘီး၊ စက်ဘီး၊ စကြာရတနာ-စသည်တို့ကဲ့သို့ လည်စေတတ်သော အရာကို ပါဠိလို "စက္က" "မြန်မာလို" "စကြာ"ဟု ခေါ်သည်။ ထို့ကြောင့် "ဓမ္မစက္က"ပါဠိကို မြန်မာလို "ဓမ္မစကြာ"ဟု ခေါ်ခြင်းဖြစ်သည်။

ဓမ္မစကြာတရားတော်သည် အလွန်ထူးခြားသည့် တရားတော်ဖြစ်၏။ ဤဓမ္မစကြာဒေသနာတော်ကို စာရေးသူတို့ကိုးကွယ်နေကြသည့် ဂေါတမ ဘုရားရှင်တစ်ပါးတည်းသာ တရားဦးအနေဖြင့် မိဂဒါဝုန်တော၌ ဟောကြားတော်မူခဲ့သည်မဟုတ်ပေ၊ ရှေးရှေးပွင့်တော်မူခဲ့ကြပြီးဖြစ်သည့် ဘုရားရှင်တို့သည်လည်း ဓမ္မစကြာဒေသနာတော်ကို မိဂဒါဝုန်တော၌ ဟောတော်မူခဲ့ကြပေသည်။ မိဂဒါဝုန်တော၌ ဤဓမ္မစကြာဒေသနာတော်ကို တရားဦး အနေဖြင့် ဟောကြားတော်မူခြင်းသည် ဘုရားရှင်တို့၏ ဓလေ့ထုံးစံ-ဓမ္မတာ

တစ်ခုဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဝံသအဋ္ဌကထာ၌ ဘုရားရှင်တို့၏ ဓမ္မတာသုံးဆယ်တို့ကို ဖွင့်ဆိုတော်မူရာတွင် "ဣသိပတနမိဂဒါဝုန်တော၌ ဓမ္မစကြာတရားတော်ကို(ရှေးဦးစွာ)ဟောကြားတော်မူခြင်း (ဣသိပတနေ မိဂဒါယေ ဓမ္မစက္ကပ္ပဝတ္တနံ)ဟု ဓမ္မတာတစ်ခုအဖြစ် ဖွင့်ဆိုတော် မူခြင်းဖြစ်သည်။ ဤကဲ့သို့ ဓမ္မစကြာတရားတော်သည် တရားဦးဖြစ်၍လည်း ထူးသည်၊ ဘုရားရှင်တို့၏ ဟောကြားရမြဲဓမ္မတာတစ်ခု ဖြစ်၍လည်း ပို၍ထူးသည်။

ဤ တရားဦး တရားထူးဖြစ်သည့် ဓမ္မစကြာတရားတော်ကို ဂေါတမဘုရားရှင် ဟောကြားတော်မူရာတွင် တရားတော်အဆုံး၌ လူသားထဲတွင် **အရှင်ကောဏ္ဍည** တစ်ပါးတည်းသာ သောတာပန်တည်ခဲ့သည်။ နတ်ဗြဟ္မာများမှာမူ **ဗြဟ္မာက ၁၈-ကုဋေ၊ နတ်က အသင်္ချေ** တရားထူးရကြသည်ဟု မိလိန္ဒပဥှာပါဠိတော်စသည်တို့မှာ မိန့်ဆိုထားပေသည်။

ပဉ္စဝဂ္ဂီတို့တွင် **အရှင်ဝပ္ပ-က** ဘုရားရှင်ညွှန်ကြားတော်မူသည့်အတိုင်း ဝါဆိုလပြည့်နေ့ ညဦးမှစ၍ တရားအားထုတ်ရာ လပြည့်ကျော်တစ်ရက်နေ့မှာ သောတာပန်ဖြစ်သည်။ **အရှင်ဘဒ္ဒိယ-က** ၂-ရက်လောက် အားထုတ်ရပြီး လပြည့်ကျော် ၂-ရက်နေ့မှာ သောတာပန်ဖြစ်သည်။ **အရှင်မဟာနာမ်**မှာ ၃-ရက်အားထုတ်ရပြီး လပြည့်ကျော် ၃-ရက်နေ့မှာ သောတာပန်ဖြစ်သည်။ **အရှင်အဿဇိ** မှာကား ၄-ရက်လောက်အားထုတ်ရသဖြင့် လပြည့်ကျော် ၄-ရက်နေ့မှာမှ သောတာပန်ဖြစ်သည်။ ဤလေးဦးသည် အရှင်ကောဏ္ဍညကဲ့သို့ တရားနာကြားရုံမျှဖြင့် သောတာပန်မဖြစ်နိုင်သေးဘဲ မြတ်စွာဘုရားကိုယ်တိုင် ကြပ်ကြပ်မတ်မတ် ဆုံးမပြုပြင်ပေးသည့်အတိုင်း ကြိုးကြိုးစားစား မပြတ်ရှုမှတ်ပွားများကြမှသာ သောတာပန်ဖြစ်ကြရသည်-ဟု ပါစိတျာဒိအဋ္ဌကထာစသည်တို့မှာ ဖွင့်ဆိုထားပါသည်။

## တရားနာရုံ သိရုံမျှဖြင့် တရားထူးမရနိုင်

ပဉ္စဝဂ္ဂီငါးဦးတို့၏ တရားထူးရကြပုံကို လေ့လာကြည့်လျှင် ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူသည့် တရားတော်ကို နာရခြင်းအတူတူ

တရားထူးရကြပုံ အချိန်ကာလချင်း မတူကြသည်ကို တွေ့ရသည်။ ဤသို့ ဖြစ်ရသည်မှာ ပါရမီ အနုအရင့်အလိုက် ပုဂ္ဂိုလ်အမျိုးအစား ကွာခြားသွားကြသောကြောင့်ပင် ဖြစ်သည်။ အရှင်ကောဏ္ဍညမှာ ပါရမီအလွန်ရင့်နေသည့် "ဥဃ္ဃဋိတညူ"ပုဂ္ဂိုလ်မျိုးဖြစ်၍ တရားတော်ကို နာကြား ပြီးသည့်အဆုံး၌ တရားထူးရခြင်း ဖြစ်သည်။ ကျန်လေးဦးတို့မှာ အချိန်ယူပြီး တရားအားထုတ်မှ တရားထူးရနိုင်ကြသည့် "နေယျ"ပုဂ္ဂိုလ်အမျိုးအစားများ ဖြစ်ကြ၍ ၁၊ ၂၊ ၃၊ ၄-ရက် အသီးသီး အားထုတ်ကြပြီးမှ တရားထူးရကြခြင်းဖြစ်သည်။ ထို နေယျ ပုဂ္ဂိုလ် လေးဦးတို့မှာလည်း ပါရမီကွာခြားကြသည့် အတွက် ရက်ချင်းကွာခြားသွားကြခြင်း ဖြစ်သည်။

ဤ၌ အရှင်ကောဏ္ဍည တရားထူးရပုံကိုကြည့်လျှင် "ပါရမီအလွန်ရင့်ပါက တရားနာရုံ, တရားကိုသဘောကျရုံမျှဖြင့် တရားထူးရနိုင်ပေသည်"ဟု အယူအဆလွဲမှားသွားနိုင်သည်။ အမှန်မှာ ဤသို့ မဟုတ်ပါချေ။ ရုပ်နာမ် တရားတို့ကို အနိစ္စ စသော [illegible] လက္ခဏာတို့ဖြင့် ရှုမှတ်ပွားများ တရားအားထုတ်မှု လုံးဝမရှိဘဲ တရားနာရုံ, တရားကို သဘောပေါက်နားလည်ရုံ-သုတမယဉာဏ်မျှဖြင့် တရားထူးကို မရရှိနိုင်ပါချေ။ တရားရှုမှတ်ပွားများမှုဟူသော အကျင့်=ပဋိပဒါနှင့်ကင်း၍ အရိယမဂ်ကို မရရှိနိုင်၊ န ဟိ ပဋိပဒါဟိ ဝိနာ အရိယမဂ္ဂါဓိဂမော အတ္ထိ"ဟု ထေရအဋ္ဌကထာ၌ ဖွင့်ဆိုထား၏။ သုတ်မဟာဝါ အဋ္ဌကထာ၊ မဟာသတိပဋ္ဌာနသုတ်အဖွင့်၌လည်း "ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ-ဟူသော သတိပဋ္ဌာန်၏ အာရုံလေးပါးထဲက တစ်ပါးပါးကိုမျှ မသုံးသပ်- မရှုမှတ်မူ၍ ဝိပဿနာဉာဏ်, မဂ်ဉာဏ်-များကို ဖြစ်စေနိုင်သော ပညာဘာဝနာမည်သည် ဖြစ်ရိုး မရှိချေ။ ကာယ, ဝေဒနာ စိတ္တ, ဓမ္မေသု ကဉ္စိ ဓမ္မံ အနာမသိတွာ ဘာဝနာ နာမ နတ္ထိ"ဟု မိန့်ဆိုထား၏။

မြတ်စွာဘုရား ဟောကြားတော်မူထားသည့် သောတာပန်ဖြစ်ကြောင်း အင်္ဂါလေးပါးတွင် "ဓမ္မာနုဓမ္မပ္ပဋိပတ္တိ" ဟူသော အင်္ဂါတစ်ပါး ပါဝင်ပါသည်။ ဓမ္မာနုဓမ္မပ္ပဋိပတ္တိ-ဆိုသည်မှာ လောကုတ္တရာတရား ကိုးပါးအားလျော်သော၊ ဝါ-လောကုတ္တရာတရားကိုးပါးကို ရစေ နိုင်သော ရှေ့အဖို့၌ ဝိပဿနာစသော

တရားကို သိရှိရုံ သုတမယ ဉာဏ်မျှဖြင့် တရားထူးကိုမရနိုင်၊ ရှုမှတ်, ပွားများ, ကျင့်ကြံအားထုတ်မှု-ဘာဝနာမယဉာဏ်ရှိမှ တရားထူးရနိုင်ကြောင်း ထင်ရှား သိသာပါသည်။ အရှင်ကောဏ္ဍညမှာလည်း ပါရမီရင့်နေသောပုဂ္ဂိုလ်ဖြစ်သည့် အားလျော်စွာ တရားတော်ကိုနာယူနေစဉ်အတွင်း၌ပင် ရုပ်နာမ်တရားကို့ကို အနိစ္စခြင်းရာ လက္ခဏာစသည်တို့ဖြင့် ရှုမှတ်, ပွားများ, အားထုတ်နိုင်သော ကြောင့် တရားတော်အဆုံး၌ သောတာပန် ဖြစ်သွားခြင်းဖြစ်သည် ဟု မှတ်သားကြရန် ဖြစ်သည်။

## ဤစာအုပ်ဖြစ်ပေါ်လာခြင်းအကြောင်း

ဤ တရားတော်သည် တရားဦးတရားထူးဖြစ်၍ ပိဋကတ်သုံးပုံ, နိကာယ် ငါးစုံတို့၏ အနှစ်သာရဖြစ်သည်။ ဓမ္မစကြာဒေသနာတော်၌ သစ္စာလေးပါး တရားသည် ပဓာနဖြစ်၏။ သစ္စာတရားမှလွတ်သည့် မြတ်စွာဘုရား၏ တရား ဒေသနာမည်သည် လုံးဝမရှိ "သစ္စဝိနိမုတ္တာ ဟိ ဘဂဝတော ဒေသနာ နတ္ထိ" ဟု နေတ္တိအဋ္ဌကထာစသည်တို့ ၌ ဖွင့်ဆိုထားသောကြောင့် မြတ်စွာဘုရား ၄၅-ဝါပတ်လုံး ဟောကြားခဲ့သော တရားတော်များအားလုံးသည် ဓမ္မစကြာ ဒေသနာတွင် အကျုံးဝင်၏။ မဂ္ဂင်ရှစ်ပါး မဇ္ဈိမပဋိပဒါကျင့်စဉ်တရားလည်း ပါဝင်၏။ ထိုမျှထူးခြား၍ တန်ဖိုးရှိသောတရားကို ဒကာ-ဒကာမများအား အသေးစိတ်သိရှိနားလည်လားလျှင် လွန်စွာအကျိုးရှိမည်-ဟု ဆရာတော် ကြံစည်စဉ်းစားမိ၏။ ထို့ကြောင့် "ဤဓမ္မစကြာဒေသနာဟောစဉ်တရား" ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ဤသည်မှာ ဤကျမ်းစာအုပ် ဖြစ်ပေါ်လာခြင်း၏ အကြောင်းရင်းနိဒါန်းဖြစ်သည်။

# မိတ်ဆက်လွှာ

ယခု ဤကျမ်းစာအုပ်နှင့် စာဖတ်ပရိသတ်တို့ကို မိတ်ဆက်ပေးပါဦးမည်။ ဤကျမ်းစာအုပ်တွင်ပါရှိသည့် ဓမ္မစကြာဒေသနာတော်ကို အကျဉ်းချုပ်၍ အနှစ်ထုတ်လိုက်လျှင် အကျင့်တရားသုံးပါး၊ မဂ္ဂင်ရှစ်ပါး၊ သစ္စာလေးပါး- တရားတို့ဖြစ်ကြောင်း တွေ့ရသည်။ ထိုတွင် အကျင့်တရားသုံးပါးမှာ

(၁) ကာမသုခလ္လိကာနုယောဂ၊
(၂) အတ္တကိလမထာနုယောဂ နှင့်
(၃) မဇ္ဈိမပဋိပဒါ-တို့ဖြစ်၏။

ဆရာတော်သည် ဤ အကျင့်သုံးပါး အပါအဝင် ဓမ္မစကြာဒေသနာတော်ကို ဟောကြားတော်မူရာ၌ ပထမ-ဓမ္မစကြာပါဠိတော် စာပိုဒ်ကို ရွတ်ပြသည်။ ဒုတိယ-ထိုပါဠိတော်စာပိုဒ်ကို အနက်ပေးသည်။ တတိယ-ထိုစာပိုဒ်၏ အဓိပ္ပါယ်ကို သာမန်တရားနာပရိသတ်တို့ပင် နားလည်သဘောပေါက်အောင် ဥပမာ-ဥပမေယျ, ဝတ္ထုသာဓက, ကဗျာလင်္ကာ-စသော အထောက်အထား စုံလင်စွာဖြင့် တန်ဆာဆင်၍ ရှင်းလင်းဟောကြားထားသည်ကို တွေ့ရ၏။ ဤ ဟောနည်းသည် ဗုဒ္ဓစာပေအခြေခံမရှိသည့်သူများပင် နားလည် သဘော ပေါက်နိုင်သောနည်းဖြစ်၍ စာရှုသူများအဖို့ လွန်စွာအကျိုးရှိမည်ဖြစ်သည်။

အစွန်းနှစ်ပါး အကျင့်တရားတို့ကို ဟောကြားရာတွင် ထိုအကျင့် တရား နှစ်ပါးကို၏ အဓိပ္ပါယ်ကိုသာမက ထိုအကျင့်တို့ကြောင့် ဧကန် ဖြစ်ပေါ်လာမည့် အပြစ်(အာဒီနဝ)တို့ကိုပါ တရားနာသူတို့ ထိတ်လန့်ဖွယ်ကောင်းအောင် သက်ဆိုင်ရာ မဃဒေဝလင်္ကာတို့ဖြင့် 'တိုရှင်း-လိုရင်း'နည်းအတိုင်း ဟောကြား ထားရာ စာဖတ်ပရိသတ်တို့ သံဝေဂ-ရဖွယ် ဖြစ်ပေသည်။

မဇ္ဈိမပဋိပဒါ(အလယ်အလတ်အကျင့်)ခေါ်သည့် မဂ္ဂင်ရှစ်ပါး တရား တို့ကိုမူ တရားနာသူတို့ လိုက်နာ, ကျင့်ကြံရမည့် တရားတော်မြတ်ဖြစ်၍ လိုက်နာကျင့်ကြံတတ်အောင် နည်းလမ်းညွှန်ပြသည့် သဘောဖြင့် မဇ္ဈိမပဋိပဒါ

အကျင့်ခန်းမှာ တစ်ကြိမ်၊ မဂ္ဂသစ္စာခန်းမှာ တစ်ကြိမ် အသေးစိတ် အကျယ် ရှင်းလင်းဟောကြားထားရာ လိုက်နာကျင့်ကြံလိုသူများအဖို့ ကျင့်နည်းကျင့်ဟန် တို့ကို တိတိကျကျ သိရှိခွင့်ရရှိသွားပေမည်။

ထို့နောက် ဗုဒ္ဓဘာသာ၏အနှစ်သာရဖြစ်သည့် သစ္စာလေးပါး တရားတို့ကို **သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်-သုံးပါးစီဖြစ်ပေါ်ပုံနှင့်တကွ** နတ်နှင့်စပ်၍ သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာတို့ကို ဟောကြားထားရာ ဤဓမ္မစကြာ ဒေသနာဟောစဉ်ထရားသည် ကျမ်းစာအုပ်ငယ်သော်လည်း ဗဟုသုတစုံ လင်စွာဖြင့် 'လောကီ-လောကုတ္တရာ ဗဟုသုတပဒေသာပင်ကြီး'ဟုပင် ခေါ်ဆို နိုင်ပေသည်။

## မှာကြားလိုသည်မှာ

ဤ၌ စာရှုသူများအား မှာကြားလိုသည်မှာ . . . ဆရာတော်ဘုရား ဟောကြားသဖြင့် ဓမ္မစကြာဒေသနာလာ တရားတော်များအကြောင်းကို အနည်းနှင့်အများ သဘောပေါက် နားလည်သိရှိသွားကြပြီ-ဟု ယူဆပါသည်။ သို့ရာတွင် သုတမယဉာဏ်ဆိုသည့် အသိတရားအဆင့်၌သာ ရပ်တံ့မနေကြ သင့်ပါ။ အသိတရားမှတစ်ဆင့် အကျင့်တရားသို့ တက်လှမ်းရန်လိုပါသည်။ မဇ္ဈိမပဋိပဒါခေါ် အလယ်လမ်း မဂ္ဂင်တရားကျင့်စဉ်မှာ ဗုဒ္ဓဘာသာဝင်ကိုင်း မလွဲမသွေ လိုက်နာကျင့်ကြံကြရမည့် အကျင့်မှန်ဖြစ်သည်။ မဂ္ဂင်တရား မှာလည်း လောကီမဂ္ဂင်, လောကုတ္တရာမဂ္ဂင်-ဟူ၍ နှစ်မျိုးရှိရာ လောကီမဂ္ဂင်မှ တစ်ဆင့် လောကုတ္တရာမဂ္ဂင်သို့ တက်လှမ်းကြရမည်ဖြစ်သည်။

ထို့ကြောင့် လောကီမဂ္ဂင်တရားများ ဖြစ်ပွားအောင် စွမ်းနိုင်သမျှ ကြိုးစား အားထုတ်ဖို့လိုပါသည်။ လောကီမဂ္ဂင်တရားများ ဖြစ်ပွားရန်ကား ခဲယဉ်း လှသည်မဟုတ်ပါ။ အကုသိုလ်ဝစီကံ လေးပါးကို လုံခြုံအောင်စောင့်စည်းလျှင် **သမ္မာဝါစာမဂ္ဂင်ဖြစ်၏။** အကုသိုလ်ကာယကံသုံးပါးကို လုံခြုံအောင်စောင့်စည်း လျှင် **သမ္မာကမ္မန္တမဂ္ဂင်ဖြစ်၏။** အသက်မွေးမှုနှင့်ပတ်သက်ပြီး အကုသိုလ်

ကာယကံသုံးပါး, အကုသိုလ်ဖစ်ကံလေးပါး-ကို ရှောင်ကြဉ်လျှင် **သမ္မာအာဇီဝ-မဂ္ဂင်**ဖြစ်၏။ အချုပ်အားဖြင့် ကုသိုလ်ဖြစ်သောစကားကိုပြောဆိုခြင်းသည် သမ္မာဝါစာ၊ ကုသိုလ်ဖြစ်သောအလုပ်ကို လုပ်ခြင်းသည် သမ္မာကမ္မန္တ-ပင် ဖြစ်၏။

ပို၍သိလွယ်-ကျင့်လွယ်အောင် ဘုရားရှိခိုးရာ၌ မဂ္ဂင်ရှစ်ပါးပါဝင်ပုံကို အတန်ငယ်ရှင်းပြပါမည်။ ပထမဆုံး 'ငါ ဘုရားရှိခိုးဦးမယ်'ဟု ကြံစည်ခြင်းသည် **သမ္မာသင်္ကပ္ပမဂ္ဂင်**ဖြစ်၏။ ဘုရားရှိခိုးတာဟာ ကုသိုလ်အလုပ်ဖြစ်တယ်၊ ထို ကုသိုလ်အလုပ်ဟာ တစ်ချိန်ချိန်မှာ ကောင်းကျိုးပေးမယ်-လို့ ယုံကြည်ခြင်းသည် **သမ္မာဒိဋ္ဌိမဂ္ဂင်**ဖြစ်သည်။ ဘုရားရှိခိုးကိုရွတ်ဆိုခြင်း, ပရိတ်တရားတော်များကို ရွတ်ဆိုခြင်းသည် **သမ္မာဝါစာမဂ္ဂင်**ဖြစ်သည်။ ဆွမ်း, ရေချမ်း, ဆီမီး, ပန်း-စသည်တို့ကို ဆက်ကပ်လှူဒါန်းပူဇော်ခြင်းသည် **သမ္မာကမ္မန္တ-မဂ္ဂင်**ဖြစ်သည်။ ထို အချိန်တွင် အသက်မွေးမှုကိုအကြောင်းပြုပြီး သူ့အသက်သတ်မှု စသည်တို့မရှိ၍ **သမ္မာအာဇီဝမဂ္ဂင်**ဖြစ်သည်။ ဘုရားကိစ္စကိုပြုလုပ်အားထုတ်နေခြင်းသည် **သမ္မာဝါယာမမဂ္ဂင်**ဖြစ်သည်။ ဘုရားရှိခိုးရာ၌ ပါဝင်သော ဘုရားဂုဏ်တော်များကို အောက်မေ့အမှတ်ရနေခြင်းသည် **သမ္မာသတိ-မဂ္ဂင်**ဖြစ်သည်။ ထိုဘုရားဂုဏ်တော်အာရုံ၌ တစ်ခဏမျှ စိတ်တည်ငြိမ်နေခြင်းသည် **သမ္မာသမာဓိမဂ္ဂင်**ဖြစ်သည်။ ဤသို့ ဘုရားရှိခိုးရာ၌ လောကီမဂ္ဂင်တရားရှစ်ပါး ပါဝင်နေသည်ကို သတိပြုရမည်။

ရုပ်တရား, နာမ်တရား-တို့ကို အခါမလပ် ရှုမှတ်ပွားများခြင်းဟူသော ဝိပဿနာတရားကို အားထုတ်ရာ၌လည်း ဖြစ်ပေါ်ပျောက်ပျက်နေသည့် ရုပ်နာမ်တရားတို့ကို ရှုမှတ်မိအောင် မပြတ် ကြောင့်ကြ စိုက်မှုသည် သမ္မာဝါယာမမဂ္ဂင်ဖြစ်၏။ အမှတ်ရခြင်း မှတ်မိလိုက်ခြင်းသည် သမ္မာသတိမဂ္ဂင်ဖြစ်၏။ ရှုမှတ်မိရာအာရုံ၌သာ ကပ်လျက်ကပ်လျက် တည်တည်နေမှုသည် သမ္မာ-သမာဓိမဂ္ဂင်ဖြစ်၏။ ရှုမှတ်မိသည့်အာရုံကို အမှန်အတိုင်း သိသိသွားခြင်းသည် သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်၏။ အဲဒီလို အမှန်အတိုင်းသိမြင်နိုင်အောင် ရုပ်နာမ်သဘော၊ အဖြစ်-အပျက်၊ အနိစ္စ, ဒုက္ခ, အနတ္တ-အခြင်းအရာအားဖြင့် စိတ်ညွှတ်ပေး

ကာက သမ္မာသင်္ကပ္ပမဂ္ဂင်ဖြစ်၏။ ရှုတိုင်းရှုတိုင်း ရှုသိခြင်းကိစ္စပြီးအောင် ဆိုခဲ့တဲ့ မဂ္ဂင် ၅-ပါးက တပေါင်းတည်းပြုလုပ်ကြ၏။ ထို့ကြောင့် ထိုမဂ္ဂင်ငါးပါးကို **အလုပ်သမားမဂ္ဂင်(ကာရကမဂ္ဂင်)**ဟု အဌကထာ၌ ဖွင့်ဆိုထားခြင်းဖြစ်၏။ သမ္မာဝါစာမဂ္ဂင် - စသည့် သီလမဂ္ဂင် ၃-ပါးမှာ ရှုမှတ်နေသည့်အချိန်တွင် အလိုလို ပြည့်စုံနေပြီးဖြစ်သည်။

ဤသို့ ဒါန, သီလ, ဘာဝနာ-ကုသိုလ်များကိုပြုရာ၌ လောကီမဂ္ဂင်ရှစ်ပါးတို့ အသီးသီးပါဝင်နေကြသည်ကို သတိပြုရမည်။ ဝိပဿနာတရား ရှုမှတ်ပွားရာ၌ ပါဝင်ကြသည့် မဂ္ဂင်များကို **ပုဗ္ဗဘာဂမဂ္ဂင်** ဟုခေါ်သည်။ ထိုပုဗ္ဗဘာဂ လောကီ မဂ္ဂင်များမှတစ်ဆင့် လောကုတ္တရာ အရိယမဂ္ဂင်သို့ တက်လှမ်းကြရသည်။ ထို့ကြောင့် မဂ်ပေါက်ဖိုလ်ဝင် လောကုတ္တရာ အရိယမဂ္ဂင်များအထိ ဖြစ်ပွားနိုင်ရန် ပုဗ္ဗဘာဂ ခေါ် ဝိပဿနာ လောကီမဂ္ဂင်ကျင့်စဉ်တရားများကို ကြိုးစားအားထုတ်ရန် ဆန္ဒမွန်ပြုလိုက်ရပေသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ-ဘွဲ့ရ**
**ဓမ္မာစရိယ ဦးအေးနိုင်(ဘီအေ)**


❖ ❖ ❖ ❖ ❖

# ဓမ္မစကြာသင်တန်းနိဗ္ဗာန်လမ်းညွှန်ကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အာသီသပုဗ္ဗက ဂန္ထာရမ္ဘ စက်လည် ၂-ဂါထာ



# အာသီသပုဗ္ဗကဂန္ထာရမ္ဘ

## က္ကန္ဒက

(က) က္က. န္ဒံ ကရောတိ ယော ပုဒ္ဓေ။
က္က. န္ဒံ ကရောတိ ယော ဓမ္မော။
က္က. န္ဒံ ကရောတိ ယော သံဃော။
က္က. န္ဒံ ကရောတိ ယာစေရော။

(ခ) မ. ယုံ ဒေတု သုခံ ဗုဒ္ဓေါ။
မ. ယုံ ဒေတု သုခံ ဓမ္မော။
မ. ယုံ ဒေတု သုခံ သံဃော။
မ. ယုံ ဒေတု သုခါစေရော။

(ဝတ္တာနုစ်ဂါထာ)

အကြင် မြတ်ဘုရားနှင့် တရား, သံဃာ, ဆရာသခင် ကျေးဇူးရှင် အပေါင်းသည် အစဉ်မကွာ ဗြဟ္မာ, နတ်, လူ-ခပ်သိမ်း သော သူတို့ကို ကြည်ဖြူဝေဖြာ စေတနာမိုး ရွာသွန်းဖြိုးကာ အစိုးရခြင်းကို ပြုတော်မူပါပေ၏။

ထိုမြတ်ဘုရားနှင့် တရား, သံဃာ, ဆရာသခင် ကျေးဇူးရှင်အပေါင်းသည် အစဉ်သနား မေတ္တာပွားပြီး တပည့်တော်အား ကျမ်းပြီးသွားအောင် ချမ်းသာတရားကို ပေးသနားတော်မူပါဘုရား။

# ဗုဒ္ဓဝင်ဆောင်ပုဒ်အကျဉ်းချုပ်

ဓမ္မစကြာဒေသနာတော်ကို မဟောကြားမီ ဓမ္မစကြာဒေသနာတော်ကို ဟောကြားတော်မူခဲ့သော ရှင်တော်မြတ်ဘုရားအကြောင်းကို ပြောပြပါမယ်။

ရှင်တော်မြတ်ဘုရား၏အကြောင်း သိကောင်းစရာများကို ရှေးပညာရှိများက **မ၊ သိ၊ ကြ၊ လျှင်၊ တွေး၊ ဆ၊ ဦး။ ပ၊ ဖွား၊ တော၊ ပွင့်၊ ဦး၊ ပရိနိဗ္ဗာန်ကူး၊ တေဇောလောင်ကျွမ်းထူး**-ဟု ဗုဒ္ဓဝင်ဆောင်ပုဒ် အကျဉ်းချုပ် ပြုလုပ်ထားကြပါတယ်။

ဒီဆောင်ပုဒ်ကို အောက်ပါအတိုင်းတွဲရမယ် -

**မ ၊ သိ ၊ ကြ ၊ လျှင်၊ တွေး ၊ ဆ ၊ ဦး ။**
**ပ ၊ ဖွား ၊ တော ၊ ပွင့် ၊ ဦး ၊ ပရိနိဗ္ဗာန်ကူး ၊ တေဇောလောင်ကြွမ်းထူး ။**
ဟု တွဲရမယ်။ ဒီဆောင်ပုဒ်မှာ –

မ-က ကြာသပတေးနေ့ဖြစ်ပြီး၊ ပ-က ပဋိသန္ဓေနေခြင်းဖြစ်ပါတယ်။

ဘုရားလောင်း သိဒ္ဓတ္ထမင်းသားဟာ ဘိုးတော်အဥ္စနမင်းကြီး ဖြို့ခွင်းခဲ့တဲ့ သက္ကရာဇ် ၆၇-ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့တွင် ကပိလဝတ်ပြည်ရှင် ဘုရင်သုဒ္ဓေါဓနမင်းကြီး၏ တောင်ညာစံထား မိဖုရားကြီးမယ်မာယာ၏ ဝမ်းကြာတိုက်ခန်းမှာ ပဋိသန္ဓေတည်နေတော်မူပါတယ်။ ထိုအခါ မယ်မာယာ၏ အသက်ဟာ ၅၅-နှစ်၊ ၆-လ၊ ၂၂-ရက် ဖြစ်ပါတယ်။ မှတ်မိအောင် လိုက်ဆိုကြပါ။

ကပိလဝတ် ပြည်မြတ်ဌာန၊ သုဒ္ဓေါဓန မဟာ့မာယာ။
ဝါဆိုလပြည့် ကြွက်မင်းနေ့မှာ၊ လောင်းသိဒ္ဓတ် စွဲကပ်သန္ဓေသာ။

---

**သိ**-က သောကြာနေ့ဖြစ်ပြီး၊ **ဖွား**-က ဖွားမြင်ခြင်းဖြစ်ပါတယ်။

ဘုရားလောင်းသိဒ္ဓတ္ထမင်းသားကို သက္ကရာဇ် ၆၈-ခုနှစ်၊ ကဆုန် လပြည့်၊

သောကြာနေ့တွင် လုမ္ဗိနီသာမော အင်ကြင်းတောမှာ ဖွားမြင်တော်မူပါတယ်။ မှတ်မိအောင် လိုက်ဆိုကြပါ။

ခြောက်ဆယ့်ရှစ်ဟု ခေါ်မှုနှစ်သာ၊ ကဆုန်လပြည့် သောကြာနေ့မှာ။
လုမ္ဗိနီတွင်း အင်ကြင်းတောမှာ၊ သိဒ္ဓတ္ထ၊ ဖွားရလောင်းမြတ်စွာ။

---

ကြာ-က တနင်္လာနေ့ဖြစ်ပြီး၊ **တော-**က တောထွက်ခြင်းဖြစ်ပါ တယ်။

ဘုရားလောင်းသိဒ္ဓတ္ထမင်းသားဟာ အသက် ၁၆-နှစ်အရွယ်မှာ ယသော်ဓရာနှင့်လက်ထပ်ပြီး ရမ္မ, သုဘ, သုရမ္မ-ခေါ်သော ပြာသာဒ် ၃-ဆောင်ပေါ်မှာ ယသော်ဓရာအမှူးရှိသော မောင်းမပေါင်း လေးသောင်းခြံရံကာ အာရုံငါးပါး ကာမဂုဏ်တရားများကို ပျော်ပျော်ပါးပါးကြီး သုံးဆောင်ခံစားပြီး ဥယျာဉ်တော်သို့ထွက်တော်မူလာရာ သူအို, သူနာ, သူသေ, ရဟန်း-ဟူသော နိမိတ်ကြီး ၄-ပါးတို့ကို တွေ့မြင်ရသောကြောင့် ရာဟုလာသားတစ်ယောက်ရပြီး သက်တော် ၂၉-နှစ်အရွယ် သက္ကရာဇ် ၉၇-ခုနှစ် ဝါဆိုလပြည့် တနင်္လာနေ့တွင် တောထွက်တော်မူပါတယ်။ မှတ်မိအောင် လိုက်ဆိုကြပါ။

ရွယ်မူနုဖြိုး နှစ်ဆယ့်ကိုးမှာ၊ နိမိတ်လေးပါး ထင်ရှားမြင်ကာ။
ဝါဆိုလပြည့် ကျွားမင်းနေ့မှာ၊ တောထွက်ကြွ ဗုဒ္ဓလောင်းမြတ်စွာ။

---

လျှင်-က ဗုဒ္ဓဟူးနေ့ဖြစ်ပြီး၊ ပွင့်-က ဘုရားဖြစ်ခြင်း ဖြစ်ပါတယ်။

ဘုရားလောင်း သိဒ္ဓတ္ထမင်းသားဟာ သက်တော် ၂၉-နှစ်အရွယ်မှာ တောထွက်တော်မူပြီး ဥရုဝေဠတောမှာ ၆-နှစ်ကြာအောင် အလွန်တရာ ပြုကျင့်နိုင်ခဲသော ဆင်းရဲပင်ပန်းသော ဒုက္ကရစရိယာအကျင့်ကို ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူပါတယ်။ ထို့နောက် သုဇာတာလှူဒါန်းသော နို့ဃနာဆွမ်းကို ဘုဉ်းပေးပြီး ရွှေခွက်ကို အဓိဋ္ဌာန်မျှောရာတွင် ရွှေခွက်ဟာ ရေညာသို့ဆန်တက်ပြီး ကာလ နဂါးကြီး၏ ရောက်သွားပါတယ်။ ရွှေခွက်ကို အဓိဋ္ဌာန်ဖြင့်မျှောပြီး ဗောဓိမဏ္ဍိုင်သို့ ကြွတော်မူလာရာ မောင်စင် အမည်ရှိသော ဒါယကာက မျက်ရှစ်ဆုပ်ကို လှူဒါန်းပါတယ်။ ဗောဓိပင်အောက်

ရောက်၍ မြက်ရှစ်ဆုပ်ကို ကျဲဖြန့်လိုက်သောအခါ ဘယ်ပန်းချီဆရာ ဘယ်ပန်းပုဆရာတို့မှ ရေးဆွဲခြင်း, ထုလုပ်ခြင်းငှာ-မစွမ်းနိုင်သော အလွန့်တာရာဆန်းကျယ်သော ရတနာတို့ဖြင့်ပြီးသော ၁၄-တောင် အလျား-အနံကျယ်ဝန်းသော နေရာဖြစ်ပေါ်လာပါတယ်။ ၎င်း နေရာကို "ရတနာပလ္လင်"ဟူ၍ လည်းကောင်း၊ "အပရာဇိတပလ္လင်" ဟူ၍လည်းကောင်း ခေါ်ဆိုကြပါတယ်။

ထို ရတနာပလ္လင်ခေါ်သော အလွန်ဆန်းကြယ်သော ရတနာတို့ဖြင့်ပြီးသော မြတ်သော မြက်ခင်းအပြင်ပေါ်၌ တင်ပျဉ်ခွေ ထိုင်နေတော်မူပြီးလျှင် "သဗ္ဗညုတဉာဏ်ကို မရမချင်း (ဘုရားမဖြစ်မချင်း) ငါ၏ တင်ပျဉ်ခွေကိုမဖျက်" ဟု အဓိဋ္ဌာန်ပြီး အားထုတ်တော်မူရာ နေမဝင်မီ **မာရ်နတ်မင်းရန်**ကို အောင်မြင်တော်မူကာ ညဉ့်ဦးယံမှာ **ပုဗ္ဗေနိဝါသဉာဏ်**ကိုလည်းကောင်း၊ သန်းခေါင်ယံမှာ **ဒိဗ္ဗစက္ခုဉာဏ်** ကိုလည်းကောင်း၊ မိုးသောက်ယံခေါ် လပြည့်ကျော် ၁-ရက်နေ့ ဖက်သို့ရောက်ခါနီး အရုဏ်ဦးတက်တဲ့အချိန်မှာ **အာသဝက္ခယဉာဏ်** ကို လည်းကောင်း ရကာ သက်တော် ၃၅-နှစ်၊ သက္ကရာဇ် ၁ဝ၃-နှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် ဘုရားဖြစ်တော်မူပါတယ်။ မှတ်မိအောင် လိုက်ဆိုကြပါ။

တစ်ရာ့သုံးခု ခေါ်မှုနှစ်သာ၊ ကဆုန်လပြည့် ဆင်မင်းနေ့မှာ။
သုံးဆယ့်ငါးနှစ် ဘုရားဖြစ်လာ၊ နတ်လူတို့ ငြိမ်းဖို့အမှန်သာ။

---

**တွေး**-က စနေနေ့ဖြစ်ပြီး **ဦး**-က ဓမ္မစကြာတရားဦးကို ဟော တော်မူခြင်းဖြစ်ပါတယ်။

ရှင်တော်မြတ်ဘုရားဟာ ဘုရားဖြစ်တော်မူပြီးနောက် အနာဂါမ် ဖြစ်သော သဟမ္ပတိဗြဟ္မာကြီး၏ တောင်းပန်မှုကြောင့် -

(၁) ယနေ့ပွင့်မည့်ကြာများလို တရားတော်ကို အကျဉ်းမျှ နာကြားရရုံနှင့် အရိယာဖြစ်ကြမည့် **ဥဃ္ဃဋိတညူ**ပုဂ္ဂိုလ်များကို လည်းကောင်း -

(၂) နှစ်ရက်မြောက်တဲ့နေ့ကျမှ ပွင့်မည့်ကြာများလို တရားတော်ကို အကျယ်နာကြားရမှ အရိယာဖြစ်ကြမည့် ဝိပဉ္စိတညူ ပုဂ္ဂိုလ်များကို လည်းကောင်း -

(၃) သုံးရက်မြောက်သောနေ့မှ ပွင့်မည့်ကြာများလို တရားတော်ကို နာကြားရရုံနှင့် အရိယာမဖြစ်ဘဲ ဗုဒ္ဓနည်းကျ တရားကိုအားထုတ်ကြမှသာလျှင် အရိယာဖြစ်ကြမည့် **နေယျပုဂ္ဂိုလ်**များကိုလည်းကောင်း

(၄) လုံးဝမပွင့်တော့ဘဲ ငါးလိပ်အစာဖြစ်သောကြာများလို ယခုဘဝမှာ အရိယာမဖြစ်နိုင်သော **ပဒပရာမာသ** ပုဂ္ဂိုလ်များကိုလည်းကောင်း

ကြာလေးမျိုးနှင့်တူသော ပုဂ္ဂိုလ်လေးမျိုးကို ကြည့်တော်မူပြီး ကျေးဇူးရှင်များဖြစ်ကြသော အာဠာရနှင့်ဥဒကတို့အား တရားဦးဟောဖို့ ကြံစည်တော်မူပါတယ်။

အာဠာရနှင့်ဥဒကတို့ သေရွာဘဝပြောင်းကြွသွားကြသည်ကို သိသောအခါ မိမိတရားအားထုတ်စဉ်က ပြုစုလုပ်ကျွေးသော ကျေးဇူးများကိုဆပ်ဖို့ရာ ဗောဓိပင်နှင့် တစ်ဆယ့်ရှစ်ယူဇနာ ကွာဝေးသော ဗာရာဏသီပြည် ဣသိပတန-အမည်ရသော မိဂဒါဝုန်တောသို့ကြွကာ ၁၀၃-ခုနှစ်၊ ဝါဆိုလပြည့်၊ စနေနေ့မှာ ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဖြစ်သော ဤ ဓမ္မစကြာဒေသနာတော်ကို ဟောကြားတော်မူပါတယ်။ မှတ်မိအောင် လိုက်ဆိုကြပါ။

ဗာရာဏသီ ဣသိပတနာ၊ မိဂဒါယ တောရမြိုင်သာ။
ဝါဆိုလပြည့် စနေနေ့မှာ၊ ဝဂ္ဂီငါး ဟောကြားဓမ္မစကြာ။

---

**ဆ**-က ဒသဂီါနေ့ဖြစ်ပြီး **ပရိနိဗ္ဗာန်ကူး**-က ပရိနိဗ္ဗာန်ပြုခြင်း ဖြစ်ပါတယ်။

ရှင်တော်မြတ်ဘုရားဟာ သက်တော် ၃၅-နှစ် ဘုရားဖြစ်တော်မူပြီးသည့်အချိန်မှစ၍ နေ့မအား-ညမအား လူ, နတ်, ဗြဟ္မာ-သတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးနောက် သက်တော် ၈၀၊ ဝါတော် ၄၅-ဝါရှိသောအခါ ၁၄၈-ခု၊ ကဆုန်လပြည့် အင်္ဂါနေ့တွင် ကုသိနာရုံပြည် အင်ကြင်းပင်ပျိုတို့၏ အလယ်မှာ ပရိနိဗ္ဗာန်စံဝင်တော်မူပါတယ်။ မှတ်မိအောင် လိုက်ဆိုကြပါ။

ဝါ လေးဆယ့်ငါး သက်ကားရှစ်ဆယ်၊ ကုသိနာတွင်း အင်ကြင်းပင်လယ်။
သွေးဝမ်းသွားလို့ အားချို့နွမ်းနယ်၊ ဦးခေါင်းကား မြောက်ထားလျောင်းစံပယ်။

ဗြဟ္မာ, လူ, နတ် အမြတ်သံဃာ၊ နောက်ဆုံးစကား မှာကြားသည်မှာ။
သင်္ခါရစု ပျက်မှုမှန်သာ၊ သတိထား တရားရှုကြပါ။
နောက်ဆုံးစကား မှာကြားပြီးကာ၊ တစ်ငံလေးရှစ်ဟု(၁၄၈) ခေါ်မှုနှစ်သာ။
ကဆုန်လပြည့် အင်္ဂါနေ့မှာ၊ နိဗ္ဗာန်နန်း စံမြန်းမြတ်ဗုဒ္ဓါ။

---

ဦး-က တနင်္ဂနွေနေ့ဖြစ်ပြီး တေဇောလောင်ကြွမ်းထူး - က အလောင်းတော်ကို တေဇောဓာတ်ခေါ်ဆိုသော မီးသင်္ဂြိုဟ်ခြင်း ဖြစ်ပါတယ်။

ပရိနိဗ္ဗာန်ပြုတော်မူသွားသော ရှင်တော်မြတ်ဘုရား၏ အလောင်းတော်ကို ၁၄၈-ခု၊ ကဆုန်လပြည့်ကျော် ၁၂-ရက်၊ တနင်္ဂနွေနေ့မှာ တေဇောဓာတ် လောင်ကြွမ်းခြင်းတည်းဟူသော အန္တိမအဂ္ဂိဈာပန=နောက်ဆုံးမီးသင်္ဂြိုဟ် ပူဇော်မှုကို ပြုကြပါတယ်။ မှတ်မိအောင် လိုက်ဆိုကြပါ။

တစ်လေးရှစ်ဟု ခေါ်မှုနှစ်သာ၊ လပြည့်ဆယ့်နှစ် ရက်ဖြစ်မှန်စွာ။
ဂဠုန်မင်းနေ့ ကြုံတွေ့အခါ၊ တေဇောဓာတ် လောင်အပ်အလောင်းသာ။

ဤကဲ့သို့ ဗုဒ္ဓဝင်ဆောင်ပုဒ် အကျဉ်းချုပ်ကို အကျယ်ဖွင့်ကာ ဟောကြားတော်မူအပ်သော မြတ်ဗုဒ္ဓအကြောင်း သိကောင်းစရာများကို ရိုသေစွာ နာကြားရတဲ့ ကောင်းမှုကုသိုလ်ကံ စေတနာတို့ကြောင့် အို, နာ, သေရေး-ဒုက္ခဘေးတို့မှ ကင်းဝေးရာမှန် ပြည်နိဗ္ဗာန်သို့ ဇကန်မုချ ရောက်နိုင်ကြပါစေ ကုန်သတည်း။

(သာဓု - သာဓု - သာဓု။)

# ပလ္လင်အကြောင်း သိကောင်းစရာများ

ဗုဒ္ဓဝင်ဆောင်ပုဒ်ကို အကျဉ်းချုပ်တင်ပြအပြီးမှာ ပလ္လင်အကြောင်း သိကောင်းစရာများကို တင်ပြပါမယ်။

မောင်စင်လှျံဒါန်းသော မျက်ရှစ်ဆုပ်ကိုကဲ့ဖြန့်ချသောအခါ ဖြစ်ပေါ်လာသောပလ္လင်ကို အချို့ဆရာတော်များက **အစောက်**=အမြင့်ရှိတယ်ဟု ယူဆပြီး၊ အချို့ဆရာတော်များက အစောက်=အမြင့်မရှိဘဲ အလျား+အနံ တစ်ဆယ့်လေးတောင် **အကျယ်အဝန်း** သာရှိတယ်ဟု ယူဆကြပါတယ်။

## အမြင့်အစောက်ရှိ၏ဟု ယူဆကြသော ဆရာတော်များ

(၁) ပရိတ်ကြီးနိဿယ ကျမ်းပြုဆရာတော် အရှင်တေဇောဒီပ၊ (၂) မုံရွေးဆရာတော် အရှင်အာဒိစ္စရံသီ တို့က မောင်စင်လှျံသော မျက်ရှစ်ဆုပ်ကို ကဲ့ဖြန့်သောအခါ ဖြစ်ပေါ်လာသောပလ္လင်ဟာ "တစ်ဆယ့်လေးတောင် အစောက်အမြင့်ရှိ၏"ဟု ယူဆကြပါတယ်။

## အမြင့်အစောက်မရှိဟုယူဆကြသောဆရာတော်များ

(၁) မဏိဒီပနိဿယ ကျမ်းပြုဆရာတော် အရှင်အရိယဝံသ၊ (၂) ကျဉ်းကန်ရှင်ကြီး ရှင်နန္ဒမေဓ၊ (၃) တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီးတို့က မောင်စင်လှျံသောမျက်ကို ကဲ့ဖြန့်သောအခါ ဖြစ်ပေါ်လာသော ပလ္လင်ဟာ "အလျား+အနံ ၁၄-တောင်သာ အကျယ်အဝန်းရှိ၏၊ အမြင့်အစောက်မရှိ၊ မြေကြီးမှအထက်သို့ တစ်လက်မမျှမမြင့်"ဟုဆုံးဖြတ်ကြပါတယ်။

## ကျမ်းဂန်များမှာ ဤသို့လာ

(၁) ဒီဃနိကာယ် သုတ်မဟာဝါပါဠိတော် စာမျက်နှာ ၂၃၁-၌ လည်းကောင်း၊ (၂) ခုဒ္ဒကနိကာယ် ဝိနည်းမဟာဝါပါဠိတော် စာမျက် နှာ ၃-၌လည်း

ကောင်း၊ (၃) အပါဒါန်အဋ္ဌကထာ ပထမအုပ် စာမျက်နှာ ၈၅-၌လည်းကောင်း၊ (၄) ဗုဒ္ဓဝံသအဋ္ဌကထာ စာမျက်နှာ ၄-၌ လည်းကောင်း၊ (၅) ၎င်းအဋ္ဌကထာ စာမျက်နှာ ၉-၌လည်းကောင်း၊ (၆) ၎င်းအဋ္ဌကထာ စာမျက်နှာ ၃၅၁-၌လည်း ကောင်း၊ (၇) ဝဇီရဗုဒ္ဓိဋီကာ စာမျက်နှာ ၃၉၄-၌လည်းကောင်း **ပလ္လက်အရ တင်ပျဉ်ခွေထိုင်နေခြင်းကိုသာ ဖွင့်ပြထားကြပါတယ်။**

(၁) အပါဒါန်အဋ္ဌကထာ ပထမအုပ် စာမျက်နှာ ၈၅-၌လည်းကောင်း၊ (၂) ဗုဒ္ဓဝံသအဋ္ဌကထာ စာမျက်နှာ ၃၅၁-၌လည်းကောင်း အလွန်တရာမှ ဆန်းကြယ်သော ရတနာတို့ဖြင့်ပြီးသော ရတနာပလ္လင်ခေါ်သော မြက်ခင်း ပေါ်၌ တင်ပျဉ်ခွေထိုင်၍ ဘုရားအဖြစ်သို့ရောက်တော်မူကြောင်းကို ဖွင့်ပြ ထားကြပါတယ်။ ပညာရှိများဝေဖန်ပြီး အဖြေမှန်ဖော်ထုတ်နိုင်ဖို့ရာ တင်ပြ ရခြင်းဖြစ်ပါတယ်။

(၁၁)

# ဓမ္မစကြာဒေသနာဟောခြင်း (၁)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဒီနေ့ ဝါဆိုလပြည့်နေ့ဟာ ရှင်တော်မြတ်ဘုရားဟာ ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးမှန်စွာ ဓမ္မစကြာဒေသနာတော်ကို ဟောကြားတော်မူသောကြောင့် ဒီဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့ ဟု သတ်မှတ်ထားကြပါတယ်။ ဒါတွင်မကသေးပါဘူး ဒီဝါဆိုလပြည့်နေ့ဟာ ဘုရားလောင်းပဋိသန္ဓေနေတဲ့နေ့၊ တောထွက်တော်မူတဲ့နေ့၊ အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူတဲ့ နေ့လဲဖြစ်လို့ ဒီဝါဆို လပြည့်နေ့ကို အမွန်းတင်သောအားဖြင့် ပညာရှိများက "သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ ဟောမြွက်သံသာ ဘိဓမ္မာ"ဟု စပ်ဆိုထားကြပါတယ်။ အရှင်ဘောဂ္ဂုညဟာ ဤဝါဆိုလပြည့်နေ့မှာပင် ရဟန်းဖြစ်သောကြောင့် ဤဝါဆိုလပြည့်နေ့ဟာ သံဃာရတနာ စ-ပေါ်တဲ့နေ့ဖြစ်ပါတယ်။ ဒါကြောင့် ဝါဆိုလပြည့်နေ့ကို "သန္ဓေ, တောထွက်, ဓမ္မစက်, ဟောမြွက်သံသာ-ဘိဓမ္မာ, သံဃာပေါ်တဲ့နေ့"ဟု ဖြည့်စွက် အမွန်းတင်ပါတယ်။

ရှင်တော်မြတ်ဘုရားဟာ ဗာရာဏသီပြည်၏အနီး ဣသိပန-အမည်ရသော မိဂဒါဝုန်တောမှာ ပဉ္စဝဂ္ဂီငါးဦးတို့အား ရှေးဦးစွာ ဓမ္မစကြာဒေသနာတော်ကို ဟောကြားတော်မူပါတယ်၊ ဟောကြားပုံကတော့

ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ။

ကတမေ ဒွေ —

(က) ယော စာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ၊

ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော။

(ခ) ယော စာယံ အတ္တကိလမထာနုယောဂေါ၊

ဒုက္ခော အနရိယော အနတ္ထသံဟိတော။

ဘိက္ခဝေ၊ သံသရာနှောင် ဂယက်ထောင်မှ ထွက်ရှောင်လိုကြသော အို-ချစ်သားတို့။ ပဗ္ဗဇိတေန၊ သာသနာ၀န်ထမ်း ရှင်ရဟန်းသည်။ ဣမေ ဒွေ၊ တင်း

၃-၂-၂၃

လွန်းလျှင်ပြတ် လျော့လျှင်ပတ်မြဲ လက်ဝဲလက်ယာ ဘယ်ညာလွန်သွား ဤအစွန်းနှစ်ပါးတို့ကို။ န သေဝိတဗ္ဗာ၊ မမှီဝဲအပ် ရှောင်ကြဉ်အပ်၏။

ကတမေ ဒွေ၊ အဘယ်နှစ်ပါးတို့နည်း-ဟူမူကား။

(က) ကာမေသု၊ ငါးဖြာအာရုံ ကာမဂုဏ်တို့၌။ ယော စာယံ - ယော စ အယံ ကာမသုခလ္လိကာနုယောဂေါ၊ ရာဂတည်းဟူသော ကိလေသာကာမနှင့်ယှဉ်သော ချမ်းသာကိုခံစားခြင်းတည်းဟူသော ကာမသုခလ္လိကာနုယောဂအစွန်းသည်လည်း။ အတ္ထိ၊ ရှိ၏။ သော၊ ထိုငါးဖြာအာရုံ ကာမဂုဏ်တွေကိုခုံမင်နှစ်ခြိုက် အလွန်ပျော်ပိုက်စွာ ခံစားနေခြင်းသည်။ ဟီနော၊ သူတော်ကောင်းတို့၏အလုပ် စင်စစ် မဟုတ်သောကြောင့် ယုတ်ညံ့လှပါပေ၏။ ဂမ္မော၊ ရွာသူတို့၏ အလေ့အကျင့်သာ ဖြစ်သောကြောင့် အတိုင်းအဆ နှိုင်းမရလောက်အောင် ရိုင်းပြလှပါပေ၏။ ပေါထုဇ္ဇနိကော၊ အမှားလိုက်စားနေကြသော အများလူရှင် ပုထုဇဉ်တို့၏ အစဉ်မေ့မိုက် ဝလေ့စရိုက်သာဖြစ်ပါပေ၏။ အနရိယော၊ အရိယာတို့၏အလုပ် စင်စစ်မဟုတ်ပေ။ အနတ္ထသံဟိတော၊ ခုရောနောင်ပါ သံသရာမှာ ချမ်းသာတိုးပွား အကျိုးများသောတရားလည်း မဟုတ်ပေ။

(ခ) ယော စာယံ - ယော စ အယံ အတ္တကိလမထာနုယောဂေါ၊ ကိုယ်ကိုညှဉ်းပန်းပြီး ပင်ပန်းနွမ်းနယ်အောင် ပြုလုပ်တတ်သော အကြင် အတ္တကိလမထာနုယောဂ- အစွန်းသည်လည်း။ အတ္ထိ၊ ရှိ၏။ သော၊ ထို ကိုယ်ကို ညှဉ်းပန်းပင်ပန်းနွမ်းနယ်အောင် ပြုလုပ်ခြင်းသည်။ ဒုက္ခော၊ ညောင်းညာ ကိုက်ခဲပူးမေ့လဲသဖြင့် အလွန်ပဲ ဆင်းရဲလှပါပေ၏။ အနရိယော၊ အရိယာအစစ်တို့၏ရွံရှာဖွယ်မျိုး စရိုက်ဆိုးသာ ဖြစ်ပါပေ၏။ အနတ္ထသံဟိတော၊ ခုရောနောင်ပါသံသရာမှာ ချမ်းသာတိုးပွား အကျိုးများသောတရားလည်း မဟုတ်ပေ။

အဓိပ္ပါယ်ကတော့ အဆင်းမျိုးစုံ=ရူပါရုံ၊ အသံမျိုးစုံ=သဒ္ဒါရုံ၊ အနံ့မျိုးစုံ=ဂန္ဓာရုံ၊ အစားအစာမျိုးစုံ=ရသာရုံ၊ အတွေ့အထိမျိုးစုံ=ဖောဋ္ဌဗ္ဗာရုံ-တွေကိုဝတ္ထုကာမလို့ခေါ်ပါတယ်။ ကိုဝတ္ထုကာမဖြစ်တဲ့ အာရုံငါးပါး ကာမဂုဏ်တရား

တွေကို မပျက်မစီးဘဲ အမြဲချမ်းသာနေတယ်ဟု ထင်မှတ်ကာ၊ တွယ်တာ နှစ်သက်ကြပြီး ပျော်ပျော်ပါးပါးကြီး သုံးဆောင်ခံစားကာကြတဲ့ တဏှာလောဘ သသတဒိဋ္ဌိသဘောကို ကာမသုခလ္လိကာနုယောဂ-အစွန်း ခေါ်ပါတယ်။ ထို ကာမသုခလ္လိကအစွန်းကို ရှင်တော်မြတ်ဘုရားက သူတော်ကောင်းတို့၏ အလုပ် စင်စစ်မဟုတ်သောကြောင့် ယုတ်ညံ့တယ်၊ ရွာသူရွာသားတို့၏ အလေ့ အကျင့်သာဖြစ်သောကြောင့် အတိုင်းအဆ နှိုင်းမရလောက်အောင် ရိုင်းပြ တယ်၊ အမှားလိုက်စားနေကြတဲ့ အများလူရှင် ပုထုဇဉ်တို့၏ အစဉ်မေ့မိုက် အလေ့စရိုက်ဆိုးလဲဖြစ်တယ်၊ အဓိဂမသဒ္ဓါ အနှစ်ကိုရကြတဲ့ အရိယာအစစ် တို့၏ ရွံ့ရှာဖွယ်မျိုး စရိုက်ဆိုးလဲဖြစ်တယ်၊ ခုရောနောင်ပါ သံသရာမှာ ချမ်းသာ တိုးပွား အကျိုးများသော တရားလဲ မဟုတ်ဘူး-တဲ့။

အဟုတ်အမှန်ရှိတဲ့ ရုပ်နာမ်ကိုမသိကြတဲ့ အန္ဓဗာလပုထုဇဉ် ပုဂ္ဂိုလ်တွေ ဟာ အာရုံငါးပါး ကာမဂုဏ်တရားတွေကို ငါ့အိမ်ပဲ၊ ငါ့ ဥစ္စာပဲ၊ ငါ့ကိုယ်ပဲ-ဟု အထင်လွဲကြပြီး ထိုအာရုံငါးပါး ကာမဂုဏ်တရားတွေကို ပျော်ပျော်ပါးပါး ကြီး သုံးဆောင်ခံစားနေကြတာတွေဟာ ဘယ်သောအခါမှ အားရတင်းတိမ်မှု မရှိကြသောကြောင့် ခွေးဝတ် အမဲရိုးခဲစားနေတာနှင့် တူပါတယ်၊ သေရမည့် အရေးနှင့် နောင်သံသရာအရေးကိုပါ မတွေးဆနိုင်ကြဘဲ ခေါင်းမွေးတွေဖြူပြီး သွားတွေကျိုးကာ အဖိုးအို, အဖွားအိုကြီးတွေ ဖြစ်နေတာတောင်မှ သတိတရား မထားနိုင်ကြသေးဘူး၊ ကံကောင်းထောက်မလို့ လူ့ဘဝ ရလာကြတဲ့အခါ လူလေတွေလို အပျော်လိုက်ပြီး လူမိုက်ပျော်နည်းတွေနှင့် ပျော်ကာ အချိန်တွေ ကုန်သွားမည်ဆိုပါက လူ့ဘဝမှာ အမြတ်တွေဆုံးပြီး အရှုံးနှင့်သာ နိဂုံးချုပ်သွား ကြရလိမ့်မယ်။

ဒါကြောင့် မာန်လည်ဆရာတော်ဘုရားကြီးက —

"ငါ့အိမ်, ငါ့ဟာ၊ ငါ့ဥစ္စာဟု၊ ငါငါ,ကိုယ်ကိုယ်၊ မြည်တမ်းဆိုလျက်၊ ကစိုးကဝါး၊ မိုက်ပျော်ပါးသား၊ တရားမထင်၊ ငှက်အသွင်ဖြင့်၊ အမြင်အသိ၊ မရှိလက်လွတ်၊ အိမ်ရာဝပ်၍၊ ခွေးဝတ် ရိုးခဲ၊ စွန့်နိုင်ပဲလျှင်၊ ချဉ်ရဲမပြေ၊ တပေပေနှင့်၊ မနေသအံ့သို့၊ နေ့ဖို့နောင်ရေး၊ မတွေးမဆ၊ ခေါင်းဖြူ

ဆွမ်းအောင်၊ ပျော်ရ ပြီးစေ၊ တနေ့နေ့တည်း၊ လူလေပျော်ပိုက်၊ လူမိုက် ပျော်နည်း၊ ကြောင့်တကြီးဖြင့်၊ ရှင်ကြီးစိတ်ဖြေ၊ တဖြေဖြေတည်း၊ လေလေ ဘင်ဘင်၊ တရှင်ရှင်နှင့်၊ ဆင်ခြင်ဉာဏ်ကင်း၊ လူပြိန်ဖြင်းတို့၊ အဖျင်း သက်သက်၊ ကျိုးမနက်ဘဲ၊ အပျက်လူဝယ်၊ လွန်ပေါရယ်ခဲ့" ဟု မယာဒေဝ လင်္ကာမှာ စပ်ဆိုထား ပါတယ်။

"ရုပ်နာမ်ဓမ္မ သင်္ခါရတွေဟာ ဖြစ်ပြီးသည့်နောင်၊ တည်ခေါင်လိုင်မြဲ၊ မရှိဘဲကြောင့်၊ မမြဲလုံးလုံး အသုံးမကျ၊ အနိစ္စတရားတို့ပါပဲတကား။ ရုပ်နာမ်ဓမ္မ သင်္ခါရတွေဟာ အိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲ၊ သေခြင်းဆင်းရဲ-စသည်တို့နှင့် မလွဲမုချ တွေ့ကြုံကြရတဲ့ ဒုက္ခတရားတို့ပါ တကား။ ရုပ်နာမ်ဓမ္မ သင်္ခါရတွေဟာ မအိုပါစေ၊ မနာစေလို၊ မသေ စေကြောင်း၊ ဆုမွန်တောင်းလဲ၊ တောင်းတိုင်းမရ၊ တ-တိုင်းမထင်၊ ထင်တိုင်းမပေါက်၊ အလျောက်ဘာသာ၊ အာဏာဘုရင်၊ ကြောင်းလေးအင်ကို၊ ပြုပြင်တတ်သမျှ၊ ဖြစ်ကြရ ပျက်ကြရတဲ့ အနတ္တတရား တို့ပါတကား"ဟု မမြဲခြင်းအနိစ္စသဘော၊ ဆင်းရဲခြင်းဒုက္ခသဘော၊ အစိုး မရခြင်းအနတ္တသဘော-တရားများကို ထင်ထင်ရှားရှား မြင်သွားအောင် ကြည့်ကြပြီးလျှင် မိမိဦးခေါင်းပေါ်တွင် ဆံပင်ဖြူတွေကို မြင်သောအခါ "ငါဟာ သေချိန်နီးနေပါတကား၊ သားသမီးတွေနှင့်ပျော်, မြေးတွေနှင့်ပျော်, ပစ္စည်းတွေ နှင့်ပျော်-နေစဉ်မှာပင် အရှင်သေမင်းက မယွင်းခေါ်တော့မှာပါတကား။ သေခါနီးနေတဲ့ ငါဟာ အိမ်မှာပျော်နေလို့ ဘာအကျိုးရှိတော့မှာလဲ၊ တရား တိုက်သို့သွားရင်လဲ သွားမယ်၊ တရားတိုက်မသွားနိုင်သေးရင်လဲ တစ်လမှာ လေးသီတင်းသာရှိတဲ့ ဥပုသ်နေ့တိုင်း ကျောင်းသို့သွား၍ ဥပုသ်စောင့်ပြီး ပုတီး စိပ်, တရားထိုင်-အလုပ်တွေကိုပြုလုပ်မှ တော်မယ်၊ လူဆိုးလူသွမ်း လူဟောင့်ရမ်း တွေနှင့်ပေါင်းပြီး မကောင်းမှု အကုသိုလ်တရားတွေကို ပြုလုပ်နေပါက သေရေးမလှဖြစ်တော့မယ်၊ "ရေဘူးနှင့်ဖိနပ်မပါလျှင် နွေခါမှသိ၊ ဒါနနှင့်သီလ မပါလျှင် သေခါမှသိ"ဆိုသည့်အတိုင်း ဒါနသီလဘာဝနာ-ဆိုတဲ့ ကုသိုလ် တရားတွေကို ပြုလုပ်အားထုတ်ခြင်းမရှိဘဲ သေသွားပါက ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်-ဆိုတဲ့ အပါယ် လေးဘုံမှာ ကြွက်, မြွေ, ပေါ့ုးသားနှင့်

ခွေး, နွား-စသော အဟိတ်တိရိစ္ဆာန်များ ဖြစ်ရတော့မှာပဲ"ဟု ဆင်ခြင်စဉ်းစား သတိထားကြရ မည့်အကြောင်းကို မာန်လည် ဆရာတော်ဘုရားကြီးက -

"တရားရေးပုံ၊ ယူတုံမှတ်ဘိ၊ ရသတိဖြင့်၊ မိမိခေါင်းတွင်၊ ဆံဖြူမြင်သော်၊ ငါလျှင်အပြီး၊ သေချိန်နီးခဲ့၊ သမီးနှင့်သား၊ မယားနှင့်လင်၊ သက်နှယ်ကျင်လည်း၊ အရှင်သေမင်း မကြာခွင်းလိမ့်၊ သေခြင်းနီးစွာ၊ ရောက်သောငါကား၊ အိမ်မှာပျော်ကျိုး၊ ဘယ်ရှိနိုးအံ့၊ နေ့ကြိုနေ့ကြား၊ ကျင့်ပျောက်ကျားနှင့်၊ လေးပါးပါယ်ထဲ၊ မီးငရဲမှ၊ လွတ်မြဲမဟူ၊ သတိမူလော့၊ ငယ်သူတကာ၊ နုသေးစွာက၊ ခိဋ္ဌာဒသက၊ မန္ဒစသား၊ ပတ်လျှိုးရှင်၊ လုလင် သမဲ၊ လုံမညဲနှင့်၊ ဉာဏ်မွဲတုံးပေ၊ မိုက်မူးဝေသည့်၊ လူလိမ်လူဝါး၊ လူပြိန်းများသို့၊ ပျော်ပါးစိတ်ကြိုက်၊ ဝသီလိုက်၍ စရိုက်ယုတ်မာ၊ ဝါသနာဆိုးဝါး၊ တမားမားဖြင့်၊ တရားလက်ဆွဲ၊ မရှိဘဲလျှင်၊ မကွဲစုဝေး၊ အိမ်,သား,မြေးနှင့်၊ သေရေးမလှ မလုံတည်း"ဟူ၍ လည်းကောင်း၊

သေရေးမလုံ၊ မလှတုံဘဲ၊ အာရုံတိမ်းကာ၊ ဥစ္စာခမ်းနား၊ လယ်ယာများနှင့်၊ မယားကိုစွဲ၊ သားကိုစွဲကြောင့်၊ ငရဲနစ်လေ၊ ကြွက်, မြွေ, ကျေးသား၊ ခွေး, နွား,-ဖုတ်, ပြိတ်၊ အဟိတ်ယုတ်မာ၊ ဖြစ်တတ်စွာခဲ့" ဟူ၍ လည်းကောင်း မဃဒေဝလင်္ကာသစ်မှာ စပ်ဆိုထားပါတယ်။

## အတ္တကိလမထာနုယောဂအစွန်း

ခန္ဓာကိုယ်ကို ပင်ပန်းနွမ်းနယ်အောင် ပြုလုပ်ပြီး တရားအားထုတ်တတ်တဲ့ အဝိဇ္ဇာ-မောဟ, ဥစ္ဆေဒဒိဋ္ဌိသဘောကို အတ္တကိလမထာနုယောဂ-အစွန်းလို့ ခေါ်ပါတယ်။ ထိုအတ္တကိလမထာနုယောဂ-အစွန်းကို ရှင်တော်မြတ်ဘုရားက "ညောင်းညာ ကိုက်ခဲ မူးမေ့လဲသဖြင့် အလွန်ပဲဆင်းရဲတယ်၊ အဓိဂမသဒ္ဓါ အနှစ်ကိုရကြတဲ့ အရိယာအစစ်တို့၏ ရှဲ့ရှာဖွယ်မျိုး စရိုက်ဆိုးလဲဖြစ်တယ်၊ ခုရောနောင်ပါ ဘဝသရာမှာ ချမ်းသာတိုးပွား အကျိုးများသောတရားလဲ မဟုတ်ဘူး"တဲ့။

ကာမသုခလ္လိကာနုယောဂ-အစွန်းဟာ လျှော့လွန်းလို့ ပတ်တတ်တဲ့အစွန်း ဖြစ်ပါတယ်၊ ထိုအစွန်းကိုမပယ်နိုင်သေးသမျှကာလပတ်လုံး နိဗ္ဗာန်ရောက် ကြောင်းဖြစ်တဲ့ သမထယာနိက တရားအလုပ်တွေကို အားမထုတ်နိုင်ကြဘူး၊ အတ္တကိလမထာနုယောဂ-အစွန်းကတော့ တင်းလွန်းလို့ ပြတ်တတ်တဲ့အစွန်း ဖြစ်တယ်၊ ထိုအစွန်းကို မပယ်နိုင်သေးသမျှ ကာလပတ်လုံး နိဗ္ဗာန်ရောက် ကြောင်းဖြစ်တဲ့ သုဒ္ဓဝိပဿနာယာနိက-တရားအလုပ်တွေကို အားမထုတ်နိုင် ကြဘူး။ "ကာမသုခလ္လိကာနုယောဂ-အစွန်း၏ တရားကိုယ်ဟာ **တဏှာ-လောဘ** ဖြစ်ပြီး၊ အတ္တကိလမထာနုယောဂ-အစွန်း၏ တရားကိုယ်ကတော့ **အဝိဇ္ဇာ-မောဟ** ဖြစ်တယ်"ဟု ဝဇိရဗုဒ္ဓိဋီကာမှာ ပြထားပါတယ်။

လူ, နတ်, ဗြဟ္မာ-သတ္တဝါတွေဟာ အဝိဇ္ဇာနှင့်တဏှာကို မပယ်နိုင်သေး သမျှကာလပတ်လုံး ပဋိသန္ဓေနေရတဲ့ဆင်းရဲ၊ အိုရတဲ့ဆင်းရဲ၊ နာရတဲ့ဆင်းရဲ၊ သေရတဲ့ဆင်းရဲ-စသည်တို့နှင့် မလွဲမုချ တွေ့ကြုံနေကြရမှာဖြစ်ပါတယ်။ ဒါကြောင့် မန်လည်ဆရာတော်ဘုရားကြီးက —

"အဝိဇ္ဇာနှင့်၊ တဏှာမြစ်ငုတ်၊ ရင်းမပြုတ်၍၊ ယုတ်မြတ်ဘဝ၊ ဇာတိ ရက၊ အိုကြ,သေကြ၊ မနေရဘူး၊ ဒုက္ခများစွာ၊ ဓမ္မတာဖြင့်၊ ဇရာမရဏ၊ ဆုံးဌာနဟု၊ ဘဝစက်ဝိုင်း၊ ဤဆစ်ပိုင်းကား၊ ဖြစ်တိုင်းရောက်နေ၊ ခရီး တည်း"ဟု စပ်ဆိုထားပါတယ်။

ရှင်တော်မြတ်ဘုရားဟာ အလောင်းတော်သိဒ္ဓတ္ထမင်းသားဘဝက ရမ္မ၊ သုဘ၊ သုရမ္မ-ခေါ်တဲ့ ပြာသာဒ်သုံးဆောင်ပေါ်မှာ ယသော်ရောအမျိုးရှိသော မောင်းမပေါင်းလေးသောင်း ခြံရံကာ အာရုံငါးပါး ကာမဂုဏ်တရားတွေကို ပျော်ပျော်ပါးပါးကြီး သုံးဆောင်ခံစားနေစဉ်က ကာမသုခလ္လိကာနုယောဂ-အစွန်း ငြိနေသောကြောင့် ဘုရားအဖြစ်သို့ရောက်အောင် တရားအလုပ်တွေကို အားမထုတ်နိုင်သေးပါ၊ သက်တော်နှစ်ဆယ့်ကိုးနှစ်သို့ ရောက်သောအခါကျမှ တောထွက်ပြီး ဥရုဝေလတောမှာ ခြောက်နှစ်လုံးလုံး အလွန်တရာမှ ဆင်းရဲ ပင်ပန်းပြီး ပြုကျင့်ဖို့ရာခဲယဉ်းလှသော ဒုက္ကရစရိယာအကျင့်ကို ကျင့်ကြံ

ကြိုးကုတ် အားထုတ်တဲ့အခါမှာလဲ အတ္တကိလမထာနုယောဂ-အစွန်း ငြိနေသောကြောင့် ဘုရား**အဖြစ်**သို့မရောက်သေးပါ၊ ထို အစွန်းနှစ်ပါး အမှားများကို ပယ်ရှားပြီး အလယ်လမ်းသွားဖြစ်သော မဇ္ဈိမပဋိပဒါအကျင့်ဖြစ်သော မဂ္ဂင်ရှစ်ပါးအကျင့်ကို ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူသော အခါကျမှသာ လောကသုံးပါးမှာ အလွန်ထင်ရှားသော ဘုရားအဖြစ်သို့ ရောက်တော်မူပါတယ်၊ ဒါကြောင့် နိဗ္ဗာန်ကိုလိုလားကြကုန်သော သူတော်ကောင်းတို့ဟာ အစွန်းနှစ်ပါးတို့ကိုပယ်ရှားပြီး ပဇ္ဈိမပဋိပဒါအကျင့်ဖြစ်သော တရားအလုပ်တွေကို အားထုတ်နိုင်ကြပါစေ ကုန်သတည်း။

( သာဓု - သာဓု - သာဓု။ )

# မေ့ခကြောဒေသနာပဟောခဉ် (၂)

## အလယ်အလတ်အကျင့်မြတ် (မဇ္ဈိမပဋိပဒါ)တရား

ရှင်တော်မြတ်ဘုရားဟာ ကာမသုခလ္လိကာနုယောဂဖြစ်တဲ့ တဏှာ-လောဘ=သဿတဒိဋ္ဌိအစွန်းနှင့် အတ္တကိလမထာနုယောဂ အစွန်းဖြစ်တဲ့ အဝိဇ္ဇာ-မောဟ=ဥစ္ဆေဒဒိဋ္ဌိ အစွန်းအားဖြင့် အစွန်းနှစ်ပါး အမှားများကို ပယ်ရှားပြီး အလယ်အလတ်စားကျင့်စဉ်ဖြစ်တဲ့ **မဇ္ဈိမပဋိပဒါ**-အကျင့်မြတ်ကို ကျင့်ကြံကြိုးကုတ် အားသုတ်မှသာလျှင် လောကသုံးပါးတွင် အလွန်ထင်ရှားတဲ့ ဘုရားအဖြစ်သို့ ရောက်တော်မူပါတယ်။

ဒါကြောင့် ရှင်တော်မြတ်ဘုရားက ပဉ္စဝဂ္ဂီငါးဦးတို့အား အစွန်းနှစ်ပါး အမှားများကို ပယ်ရှားပြီး အလယ်အလတ်စားကျင့်စဉ်ဖြစ်တဲ့ မဇ္ဈိမပဋိပဒါ=မဂ္ဂင်ရှစ်ပါးအကျင့်မြတ်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ဖို့ရာ -

"ဧတေ ခေါ ဘိက္ခဝေ ဥဘော၊အန္တေ အနုပဂမ္မ၊ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ၊ စက္ခုကရဏီ ဉာဏကရဏီ၊ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ"ဟု ဟောတော်မူပါတယ်။

ဘိက္ခဝေ၊ ချစ်သားတို့။ ဧတေ ခေါ ဥဘော အန္တေ၊ ဤအစွန်းတရားနှစ်ပါးတို့ကို။ အနုပဂမ္မ မချဉ်းမကပ် လွတ်ကင်းပြတ်အောင် ဝေးစွာရှောင်၍။ တထာဂတေန၊ သင်တို့ရှေ့သွား ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ ကိုးထွင်း၍ သိအပ်သော။ စက္ခုကရဏီ သစ္စာလေးတန် တရားမှန်ကို ကောင်းမြင်သိ ပညာမျက်စိကိုပြုတတ်သော။ ဉာဏကရဏီ၊ သစ္စာလေးတန် အသိဉာဏ်ကို ပြုတတ်သော။ မဇ္ဈိမာ၊ အလယ် အလတ်ဖြစ်သော။ ပဋိပဒါ၊ အကျင့်သည်။ ဥပသမာယ၊ ကိလေသာငြိမ်းရန် သည်းပါဒိသေသ နိဗ္ဗာန်အကျိုးငှာ။ အဘိညာယ၊ သစ္စာလေးတန် တရားမှန်ကို ထူးသောဉာဏ်ဖြင့် သိခြင်းအကျိုးငှာ။ သမ္ဗောဓာယ၊ သစ္စာလေးပါး မြတ်တရားကို ကောင်းစွာသိခြင်းအကျိုးငှာ။

နိဗ္ဗာနာယ၊ ခန္ဓာငြိမ်းရန် အနုပါဒိသေသနိဗ္ဗာန် အကျိုးငှာ။ သံဝတ္တတိ၊ ဧကန် စင်စစ် အမှန်ဖြစ်၏။

အဓိပ္ပါယ်ကတော့ - ချစ်သားတို့ "အစွန်းနှစ်ပါး အမှားများကို ပယ်ရှားပြီး ငါဘုရားရှင်ကိုယ်တိုင်သိမြင်သော မဇ္ဈိမပဋိပဒါ အလယ်အလတ်စားကျင့်စဉ် မဂ္ဂင်ရှစ်ပါးအကျင့်ဟာ သစ္စာလေးတန် တရားမှန်ကို ဧကန်မြင်သိ ပညာမျက်စိကိုလည်း ဖြစ်စေနိုင်တယ်၊ သစ္စာလေးတန် အသိဉာဏ်ကိုလည်း ဖြစ်စေနိုင်တယ်၊ ကိလေသာငြိမ်းရန် သဉပါဒိသေသနိဗ္ဗာန် အကျိုးငှာလည်း ဖြစ်စေနိုင်တယ်၊ သစ္စာလေးတန်တရားမှန်ကို ထူးသောဉာဏ်ဖြင့်လည်း သိနိုင်တယ်၊ သစ္စာလေးတန် တရားမှန်ကို ကောင်းစွာသိနိုင်တယ်၊ ခန္ဓာငြိမ်းရန် အနုပါဒိသေသနိဗ္ဗာန်ကိုလည်း ရောက်နိုင်တယ်။

# မဂ္ဂင် (၈)ပါး

အလယ်အလတ်ကျင့်စဉ်ဖြစ်တဲ့ မဇ္ဈိမပဋိပဒါအကျင့်ဟာ --

(၁) သမ္မာဒိဋ္ဌိ၊
(၂) သမ္မာသင်္ကပ္ပ၊
(၃) သမ္မာဝါစာ၊
(၄) သမ္မာကမ္မန္တ၊
(၅) သမ္မာအာဇီဝ၊
(၆) သမ္မာဝါယာမ၊
(၇) သမ္မာသတိ၊
(၈) သမ္မာသမာဓိ-အားဖြင့် မဂ္ဂင်ရှစ်ပါး ဖြစ်ပါတယ်။

## သမ္မာဒိဋ္ဌိမဂ္ဂင်

(၁) သမ္မာဒိဋ္ဌိ - ကောင်းသောအမြင်ကို **သမ္မာဒိဋ္ဌိ** ခေါ်ပါတယ်။

ယိုသမ္မာဒိဋ္ဌိဟာလဲ -

(၁) လောကီသမ္မာဒိဋ္ဌိ၊

(၂) လောကုတ္တရာသမ္မာဒိဋ္ဌိ-အားဖြင့် နှစ်မျိုးနှစ်စားရှိပါတယ်၊ ထို ၂-ပါးတို့အနက်က လောကီသမ္မာဒိဋ္ဌိဟာလဲ

(၁) ကမ္မဿကတာသမ္မာဒိဋ္ဌိ၊

(၂) ဝိပဿနာသမ္မာဒိဋ္ဌိ-အားဖြင့် ၂-မျိုး ကွဲပြားပြန်ပါတယ်။

## ကမ္မဿကတာသမ္မာဒိဋ္ဌိ

ကမ္မဿကတာသမ္မာဒိဋ္ဌိ - ကုသိုလ်ကံ, အကုသိုလ်ကံ-တို့၏ အကျိုးပေးဟန်ကို ယုံကြည်သဖြင့် သတ္တဝါဟူသမျှသည် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြတယ်၊ ကံသာလျှင် ခန္ဓာအစဉ်၌ ဘဝဆက်တိုင်းလိုက်ပါနိုင်တယ်၊ ပစ္စည်းဥစ္စာတွေဟာ ကိုယ်ပိုင်ဥစ္စာမဟုတ်သောကြောင့် မလိုက်ပါနိုင်ကြ-ဟု မှန်ကန်သောအသိဉာဏ်ကို "ကမ္မဿကတာသမ္မာဒိဋ္ဌိ" ခေါ်ပါတယ်။

ထိုကမ္မဿကတာသမ္မာဒိဋ္ဌိဟာ -

(၁) အတ္ထိ ဒိန္နံ = ပေးကမ်းလှူဒါန်းခြင်းဟာ အကျိုးရှိ၏-ဟု လက်ခံယုံကြည်ခြင်း၊

(၂) အတ္ထိ ယိဋ္ဌံ = ရတနာသုံးပါး, မိဘ, ဆရာသမား - စသူတို့အား လှူဒါန်းပူဇော်တာဟာ အကျိုးရှိ၏-ဟု လက်ခံယုံကြည်ခြင်း၊

(၃) အတ္ထိ ဟုတံ = ဧည့်သည်အား ကျွေးမွေးပြုစုခြင်း၊ လက်ဆောင်ပေးခြင်း၊ မင်္ဂလာပွဲ-စသည်တို့၌ ဧည့်ခံကျွေးမွေးခြင်းဟာ အကျိုးရှိ၏ - ဟု လက်ခံ ယုံကြည်ခြင်း၊

(၄) အတ္ထိ သုကတဒုက္ကတာနံ ကမ္မာနံ ဖလံ ဝိပါကော = ကောင်းမှုပြုလျှင် ကောင်းကျိုးခံရမည်၊ မကောင်းမှုပြုလျှင် မကောင်းဖြစ်ခံရမည် -ဟု လက်ခံယုံကြည်ခြင်း၊

(၅) အတ္ထိ အယံ လောကော = ရှေ့က ခန္ဓာ ဆည်းသူအတွက် ဤဘက်ဘဝ ရှိ၏-ဟု လက်ခံယုံကြည်ခြင်း၊

(၆) **အတ္ထိ ပရော လောကော** = ဤဘက်ဘဝ၌ တည်သူအတွက် ဟိုဘက်ဘဝရှိ၏၊ အပါယ်လေးရပ်, ခြောက်ထပ်နတ်ရွာ, ဗြဟ္မာနှစ်ဆယ်ရှိ၏-ဟု လက်ခံယုံကြည်ခြင်း၊

(၇) **အတ္ထိ မာတာ** = အမိ၌ ပြုစုလုပ်ကျွေးတာဟာ အကျိုးရှိ၏ - ဟု လက်ခံယုံကြည်ခြင်း၊

(၈) **အတ္ထိ ပိတာ** = အဖ၌ ပြုစုလုပ်ကျွေးတာဟာ အကျိုးရှိ၏ - ဟု လက်ခံယုံကြည်ခြင်း၊

(၉) **အတ္ထိ သတ္တာ ဩပပါတိကာ** = ဩပပါတိကသတ္တဝါ နတ်, ဗြဟ္မာ ရှိ၏-ဟု လက်ခံယုံကြည်ခြင်း၊

(၁၀) **အတ္ထိ လောကေ သမဏဗြာဟ္မဏာ သမဂ္ဂတာ သမ္မာပဋိပန္နာ၊ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ** = အကြင်သူတို့သည် ဤလောက နောက်လောကကို ကိုယ်တိုင်သိ၍ မျက်မှောက်ပြု၍ ဟောပြောပြသနိုင်ကုန်၏၊ ညီညွတ်သည့် အဖြစ်သို့ ရောက်ကုန်, ကောင်းစွာကျင့်ကုန်သော ထိုသမဏ, ဗြာဟ္မဏ-တို့ ရှိကုန်၏-ဟု လက်ခံယုံကြည်ခြင်း -

ဤသို့ အားဖြင့် ၁၀-ပါးရှိပါတယ်၊ ထို ၁၀-ပါးတို့ကို 'ဒိဋ္ဌိဇုကမ္မ'လို့လဲ ခေါ်ပါတယ်။ သုစရိုက် ၁၀-ပါးထဲတွင် မနောကံသုံးပါးမှာပါတဲ့ "သမ္မာဒိဋ္ဌိ" ဟာလဲ ဒီ ကမ္မဿကတာ သမ္မာဒိဋ္ဌိ-ပဲ ဖြစ်ပါတယ်။

## ဝိပဿနာသမ္မာဒိဋ္ဌိ

ရုပ်, နာမ်-တရားတို့၌ အနိစ္စ = အမြဲမရှိသောသဘော၊ ဒုက္ခ = ဆင်းရဲသောသဘော၊ အနတ္တ = အတ္တမဟုတ်သောသဘော-တို့ကို သိသောဉာဏ်ကို "ဝိပဿနာသမ္မာဒိဋ္ဌိ" ခေါ်ပါတယ်။

## လောကုတ္တရာသမ္မာဒိဋ္ဌိ

**လောကုတ္တရာသမ္မာဒိဋ္ဌိ** - လောကုတ္တရာ မဂ်စိတ်, ဖိုလ်စိတ်-နှင့်ယှဉ်သော မဂ္ဂင် ၈-ပါးတွင် ပါဝင်သော ဉာဏ်ကို "လောကုတ္တရာသမ္မာဒိဋ္ဌိ" ခေါ်ပါတယ်၊

၂၃ ၈၉၆

ထိုလောကုတ္တရာ သမ္မာဒိဋ္ဌိ-ဟာ (၁) ဒုက္ခသစ္စာကို သိမှု၊ (၂) သမုဒယသစ္စာကို ပယ်မှု၊ (၃) နိရောဓသစ္စာကို မျက်မှောက်ပြုမှု၊ (၄) မဂ္ဂသစ္စာကို ပွားများမှု-အားဖြင့် ၄-ပါး ရှိပါတယ်။

## မိစ္ဆာဒိဋ္ဌိ

မိစ္ဆာဒိဋ္ဌိ - ဘုရားအစရှိသော အရိယာ သူတော်ကောင်းတို့ ဟောကြားတော် မူအပ်သော တရားစစ်, တရားမှန်-များကို မဖတ်ရှု, မကြားနာ, မင သုံးဘဲ မှားယွင်း ဖောက်ပြန် မမှန်မကန် ယူထားတာကို "မိစ္ဆာဒိဋ္ဌိ" ခေါ် ဆိုပါတယ်။ ထိုမှားသောအယူဟာ -

(၁) **နတ္ထိ ဒိန္နံ** = ပေးကမ်းလှူဒါန်းခြင်းဟာ အကျိုးမရှိ၊

(၂) **နတ္ထိ ယိဋ္ဌံ** = ရတနာသုံးပါး, မိဘ, ဆရာသမား - စသူတို့အား လှူဒါန်းပူဇော်တာဟာ အကျိုးမရှိ၊

(၃) **နတ္ထိ ဟုတံ** = ဧည့်သည်အား ကျွေးမွေးပြုစုခြင်း, လက်ဆောင်ပေးခြင်း, မင်္ဂလာပွဲ စသည်တို့၌ ဧည့်ခံကျွေးမွေးခြင်းဟာ အကျိုးမရှိ၊

(၄) **နတ္ထိ သုကတဒုက္ကတာနံ ကမ္မာနံ ဖလံ ဝိပါကော** = ကောင်းမှု,မကောင်းမှု - တို့၏အကျိုး မရှိ၊

(၅) **နတ္ထိ အယံ လောကော** = ရှေးဘဝ၌တည်သူအတွက် ဤဘက်ဘဝ မရှိ၊

(၆) **နတ္ထိ ပရော လောကော** = ဤဘက်ဘဝ၌တည်သူအတွက် ဟိုဘက်ဘဝ မရှိ၊ တမလွန်လောက မရှိ၊ အပါယ်လေးရပ်, အထက် နတ်ရွာ, ဗြဟ္မာနှစ်ဆယ်-ဆိုတာ မရှိ၊

(၇) **နတ္ထိ မာတာ** = အမိအား ပြုစုလုပ်ကျွေးတာ အကျိုးမရှိ၊

(၈) **နတ္ထိ ပိတာ** = အဖ၌ ပြုစုလုပ်ကျွေးတာ အကျိုးမရှိ၊

(၉) **နတ္ထိ သတ္တာ ဩပပါတိကာ** = ဩပပါတိကသတ္တဝါ- နတ်, ဗြဟ္မာ-မရှိ၊

**(၁၀) နတ္ထိ လောကေ သမဏဗြာဟ္မဏာ သမဂ္ဂတာ သမ္မာပဋိပန္နာ၊ ယေ ဣမဉ္စ လောကံ, ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ** = အကြင်သူတို့သည် ဤလောက, နောက်လောကကို ကိုယ်တိုင်သိ၍ မျက်မှောက်ပြု၍ ဟောပြောပြသနိုင်ကုန်၏၊ ညီညွတ်သည်၏ အဖြစ်သို့ ရောက်ကုန် , ကောင်းစွာကျင့်ကုန်သော - ထိုသမဏ, ဗြာဟ္မဏတို့ မရှိကုန်။

ဤသို့အားဖြင့် ၁၀-ပါးဖြစ်ပါတယ်။

ထိုမိစ္ဆာဒိဋ္ဌိအယူများကို စွဲမြဲစွာယူထားပါက နိယတမိစ္ဆာဒိဋ္ဌိဖြစ်ပြီး သေတဲ့အခါ အဝီစိငရဲမှာ ဆင်းရဲကြီးစွာ ငရဲဒုက္ခကို အမြဲခံနေရပါတယ်၊ ပဉ္စာနန္တရိယကံကို လွန်ကျူးသူများဟာ အဝီစိငရဲမှာ ခံနေကြရပါသော်လဲ ကမ္ဘာကြီးပျက်သွားပါက အဝီစိငရဲမှ လွတ်ကြရပါတယ်၊ နိယတမိစ္ဆာဒိဋ္ဌိ-အယူရှိသူများဟာ ကမ္ဘာကြီးပျက်သွားပါသော်လဲ အဝီစိငရဲမှ မလွတ်ကြသေးဘဲ အသစ်ဖြစ်သော ကမ္ဘာတွင် ဆက်ပြီးအဝီစိငရဲမှာ ဆင်းရဲဒုက္ခ ခံကြရပါတယ်၊ အလွန်ကြောက်စရာ ကောင်းပါတယ်၊ ဒါကြောင့် မိစ္ဆာဒိဋ္ဌိ မဖြစ်ရအောင် ဗုဒ္ဓဘာသာတရားတော်များကို ဖတ်ရှု, လေ့လာ, မှတ်သား၍ သမ္မာဒိဋ္ဌိဖြစ်အောင် ကြိုးစားအားထုတ်ကြပါ။

## သမ္မာဒိဋ္ဌိအယူနှင့် မိစ္ဆာဒိဋ္ဌိအယူ

ရှင်တော်မြတ်ဘုရားဟာ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦးကို ဟောကြားပြီး မိဂဒါဝုန်တောမှာ ဝါဆိုတော်မူပါတယ်။ ထိုအခါ သမ္မာဒိဋ္ဌိအယူရှိတဲ့ နန္ဒိယဒါယကာဟာ ရှင်တော်မြတ်ဘုရားကို အလွန်ကြည်ညိုသောကြောင့် ရှင်တော်မြတ်ဘုရားနှင့် တပည့်သံဃာတော်များ သီတင်းသုံး နေထိုင်ဖို့ရာ ကျောင်းဆောက်လှူဒါန်းပြီး ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်း, သက်န်း, ဆေး-တို့ဖြင့် လှူဒါန်းပူဇော်ပါတယ်၊ ထိုကောင်းမှုကြောင့် နတ်ပြည်မှာ ဘုံဗိမာန်ပေါက်ပြီး လူပြည်မှုစုတေမနေ သေလွန်သောအခါ

နတ်ပြည်ရောက်ပြီး နတ်၏ စည်းစိမ်ချမ်းသာများကို ခံစားရပါတယ်။ နန္ဒိယ၏ မယား မိစ္ဆာအယူရှိသူ ရေဝတီဟာ မိစ္ဆာအယူရှိပြီး ဘုရားအမှူးရှိသော သံဃာတော်များကိုလည်း မကြည်ညို, ကောင်းမှုကုသိုလ်ကိုလည်း မပြုလုပ်, မကောင်းမှု အကုသိုလ်များကိုသာ ပြုလုပ်သောကြောင့် ငရဲသို့ရောက်ပြီး ငရဲဒုက္ခကို ဆင်းရဲကြီးစွာ ခံနေရပါတယ်။ ဒါကြောင့် မာန်လည်ဆရာတော် ဘုရားကြီးက-

> " အကုသိုလ်နှင့်၊ ကုသိုလ်တရား၊ ဤနှစ်ပါးကား၊ မယားပြုရာ၊ စိတ်မပါလျှင်၊ လင်မှာမရ၊ လင်ပြုကလည်း၊ မိန်းမအိမ်သူ၊ စိတ်မ ဖြူက၊ မှတ်ယူမှန်စွာ၊ မရရာတည်း " ဟု မဃဒေဝမှာ စပ်ဆိုထားပါတယ်။

## သမ္မာသင်္ကပ္ပမဂ္ဂင်

သမ္မာသင်္ကပ္ပမဂ္ဂင် - ကောင်းသောအကြံအစည် ဝိတက်ကို "သမ္မာသင်္ကပ္ပမဂ္ဂင်"ခေါ်ပါတယ်။ ထိုသမ္မာသင်္ကပ္ပမဂ္ဂင်ဟာ -

(၁) နေက္ခမ္မသင်္ကပ္ပ၊
(၂) အဗျာပါဒသင်္ကပ္ပ၊
(၃) အဝိဟိံသာသင်္ကပ္ပအား ဖြင့် ၃-မျိုးရှိပါတယ်။

(၁) ရှင်, ရဟန်း-ပြုလုပ်ဖို့ရန် ကြံစည်ခြင်း၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းများကို ကျင့်ဖို့ရန်ကြံစည်ခြင်း၊ ကုသိုလ်ရဖို့ အရေးကို တွေး၍ ကြံစည်ခြင်း-စသည်များကို **နေက္ခမ္မသင်္ကပ္ပ**-ခေါ်ပါတယ်။ ရှင်ရဟန်းပြုလုပ်ဖို့ရန် ကြံစည်တဲ့နေရာမှာလဲ တကယ့်ကို သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်လိုသောစိတ်ထားဖြင့် ကြံစည်မှသာ နေက္ခမ္မသင်္ကပ္ပ-ဖြစ်ပါတယ်။

မောင်တောက်တဲ့လိုကြံစည်ပုံမျိုးကတော့ နေက္ခမ္မသင်္ကပ္ပ-မဖြစ် နိုင်ပါ။ မောင်တောက်တဲ့ဟာ ဘုန်းတော်ကြီးကျောင်း ဥပုသ်စောင့် သွားတဲ့အခါ ဥပုသ်သည်များက ပါလာသောဆွမ်းနှင့်ဆွမ်းဟင်းများ ကို လှူကြသောကြောင့် ကျောင်းမှာဆွမ်းနှင့်ဆွမ်းဟင်းတွေ မုန့်တွေ ပေါပေါများများ ရှိနေတာကို တွေ့မြင်ရ၍- "ငါတို့မှာ နေထွက်က နေဝင်အထိ နေ့စဉ်လုပ်ကိုင်နေကြရပေမဲ့

ဤလိုပေါပေါများများ မရှိဘူး၊ ဘုန်းကြီးကျောင်းမှာတော့ ပေါများလိုက်တာ၊ ငါလဲသက်တောင့်သက်သာနေပြီး ပေါပေါများများစားရအောင် ဘုန်းကြီး ဝတ်နေရင်ကောင်းမယ်”ဟုကြံစည်ပြီး ခေါင်းတုံးရိတ်ပါတယ်၊ ညနေစောင်းလို့ ဥပုသ်သည်များပြန်သွားကြတဲ့အခါ ဘုန်းကြီးထံသွားပြီး တပည့်တော်ကို သင်္ကန်းဝတ်ပေးပါဘုရား-ဟု လျှောက်ထားပါတယ်၊ ဘုန်းကြီးက “ဘယ်ဖြစ် မလဲဟ၊ နင့်မယားနှင့်သမီးကို ဘယ်သူလုပ်ကျွေးမလဲ”ဟု ပြောတဲ့အခါ “ဖြစ်ပါ တယ်ဘုရား-ဝတ်သာဝတ်ပေးပါ၊ ဝတ်မပေးရင် တပည့်တော် မပြန်ဘူး”ဟု အကြပ်ကိုင်သောကြောင့် ကိုရင်ကြီး ဝတ်ပေးလိုက်ပါတယ်။ ညအိပ်ချိန် ရောက်တဲ့အခါ မယားနှင့်သမီးကိုသတိရ၍ ဘုန်းကြီးမသိအောင် လူဝတ်လဲပြီး တိတ်တဆိတ် အိမ်ကိုပြန်ကာ အိမ်ရှေ့မှာ ဘေးလူတွေရှိနေသောကြောင့် နောက်ဖေးကြမ်းပြင်ကတက်ပြီး အိပ်ရာထဲမှာ ဝင်နေပါတယ်၊ ဘေးလူများ ပြန်သွား၍ မယားက အိပ်ရာဝင်လာတဲ့အခါ လန့်ပြီး- “အမယ်လေး . . . လာကြပါ၊ လူ-လူ”ဟု အော်သောကြောင့် ဘေးကလူများ ပြေးလာကြပြီး “ညနေကမှ တောက်တဲ့သင်္ကန်းဝတ်တယ်၊ ခုလာစော်ကားရမလား”ဟု ပြောဆို ကာ ဝိုင်းရိုက်ကြပါတယ်၊ မောင်တောက်တဲ့က ‘ငါပါ’ ဟု ပြောတဲ့အခါ ဘယ်က ငါလဲ-ဟု မေးကြပါတယ်၊ “တောက်တဲ့လေ တောက်တဲ့” ဟု ငိုသံပါကြီးနှင့် ပြောမှ အရိုက်ရပ်ကြပါတယ်။ (အဲဒီအကြံမျိုးကတော့ နေက္ခမ္မသက်ဖွဲ့ မဖြစ်နိုင်ပါ။)

(၂) ချစ်ခြင်းမေတ္တာနှင့်ယှဉ်သော ကြံစည်မှုဝိတက်ကို အဗျာပါဒသင်္ကပ္ပ မဂ္ဂင်-ခေါ်ပါတယ်၊ သတ္တဝါအများကို အာရုံပြုပြီး မေတ္တာပို့ပေးခြင်း ဖြစ် ပါတယ်၊ မေတ္တာပို့တဲ့အခါ မေတ္တာစစ်မေတ္တာမှန်ဖြစ်ရန် အလွန်အရေးကြီး ပါတယ်။ အမတ်မင်း၏သားတစ်ယောက်ဟာ မိမိမယားကိုအာရုံပြုပြီး မေတ္တာပို့သမိသောကြောင့် မေတ္တာစစ်မေတ္တာမှန်မဖြစ်ဘဲ တဏှာပေမမေတ္တာ ဖြစ်ကာ တဏှာရူး ဖြစ်သွားပါတယ်။

(၃) သနားခြင်းကရုဏာနှင့်ယှဉ်သော ကြံစည်မှုဝိတက်ကို အဝိဟိံသာ သင်္ကပ္ပမဂ္ဂင်-ခေါ်ပါတယ်၊ ဒုက္ခိတသတ္တဝါတွေကို မြင်ရတဲ့အခါတိုင်းမှာ သနား ခြင်း ဖြစ်ပါတယ်။

## မိစ္ဆာသင်္ကပ္ပ

မှားယွင်းသောအကြံအစည်ကို **မိစ္ဆာသင်္ကပ္ပ**ခေါ်ဆိုပါတယ်။ ထိုမိစ္ဆာသင်္ကပ္ပဟာ –

(၁) ကာမဝိတက္က၊

(၂) ဗျာပါဒဝိတက္က၊

(၃) ဝိဟိံသာဝိတက္က-အားဖြင့် ၃-ပါးရှိပါတယ်။

(၁) ငါးဖြာအာရုံ ကာမဂုဏ်တွေကို ကြံစည်တတ်သော လောဘနှင့်ယှဉ်သောဝိတက်ကို **ကာမဝိတက်**-ခေါ်ပါတယ်။

(၂) သူတစ်ပါးကို သေကြေပျက်စီးဖို့ရန် ကြံစည်သော ဒေါသနှင့်ယှဉ်သော ဝိတက်ကို **ဗျာပါဒဝိတက်**-ခေါ်ပါတယ်။

(၃) သူတစ်ပါးတို့အား ညှဉ်းဆဲနှိပ်စက်လိုသော ဒေါသနှင့်ယှဉ်သော ဝိတက်ကို **ဝိဟိံသာဝိတက်**-ခေါ်ပါတယ်။

## သမ္မာဝါစာမဂ္ဂင်

ဝစီကံဒုစရိုက် ၄-ပါးတို့မှ ရှောင်ကြဉ်တာကို **သမ္မာဝါစာမဂ္ဂင်** ခေါ်ပါတယ်။ ဝစီကံဒုစရိုက် ၄-ပါးတို့မှာ –

(၁) မုသာဝါဒ၊

(၂) ပိသုဏာဝါစာ၊

(၃) ဖရုသဝါစာ၊

(၄) သမ္ဖပ္ပလာပဝါစာ-တို့ ဖြစ်ကြ ပါတယ်။

### ၁-မုသာဝါဒ

လိမ်ညာလှည့်ဖြား ပြောဆိုသောစကားကို **မုသာဝါဒ**-ခေါ်ပါတယ်။

များသောအားဖြင့် နုံသောလူ အ-သောသူများဟာ အလိမ်အညာ ခံရတတ်ပါတယ်။ နွားရောင်းသူတစ်ယောက်ဟာ နွားကြီးကို တစ်ရာကျပ်၊ နွားငယ်ကို

ငါးဆယ်ကျပ်-ပြောပြီးရောင်းရာ လူလယ်က နွားငယ်ကို ငါးဆယ်ကျပ် ပေး၀ယ် သွားပြီး အ၀ေးရောက်မှပြန်လာကာ နွားငယ်ကိုမလိုချင်ဘူး နွားကြီးကိုပေးပါ၊ ခင်ဗျားကို ငွေငါးဆယ်ကျပ် ပေးထားပြီးပြီ၊ ဒီနွားငယ်က ငါးဆယ်ကျပ် တန်တော့ တစ်ရာကျပ်ဟုပြော၍ လိမ်ညာပြီး နွားကြီးကိုယူသွားပါတယ်။ ရောင်းသူက လူနုံ, လူအ,ဖြစ်တော့ တစ်ရာရတယ်ထင်မှတ်တယ်၊ သူရတာက ငါးဆယ်ကျပ်သာရလိုက်တယ်။ ပါးနပ်သူများသည်ပင်လျှင် အချောင်လိုချင် စိတ်များ ပေါ်လာတဲ့အခါ "မြွေပွေးပိုးထိ၊ လူပါး ပုလင်းကွဲရှ"ဆိုတာလို အလိမ် အညာခံကြရပါတယ်။ ရွှေလိမ်, ငွေလိမ်-စသည်တွေနှင့် တွေ့ရတတ်ပါတယ်၊ .အချောင်လိုချင်ရင် အကြပ်နှင့်တွေ့တတ်တယ်။

## မုသာ၀ါဒအင်္ဂါ ၄-ပါး

(၁) မမှန်သော၀တ္ထုဖြစ်ခြင်း၊
(၂) အမှားကိုသိစေလိုသောစိတ် ရှိခြင်း၊
(၃) ကိုယ်ဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း လှုံ့လ ပြုခြင်း၊
(၄) အလိမ်အညာခံရသူသိခြင်း-

အားဖြင့် အင်္ဂါ ၄-ပါး ရှိပါတယ်။ ဤအင်္ဂါ ၄-ပါးနှင့်ညီညွတ်ပါက လူတို့မှာ သီလပျက်ပါတယ်။ ရဟန်းတော် များမှာ –

(၁) လိမ်ညာလိုသောစိတ် ရှိခြင်း၊
(၂) လိမ်ညာခြင်း-

ဟူသော အင်္ဂါ ၂-ပါးနှင့် ပြည့်စုံပါက ပါစိတ်အာပတ် သင့်ပါတယ်။

## ၂-ပိသုဏာ၀ါစာ

ချစ်ခင်နေသူနှစ်ဦးတို့ကို ရန်ဖြစ်အောင် ရန်တိုက်ပေးခြင်းကို ပိသုဏာ၀ါစာ- ခေါ်ပါတယ်။

အညာသားနှင့်အောက်သူတို့အကြောင်းပါ၍ အလွန်ချစ်ခင်နေကြတာကို မနာလိုသူတစ်ဦးက - အညာသားနှင့် တွေ့တဲ့အခါ "မင်း မိန်းမက စုန်းမကြီး၊

မျိုးနှင့်ရိုးနှင့်တတ်တာ၊ ယောကျ်ားအိပ်ပျော်သွားရင် အူတွေကို နှိုက်စားတတ်တယ်”ဟု ပြောပြီး မိန်းမနှင့်တွေ့တဲ့အခါ “နင့်ယောကျ်ားက မျောက်မျိုး၊ ဒါကြောင့် သူ့ကိုမျောက်ဖြူလို့ခေါ်ကြတာ၊ သူ့မှာ အမြီးတိုတိုလေးပါတယ်၊ နင်မယုံရင်စမ်းကြည့်”ပြောပါတယ်။ ဒါကြောင့် ယောကျ်ားကလဲ မိန်းမကို စုန်းဟုတ်-မဟုတ် သိချင်တယ်၊ မိန်းမကလဲ ယောကျ်ားမှာ အမြီး ရှိ-မရှိ သိချင်တယ်၊ အိပ်ရာဝင်ကြတဲ့အခါ ယောကျ်ားက အိပ်ချင်ဟန်ဆောင်နေတာကို မိန်းမက တကယ်အိပ်ပြီထင်၍ အမြီး ရှိ-မရှိ စမ်းကြည့်ရာ ယောကျ်ားဟာ ခြေထောက်နှင့် ကန်လိုက်ပြီး “ဟဲ့ စုန်းမကြီး”ဟု ပြောပါတယ်၊ မိန်းမကလဲ “ဟဲ့ အမြီးပေါက်တဲ့မျောက်မျိုး”ဟု အပြန်အလှန်ပြောကာ ရန်ဖြစ်ကြပါတော့တယ်။ ဤကဲ့သို့ ချစ်သူနှစ်ဦးတို့ကို ရန်တိုက်ပေးတာဟာ ပိသုဏဝါစာဖြစ်ပါတယ်။

## ပိသုဏဝါစာအင်္ဂါ ၄-ပါး

(၁) အချစ်ပျက်အောင်ခွဲအပ်သူ၊
(၂) ကွဲပြားစေလိုသောစိတ်ရှိခြင်း၊
(၃) လုံ့လပြု၍ပြောဆိုခြင်း၊
(၄) အပြောခံရသူသိရှိနားလည်ခြင်း-အားဖြင့် အင်္ဂါ ၄-ပါးရှိပါတယ်။

## ၃-ဖရုသဝါစာ

ကြမ်းကြမ်းတမ်းတမ်း ပြောဆိုခြင်းကို **ဖရုသဝါစာ**-ခေါ်ဆိုပါတယ်။

ကြားရသူများ နားမခံနိုင်အောင် ပြောဆိုခြင်း, ကြိမ်ဆဲခြင်း-စသည်တို့ဖြစ်ပါတယ်။ နှုတ်ကကြမ်းတမ်းပါသော်လည်း စေတနာ နူးညံ့ပါက ဖရုသဝါစာ မဖြစ်ပါ၊ မိခင်က တောထဲသို့သွားမည့်သားကို တားမရသောကြောင့် “တောထဲရောက်ရင် နင်ကို ကျွဲရိုင်းခတ်ပါစေ”လို့ ကြိမ်ဆဲပါတယ်။ တောထဲရောက်တဲ့အခါ ခက်ဖို့ရာပြေးလာတဲ့ ကျွဲရိုင်းကြီးကိုမြင်သောကြောင့် “သားက ငါ့အမေနှုတ်ကဆိုတိုင်း မဖြစ်ဘဲ စေတနာအတိုင်း ဖြစ်ပါစေ”ဟု အဓိဋ္ဌာန်ပြုလိုက်ရာ

ကျွဲရိုင်းကြီး ပျောက်ကွယ်သွားသတဲ့၊ (အမိက သားကို ကျွဲရိုင်းဘယ်ခတ်စေချင်ပါ့မလဲ။)

နှုတ်က နူးညံ့ပါသော်လဲ စေတနာကြမ်းတမ်းပါက ဖရုသဝါစာ ဖြစ်ပါတယ်။ တရားသူကြီးက သတ်ဖို့ရာအမိန့်ချရာ၌ ပြုံးရွှင်သော မျက်နှာဖြင့် "ဤရာဇဝတ်သားကို ချမ်းသာစွာသိပ်ထားလိုက်ကြ"ဟု ပြောဆိုရာ နှုတ်ကနူးညံ့ပါသော်လဲ စေတနာကကြမ်းတမ်းသောကြောင့် ဖရုသဝါစာဖြစ်ပါတယ်။

## ဖရုသဝါစာအင်္ဂါ ၃-ပါး

(၁) စိတ်ဆိုးခြင်း၊
(၂) ဆဲဆိုကြိမ်းမောင်းအပ်သူ၊
(၃) ဆဲဆိုကြိမ်း မောင်းခြင်း-အားဖြင့် ၃-ပါးရှိပါတယ်။

## ၄-သမ္ဖပ္ပလာပဝါစာ

သိန်ဖျင်းသောစကားများကို ပြောဆိုခြင်းကို သမ္ဖပ္ပလာပ-ခေါ်ပါတယ်။

နားထောင်သူတို့အား အလုပ်ပျက် အကိုင်ပျက် ဘာမှအကျိုးမရှိတဲ့ စကားများကို ပြောဆိုခြင်းဖြစ်ပါတယ်။ အထူးသဖြင့် ရုပ်ရှင်အကြောင်း, ကာလပေါ်ဝတ္ထုတွေအကြောင်း စတဲ့ ဒဏ္ဍာရီပုံပြင်ဝတ္ထုများ, လောကုတ္တရာရေးနဲ့ ဆန့်ကျင်တဲ့ တိရစ္ဆာနကထာ စကားမျိုးကို ပြောကြားခြင်းဖြစ်ပါတယ်။

ရှေးအခါက သားအဖနှစ်ယောက် ခရီးသွားကြရာ ရှေ့မှသွားနေသော ဝဝတုပ်တုပ် မိန်းမပျိုကိုမြင်သောကြောင့် သားက "ဟဲ့- ရှေ့ကမိန်းကလေးနင့်ခြေသလုံးက တုပ်တုပ်ကြီး"ဟု ပြောတဲ့အခါ မိန်းကလေးက "ငါခြေသလုံးကြီးလို့ နင့်ခေါင်းနှင့် ရွက်ထားရသလား"ဟု ပြန်ပြောပါတယ်၊ သားက "ငါမရွက်ဘူး၊ အဖေရွက်လိမ့်မယ်"ဟု ပြောသတဲ့၊ စ-တော့သူကစပြီး မကောင်းတော့ အဖေခေါင်းပေါ် လွှဲချတယ်၊ ဒါကြောင့် "သားသမီးမကောင်း မိဘခေါင်း" ဆိုတာနှင့်တူတယ်။ ဤကဲ့သို့ အကျိုးမရှိတဲ့စကားကို ပြောဆိုခြင်းဟာ သမ္ဖပ္ပလာပ-ဖြစ်ပါတယ်။

## သမ္ဖပ္ပလာပအင်္ဂါ ၂-ပါး

(၁) အကျိုးမရှိသောစကားကို ပြောဆိုလိုသူဖြစ်ခြင်း၊
(၂) နှုတ်ဖြင့်ပြောဆိုခြင်း-အားဖြင့် အင်္ဂါ ၂-ပါးရှိပါတယ်။

ဖော်ပြခဲ့ပြီးသော ဝစီကံ ၄-ပါးတို့ကို ကျူးလွန်ပါက အပါယ်ကျရောက်ကြပြီး ဆင်းရဲဒုက္ခ ခံကြရပါတယ်။ အပါယ်မှလွတ်ပြီး လူဖြစ်လာတဲ့အခါ ပါးစပ်ပုပ်ခြင်း, သွားကျဲခြင်း, နှုတ်ခမ်းကွဲခြင်း, စကားမပီသခြင်း-စသော အပြစ်များ ဖြစ်ကြရပါတယ်။ ထိုဝစီကံ ၄-ပါးကို ရှောင်ကြဉ်ပါက သမ္မာဝါစာမဂ္ဂင်ဖြစ်သောကြောင့် လူချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာ-များကို ခံစားကြရပါတယ်။

## သမ္မာကမ္မန္တမဂ္ဂင်

ကာယကံဒုစရိုက် ၃-ပါးတို့မှ ရှောင်ကြဉ်ခြင်းကို **သမ္မာကမ္မန္တမဂ္ဂင်** ခေါ်ပါတယ်။ (၁) ပါဏာတိပါတ၊ (၂) အဒိန္နာဒါန၊ (၃) ကာမေသုမိစ္ဆာစာရ-အားဖြင့် ကာယကံဒုစရိုက် ၃-ပါးရှိပါတယ်။

## ၁။ ပါဏာတိပါတ

**ပါဏာတိပါတ** = သူတစ်ပါးအသက်သတ်ခြင်းကို ပါဏာတိပါတ ခေါ်ဆိုပါတယ်။

## ပါဏာတိပါတအင်္ဂါ ၅-ပါး

သူတစ်ပါးအသက်ကိုသတ်ရာဝယ် -

(၁) အသက်ရှင်သောသတ္တဝါဖြစ်ခြင်း၊
(၂) သတ္တဝါမှန်းသိခြင်း၊
(၃) သေစေလိုတဲ့စိတ်ရှိခြင်း၊
(၄) သတ်ဖြတ်မှု လုံ့လပယောဂ-တစ်ခုခုကိုပြုခြင်း၊
(၅) ထိုလုံ့လ, ပယောဂကြောင့် သေခြင်း-အားဖြင့် အင်္ဂါ ၅-ပါး ရှိပါတယ်။

ဤအင်္ဂါ ၅-ပါးတို့တွင်ပါဝင်သော ၄-ခုမြောက် လုံ့လ,ပယောဂ- ပြု၍ သတ်ခြင်းဟာ -

(၁) သာဟတ္ထိကပယောဂ၊
(၂) အာဏတ္တိကပယောဂ၊
(၃) နိဿဂ္ဂိယပယောဂ၊
(၄) ထာဝရပယောဂ၊
(၅) ဝိဇ္ဇာမယပယောဂ၊
(၆) ဣဒ္ဓိမယပယောဂ-အားဖြင့် ၆-ပါးရှိပါတယ်။

(၁) ဓား, တုတ်-စသော လက်နက်တို့ဖြင့် ကိုယ်ထိလက်ရောက် သတ်ဖြတ်ခြင်းကို **သာဟတ္ထိကပယောဂ**-ခေါ်ပါတယ်။

(၂) နှုတ်ဖြင့်ဖြစ်စေ, စာရေး၍ဖြစ်စေ, အရိပ်နိမိတ်ပြ၍ဖြစ်စေ-အသတ်ခိုင်းခြင်းကို **အာဏတ္တိကပယောဂ**-ခေါ်ပါတယ်။ သာမှု, နာမှုမှာ ကျွေးဖို့ရာ ဝက်သတ်ဆိုင်သို့သွားပြီး ဝက်သားမှာတာ၊ ဆိတ်သတ်ရုံ, နွားသတ်ရုံသို့သွားပြီး ဆိတ်သား, အမဲသားမှာတာ၊ ဒံပေါက်ဆိုင်သို့သွားပြီး ဒံပေါက်မှာတာ-စသည်တွေဟာ အာဏတ္တိကပယောဂ-အသတ်ခိုင်းတာဖြစ်သောကြောင့် ပါဏာတိပါတ-ကံ ထိုက်ပါတယ်။ ဤသို့ ဝက်သား, ဆိတ်သား, အမဲသား, ဒံပေါက်- စသည်များကိုမှာပြီး လှူတဲ့အလှူမျိုးဟာ "ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာ"ဆိုတဲ့ အလှူမျိုး ဖြစ်ပါတယ်၊ အကယ်၍ ဝက်သား, ဆိတ်သား, အမဲသား ဒံပေါက်-စသည်များကို ကျွေးမွေးလှူဒါန်းလိုပါက မိမိက မမှာဘဲနှင့် သူတို့အလိုလို ပြုလုပ်ထားသည်များကို ဝယ်ပြီး ကျွေးမွေး လှူဒါန်းပါက မိမိက အသတ်ခိုင်းတာမဟုတ်သောကြောင့် ပါဏာတိပါတ-ကံ မထိုက်ပါ။

(၃) ဒူးလေး, သေနတ်-စသည်တို့ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းကို **နိဿဂ္ဂိယပယောဂ**-ခေါ်ပါတယ်။

(၄) လမ်းခရီး၌ လာလာသမျှလူတွေ, သတ္တဝါတွေ-ကျသေအောင် တွင်းတူးထားခြင်း၊ ကြောင့်ထောင်ထားခြင်း၊ မိုင်းဗုံးထောင်ခြင်း၊ ဓား, လှံ, သေနတ်-စသော လက်နက်များကို ဆောင်ထားခြင်း စသည်တို့ကို ထာဝရ

ပယောဂ-ခေါ်ပါတယ်။ စစ်တိုက်ဖို့ရာ လက်နက်များ လုပ်ကိုင်ထားခြင်း ဟာလည်း **ထာဝရပယောဂ**-ဖြစ်ပါတယ်။

(၅) ဝိဇ္ဇာမယပယောဂ-အတတ်ပညာဖြင့်သတ်မှုကို **ဝိဇ္ဇာမယပယောဂ**-ခေါ်ပါတယ်။ အင်း, အိုင်, မန္တန်-စသည်တို့ဖြင့် သတ်ခြင်းမျိုးဖြစ်ပါတယ်။

(၆) ဣဒ္ဓိမယပယောဂ-တန်ခိုးဖြင့်သတ်ဖြတ်မှုကို **ဣဒ္ဓိမယပယောဂ**-ခေါ်ပါတယ်။

ဤလုံ့လ, ပယောဂ ၆-မျိုးတို့ဖြင့် သတ်ဖြတ်ခြင်းဟာ ပါဏာတိပါတကံမြောက်၍ အပါယ်ကျပါတယ်၊ အပါယ်မှလွတ်သောအခါ ဘဝများစွာ သူတစ်ပါးအသတ်ကို ခံရပါတယ်။ အိမ်ရှင်မတစ်ယောက်ဟာ သိုးကလေးကို တစ်ခါသတ်မိတာနှင့်, အပါယ်၄ရဲမှာ ဆင်းရဲကြီးစွာ ဒုက္ခခံရပြီး အပါယ်မှ လွတ်သောအခါ သိုးကလေးမှာပေါက်နေတဲ့ အမွေးအရေအတွက်နှင့် အညီအမျှ အကြိမ်ပေါင်းများစွာ သူတစ်ပါး၏အသတ်ကို ခံရပါတယ်။

## ၂။ အဒိန္နာဒါန

**အဒိန္နာဒါန** = ပိုင့်ရှင်များက စာရေး၍လည်းကောင်း၊ လက်လှမ်း၍လည်းကောင်း၊ ယူတော့-ဟု နှုတ်ဖြင့်လည်းကောင်း မပေးသော သူတစ်ပါး ပစ္စည်းဥစ္စာများကို ခိုးယူခြင်း, ဓားပြတိုက်ယူခြင်း, လာဘ်စားခြင်း-စသည်များကို **အဒိန္နာဒါန**-ခေါ်ပါတယ်။

### အဒိန္နာဒါနအင်္ဂါ ၅-ပါး

(၁) သူတစ်ပါးတို့၏ ပစ္စည်းဥစ္စာဖြစ်ခြင်း၊
(၂) သူတစ်ပါးပစ္စည်းဥစ္စာ-ဟုသိခြင်း၊
(၃) ခိုးယူလိုသောစိတ်ရှိခြင်း၊
(၄) ကိုယ်မှု, နှုတ်မှု, တစ်ခုခုဖြင့် လုံ့လဖြူခြင်း၊
(၅) ခိုးယူခြင်း-အားဖြင့် အင်္ဂါ ၅-ပါးရှိပါတယ်။

ဤအင်္ဂါ ၅-ပါးတို့တွင် ၄-ခုမြောက်ဖြစ်သော လုံ့လပြုခြင်းသည် ပါဏာတိပါတ-နှင့် တူပါတယ်။ ဖော်ပြပါ အင်္ဂါ ၅-ပါးနှင့်ညီပါက အပါယ်ဘုံသို့

ကျရောက်ကြရပြီး အပါယ်မှလွတ်၍ လူဘဝရောက် လာတဲ့အခါမှာလည်း ဝတ်ဝတ်ပြတ်ပြတ်နှင့် လူဆင်းရဲ လူမွဲများသာ ဖြစ်ကြရပါတယ်။

ရာဇဂြိုဟ်ပြည်မှ ဈေးသည်မကြီး လေးယောက်တို့ဟာ အလေးချိန်ခွင်များကို မမှန်မကန်ပြုပြီး သူများပစ္စည်းဥစ္စာများကို မတရားသောနည်းဖြင့် ခိုးယူမှု-အဒိန္နာဒါနကံကို ကျူးလွန်မိသောကြောင့် သေတဲ့အခါ ပြိတ္တာမကြီးများ ဖြစ်ကြရပါတယ်၊ မိမိတို့ မတရားရှာဖွေစုဆောင်းထားခဲ့သော ပစ္စည်းဥစ္စာများကို လင်ယောက်ျားများက နောက်မယား, နောက်သားသမီး-တွေနဲ့အတူ ပျော်တပြုံးပြုံးနှင့် သုံးဖြုန်းစားသောက်နေကြတာကို မြင်ကြရတဲ့အခါ ကြိတ်မနိုင် ခဲမရဖြစ်ပြီး "ငါတို့မတရားရှာဖွေပြီး မလှူရက် မစားရက် စုဆောင်းထားခဲ့တဲ့ ပစ္စည်းတွေကို သူတို့က နောက်မယားတွေနဲ့ ပျော်ပါး-စားသောက် အပင်းဆို့ နေကြတယ်-ဟဲ့၊ ငါတို့မှာတော့ ပြိတ္တာဘဝမှာ မစားရ-မသောက်ရနှင့် ဆင်းရဲ ဒုက္ခရောက်နေကြရတယ်-ဟဲ့"ဟု ရာဇဂြိုဟ်မြို့ရိုးကနေ ကြိမ်ဆဲပြောဆိုကြသတဲ့။ (ရာဇဂြိုဟ်ပြည်က ဈေးသည်များကိုသာပြောကာ၊ မြန်မာပြည်က ဈေးသည်များ မပါပါဘူး။)

## ၃။ ကာမေသု မိစ္ဆာစာရ

**ကာမေသုမိစ္ဆာစာရ** - မိမိလင်, မိမိမယား-မှတစ်ပါး အခြားသူ များနှင့် ဖောက်ပြားကျူးလွန်ခြင်းကို **ကာမေသုမိစ္ဆာစာရ**-ခေါ် ဆိုပါတယ်။

### ကာမေသုမိစ္ဆာစာရ အင်္ဂါ ၄ ပါး

(၁) မိမိလင်, မိမိမယား-မှတစ်ပါး မသွားလာကောင်းသော မိန်းမ, ယောက်ျား-ဟု ဆိုအပ်သော အဂမနီယဝတ္ထု ဖြစ်ခြင်း၊
(၂) လော်လီဖောက်ပြား သွားလာလိုသောစိတ် ရှိခြင်း၊
(၃) လုံ့လပြုခြင်း၊
(၄) အောင်မြင်စွာ သွာလာခြင်း-အားဖြင့် အင်္ဂါ ၄ ပါးရှိပါတယ်။

ဤအင်္ဂါ ၄-ပါးနှင့်ပြည့်စုံပါက အပါယ်ကျ၍ ဆင်းရဲဒုက္ခခံရပြီး ယုတ်ညံ့သော ဘဝမှာသာ ဖြစ်ကြရတယ်။

ဖော်ပြပါ ကာယဒုစရိုက် ၃-ပါးတို့မှ ရှောင်ကြဉ်ပါက သမ္မာကမ္မန္တမဂ္ဂင် ဖြစ်သောကြောင့် လူ့ချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာ-များကို ခံစားရပါတယ်။

## သမ္မာအာဇီဝမဂ္ဂင်

**သမ္မာအာဇီဝမဂ္ဂင်** - ဖော်ပြခဲ့ပြီးသော ဝစီကံ ၄-ပါး, ကာယကံ ၃-ပါးတို့မှ အသက်ကိုမငဲ့ကွက်ဘဲ ရှောင်ကြဉ်ပြီး မှန်ကန်စွာ အသက်မွေးတာကို **သမ္မာ-အာဇီဝမဂ္ဂင်** ခေါ်ဆိုပါတယ်။ ဝစီကံ ၄-ပါး, ကာယကံ ၃-ပါးတို့ကို 'မပြုမလုပ်ရင်သတ်မယ်'ဟု ပြောပါသော်လဲ အသက်ကိုအသေခံပြီး ရှောင်ကြဉ်တာမျိုး ဖြစ်ပါတယ်။

## သမ္မာဝါယာမ မဂ္ဂင်

သမ္မာဝါယာမ မဂ္ဂင်ဟာ -

(၁) ဖြစ်ပေါ်ပြီးတဲ့ အကုသိုလ်များကို ပယ်ရှားနိုင်အောင် ကြိုးစားခြင်း,

(၂) မဖြစ်သေးတဲ့အကုသိုလ်များကို မဖြစ်နိုင်အောင် ကြိုးစားခြင်း,

(၃) မဖြစ်ပေါ်သေးသော ကုသိုလ်တရားများကို ဖြစ်ပေါ်လာအောင် ကြိုးစားခြင်း၊

(၄) ဖြစ်ပေါ်ပြီးသား ကုသိုလ်တရားများကို တိုးပွားလာအောင် ကြိုးစားခြင်း-အားဖြင့် ၄-ပါးရှိပါတယ်၊ ဒီ မှန်ကန်စွာ အားထုတ်ခြင်း ၄-ပါးကို **သမ္မာဝါယာမ မဂ္ဂင်** ခေါ်ပါတယ်။

## သမ္မာသတိမဂ္ဂင်

**သမ္မာသတိ** - ကောင်းသောအောက်မေ့ခြင်းကို **သမ္မာသတိမဂ္ဂင်** ခေါ်ပါတယ်။ ထိုကောင်းသောအောက်မေ့ခြင်း သမ္မာသတိမဂ္ဂင်ဟာ -

(၁) ကာယာနုပဿနာသတိပဋ္ဌာန်၊

(၂) ဝေဒနာနုပဿနာသတိပဋ္ဌာန်

(၂) ဈာန်စိတ်, မဂ်စိတ် တို့၏အနီး၌ ဈာန်ရခါနီး, မဂ်ရခါနီး-၌ဖြစ်သော သမာဓိကို **ဥပစာရသမာဓိ** ခေါ်ပါတယ်။ ဈာန်ရလုနီး, မဂ်ရလုနီးဖြစ်အောင် အားကောင်းနေတဲ့ သမာဓိမျိုးဖြစ်ပါတယ်။

(၃) ဈာန်စိတ်, မဂ်စိတ် - တို့နှင့်အတူဖြစ်သော သမာဓိကို **အပ္ပနာသမာဓိ** ခေါ်ပါတယ်။ ဤသမာဓိ ၃-မျိုးတို့ဟာ ကောင်းသော တည်ကြည်မှုများ ဖြစ်ကြသောကြောင့် ကောင်းသောတည်ကြည်ခြင်း =**သမာဓိမဂ္ဂင်** ဖြစ်ပါတယ်။

ဤ မဇ္ဈိမပဋိပဒါ အကျင့်ဖြစ်တဲ့ လောကီမဂ္ဂင်ရှစ်ပါးတို့ဟာ ဒါနပြုတဲ့အခါ, သီလဆောက်တည်တဲ့အခါ, တရားဘာဝနာ ပွားများတဲ့အခါ, ပုတီးစိပ်တဲ့အခါ- စသည်တွေမှာ ပါဝင်ကြသောကြောင့် ဒါနပြုခြင်း, သီလဆောက်တည်ခြင်း, တရားဘာဝနာ ပွားများအားထုတ်ခြင်း, ပုတီးစိပ်ခြင်း-စတဲ့ ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်အားထုတ်ကြတာဟာ ပဇ္ဈိမပဋိပဒါ=အလယ်လမ်း မဂ္ဂင်ရှစ်ပါးအကျင့် ဖြစ်ပါတယ်။

## ပုတီးစိပ်တဲ့အခါ မဇ္ဈိမပဋိပဒါဖြစ်ပုံ

ပုတီးစိပ်တဲ့အခါမှာ ပဇ္ဈိမပဋိပဒါ=အလယ်လမ်းကျင့်စဉ်ဖြစ်တဲ့ မဂ္ဂင်ရှစ်ပါး ဖြစ်ပုံကို အကျဉ်းအားဖြင့် ပြောပြပါမယ်။

'ဘုရားဂုဏ်-စသည်တို့ကို အာရုံပြုပြီး ပုတီးစိပ်တာဟာ ကုသိုလ်ပဲ'ဟု မြင်ဟာဟာ သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်ပါတယ်။ (ကုသိုလ်မရဘူး-ဟု မြင်ရင် မိစ္ဆာဒိဋ္ဌိ-ဖြစ်ပါတယ်။)

မိမိစိတ်ကို ဘုရားဂုဏ်တော်-စသည့် အာရုံသို့ တင်ပေး-ကြံစည်ပေးခြင်း ဟာ သမ္မာသင်္ကပ္ပမဂ္ဂင် ဖြစ်ပါတယ်။

ပုတီးစိပ်နေတဲ့အခါမှာ ဝစီကံလေးပါး ကို့ကို မကျူးလွန်ဘဲ ရှောင်ကြဉ်နေသောကြောင့် သမ္မာဝါစာမဂ္ဂင် ဖြစ်ပါတယ်။

ပုတီးစိပ်နေတဲ့အခါမှာ ကာယကံသုံးပါးတို့ကို မကျူးလွန်ဘဲ ရှောင်ကြဉ် နေသောကြောင့် သမ္မာကမ္မန္တမဂ္ဂင် ဖြစ်ပါတယ်။

ပုတီးစိပ်တဲ့အခါ အသက်မွေးဝမ်းကျောင်းကို မငဲ့ဘဲ ဒုစရိုက်ခုနစ်ပါးတို့မှ ရှောင်ကြဉ်နေသောကြောင့် **သမ္မာအာဇီဝမဂ္ဂင်** ဖြစ်ပါတယ်။

ပုတီးစိပ်နေတဲ့အခါ ပုတီးလုံးကို တစ်လုံးပြီးတစ်လုံး **မမှား**အောင် ဘုရားဂုဏ်တော်-စသည်များကို အာရုံပြုပြီး ရွတ်ဆိုပွားများ ကြိုးစားနေရသောကြောင့် **သမ္မာဝါယာမမဂ္ဂင်** ဖြစ်ပါတယ်။

ဘုရားဂုဏ်တော် စသည်များကို အာရုံပြုကာ အမှတ်ရနေသောကြောင့် **သမ္မာသတိမဂ္ဂင်** ဖြစ်ပါတယ်။

ပုတီးစိပ်တဲ့အခါ မိမိစိတ်ဟာ ဘုရားဂုဏ်တော်-စတဲ့ အာရုံ၌သာ တည်နေသောကြောင့် **သမ္မာသမာဓိမဂ္ဂင်** ဖြစ်ပါတယ်။

ဤကဲ့သို့ ပုတီးစိပ်ရာတွင် မဇ္ဈိမပဋိပဒါအကျင့်ဖြစ်သော လောကီမဂ္ဂင် ရှစ်ပါး ပါဝင်နေတာကို သိကြပြီးလျှင် ဘုရားဂုဏ်တော်-စသည်များကို အာရုံပြုကာ ပုတီးစိပ်ကြပါ။

ပုတီးစိပ်တာ ကုသိုလ်မရဘူးဆိုတဲ့ အယူဟာ မိစ္ဆာဒိဋ္ဌိ ဖြစ်ပါတယ်၊ **"အကြင်လူများ၊ ယောက်ျားမိန်းမ၊ စသည်ထိုထို၊ ပျက်စီးလိုက၊ အဆိုအသွား၊ အမှားမှားနှင့်၊ ဘုရားသော်မှ၊ ဟောမရဘူး"** ဟူသည်နှင့်အညီ - ထို မိစ္ဆာဒိဋ္ဌိကို အစွဲကြီးစွာ အမြဲယူထားပါက **နိယတမိစ္ဆာဒိဋ္ဌိ** ဖြစ်တတ်ပါတယ်၊ ထို နိယတမိစ္ဆာဒိဋ္ဌိ အယူရှိတဲ့သူဟာ သေရင် အဝီစိငရဲကျရောက်ပြီး ငရဲဒုက္ခကို ဆင်းရဲကြီးစွာ ခံရပါတယ်၊ ပဉ္စာနန္တရိယ-ကံကို ကျူးလွန်သူများဟာလဲ သေရင် အဝီစိရဲ ကျရောက်ပြီး ငရဲဒုက္ခကို ဆင်းရဲကြီးစွာ ခံကြရပါတယ်၊ ဒါပေမဲ့-ကမ္ဘာကြီးပျက်သွားသောအခါ ငရဲမှ လွတ်ကြရပါတယ်။ နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသူများဟာ ကမ္ဘာကြီး ပျက်သွားပါသော်လဲ နိယတမိစ္ဆာဒိဋ္ဌိအယူကို မစွန့်ပါက နောက်ထပ် အသစ်ဖြစ်သော ကမ္ဘာမှာ ဆက်ပြီး ငရဲဒုက္ခကို ခံစားကြရပါတယ်။ အတော်ကြောက်စရာကောင်းပါတယ်။ သတိထားပြီး မိစ္ဆာဒိဋ္ဌိမဖြစ်ရအောင် ဆရာကောင်း သမားကောင်းများကိုသာ မှီဝဲ ဆည်းကပ်ကြပါ။

"ပုတီးစိပ်တာ ကုသိုလ်မရဘူး" ဟု မိစ္ဆာဒိဋ္ဌိ အယူရှိသူများအား သနားသောကြောင့် ပြောပြခြင်းဖြစ်ပါတယ်။

**ကိလေသာ** တို့ကို ပယ်သတ်နိုင်ပါတယ်။ ဘယ်လို ပယ်သတ်နိုင်ပါသလဲ **ဆိုတော့** သူများပစ္စည်းဥစ္စာများကို မိမိပစ္စည်း ဥစ္စာဖြစ်ရင် ကောင်းမှာပဲ-ဟု ကြံစည်မှု **အဘိဇ္ဈာ,** သူများ၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာများကို ပျက်စီးအောင် ကြံစည်မှု=ဗျာပါဒ, ပေးကမ်းလှူဒါန်းတာဟာ အကျိုးမရှိ စသည်အားဖြင့် အယူမှားခြင်း **ဒသဝတ္ထုကမိစ္ဆာအယူရှိမှု**-ဟူသော မနောကံများ ထကြွသောင်းကျန်းနေသူများမှာ ပရိယုဋ္ဌာနကိလေသာတွေ ဖြစ်ပွားနေပါတယ်။ ထိုကိလေသာများ မဖြစ်ပွားရအောင် အာနာပါန-စသော သမာဓိတရားအလုပ်တွေကို အားထုတ်ကြရပါတယ်၊ သမာဓိတည်ပါက ပရိယုဋ္ဌာန-ကိလေသာတွေကို ပယ်သတ်နိုင်သောကြောင့် ကာမသုဂတိခုနစ်ဘုံ ဖြစ်သော အလယ်သုဂတိသံသရာမှ လွတ်နိုင်ကြပါတယ်၊ အနာဂါမ်လဲ ဖြစ်နိုင်ကြပါတယ်။

## (၃) ပညာက္ခန္ဓမဂ္ဂင်

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ တို့ကို ပညာက္ခန္ဓမဂ္ဂင် ခေါ်ပါတယ်။

ထိုပညာက္ခန္ဓမဂ္ဂင်ဖြင့် အနုသယကိလေသာတွေကို ပယ်သတ်နိုင်ပါတယ်။ ဘယ်လိုပယ်သတ်နိုင်ပါသလဲဆိုတော့ လိုချင်မှု = လောဘ, စိတ်ဆိုးမှု=ဒေါသ, တွေဝေမှု=မောဟ-စတဲ့ အနုသယကိလေသာများ ထကြွသောင်းကျန်းနေသူဟာ ရုပ်နာမ်တို့၏ မမြဲမှု=အနိစ္စသဘော၊ ဆင်းရဲမှု=ဒုက္ခသဘော၊ အစိုးမရမှု=အနတ္တသဘောများကို ထင်ရှား မြင်လာနိုင်အောင် ဝိပဿနာရှုပါက အနုသယကိလေသာတွေကို ပယ်သတ်နိုင်သောကြောင့် ဗြဟ္မာဘုံ ၂၀ ဖြစ်သော အထက်သံသရာမှ လွတ်နိုင်ကြပါတယ်၊ ရဟန္တာလဲဖြစ်နိုင်ကြပါတယ်။

(၁) ဝီတိက္ကမ ကိလေသာ၊

(၂) ပရိယုဋ္ဌာနကိလေသာ၊

(၃) အနုသယကိလေသာ-တွေကို ပယ်သတ်နိုင်ပါက သံသရာမှလွတ်ကာ နိဗ္ဗာန်ရောက်နိုင်ကြပါတယ်။

## သိက္ခာသုံးဖြာသာသနာသုံးရပ်

(၁) သီလက္ခန္ဓမဂ္ဂင်ဖြင့် အဓိသီလသိက္ခာကိုလည်းကောင်း၊ သာသနာတော်၏ အစကောင်းခြင်းကိုလည်းကောင်း၊ ကာမသုခလ္လိကာနုယောဂအစွန်းပယ်ခြင်းကိုလည်းကောင်း ပြပါတယ်။

(၂) သမာဓိက္ခန္ဓမဂ္ဂင်ဖြင့် အဓိစိတ္တသိက္ခာကိုလည်းကောင်း၊ သာသနာတော်၏ အလယ်ကောင်းခြင်းကိုလည်းကောင်း၊ အတ္တကိလမထာနုယောဂအစွန်းပယ်ခြင်းကိုလည်းကောင်း ပြပါတယ်။

(၃) ပညာက္ခန္ဓမဂ္ဂင်ဖြင့် အဓိပညာသိက္ခာကိုလည်းကောင်း၊ သာသနာတော်၏ အဆုံးကောင်းခြင်းကိုလည်းကောင်း၊ မဇ္ဈိမပဋိပဒါ အကျင့်ကိုလည်းကောင်း ပြပါတယ်။

ဒါကြောင့် သိက္ခာသုံးဖြာ သာသနာတော်ကြီး၏ အစ, အလယ်, အဆုံး-သုံးပါးလုံးစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံသော အလယ်အလတ်ဖြစ်သော မဇ္ဈိမပဋိပဒါအကျင့်မြတ်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြပြီး ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာမှန် ပြည်နိဗ္ဗာန်ကို ဧကန်မုချ ရောက်နိုင်ကြပါစေကုန်သတည်း။

( သာဓု - သာဓု - သာဓု။ )

❖ ❖ ❖ ❖ ❖

# မေ့မေကြာ ဒေသနာဟောခဲ့ (၃)

## (က) ဒုက္ခသစ္စာ

ရှင်တော်မြတ်ဘုရားဟာ ကိုယ်တော်တိုင်သိမြင်တော်မူခဲ့သော ပယ်ရမည့် အစွန်းတရား ၂-ပါး၊ ကျင့်ကြံပွားများရမည့် မဇ္ဈိမပဋိပဒါ အလယ်လမ်း အကျင့်တရား မဂ္ဂင် ၈-ပါးတို့ကို ပဉ္စဝဂ္ဂီငါးပါးတို့အား ဝေဖန်ဟောကြားတော်မူပြီးတဲ့နောက် မဂ္ဂင် ၈-ပါးတွင်ပါဝင်သော သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် သိမြင်သော အမှန်တရား ၄-ပါးတို့ကို ဆက်လက် ဟောကြားတော်မူပါတယ်။

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံ ပိစ္ဆံ န လဘတိ၊ တံမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

ဘိက္ခဝေ၊ အို, နာ, သေ့ရေး-ဒုက္ခဘေးကို တွေးရှုကြောက်ပြား အိုချစ်သားတို့။ ဣဒံ ခေါ ပန၊ ဤသို့ ဟောကြားထုတ်ဖော် မိန့်တော် မူလတ္တံ့သည်ကား။ ဒုက္ခံ အရိယသစ္စံ၊ ဆင်းရဲစင်စစ် အမှန်ပင်ဖြစ်ပါပေ၏။ ဇာတိပိ၊ အမိဝမ်း၌ စွဲပိုက်သန္ဓေ တည်နေဖြစ်ပွားရခြင်းသည်လည်း။ ဒုက္ခာ၊ ပြောပြ၍မကုန်နိုင်လောက်အောင် ဤလောကဘုံ အတွင်းဝယ် အဆင်းရဲကြီး ဆင်းရဲလှပါပေ၏။ ဇရာပိ၊ ခါးကိုင်း, နားထိုင်း, မျက်စိမှုိင်းနှင့် သွားတိုင်းကျိုးကြွေ, သားရေယိုယွင်း အိုရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲလှပါပေ၏။ ဗျာဓိပိ၊ သလိပ်, သည်းခြေ, လေ-သမုဋ္ဌာန် အကြောင်းခံ၍ ဖောက်ပြန်တတ်စွာ ရောဂါဝေဒနာဖြစ်ရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲလှပါပေ၏။ မရဏမ္ပိ၊ လွန်စွာချစ်ခင် မိခင်, ဖခင် ကျေးဇူးရှင်နှင့် သား, လင်, ဇနီး ရှိပစွည်းကို စွန့်ပြီး၍သာ သေမင်းရွာသို့ လိုက်ပါချက်ချင်း သေရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲလှပါပေ၏။ အပ္ပိယေဟိ သမ္ပယောဂေါ၊ မေတ္တာ ကင်းစင် မချစ်ခင်ဘဲ ဟူယှဉ်တွဲ၍ အမြဲနေထိုင်ရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲလှပါပေ၏။ ပိယေဟိ ဝိပ္ပယောဂေါ၊ မေတ္တာ

သက်ဝင် ချစ်ခင်စုံမက် လွန်နှစ်သက်လျက် ပျက်ကွက်ကြဉ်ဖဲ အမြဲကြည်ဖြူ အတူမနေရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲလှပါပေ၏။ ယံ ပိစ္ဆံ၊ အကြင် အလိုရှိသမျှ အရာဌာနကို။ န လဘတိ၊ မုချပိုင်ပိုင် လက်ဝယ်ပိုင်မိမိ မရရှိပေ။ တမို့ ထိုသို့ လိုသမျှကို မရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲလှပါပေ၏။ သံခိတ္တေန၊ အပိုမသွင်းဘဲ လိုရင်းအကျဉ်းမျှကိုသာ ဆိုရပါမူကား။ ပဉ္စုပါဒါနက္ခန္ဓာ၊ ဥပါဒါန်စွဲကပ် နှစ်ရပ်နာမ်ရုပ် ဤခန္ဓာထုပ်ကြီးတို့သည်။ ဒုက္ခာ၊ ပြောပြ၍ မကုန်နိုင်လောက်အောင် ဤ လောကဘုံအတွင်းဝယ် အဆင်းရဲကြီး ဆင်းရဲ လှပါကုန်သတည်း။

အဓိပ္ပါယ်ကတော့ - ချစ်သားတို့ . . . ပဋိသန္ဓေနေရတာ, အိုရတာ, နာရတာ, သေရတာ, မချစ်မနှစ်သက်သူနှင့် အတူနေရတာ, ချစ်နှစ်သက်သူနှင့် အတူမနေရတာ, အလိုရှိသမျှကို မရတာ-တွေဟာ အလွန်တရာ ဆင်းရဲတဲ့ ဒုက္ခသစ္စာတွေပါပဲ၊ လိုရင်းအချုပ် ပြရလျှင် ဥပါဒါန်စွဲကပ်နေတဲ့ နှစ်ရပ်နာမ်ရုပ် ဤ ခန္ဓာထုပ်ကြီးဟာလဲ အလွန်တရာဆင်းရဲတဲ့ ဒုက္ခသစ္စာကြီးပါ-တဲ့။

## ဇာတိပိဒုက္ခာ

**ဇာတိ** ခေါ် ပဋိသန္ဓေဟာ -

(၁) သံသေဒဇ၊
(၂) ဩပပါတိက၊
(၃) အဏ္ဍဇ၊
(၄) ဇလာဗုဇ-အားဖြင့် ၄-မျိုးရှိပါတယ်။

**(၁) သံသေဒဇပဋိသန္ဓေ** - စိုစွတ်သောအရပ်၌ဖြစ်သောသူကို သံသေဒဇ-ပဋိသန္ဓေ-နေသောသူ ခေါ်ပါတယ်။ ပဒုမ္မာကြာတိုက်၌ သန္ဓေတည်တဲ့ 'ပဒုမ-ဝတီမိဖုရား'၊ **ဝါးလုံးခေါင်း၌**သန္ဓေတည်တဲ့ 'ဝေဠုဝတီမိဖုရား'၊ ပဒုမဝတီ၏ သားတော် **၄၉၉-ယောက်တို့**ဟာ **စိုစွတ်သောအရပ်၌** သန္ဓေတည်ကြသော ကြောင့် သံသေဒဇပဋိသန္ဓေ-နေ သူတို့ ဖြစ်ကြပါတယ်။

(၂) **သြပပါတိကပဋိသန္ဓေ** - ခန္ဓာကိုယ် အထင်အရှား ဘွားခနဲ ပေါ်လာခြင်းကြောင့် ဘဝဟောင်းမှ ခုန်လွှား၍ကျလာသကဲ့သို့ ဖြစ်ခြင်းရှိသူကို သြပပါတိကပဋိသန္ဓေ-နေသူ ခေါ်ပါတယ်။ ငရဲသား, ကမ္ဘာဦးက လူ၊ နတ်, ပြိတ္တာ-တို့ဟာ သြပပါတိကပဋိသန္ဓေနေသူများ ဖြစ်ကြပါတယ်။

(၃) **အဏ္ဍဇပဋိသန္ဓေ**-ဥအကွင်း၌ ပဋိသန္ဓေနေသူကို အဏ္ဍဇပဋိသန္ဓေနေသူ ခေါ်ပါတယ်။ ငှက်, မြွေ, လိပ်, ငါး-စသော သတ္တဝါ များ ဖြစ်ကြပါတယ်။

(၄) **ဇလာဗုဇပဋိသန္ဓေ** - သားအိမ်၌ဖြစ်ရ ပဋိသန္ဓေနေရသူကို ဇလာဗုဇပဋိသန္ဓေ-နေသူ ခေါ်ပါတယ်။ လူ, ဆင်, မြင်း, ခွေး-စသူတို့ ဖြစ်ကြပါတယ်။

ရှင်တော်မြတ်ဘုရားက ဇလာဗုဇပဋိသန္ဓေ-နေသူတို့ ဖြစ်ပေါ်လာပုံကို ကြွန္ဒကနတ်သားအား ဟောကြားထားပုံကတော့

ပဌမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ။
အဗ္ဗုဒါ ဇာယတေ ပေသိ၊ ပေသိ နိဗ္ဗတ္တတေ ဃနော။
ဃနာ ပသာခါ ဇာယန္တိ၊ ကေသာ လောမာ နခါပိ စ။

ဖြစ်ပါတယ်။

ပဌမံ၊ ရှေးဦးစွာ။ ကလလံ၊ ကလလရေကြည်သည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပေါ်လာပါပေ၏။ ကလလာ၊ ကလလရေကြည်ဖြစ်ပြီးသည်မှ။ ပရံ၊ ခုနစ်ရက်ပြည့်မြောက် နောက်ကာလ၌။ အဗ္ဗုဒံ၊ မပြစ်မခဲ အမြှုပ်ကြွသည်။ ဟောတိ၊ ဖြစ်ပေါ်လာပါပေ၏။ အဗ္ဗုဒါ၊ အမြှုပ်ကြွဖြစ်ပြီးသည်မှ။ ပရံ၊ ခုနစ်ရက်ပြည့်မြောက် နောက်ကာလ၌။ ပေသိ၊ ခဲကာနီးသဖြင့် မသွေးခဲအမြှုပ်ရင့်ကြီးသည်။ ဝါ၊ အသားတစ်ကလေးသည်။ ဇာယတေ၊ စင်စစ်မသွေ ဖြစ်ပေါ်၍လာပါပေ၏။ ပေသိ၊ အသားတစ်ကလေး ဖြစ်ပြီးသည်မှ။ ပရံ၊ ခုနစ်ရက်ပြည့် မြောက် နောက်ကာလ၌။ ဃနော၊ သဏ္ဍာန်ကြက်ဥ အသားစိုင် အသားခဲကြီးသည်။ နိဗ္ဗတ္တတေ၊ စင်စစ်မသွေ ဖြစ်ပေါ်၍လာပါပေ၏။ ဃနာ၊ သဏ္ဍာန်ကြက်ဥ အသားစိုင် အသားခဲကြီး ဖြစ်တည်ပြီးသည်မှ။ ပရံ၊ ခုနစ်ရက် ပြည့်မြောက် နောက်ကာလ၌။ ပသာခါ၊ ခြေနှစ်ချောင်း, လက်နှစ်ချောင်း,

ဦးခေါင်းအတွက် ခက်မငါးဖြာ တို့သည်လည်းကောင်း။ ကေသာ၊ ဆံပင်တို့သည်လည်းကောင်း။ လောမာ၊ မွေးညင်းတို့သည်လည်းကောင်း။ နခါပိ စ၊ လက်သည်း, ခြေသည်း-တို့သည် လည်းကောင်း။ ဇာယန္တိ၊ စင်စစ်မသွေ ဖြစ်ပေါ်၍လာကြပေကုန်သတည်း။

အဓိပ္ပါယ်ကတော့ - ပဋိသန္ဓေတည်နေကာစ ခုနစ်ရက်အတွင်း၌ ကလလရေကြည်ခေါ်တဲ့ ရုပ်စုကလေးများဟာ တဖြည်းဖြည်း ကြီးပွားရင့်ကျက်နေကြပါတယ်။ ခုနစ်ရက်လွန်မြောက်တဲ့အခါ ကလလရေကြည်အဖြစ်မှ ပုံသဏ္ဌာန်တစ်မျိုးပြောင်းပြီး အမဲသားဆေးတဲ့အခါ အမြှုပ်ကလေးများ ထ-သလို အမြှုပ်ကလေးများ ဖြစ်လာကြပါတယ်။ ခုနစ်ရက်လွန်မြောက်တဲ့အခါ နီနီတွေတွေ အသားတစ်ကလေးများ ဖြစ်လာကြပါတယ်။ ခုနစ်ရက်လွန်မြောက်တဲ့အခါ ကြက်ဥကဲ့သို့ ရှည်လျားလျား ပုံသဏ္ဌာန်ဖြစ်လာပါတယ်။ ခုနစ်ရက်လွန်မြောက်တဲ့အခါ ခြေနှစ်ချောင်း, လက်နှစ်ချောင်း, ဦးခေါင်း-ဖြစ်ဖို့ရာ အဖုကလေးများ ၅-ခု ဖြစ်ပေါ်လာပါတယ်။ ဤသို့အားဖြင့် ၇-ရက် × ၅-လီ = ၃၅-ရက် အသက်ရှိသွားပါပြီ။

ဖော်ပြပါအစဉ်အတိုင်း တရွေ့ရွေ့ကြီးရင့်လာခဲ့ရာ တစ်ဆယ့်တစ်-သတ္တာဟ=၇၇-ရက်အတွင်း၌ စက္ခု, သောတ, ဃာန, ဇိဝှာ-တို့ ဖြစ်ပေါ်လာကြပါတယ်။ ထို့နောက် တဖြည်းဖြည်း ရင့်ကျက်လာကြပြီး လေးဆယ့်နှစ်သတ္တာဟ =၂၉၄-ရက်၊ လအားဖြင့် ၉-လ ၂၄-ရက်လောက် မွေးဖွားခါနီးမှာ ဆံပင်, မွေးညင်း, ခြေသည်း, လက်သည်း-များ ဖြစ်ပေါ်လာကြပုံရတယ်-ဟု ဘာသာဋီကာမှာ ဆိုထားပါတယ်။ ဤစကားဟာ ၁၀-လဖွားကိုသာ ဆိုခြင်းဖြစ်ပါတယ်။

မာန်လည်ဆရာတော်ဘုရားကြီးကလည်း . . .

"ဤကိုယ်အစ၊ ဖြစ်ချင်းတလည်း၊ ကာယ, ဘာဝ၊ ဝတ္ထုမျှဖြင့်၊ ဒသကသုံးသွယ်၊ ရုပ်သုံးဆယ်တို့၊ နှုန်းငယ်ပရမ၊ ငယ်ဆုံးဆွလောက်၊ ကလလမည်၊ ရုပ်ရေကြည်လျှင်၊ စ-တည်ခုနစ်ရက်၊ ဖြစ်လျက်သိမ်းရုပ်၊ ဖောက်ပြန်ချုပ်ပြီး၊ အမြှုပ်,သားတစ်၊ အနှစ်,အခဲ၊ ငါးကွဲခက်ဖြာ၊ သတ်ပဉ္စာတိုင်၊

ရက်ကြာလွန်မှ၊ သတ် အဋ္ဌနှင့်၊ နဝ,ဒသ၊ သတ္တာဟချည်း၊ ပေါင်းစည်း
တွဲဖွဲ့၊ ခြောက် ဆယ့်လေးရက်၊ ယုတ်တတ်မဲ့လျင်း၊ ထိုအတွင်းမျှ၊ မကြွင်း
စေမူ၊ ကံလျှင်ပြုသား၊ စက္ခု,သောတ၊ ဃာန,ဇိဝှာ၊ စဉ်တိုင်းသာတည်း၊
ခြောက်ဖြာအာယတန၊ လူ့ဘဝ၌၊ ဥပစယ,သန္တတိ၊ ဟူတုံဘိလျက်၊ ဇာတိ
တစ်ပါး၊ နှစ်မည်ပြား၍၊ ထင်ရှားဖြစ်ရိုး၊ ရွေ့ရွေ့တိုး၍၊ ကိုးလ,ဆယ်လ၊
တိုင်က ဖွားကာ၊ ဓမ္မတာတည်း၊ ကြမ္မာဥတု၊ ပိုးလေမှုနှင့်၊ ဥပက္ကမ၊ ကြောင်း
ထိုမျှကြောင့်၊ ဝမ်းကတည်းပင်၊ မဖွားမြင်ခင်၊ ပြင်သို့မကျ၊ ပျောက်ကြေ
မွလျက်၊ သေကြပျက်ကြ၊ မဖွားရဘူး၊ ဖွားရဖွားစ။ တစ်ရက်ရနှင့်၊ တစ်လ
တစ်နှစ်၊ အဆစ်ဆစ်တိုင်း၊ နို့အစ်နာစု၊ မက္ခရုမက္ခဝါ၊ မာတြာစုန်းနတ်၊
ဥပဒ်ရောဂါ၊ ဝေဒနာနှင့်၊ စားစာပူအေး၊ ရောဂါဘေးကြောင့်၊ သေဘေး
အန္တရာယ်၊ ပေါ်ရယ်ထွေပြား၊ ကြောက်ဖွယ်များခဲ့၊ ဆူးကြားဘူးသီး၊ အနိုင်
ကြီး၏၊ ဖြစ်ပြီးသေရာ၊ မလွဲသာတည်း။"—

ဟု မဃဒေဝလင်္ကာသစ် အပိုဒ် ၁၈-မှာ စပ်ဆိုထားပါတယ်။

အမိဝမ်း၌ ပဋိသန္ဓေနေသူဟာ အစာဟောင်းအိမ်ကို ဖိထိုင်, အစာသစ်အိမ်ကိုရွက်, အမိ၏ကျောဘက်ကို မျက်နှာမူ၍ လက်ဆုပ် နှစ်ခုတို့ဖြင့် မေးကိုထောက်ပြီး ဆောင့်ကြောင့်ထိုင်နေရပါတယ်။ မိုးရွာတဲ့အခါ သစ်ခေါင်းထဲမှာ မျောက်အိုကြီးထိုင်နေသလိုပဲ-တဲ့။

## ဝမ်းတွင်းဆင်းရဲများ

အမိဝမ်း၌ ပဋိသန္ဓေနေသူဟာ ဝမ်းတွင်းငွေ့ဖြင့် တငွေ့ငွေ့ ပူလောင်ခြင်းကို ခံနေရသော ဆင်းရဲဒုက္ခ၊ ၁၀-လတိုင်တိုင် မကွေးရ-မဆန့်ရခြင်းကြောင့် အလွန်အမင်း ညောင်းညာခြင်း ဆင်းရဲဒုက္ခ၊ အမိက လဲတဲ့အခါ, ကုန်းတဲ့အခါ, [illegible]ပူးတဲ့အခါ, မြန်မြန်သွားတဲ့အခါ, မြန်မြန်ဟိုဘက်ဒီဘက်လှည့်တဲ့အခါ, မြန်မြန်ထိုင်တဲ့အခါ, ထတဲ့အခါ, ရပ်တဲ့အခါ, လျောင်းတဲ့အခါ-တို့၌ အလွန်အမင်း နာကျင်ခြင်း ဆင်းရဲဒုက္ခ၊ အမိက အလွန်အေးသော အစာရေစာများကို [illegible]သောက်တဲ့အခါ ရေခဲတုံးကြီးနှင့် ဖိ[illegible] ပလို အလွန်အေးသော ဆင်းရဲ

ဒုက္ခ၊ အမိက အလွန်ပူသောအစာရေစာများကို စားသောက်တဲ့အခါ သံပူပြားကြီးနှင့် ဖိထားသလို အလွန်ပူသော ဆင်းရဲဒုက္ခ၊ အမိက ချဉ်သောအစာ, ငန်သောအစာ, စပ်သောအစာ, ခါးသောအစာ-များကို အလွန်အကျွံစားသောအခါ ဓားနှင့်ခွဲပြီး ဆားကြဲနယ်သလို အလွန်အမင်းစပ်ခြင်း ဆင်းရဲဒုက္ခ၊ နာခြင်းဆင်းရဲဒုက္ခ-စသည် တို့ကို ဆင်းရဲကြီးစွာ ခံစားနေကြရပါတယ်။ ထိုကဲ့သို့ အလွန်နာကျင်လှသော ဆင်းရဲဒုက္ခတွေနှင့်တွေ့ရ၍ ငိုချင်လှပါသော်လည်း ပါးစပ်ကို သားအိမ်ဖြင့်ပိတ်နေခြင်း၊ လည်ချောင်းကို သလိပ်တို့ဖြင့် ပိတ်နေခြင်း၊ လေလမ်း၏ အမြဲပိတ်ဆို့နေခြင်းကြောင့် မငိုနိုင်ဘဲ ဆင်းရဲကြီးစွာ ဒုက္ခခံနေရပါတယ်။ မွေးခါနီးသောအခါ ကမ္မဇလေတို့က ပြောင်းပြန်ဦးစောက် အောက်သို့ လှည့်ပေးလိုက်သောကြောင့် ယောနိဝသို့ကျကာ သေလုမတတ် နာကျင်စွာ မွေးဖွားလာရခြင်း ဆင်းရဲဒုက္ခ-စသည်တို့နှင့် တွေ့ကြရပါတယ်။ အဲဒါကြောင့် ပဋိသန္ဓေနေရတာဟာ ဆင်းရဲစင်စစ် အမှန်ဖြစ်တဲ့ ဒုက္ခသစ္စာဖြစ်ပါတယ်။

**မှတ်ချက်။** ။ဝမ်းတွင်း၌တည်နေရသောသူငယ်ဟာ လေအား အလွန်နည်းခြင်း, အစာစောင်းအိမ်၌ လေမရှိသေးခြင်းတို့ကြောင့် လေလည်ခြင်း, ကျင်ငယ်ကျင်ကြီးစွန့်ခြင်း-တို့ကို မပြုနိုင်သေးပါ။ အမိဝမ်းတွင်းမှာ အသက်မရှူနိုင်ဘဲ ဖွားမြင်တဲ့အခါကျမှသာ ထွက်လေက-စပြီး အသက်ရှူပါတယ်။

## ကိုယ်ဝန်ဆောင်များ ရှောင်ရန်နှင့်ဆောင်ရန်

ကိုယ်ဝန်ဆောင်မိခင်ဟာ အလွန်အမင်းအပင်ပန်းခံခြင်း, အစာငတ်ခံခြင်း, မေထုန်ပြုခြင်း, အလွန်အပူခံခြင်း, အိပ်ရေးပျက်ခြင်း, စိုးရိမ်သောကများခြင်း, ဆင်-မြင်း-လှည်း-စသည်တို့ စီးခြင်း, လေ-ကျင်ငယ်-ကျင်ကြီးတို့ကို အောင့်ထားခြင်း, အလွန့်အလွန်စားခြင်း, အလွန်ပူသောအစာကို စားသောက်ခြင်း, အလွန်အေးသောအစာများကို စားသောက်ခြင်း, အလွန်ချဉ်သောအစာ, အလွန်ငန်သောအစာ, အလွန်စပ်သောအစာ, အလွန်ခါးသောအစာ-များကို စားခြင်း, အလွန်လျင်မြန်စွာသွားခြင်း, လျင်မြန်စွာရပ်ခြင်း, လျင်မြန်စွာ

ထိုင်ခြင်း, လျှင်မြန်စွာအိပ်ခြင်း-စသည်တို့ကို မပြုမလုပ်ဘဲ ရှောင်ကြဉ်ကြရမည်-ဟူ၍လည်းကောင်း။

ကိုယ်ဝန်ဆောင်မိခင်များဟာ အချိုများသော အစားအစာ, စိတ်ကြိုက်အရသာရှိသော အစားအစာ, အရည်သက်သက်ဖြစ်သော အစားအစာ, ကောင်းမြတ်သော အစားအစာ, အစာကြေညက်လွယ်သော အစားအစာများကို စားကြပြီး ပြေပြစ်သောနေရာ၌ ဖြည်းဖြည်းလမ်းလျှောက်ခြင်း, ဖြည်းဖြည်းရပ်ခြင်း, ဖြည်းဖြည်းထိုင်ခြင်း, ဖြည်းဖြည်းအိပ်ခြင်းတို့ကို ပြုကြရမည်-ဟူ၍လည်းကောင်း အပဒါန် အဋ္ဌကထာ, သုတ္တနိပါတ်အဋ္ဌကထာ-ကျမ်းတို့မှာ ပြထားပါတယ်။

## သန္ဓေတည်ခြင်းအင်္ဂါ ၃-ပါး (တစ်နည်း) ၈-ပါး

(၁) အမိအဖတို့၏ ပေါင်းဆုံခြင်း၊ (၂) ရာသီပန်းပွင့်ပြီးခါစ ဖြစ်ခြင်း၊ (၃) ပဋိသန္ဓေတည်နေထိုက်သူ၏ ရှေးရှုလာခြင်း-အားဖြင့် ဤအင်္ဂါ ၃-ပါးနှင့်ညီပါက ပဋိသန္ဓေ တည်နေကြပါတယ်။

တစ်နည်းအားဖြင့် - (၁) အမိအဖတို့၏ ပေါင်းဆုံခြင်း၊ (၂) ကိုယ်လက်နှိုးနှောခြင်း၊ (၃) ပုဆိုးကိုစုပ်ခြင်း၊ (၄) သုက်ကိုသောက်ခြင်း၊ (၅) ချက်ကိုလက်ဖြင့်သုံးသပ်ခြင်း၊ (၆) အဆင်းကိုကြည့်ရှုခြင်း၊ (၇) အသံကိုနားထောင်ခြင်း၊ (၈) အနံ့ကိုရှူခြင်း-တို့ကြောင့် ပဋိသန္ဓေတည်နေနိုင်သတဲ့။

ဝါဆိုလပြည့်နေ့၌ မယ်တော်မာယာ ဥပုသ်စောင့်နေခိုက်မှာ ဘုရားလောင်း သိဒ္ဓတ္ထမင်းသား ပဋိသန္ဓေတည်နေတော်မူတယ်-ဟု ဆိုရာ ဖြစ်ပါမလား-ဟု မေးတဲ့အခါ ငွေတောင်ဆရာတော်က

"မိမာတာကြာခန်းက ပန်းရတုရာသီ၊ ပွင့်စပေါက် တူယှဉ်မှ ပျော်ပါး၊ ကိန်းထိုက်တဲ့ထိုသည့် ယင်ရှေ့ရှုစုတိခိုက်ငြား၊ ဤအင်္ဂါ စုံစေမှ၊ ဘုံခလေ့ ဤလူ့ပြည်၊ တည်သန္ဓေအများ၊ သည်အင်္ဂါသုံးပါးတွင် သုံးမှားတဲ့ကိုအင်္ဂါ တူယှဉ်မှုတစ်ကြိမ်စကား ... နှုနစ်ရက်ခေတ်ဖြစ် ... သော ... ဒါးကိုကျမ်း

ဋ္ဌိကာမှာ၊ လက်ွဲကြာ ခေတ်ဖြစ်ကြောင်းနှင့်၊ စုပေါင်းနည်းတစ်ဖြာ၊ ဟောပြ ခဲ့ပါ၊ သန္တေကျမ်းမှာကွဲ၊ ရွှေကျမ်းနှံ့ ကြည်မဟာရယ်၊ ဟိုအင်္ဂါ ခက်ပါ ဘူးလေး" —

ဟု ရေးစပ် ဖြေဆိုထားပါတယ်။

မှတ်ချက်။ ။ဘုရားလောင်းတော်များကျတော့ ပဋိသန္ဓေနေတဲ့ အခါမှာလဲ ကျောက်ကုန်းကိုနောက်မှီထား၍ တရားဟောပလ္လင်ထက်၌ တရားဟော ဓမ္မကထိကာ ထိုင်နေသလို တင်ပျဉ်ခွေထိုင်၍ ရှေ့သို့ မျက်နှာမူလျက် နေပြီး ဖွားတဲ့အခါ တရားဟောဓမ္မကထိက ပလ္လင်ပေါ်ကဆင်းသလို ချမ်းသာစွာ ဖွားမြင်ကြပါတယ်။ ကျောင်းဆောက်လျှဒါန်းဖူးသူများဟာလဲ ပဋိသန္ဓေတည်နေတဲ့အခါ ကြပ်တည်းကျဉ်းမြောင်းမှုမရှိဘဲ ၁၂-တောင် ကျယ်သော အခန်းမှာနေရသလို စိတ်ထဲမှာ အလွန်ကျယ်စွာနေရတယ်- ဟု ထင်ကြရကြောင်းကို သာရတ္ထဒီပနီဋီကာဆရာ ဖွင့်ပြထားပါတယ်။

ငရဲမှလာသောသူတို့၏ ကိုယ်ဝန်သည် အလွန်ပူသောကြောင့် ကိုယ်ဝန် ပူရင်သော်လည်းကောင်း၊ မွေးဖွားပြီးနောက် အမြဲငိုရင်သော်လည်းကောင်း၊ ငရဲမှလာသူဟုံ မှတ်ယူပြီး။ ကိုယ်ဝန်အေးရင်သော်လည်းကောင်း၊ အမြဲရယ် သော်လည်းကောင်း နတ်ပြည်မှလာသူ-ဟု မှတ်ယူရမည့်အကြောင်းကို ခန္ဓဝဂ္ဂ သံယုတ် အဋ္ဌကထာ၌ ဖွင့်ပြထားပါတယ်။

## ဇရာပိဒုက္ခာ

ခန္ဓာကိုယ်၏ ဆွေးမြေ့ခြင်း၊ ဟောင်းနွမ်းခြင်း၊ သွားကျိုးခြင်း၊ ဆံဖြူခြင်း၊ ခါးကိုင်းခြင်း၊ နားထိုင်းခြင်း၊ သားရေတွန့်ခြင်း၊ အသက်၏ ဆုတ်ယုတ်ခြင်း၊ မျက်စိပြာခြင်း၊ နားထိုင်းခြင်း၊ ဣန္ဒြေခြောက်ပါးတို့၏ ရင့်ခြင်း-တို့ကို **အိုခြင်း** ဇရာ ခေါ်ပါတယ်။

အသက်အရွယ်ကြီးရင့်လာသောအခါ ခန္ဓာကိုယ်ကြီးဟာ လှည်းအိုပျက် ကြီးလို အပျက်အစီးများပြီး အားခွန်ဗလ နည်းပါးလာသောကြောင့် ရပ်ခြင်း၊ သွားခြင်း၊ ထိုင်ခြင်း-စသည်တို့ကို ပြုလုပ်သောအခါ အလွန်အားထုတ်ရ၍

ကိုယ်၏ဆင်းရဲခြင်း ဖြစ်ပါတယ်။ အရွယ်ကောင်းစဉ်က ကြောက်ရွံ့ရိုသေကြသော သမီး,သားနှင့် ဇနီးမယားတို့ကလဲ "ကြောင်အိုတော့ ကြွက်မလေး" ဆိုတာလို ရိုသေခြင်း, ကြောက်ရွံ့ခြင်း-နည်းပါးလာကြသောကြောင့် စိတ်ဆင်းရဲကြရပါတယ်။ ဒါကြောင့် ခါးကိုင်း, နားထိုင်း, မျက်စိမှိုင်းပြီး, သွားတိုင်းကျိုးကြွေ, သားရေယို့ယွင်း အိုမင်းရွတ်တွ ဖြစ်ရတာဟာ ဇရာပိ ဒုက္ခာ-ဆိုတဲ့ အိုခြင်းဆင်းရဲဖြစ်ပါတယ်။ ခန္ဓာကိုယ်ကြီးဟာ -

"တစ်ကြိမ်အိုက၊ နောက်ကိုတလည်၊ ပျိုသည်မရှိ၊ သေသည်ထိတည့်၊
သေပြီးနောက်မှာ၊ ဖန်တစ်ခါမျှ၊ ပြန်လာ, ရှင်လာ၊ မရှိစွာဘူး" -

ဟူ၍လည်းကောင်း၊

"ခန္ဓာကိုယ်ဆိုး၊ ဤရုပ်မျိုးကား၊ တိုး၍မပျို၊ အိုသာအိုခဲ့၊ ပျက်ပြိုမဆိတ်၊ တညိတ်ညိတ်ဖြင့်၊ ဝါမိုတ်မစဲ၊ တည်မမြဲရှင့်၊ ဖောက်လဲဖြစ်ချပ်၊ မီးဟုပ်ဟုပ်သို့၊ နာမ်ရုပ်နှစ်ခု၊ ပစ္စည်းပြု၍၊ ပေါင်းစုဖြစ်ကြ၊ သင်္ခတဟု၊ သဘာဝမျိုး၊ ကောင်းအဆိုးဖြင့်၊ ကြောင်းကျိုးမျှသာ၊ ထင်စပါ၍၊ အကာအတိ၊ နှစ်မရှိကြောင့်၊ ပကတိကိုယ်၊ မတည်လိုဘူး" -

ဟူ၍လည်းကောင်း မာန်လည်ဆရာတော်ကြီးက မဃဒေဝလင်္ကာသစ်မှာ စပ်ဆိုထားပါတယ်။

ခန္ဓာကိုယ်ကြီးမှာ မထင်ရှားသောအိုခြင်း ၃-ပါး၊ ထင်ရှားသော အိုခြင်း ၃-ပါးတို့ကိုကြည့်ပြီး "လူတစ်ကိုယ် မအို ၃-ပါး၊ အို ၃-ပါး"ဟု ပြောဆိုကြပါတယ်။

**မအို ၃-ပါး** ဆိုတာကတော့ - (၁) နှာခေါင်း၊ (၂) ပါးစပ်-လျှာ၊ (၃) စိတ်။ အဲဒီ ၃-ပါးကို အိုမှုမထင်ရှားသောကြောင့် 'မအို ၃-ပါး'ခေါ်ပါတယ်။

**အို ၃-ပါး** ကတော့ - (၁) မျက်စိ၊ (၂) နား၊ (၃) ကိုယ်-တို့ဖြစ်ကြပါတယ်။ အဲဒီ ၃-ပါးကို အိုမှုထင်ရှားသောကြောင့် 'အို ၃-ပါး'ခေါ်ပါတယ်။

ဇရာပိ ဒုက္ခ အိုရတာဟာလဲ ဆင်းရဲစင်စစ် အမှန်ဖြစ်သောကြောင့် ဒုက္ခသစ္စာဖြစ်ပါတယ်။

## ဗျာဓိပိဒုက္ခ

ပထဝီ, အာပေါ, တေဇော, ဝါယော-ဟုဆိုအပ်သော ဓာတ်ကြီးလေးပါး တို့၏ ဖောက်ပြန်ခြင်းကြောင့်ဖြစ်သော ဆင်းရဲကို ဗျာဓိဒုက္ခ ခေါ်ဆိုပါတယ်။ ထိုနာခြင်းဆင်းရဲဟာလဲ မျက်စိ၌ဖြစ်သော အနာရောဂါ-စသည်အားဖြင့် အနာရောဂါမျိုး ၉၆-ပါး၊ တစ်နည်းအားဖြင့် ၉၈-ပါးရှိကြပါတယ်။ အနာ ရောဂါမျိုး ၉၆-ပါးထဲကို - (၁) ဝက်ရူးနာ, (၂) လက်သည်း, ခြေသည်း ခြစ်မိ သော အနာရောဂါ ၂-မျိုးပေါင်းထည့်ရင် အနာအမျိုး ၉၈-ပါးဖြစ်ပါတယ်။

လူများဟာ နွားသား ကျွဲသားများကို မစားမီ ရှေးအခါက အနာရောဂါများ ဟာ ၃-မျိုးသာရှိပါတယ်။ အဲဒီ ၃-မျိုးကတော့ - (၁) မရှိလျှင်လိုချင်ခြင်း၊ (၂) အစာရေစာဆာလောင်မွတ်သိပ်လျှင် စားသောက်ချင်ခြင်း၊ (၃) အိုချိန် ကျလျှင်အိုခြင်း-တို့ဖြစ်ပါတယ်။ လူများက နွားများ, ကျွဲများ-ကို ညှဉ်းဆဲ သတ်ဖြတ် စားသောက်ကြတဲ့အခါကျမှသာ အနာရောဂါမျိုးများတိုးပွားပြီး ၉၈-ပါး ဖြစ်လာတယ်-ဟု သုတ္တနိပါတ်ပါဠိတော်မှာ ပြထားပါတယ်။

> တယော ရောဂါ ပုရေ အာသုံ၊ ဣစ္ဆာ အနာသနံ ဇရာ။
> ပသူနဉ္စ သမာရမ္ဘာ၊ အဋ္ဌနဝုတိမာဂမုံ။
>
> (သုတ္တနိပါတပါဠိ။)

ပုရေ၊ မိဘနှင့်မခြား အလားတူစွာ လုပ်ကျွေးလာငြား နွားသား, ကျွဲသား များကို မစားကြသေးရာ ရှေးအခါ၌။ ဣစ္ဆာ၊ မရှိလျှင်လိုချင်သောရောဂါ။ အနာသနံ၊ ဆာလောင်မွတ်သိပ်လျှင် စားသောက်ချင်သောရောဂါ။ ဇရာ၊ အိုချိန်တန်က အိုရသောရောဂါ ဖြစ်ကုန်သော။ တယော ရောဂါ၊ ရောဂါသုံးမျိုး တို့သည်သာလျှင်။ အာသုံ၊ စင်စစ်မသွေဖြစ်ကြကုန်၏။ ပသူနံ၊ မိဘနှင့်မခြား အလားတူစွာ လုပ်ကျွေးလာငြား နွား, ကျွဲ-အများတို့ကို။ သမာရမ္ဘာ၊ ညှဉ်းဆဲ သတ်ဖြတ် စားသောက်တတ်သော အလေ့အထကို ပြုကြမှသာလျှင်။ အဋ္ဌ- နဝုတိ၊ ၉၈-ဖြာ အနာရောဂါတို့သည်။ အာဂမုံ၊ လူတို့ပ[illegible]ယ်၌ ဆိုက်ရောက် ဖြစ်ပွား၍ လာကြပေကုန်၏။

ဒါကြောင့် အနာရောဂါများ ကင်းလိုကြပါက "ဝေါဏမံသံကိုလည်း မစားနှင့်၊ ကောဓအခြံအရံကိုလည်း မပွားနှင့်။ ဝေါဏမံသံကိုစားက၊ မိဘ သဖွယ် ဖြစ်ခြေသည့်။ ကောဓအခြံအရံကိုပွားက အဓိကရ အပါယ်နစ်ခြေ သည်" နှင့်အညီ မိဘနှင့်တူသော နွားသား၊ ကျွဲသားများကို မစားသင့်ကြပါ။ အနာရောဂါနှိပ်စက်ခြင်းကို ကိုယ်တိုင် ခံစားနေကြရသော အခါ၌ လည်း ကောင်း၊ သူတစ်ပါးတို့ ခံစားနေကြရတာကို မြင်ကြရသော အခါ၌လည်း ကောင်း ဆင်းရဲကြောင်းကို ကောင်းကောင်းသိနိုင်ကြပါတယ်။ ဒါကြောင့် ဗျာဓိပိဒုက္ခ=အနာရောဂါ ခံစားနေရတာဟာလဲ ဆင်းရဲစင်စစ် အမှန်ဖြစ် သောကြောင့် ဒုက္ခသစ္စာဖြစ်ပါတယ်။

## မရဏမ္ပိဒုက္ခ

သတ္တဝါတို့၏ အပေါင်းမှရွေ့လျောခြင်း၊ ပျက်သွားခြင်း၊ ကွယ်ပျောက် သွားခြင်း၊ သေသွားခြင်း၊ အဆုံးကိုပြုသွားခြင်း၊ ခန္ဓာကိုယ်တို့၏ ပျက်စီး သွားခြင်း၊ ရုပ်အလောင်းကို ပစ်ချခြင်း၊ ဇီဝိတိန္ဒြေတို့၏ ပြတ်ခြင်းကို **မရဏ** ခေါ်ဆိုပါတယ်။

ထိုမရဏခေါ် သေခြင်းဟာ -

(၁) ခဏိကမရဏ၊

(၂) သမုတိ မရဏ၊

(၃) သမုစ္ဆေဒမရဏ-အားဖြင့် ၃-ပါးရှိပါတယ်။

(၁) ရုပ်တရား၊ နာမ်တရားတို့၏ ဥပါဒ်၊ ဌီ၊ ဘင်-အစဉ်ကျ၍ ခဏတိုင်း ခဏတိုင်း ဖြစ်ပျက်နေတာကို **ခဏိကမရဏ**-ခေါ်ပါတယ်။

(၂) လူသေသည်၊ ခွေးသေသည်၊ နွားသေသည်-စသည်ဖြင့် ခေါ်ဝေါ် ပညတ် သမုတ်အပ်သော သေခြင်း မျိုးကို **သမုတိမရဏ**-ခေါ်ပါတယ်။

(၃) အာသဝေါကင်းကွာ ဘုရား၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါ-အရှင် မြတ်တို့၏ နောက်ထပ်မဖြစ်ကြတော့ဘဲ ပရိနိဗ္ဗာန်ပြုသွားသော သေခြင်းမျိုးကို **သမုစ္ဆေဒ မရဏ**-ခေါ်ပါတယ်။ ထိုမရဏခေါ် သေခြင်းဟာ

ပြဟ္မာပြည်မှာ

(၁) အသက်တမ်းကုန်၍ သေခြင်း၊

(၂) ပုညခေါ်ဆို ကောင်းမှုကုသိုလ်ကုန်၍ သေခြင်း-အားဖြင့် ၂-မျိုးသာ ရှိပါတယ်။

နတ်ပြည်မှာတော့-

(၁) အသက်တမ်းကုန်၍ သေခြင်း၊

(၂) ပုည ခေါ်ဆို ကောင်းမှုကုသိုလ်ကုန်၍ သေခြင်း၊

(၃) အပျော်လွန်ကာ စားချိန်မှာမစားသောကြောင့် သေခြင်း၊

(၄) အမျက်ထွက်၍ စိတ်ဆိုးခြင်းကြောင့် သေခြင်း-အားဖြင့် ၄-မျိုး ရှိပါတယ်။

လူ့ပြည်မှာတော့-

(၁) အသက်တမ်းကုန်၍ သေခြင်း၊

(၂) ကံကုန်၍ သေခြင်း၊

(၃) အသက်, ကံ-နှစ်ပါးစုံကုန်၍ သေခြင်း၊

(၄) ရုတ်တရက်(အစိမ်းသေ)သေခြင်း-အားဖြင့် ၄-ပါးဖြစ်ပါတယ်။

မာန်လည်ဆရာတော်ဘုရားကြီးကလည်း -

"ပုဂ္ဂိုလ်အထု၊ ထိုအစု၌၊ အာယု,ပုည၊ ခယ နှစ်မှာ၊ တစ်ဖြာဖြာ ကြောင့်၊ ပြဟ္မာတို့အား၊ စုတိငြား၏။ နှစ်ပါးမည်ထ၊ ထိုခယ၌၊ ဟာရ, ကောပါ၊ ထည့်၍သာလျှင်၊ လေးဖြာအပေါင်း၊ နတ်သေကြောင်းတည့်။ ၎င်းတို့မှ၊ မနုဿကား၊ ခယနှစ်ချက်၊ ဥဘယက်နှင့်၊ လက်နက်ဟူပေ၊ ဥပစ္ဆေဖြင့်၊ လေးထွေအလို၊ သေကြောင်းဆို၏" -

ဟု မဃဒေဝမှာ စပ်ဆိုထားပါတယ်။

ထိုသေခြင်း ၄-မျိုးတို့တွင် တစ်မျိုးမျိုးဖြင့် သေကြသောအခါ -

(၁) ရေ၌ဖြစ်မည့်သူဟာ ရေအိုး, ရေ[illegible], ရေ[illegible], ရေသား- စသော ကြောက်စရာများကို မြင်လာထင်လာတတ်ပါတယ်။

(၂) လူ့ပြည်၌ဖြစ်ရမည့်သူဟာ သက္ကလပ်နီအုပ်ထားသော လှည်းယာဉ်နှင့် တူသော အမိဝမ်းရေကို ထင်လာမြင်လာတတ်ပါတယ်။

(၃) နတ်ပြည်၌ဖြစ်ရမည့်သူဟာ နတ်သား, နတ်သမီး, နတ်ဘုံဗိမာန်, ပဒေသာပင်-စသည်တို့ကို မြင်တတ်ထင်တတ်ပါတယ်။

(၄) တိရိစ္ဆာန်ဖြစ်မည့်သူဟာ တောင်ခြေရင်း, တောအုပ်, ချောက်ကမ်းပါး စသည်တို့ကို မြင်တတ်ထင်တတ်ပါတယ်။ နွား, ခွေး, ဝက်-စသော မိခင်ဖြစ်မည့် တိရိစ္ဆာန်တို့၏ ဝမ်းရေတို့ကိုလဲ မြင်တတ် ထင်တတ်ပါတယ်။

(၅) ပြိတ္တာဖြစ်မည့်သူဟာ မှောင်မှောင်မည်းမည်းဖြစ်သော အမိုက်မှောင်ကြီးကို မြင်တတ်ထင်တတ်ပါတယ်-ဟု မဏိမဉ္ဇူသာဋီကာဆရာ ဖွင့်ပြထားပါတယ်။

ဒါကြောင့် သေခါနီးမှာ မကောင်းသောအာရုံတွေကို မြင်လာ ထင်လာ ပါက ကောင်းသောအာရုံတွေကို ထင်လာအောင် သတိထားပြီး ကုသိုလ်တရားများကို ကြိုးစားပြုလုပ်ကြရမယ်။ အသိတရားနှင့် သတိထားပြီး ကုသိုလ်တရားတွေကို ကြိုးစားမပြုလုပ်ဘဲ ဇနီးမယား သမီးသားနှင့် စီးပွားဥစ္စာတွေကို စွဲလမ်းတွယ်တာပြီး သေသွားပါက သရဲသဘက်. ခွေး, ဆိတ်, နွား, ကျွဲ, ကြွက်, ကြက်, သန်း, ကြမ်းပိုး- မှသည်တို့ဖြစ်ရကြောင်းကို ဒီဃနိကာယ် အဋ္ဌကထာ မဟာသုဒဿနသုတ်မှာ ဖွင့်ပြထားပါတယ်။

တောဒေယျဟာ ပစ္စည်းဥစ္စာများကို စွဲလမ်းတွယ်တာသော တဏှာကြောင့် သေပြီးနောက် သား၏အိမ်မှာ ခွေးဖြစ်ရကြောင်းကို ဒီဃနိကာယ်အဋ္ဌကထာ၌ လည်းကောင်း၊ မိခင်ဖြစ်သူဟာ ကွေးတောင်းသွားသော သားကို စွဲလမ်းတွယ်တာသော တဏှာကြောင့် သေပြီးနောက် မြေခွေးမ ဖြစ်ရကြောင်းကို တိကနိပါတ်ဇာတ် အဋ္ဌကထာ၌လည်းကောင်း၊ မြှုပ်နှံထားသော ပစ္စည်းဥစ္စာများကို စွဲလမ်းတွယ်တာသော တဏှာကြောင့် သေပြီးနောက် မြွေ, ကြွက်-ဥစ္စာစောင့်များ ဖြစ်နေရကြောင်းကို ဧကနိပါတ်ဇာတ် အဋ္ဌကထာ၌ လည်းကောင်း၊ အရှင်တိဿရဟန်းဟာ သင်္ကန်းကိုစွဲလမ်းတွယ်တာသောတဏှာ

ကြောင့် သေပြီးနောက် သက်နိုး၌ သံနံးဖြစ်ရကြောင်းကို ဓမ္မပဒအဋ္ဌကထာ၌လည်းကောင်း ဖွင့်ပြထားကြပါတယ်။

ရုပ်နာမ်တွေရှိနေကြသူတိုင်းဟာ မအိုချင်ဘဲနှင့် အိုရတဲ့ဆင်းရဲ, မနာချင်ဘဲနှင့် နာရတဲ့ဆင်းရဲ, မသေချင်ဘဲနှင့် သေရတဲ့ဆင်းရဲ-တွေနှင့် တွေ့ကြုံရမှာဖြစ်ပါတယ်။ ဒါကြောင့် မအိုခင်, မနာခင်, မသေခင်က ကြိုတင်ပြီး ကုသိုလ်ပြုကြဖို့ရာ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရားကြီးက

"ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့၊ ကိုယ်ကဤပုံ၊ ဖြစ်လိုတုံလည်း၊ တစ်ဖုံ ဆင်ကွဲ၊ သူတနဲဖြင့်၊ ဖောက်လဲတတ်စွာ၊ ဓမ္မတာကို၊ ပညာစက္ခု၊ မြော်ထောက်ရှု၍၊ ယခုပင်လျှင်၊ မအိုခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့။ ယခုပင်လျှင်၊ မနာခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့။ ယခုပင်လျှင်၊ မသေခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့။" -

ဟု တိုက်တွန်းထားပါတယ်။

ဒါကြောင့် မရဏမ္ပိဒုက္ခ-ဤကဲ့သို့ သေရတာဟာလဲ ဆင်းရဲစင်စစ်အမှန်ဖြစ်သောကြောင့် ဒုက္ခသစ္စာဖြစ်ပါတယ်။

## အပ္ပိယေဟိသမ္ပယောဂဒုက္ခ

မချစ်မနှစ်သက်အပ်သော သတ္တဝါ, သင်္ခါရ-တို့နှင့် အတူတကွ ပေါင်းသင်းနေထိုင်ရခြင်းကို **အပ္ပိယေဟိ သမ္ပယောဂဒုက္ခ**-ခေါ်ဆိုပါတယ်။

မချစ်မနှစ်သက်အပ်သော သတ္တဝါ, သင်္ခါရ-တို့ကို တွေ့မြင်ရ ခြင်းကြောင့် ရှေးဦးစွာ စိတ်ဆင်းရဲခြင်းဖြစ်ပါတယ်၊ ထို့နောက် မချစ်မနှစ်သက်အပ်သော သတ္တဝါ, သင်္ခါရတို့၏ လုံ့လ, ပယောဂ-ကြောင့် ကိုယ်၌ဆင်းရဲခြင်း ဖြစ်ပါတယ်။ ဤကဲ့သို့ မချစ်မနှစ်သက်အပ်သော သတ္တဝါ, သင်္ခါရ-တို့နှင့် အတူတကွ ပေါင်းသင်းနေထိုင်ရတာဟာ ဆင်းရဲစင်စစ် ကေန်အမှန်ဖြစ်သောကြောင့် ဒုက္ခသစ္စာ-ဖြစ်ပါတယ်။

## ပိယေဟိဝိပ္ပယောဂဒုက္ခ

ချစ်ခင်နှစ်သက်အပ်သော သတ္တဝါ, သင်္ခါရ-တို့နှင့် အတူကွ မနေထိုင်ရ, မပေါင်းသင်းရဘဲ ခွဲခွါနေရခြင်းကို ပိယေဟိ ဝိပ္ပယောဂဒုက္ခ-ခေါ်ဆိုပါတယ်။

ချစ်နှစ်သက်အပ်သော သူတို့နှင့် ခွဲခွါရခြင်းဟာ —

(၁) နာနာဘာဝ၊ (၂) ဝိနာဘာဝ၊ (၃) အညထာဘာဝ-အားဖြင့် ၃-ပါး ရှိပါတယ်။

(၁) အသက်ထင်ရှားရှိနေပါလျက်သားနှင့် တစ်မြို့ တစ်နယ်စီ, တစ်တိုင်း တစ်ပြည်စီ-အားဖြင့် ခွဲခွာနေကြရခြင်းမျိုးကို **နာနာဘာဝ** ခေါ်ပါတယ်၊ ရှင်ကွဲကွဲခြင်း ဖြစ်ပါတယ်။

(၂) လွန်စွာချစ်ခင် မိခင်, ဖခင်-ကျေးဇူးရှင်နှင့် သား, လင်, ဇနီး ရှိပစ္စည်းကို စွန့်ပြီး၍သာ သေမင်းရွာသို့ လိုက်ပါချက်ချင်း သေရခြင်းမျိုးကို **ဝိနာဘာဝ**-ခေါ်ပါတယ်၊ သေကွဲ ကွဲခြင်း ဖြစ်ပါတယ်။

(၃) လူဘဝ, နတ်ဘဝ, တိရစ္ဆာန်ဘဝ-စသည်အားဖြင့် ဘဝခြား၍ ခွဲခွါနေထိုင်ရခြင်းမျိုးကို **အညထာဘာဝ**-ခေါ်ပါတယ်။

ချစ်ခင်နှစ်သက်အပ်သော သတ္တဝါ, သင်္ခါရ-တို့နှင့် ခွဲခွါရသူများဟာ ခန္ဓာကိုယ်၏ ချောက်သွေ့ပိန်ချုံးခြင်း, ညှိုးနွမ်းခြင်း-စသော ကိုယ်ဆင်းရဲခြင်း၊ ချစ်ခင်အပ်သော သတ္တဝါ, သင်္ခါရတွေကို ခဏခဏ ပြန်၍သတိရနေသော စိတ်ဆင်းရဲခြင်းတို့နှင့် တွေ့ကြုံနေကြရပါတယ်။ ဤကဲ့သို့ ချစ်ခင် နှစ်သက်အပ်သော သတ္တဝါ, သင်္ခါရ-တို့နှင့် ခွဲခွါနေရတာဟာလဲ ဆင်းရဲစင်စစ် ဧကန်အမှန် ဖြစ်သောကြောင့် ဒုက္ခသစ္စာ-ဖြစ်ပါတယ်။

## ယံ ပိစ္ဆံ န လဘတိ ဒုက္ခ

အလိုရှိတိုင်း တောင့်တတိုင်း မရတာကို ယံ ပိစ္ဆံ န လဘတိ ဒုက္ခ-ခေါ်ပါတယ်။

လူတိုင်းဟာ မအိုရတာ, မနာရတာ, မသေရတာ-တွေကို လိုချင်ကြပါတယ်။ ဒါပေမဲ့ မရနိုင်ကြပါ၊ အိုချိန်တန်ရင် အိုကြရတယ်၊ နာချိန်တန်ရင် နာကြရတယ်၊ သေချိန်တန်ရင် သေကြရတယ်။

သာဝတ္ထိပြည်က သုဒဿန၏ဖခင်ဟာ အိုရမှာကိုကြောက်သောကြောင့် ပြဒါးရှင်လုံးကိုငုံပြီး ကောင်းကင်မှာ တက်ပုန်းနေသတဲ့။ သုဘောဂ၏ ဖခင်ကတော့ နာရမှာကိုကြောက်သောကြောင့် ပြဒါးရှင်လုံးကိုငုံပြီး သမုဒ္ဒရာရေထဲမှာ ဆင်းပုန်းနေသတဲ့။ သုမန၏ဖခင်ကလဲ သေရမှာကို ကြောက်သောကြောင့် ပြဒါးရှင်လုံးကိုငုံပြီး ဟိမဝန္တာတောင်ခေါင်းထဲ ဝင်ပြီး ပုန်းနေသတဲ့။ နှစ်တွေများစွာကြာသောအခါ –

သုဒဿန-က သူ့ဖခင်၏အကြောင်းကို သိလိုသောကြောင့် ကောင်းကင်သို့ တက်ကြည့်ရာ သူ၏ဖခင်ဟာ ခါးကိုင်း, နားထိုင်း, မျက်စိမှုန်းပြီး သွားတိုင်းကျိုးကြေ သားရေယိုယွင်းပြီး အိုမင်းရွတ်တွကြီး ဖြစ်နေတာကို တွေ့ရသတဲ့။

သုဘောဂ-ကလဲ သူ၏ဖခင်ကို လိုက်ရှာသောအခါ သမုဒ္ဒရာမှာ ရောဂါဝေဒနာ ခံစားနေရတာကို တွေ့ရသတဲ့။

သုမန-ကလဲ သူ၏ဖခင်ကို လိုက်ရှာသောအခါ ဟိမဝန္တာတောင် ခေါင်းထဲမှာ သေနေတာကို တွေ့ရသတဲ့။

ဤဝတ္ထုဉပမာလိုပဲ မအိုရတာ, မနာရတာ, မသေရတာ-တွေကို လိုချင်ကြပေမဲ့ ဘယ်နည်းနှင့်မှ မရနိုင်ကြပါ။ မအို, မနာ, မသေ- တာတွေကို လိုချင်လို့ မရတာအပြင် ယခုဘဝမှာ မိမိလိုချင်တဲ့ ပစ္စည်းဉစ္စာ, ပညာ-စတာတွေကို လိုချင်လို့မရတာဟာလဲ ယံ ပိစ္ဆံ န လဘတိ ဒုက္ခ-ချည်းပါပဲ။

ဤကဲ့သို့ လိုချင်တာကို မရခြင်းဟာ ယံ ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ-အရ ဆင်းရဲစင်စစ် ဧကန်အမှန်ဖြစ်သောကြောင့် ဒုက္ခသစ္စာ ဖြစ်ပါတယ်။

## သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓ ဒုက္ခ

ဥပါဒါန်တရား ၄-ပါးတို့၏ အာရုံဖြစ်သော သဘောတရားကို ဥပါဒါနက္ခန္ဓာ-ခေါ်ဆိုပါတယ်။

ဇာတိ, ဇရာ, ဗျာဓိ, မရဏ-စသော တရားတို့သည် ဥပါဒါန်တရား ၄-ပါးတို့၏ အာရုံဖြစ်သော လောကီ ဥပါဒါနက္ခန္ဓာတို့ကို နှိပ်စက်တတ်သောကြောင့် ဥပါဒါနက္ခန္ဓာငါးပါး ရှိနေရတာဟာ ဆင်းရဲခြင်းဒုက္ခ ဖြစ်ပါတယ်၊ ဒုက္ခတွေ ဘယ်လောက်ပင်များနေစေကာမူ အပိုမသွင်းဘဲ အတိုကျဉ်းပြီး လိုရင်းမျှကိုသာ ဟောရပါမူကား ဥပါဒါနက္ခန္ဓာကြီးဟာ ဒုက္ခဖြစ်သောကြောင့် သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ-ဟု ဟောတော်မူပါတယ်။ ဤကဲ့သို့ ဥပါဒါန် ၄-ပါးတို့၏ အာရုံဖြစ်သော ဤလောကီ ခန္ဓာငါးပါးဟာလဲ ဆင်းရဲစင်စစ်ကေန်အမှန်ဖြစ်သောကြောင့် ဒုက္ခသစ္စာ-ဖြစ်ပါတယ်။ တကယ်တော့ လောကီဖြစ်တဲ့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်-ဆိုတဲ့ ခန္ဓာငါးပါးရှိနေလို့ ဇာတိ, ဇရာ, ဗျာဓိ, မရဏ-ဆိုတဲ့ ဒုက္ခတွေ ဖြစ်ပေါ်လာရတာဖြစ်လို့ ခန္ဓာငါးပါးဟာ ဒုက္ခတုံး ဒုက္ခခဲ အစစ်အမှန် ဖြစ်ပါတယ်။

ဇာတိပဘုတိကံ ဒုက္ခံ၊ ယံ ဝုတ္တံ ဣဓ တာဒိနာ။
အဝုတ္တံ ယဉ္စ တံ သဗ္ဗံ၊ ဝိနာ ဧတေ န ဝိဇ္ဇတိ။

ယသ္မာ တသ္မာ ဥပါဒါန - က္ခန္ဓာ သင်္ခေပတော ဣမေ။
ဒုက္ခာတိ ဝုတ္တာ ဒုက္ခန္တ - ဒေသကေန မဟေသိနာ။

(အရှင်ဇနကာဘိဝံသ)

ဇာတိပဘုတိကံ၊ ဇာတိအစရှိသော။ ယံ ဒုက္ခံ၊ အကြင်ဆင်းရဲ အပေါင်းကို။ ဣဓ၊ ဤဓမ္မစကြာဒေသနာ၌။ တာဒိနာ၊ တာဒိဂုဏ်ရှင် ဘုရားသခင်သည်။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ ယဉ္စ ဒုက္ခံ၊ အကြင် ဆင်းရဲဒုက္ခ အပေါင်းကိုလည်း။ ဣဓ၊ ဤဓမ္မစကြာဒေသနာ၌။ အဝုတ္တံ၊ မဟောအပ်သေး။ တံ သဗ္ဗံ၊ ထိုအလုံးစုံသော ဒုက္ခအပေါင်းသည်။ ဧတေ၊ ထိုဥပါဒါနက္ခန္ဓာတို့ကို။ ဝိနာ၊ ဖယ်ထား၍။ ယသ္မာ၊ အကြင့်ကြောင့်။ န ဝိဇ္ဇတိ၊ မရှိလေပြီ။ တသ္မာ။ ထို့ကြောင့်။ ဣမေ

ဥပါဒါနက္ခန္ဓာ၊ ဤ ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို။ သင်္ခေပတော၊ အကျဉ်းချုပ်အားဖြင့်။ ဒုက္ခာတိ၊ ဆင်းရဲဒုက္ခတို့ဟူ၍။ ဒုက္ခန္တဒေသကေန၊ ဒုက္ခတို့၏အဆုံးကို ဟောကြားတော်မူတတ်သော။ မဟေသိနာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ မုချမသွေ၊ ဟောတော်မူအပ်ပါပေသတည်း။

(သာဓု-သာဓု-သာဓု။)

❖ ❖ ❖ ❖ ❖

# ဓမ္မစကြာဒေသနာဟောခဉ် (၄)

## သမုဒယသစ္စာ

ရှင်တော်မြတ်ဘုရားဟာ ဒုက္ခသစ္စာကို ဟောကြားထုတ်ဖော် မိန့်တော်မူပြီး၍. သမုဒယသစ္စာကို ဆက်လက်ဟောကြားတော်မူပါတယ်။

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ။

သေယျထိဒံ

ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ။

ဘိက္ခဝေ၊ အို, နာ, သေ-ရေး ဒုက္ခဘေးကို တွေးရှုကြောက်ငြား အို ချစ်သားတို့။ ယာယံ တဏှာ၊ ကာမ, ဘဝ, ဝိဘဝ-နှင့် ငါးဝအာရုံ ကာမဂုဏ်တွေကို ခုံမင်တပ်မက် နှစ်သက်တတ်စွာ လောဘတည်းဟူသော အကြင်တဏှာသည်။ ပေါနောဗ္ဘဝိကာ၊ လူပြည်မှာတစ်ဖုံ, နတ်ဘုံသို့ဟာစ်တန်, ဗြဟ္မာဘုံမှာ စံစားပြီး အပါယ်လေးဘုံ ပြန်ကာသွားတတ်၍ မရပ်မနားမနေ ဘဝအသစ်တွေကို တစ်ဖန်ဖြစ်စေတတ်၏။ နန္ဒိရာဂသဟဂတာ၊ နှစ်သက်စွဲလမ်းအာသာငန်း၍ ခွဲခြမ်းမရ နိစ္စအမြဲ တူယှဉ်တွဲလျက်ရှိ၏။ တတြ တတြာဘိနန္ဒိနီ၊ ထိုထိုဖြစ်ခြင်း ဘဝတွင်း၌ အပြင်းတရစပ် ယွင်းမလပ်အောင် တွယ်ကပ်နှစ်သက် ချစ်လျက်ရှိ၏။ ဣဒံ-သော တဏှာ၊ ဤဟုတဏှာသည်။ သေယျထာ-ကတမာ၊ တကယ်မမှား အဘယ်နှစ်ပါးနည်းဟူမူကား။ ကာမတဏှာ၊ အတ္တဒိဋ္ဌိနှင့် ယှဉ်တွဲပြီး ငါးဖြာအာရုံ ကာမဂုဏ်တွေကို ခုံမင်တပ်မက် နှစ်သက်တတ်စွာ ကာမတဏှာလည်းကောင်း။ ဘဝတဏှာ၊ သဿတဒိဋ္ဌိနှင့်ယှဉ်တွဲပြီး ရူပ, အရူပ-ဘဝတွေဟာ မပျက်မစီးဘဲ အမြဲတည်နေသည်ဟုထင်ကာ သာယာနေသော ဘဝတဏှာလည်းကောင်း။ ဝိဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့်ယှဉ်တွဲပြီး ဘဝပြတ် အစပြတ်တွေကို သာယာနေသော ဝိဘဝတဏှာလည်းကောင်း။ ဣဒံ ခေါ ပန၊ ဤတဏှာတည်းဟူသော သဘောတရားသည်ကား။ ဒုက္ခသမုဒယံ၊ ဒုက္ခ၏အကြောင်း မကောင်းမြင်စစ် အမှန်ဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့ သိအပ်သော တရားမှန်စစ် အမှန်ဖြစ်ပါပေ၏ဟု သဘောရပါ။

အဓိပ္ပါယ်ကတော့ –

တဏှာဟာ ဒုက္ခဖြစ်ခြင်း၏အကြောင်း ဖြစ်ပါတယ်၊ ဒါကြောင့် ထို တဏှာကို ဒုက္ခသမုဒယ-ဟု ခေါ်ဆိုပါတယ်။ ထိုတဏှာဟာ -

(၁) ငါ့ကိုယ်ပဲ-ဟု စွဲလမ်းတတ်သော အတ္တဒိဋ္ဌိနှင့်ယှဉ်တွဲပြီး ငါးဖြာအာရုံ ကာမဂုဏ်တွေကို ခုံမင်တပ်မက် နှစ်သက်တတ်သော **ကာမတဏှာ**၊

(၂) ရူပဘဝ, အရူပဘဝ-တွေဟာ မပျက်မစီးဘဲ အမြဲတည်နေ သည်ဟု ထင်မှတ်ကာ သဿတဒိဋ္ဌိနှင့်ယှဉ်တွဲပြီး ရူပဘဝ, အရူပဘဝ-တွေကို ခုံမင် တပ်မက် နှစ်သက်တတ်သော ဘဝတဏှာ၊

(၃) သေရင်အေးတာပဲဟု ထင်မှတ်ကာ ဥစ္ဆေဒဒိဋ္ဌိနှင့်ယှဉ်တွဲပြီး ဘဝပြတ် အစပြတ်တွေကို ခုံမင်တပ်မက် နှစ်သက်တတ်သော ဝိဘဝတဏှာ-အားဖြင့် ၃-ပါးရှိပါတယ်။

ထိုတဏှာ ၃-ပါးကိုတည်၊ အာရုံ ၆-ပါးနှင့်မြှောက် (၃ x ၆ = ၁၈) တစ်ဆယ့်ရှစ်ပါး ဖြစ်ပါတယ်။ ၎င်း ၁၈-ပါးကိုတည်၊ ကာလ ၃-ပါးနှင့် မြှောက်ပါက (၁၈×၃=၅၄) ငါးဆယ့်လေးပါး ဖြစ်ပါတယ်၊ ၎င်း ၅၄-ပါးကို တည်သန္တာန် ၂-ပါးနှင့် မြှောက်ပါက (၅၄×၂=၁၀၈)တစ်ရာ့ရှစ်ပါး ဖြစ်ပါတယ်။ ဒါကြောင့် "တဏှာသုံးတန်၊ တည်ထားခံ၊ အာ, ကာ, သန်-နှင့်မြှောက်။ တဏှာအစစ်၊ တစ်ရာ့ရှစ်၊ ဖြစ်၏ထိုမျှလောက်။"ဟု ပညာရှိများ စပ်ဆို ထားကြပါတယ်။

ပညာရှိများက တဏှာကို နွားချိုနှင့်တူကြောင်း ဥပမာပေးထားကြပါ တယ်။ နွားကလေးဟာ မွေးကာစတော့ ချိုကလေး သေးသေးပဲ ရှိပါ သေးတယ်၊ ကြီးလာတဲ့အခါကျတော့ ချိုကြီးဟာ အကြီးကြီးဖြစ် လာပါတယ်။ ထိုနည်းတူစွာ လူများဟာလဲ မွေးခါစမှာ လိုချင်မှု တဏှာဟာ အမိနို့ကို စို့ချင်တာလောက် ဖြစ်သောကြောင့် သေးပါသေးတယ်၊ လူကောင်ကြီးလာလေ လိုချင်မှုတွေက များလာလေလေ ဖြစ်လာပါတယ်။ သား, သမီး, မြေး, မြစ်- တွေရပြီး အဘိုးကြီးတွေ အဘွားကြီးတွေ ဖြစ်လာသောအခါ လိုချင်မှု

တဏှာဟာ ကိုယ့်အတွက်သာမကတော့ဘဲ သား, သမီး, မြေး, မြစ်-တွေ အတွက်ပါ လိုချင်မှုတဏှာ ဖြစ်လာသောကြောင့် "နွားကြီးလေ ချိုကြီးလေ" ဆိုတာလို အသက်ကြီးလေ လိုချင်မှုတဏှာကြီးလေ ဖြစ်လာပါတယ်။

## မုဒုလက္ခဏဇာတ်

ငါးရာ့ငါးဆယ်နိပါတ်၊ မုဒုလက္ခဏဇာတ်မှာ- လိုချင်မှုတဏှာတရား တိုးပွားများပြားလာပုံကို ပြထားပါတယ်။

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး အုပ်စိုးစဉ် ဘုရားအလောင်းဟာ ရသေ့ဝတ်ကာ သစ်သီး, သစ်ရွက်, သစ်ဥ, သစ်ဖုတို့ကို စားသောက်ပြီး ဟိမဝန္တာတောမှာ တရားအားထုတ်နေသောကြောင့် မြေလျှိုးမိုးပျံနိုင်သော တန်ခိုး ဈာန်, အဘိညာဉ်များကို ရပါတယ်။ မင်းကြီးဟာ ဘုရားလောင်းရသေ့ကို အလွန်ကြည်ညိုသောကြောင့် ဥယျာဉ်တော်သို့ပင့်ကာ တရားကျောင်းဆောက်ပြီး ကိုးကွယ်ထားပါတယ်၊ နေ့စဉ် နန်းတော်သို့ ဆွမ်းခံကြွဖို့ရာကိုလည်း ပင့်လျှောက်ထားပါတယ်။

တစ်နေ့သ၌ မင်းကြီးဟာ သူပုန်များကို နှိမ်နင်းဖို့ရာ သွားကာနီးမှာ ရသေ့ကြီးအား ဆွမ်းဝတ်မပျက်ရအောင် လောင်းလှူဖို့ရာ မိဖုရားကြီးကို မှာကြားထားခဲ့ပါတယ်၊ ရသေ့ကြီးဟာ နေ့စဉ် ကောင်းကင်ခရီးဖြင့် ဈာန်ယာဉ်စီးပြီး နန်းတော်သို့ကြွကာ မိဖုရားကြီးလောင်းသောဆွမ်းကို ခံယူပြီး ကောင်းကင်ကပင် ဈာန်ယာဉ်စီးကာ ကျောင်းသို့ပြန်ကြွပါတယ်။ တစ်နေ့သ၌ ရသေ့ကြီး ကြွမလာသေးသောကြောင့် မိဖုရားကြီးဟာ ခဏလျောင်းစက်ပါတယ်၊ ရသေ့ကြီး ကောင်းကင်ခရီးဖြင့် ဈာန်ယာဉ်စီးကာ ကြွလာ၍ ပြတင်းပေါက်သို့ ရောက်သောအခါ ကပျာကယာထလိုက်ရာ ခါးဝတ်လုံချည် လျှောကျသွားလို့ ဝိသဘာဂ-မသင့်လျော်သောအာရုံကို ရသေ့ကြီး မြင်လိုက်ရသောကြောင့် စိတ်ဖောက်ပြန်ပြီး မိဖုရားကြီးကို လိုချင်တဲ့စိတ်တွေ ဖြစ်ပေါ်လာပါတော့တယ်၊ စိတ်ဖောက်ပြန်တဲ့အချိန်ကစပြီး တန်ခိုးဈာန်တွေ ကွယ်ပျောက်သွားသောကြောင့် မြေပြင်ကိုခြေတင်ကာ ကျောင်းသို့ပြန်ကြွလာရပါတယ်၊

ကျောင်းရောက်တဲ့အခါ ဆွမ်းသပိတ်ကို ခေါင်းရင်းမှာထားပြီး ဆွမ်းမစားနိုင်တော့ဘဲ မိဖုရားကြီးကို တမ်းတပြီး ငိုးငြူနေပါတယ်။ "ကာမရောဂါ၊ ဝမ်းတွင်းနာကား၊ ကုရာနတ္ထိ၊ ဆေးပရှိခဲ့"ဆိုသည့်အတိုင်း ဘယ်ဆေးဝါးနှင့်မှ ကုသလို့မရအောင် ကာမရောဂါက ထ-ကာ လူးလိုမ့်ငိုးတွားနေပါတယ်။

ဗြဟ္မဒတ်မင်းကြီးဟာ သောင်းကျန်းသူ သူပုန်များကိုနှိမ်နင်းပြီး ပြန်လာတဲ့အခါ ဆရာရသေ့ကျောင်းသို့ ဝင်ရောက်ဖူးမြော်ပါတယ်၊ မင်းကြီးဟာ ရသေ့ကြီးငိုးနေသံကို ကြားရ၍ မေးကြည့်တဲ့အခါ မုဒုလက္ခဏာ မိဖုရားကြီးကို လိုချင်၍ ငိုးငြူနေကြောင်းကို သိရသောကြောင့် နန်းတော်သို့ပင့်ကာ မုဒုလက္ခဏာ မိဖုရားကြီးကို ရသေ့ကြီးအား ပေးလိုက်ပါတယ်၊ မိဖုရားကြီးကိုလည်း ရသေ့ကြီးအား သတိတရားရအောင် ဆောင်ရွက်ဖို့ရာ မှာကြားလိုက်ပါတယ်။ ရသေ့ကြီးဟာ ဝမ်းမြောက်ဝမ်းသာနှင့် မိဖုရားကြီး၏လက်ကိုဆွဲပြီး နန်းတော်မှ ထွက်လာခဲ့ပါတယ်၊ အပြင်ဘက်သို့ ရောက်တဲ့အခါ မိဖုရားကြီးက ရသေ့ကြီးကို နေဖို့ရာ ဘုရင်မင်းမြတ်ထံမှာ အိမ်အလှူခံခိုင်းပါတယ်၊ ဘုရင်မင်းမြတ်က မြို့အစွန် အဖျားမှာ ချုံနွယ်တွေအုပ်နေပြီး အများတကာ မစင်တွေစွန့်ထားတဲ့ အိမ်အိုအိမ်ပျက်ကြီးကို ပေးလိုက်ပါတယ်၊ ရသေ့ကြီးဟာ ခြုံနွယ်တွေကိုရှင်းပြီး မစင်များကို ပေါက်တူးဖြင့် ခြင်းတောင်းထဲသို့ထည့်ကာ သယ်ထုတ်ရပါတယ်၊ အိမ်အိုကြီးကို သန့်ရှင်းအောင် ပြုလုပ်ပြီးသောအခါ မိဖုရားကြီးက ရသေ့ကြီးအား ဘုရင်မင်းမြတ်ထံမှာ ခုတင်, ခြင်ထောင်, မွေ့ယာ, ခေါင်းအုံး, အိုး, ခွက်, ပုဂံ-စသည်တို့ကို အလှူခံခိုင်းပါတယ်။ ရသေ့ကြီးဟာ မုဒုလက္ခဏာ မိဖုရားကြီးကို လိုချင်သော တဏှာလောဘတည်းဟူသော သမုဒယ သစ္စာကြောင့် မိဖုရားကြီးက ခိုင်းသမျှတွေကို ပြုလုပ်နေရ၍ ချွေးတွေထွက်ပြီး မောပန်းဆင်းရဲနေရသော ဒုက္ခသစ္စာ ဖြစ်နေရပါတယ်၊ အဲဒီ သမုဒယသစ္စာကြောင့် ဒုက္ခဖြစ်နေရတာကို မသိတဲ့ ရသေ့ကြီးဟာ အလုပ်ကိစ္စအားလုံးကို ပြုလုပ်ပြီးသောအခါ မိဖုရားကြီးနှင့် အတူအိပ်ဖို့ရာ ကြံစည်ပါတယ်။ မိဖုရားကြီးက ရသေ့ကြီး၏ မုတ်ဆိတ်မွေးကိုဆွဲပြီး "သင်၏ ရသေ့အဖြစ်ကို သတိထား

ပါ"ဟု ပြောသောအခါ "မိမိပညာ၊ သတိသာလျှင်၊ မဟာသြသဓ၊ ဆေးမည်စွရှင့်။" နှင့်အညီ သတိတရားရကာ မုဒုလက္ခဏာ မိဖုရားကြီးကို ဘုရင်မင်းမြတ်ထံ ပြန်အပ်ပြီး အောက်ပါဂါထာကို ရွတ်ဆိုပါတယ်။

ကော ကဏ္ဍာ ပုရေ အာသိ၊ အလဒ္ဓံ မုဒုလက္ခဏံ။
ယတော လဒ္ဓါ အဠာရက္ခိ၊ ကဏ္ဍာ ကဏ္ဍာ ဝိဇာယထ။

မဟာရာဇ မြတ်သောမင်းကြီး။ မုဒုလက္ခဏံ၊ မုဒုလက္ခဏာ မိဖုရားကြီးကို။ အလဒ္ဓံ၊ မရသေးမီ။ ပုရေ၊ ရှေးအခါ၌။ ကော ကဏ္ဍာ၊ မုဒုလက္ခဏာ မိဖုရားကြီးကို လိုချင်သော တစ်ခုတည်းသော အလို သည်။ အာသိ၊ စင်စစ်မသေ့ ဖြစ်ပေါ်၍ လာပါပေ၏။ ယတော၊ အကြင်အခါမှ။ အာဠာရက္ခိ၊ အသိအလိမ်မာ ဉာဏ်ပညာကြီးသော မုဒုလက္ခဏာ မိဖုရားကြီးကို။ လဒ္ဓါ၊ ဘုရင်က ပေး၍ မနေ့းလျင်စွာ ရခဲ့ပါပေ၏။ တတော၊ ထိုအခါမှ။ ပဋ္ဌာယ၊ စ၍။ ကဏ္ဍာ ကဏ္ဍာ၊ ကြီးကြီးငယ်ငယ် အသွယ်သွယ်သော အလိုဆန္ဒ တဏှာဟူသမျှတို့သည်။ ဝိဇာယထ၊ မုချမသေ့ ဖြစ်ပေါ်၍လာပါပေကုန်သတည်း။

အဓိပ္ပါယ်ကတော့- မုဒုလက္ခဏာ မိဖုရားကြီးကို မရခင်က မုဒုလက္ခဏာ မိဖုရားကြီးကို လိုချင်မှုတဏှာ တစ်ခုတည်းသာ ဖြစ်ပေါ်လာပြီး မုဒုလက္ခဏာ မိဖုရားကြီးကို ရတဲ့အခါမှစ၍ အိမ်ကိုလိုချင်တဲ့ တဏှာ၊ ခုတင်, ခြင်ထောင်တို့ကို လိုချင်တဲ့တဏှာ၊ မွေ့ယာ, ခေါင်းအုံး, စောင်-စသည်တို့ကို လိုချင်တဲ့ တဏှာတွေဟာ များများလာပါတယ်။ ဒါကြောင့် တဏှာဟာ နွားချိုနှင့် တူပါတယ်၊ နွားကြီးလာတဲ့အခါ ချိုကြီးလာသလို လူကြီးလာတဲ့အခါမှာလဲ လိုချင်မှု တဏှာဟာ များလာပါတယ်။

## ပေါနောဗ္ဘဝိကာ

ထိုတဏှာဟာ ဘဝအသစ်ကိုလည်း ဖြစ်စေတတ်ပါတယ်။ "မရိုး နှင့်မတ်၊ လင်ကိုသတ်၊ လေးဇာတ်တိုင်အောင်-အသို့နည်း"ဟူသော စွယ်စုံကျော်ထင် အမေးအဖြေ သိနိုင်ပါတယ်။ လူတစ်ယောက်ဟာ အစ်ကိုအိမ်မှာနေရင်းက မရိုးနှင့် ဖောက်ပြန်ကျူးလွန်ပါတယ်၊ မရိုးကလည်း လင်ကြီးထက် လင်ငယ်ကို

ပိုပြီးချစ်သောကြောင့် လင်ကြီးကိုသတ်ဖို့ရာ လင်ငယ်အား အကြံပေးပါတယ်၊ လင်ကြီးကတော့ မိမိမယားကို အလွန်အမင်း ချစ်ခင်ပါတယ်၊ ဒီလို ချစ်လှတဲ့အတွက် ချစ်မယား စီစဉ်ပေးတဲ့အတိုင်း ခံတက်ပင်အောက်မှာ ဆံပင်ဖြန့်ပြီး ခေါင်းလျှော်နေစဉ် ညီဖြစ်သူလင်ငယ်ဟာ ပဲကွပ်ဖြင့် အစ်ကိုကြီး၏ခေါင်းကို ဖြတ်လိုက်ပါတယ်။

အကိုဖြစ်သူ လင်ကြီးဟာ မယားကို အလွန်ချစ်ခင် နှစ်သက်စွဲလမ်းသောတဏှာကြောင့် သေပြီးနောက် မယားအိမ်မှာပဲ မြွေကြီးဖြစ်ပါတယ်၊ အဲဒီမြွေကြီးဟာ မယားကို တပ်မက်တွယ်တာသောကြောင့် အိမ်အပေါ်ကနေပြီး မယား၏ကိုယ်ပေါ်ကို ပစ်ပစ်ချနေတဲ့အခါ သူ့လင်ကြီးဖြစ်မှာပဲ-ဟု ကြံတွေးပြီးတော့ အဲဒီမြွေကြီးကို အသတ်ခိုင်းပြန်ပါတယ်၊ မြွေဘဝက သေရပြန်တော့လည်း မယားကိုချစ်တဲ့ တဏှာစိတ်က မကုန်သေးသောကြောင့် မယားအိမ်မှာပဲ ခွေးဖြစ်ရပြန်ပါတယ်၊ ခွေးက အဲဒီမိန်းမနောက်သို့ တကောက်ကောက်လိုက်နေတော့ သူ့လင်ကြီးဖြစ်မှာပဲ-ဟု ကြံတွေးပြီး အဲဒီခွေးကိုလည်း အသတ်ခိုင်းပြန်ပါတယ်။

ခွေးဘဝကသေတော့ မယားပေါ်မှာ ချစ်တဲ့တဏှာက မပြေသေးလို့ မယားအိမ်မှာပဲ နွားပြန်ဖြစ်ပါတယ်၊ နွားဟာ အဲဒီမိန်းမသွားရာနောက်သို့ တကောက်ကောက်လိုက်နေတော့ သူ့လင်ကြီးဖြစ်မှာပဲ-ဟု ကြံတွေးပြီး အသတ်ခိုင်းပြန်ပါတယ်၊ နွားဘဝကနေ သေပြန်တော့ မယားအပေါ်မှာ ချစ်တဲ့တဏှာကြောင့် မယားဝမ်းမှာပင် သန္ဓေတည်နေပြီး လူပြန်ဖြစ်ရပါတယ်။

လူဖြစ်လာတဲ့အခါကျတော့ ဇာတိဿရဉာဏ်ကိုရ၍ လေးဘဝ လုံးလုံးအသတ်ခံလာရတာကိုသိပြီး အလွန်စိတ်နာလာသောကြောင့် ရန်သူမိခင်၏လက်နှင့်တောင် အထိမခံတော့ဘဲ မိခင်ကလက်နှင့်ထိတဲ့အခါတိုင်းမှာ ငိုပါတော့တယ်၊ ဒါကြောင့် အဲဒီသူငယ်ကို အဘိုးကပဲ ကျွေးမွေးပြုစု စောင့်ရှောက်ရပါတယ်၊ အရွယ်ရောက်တဲ့အခါ အဘိုးက "ငါ့မြေး-မင်းအမေထိတာကိုဘာကြောင့်ငိုရတာလဲ" ဟု မေးတော့ သူငယ်ကလေးက "ဒီမိန်းမကြီးဟာ

ကျွန်တော့ကို လေးဘဝတိုင်တိုင် သတ်တဲ့ရန်သူမိန်းမကြီးပဲ" ဟု ပြောဆိုကာ ငိုပါတယ်၊ အဘိုးဖြစ်သူကလည်း မြေးကိုပွေ့ဖက်ကာ နှစ်ဦးသား ငိုကြ ပါတယ်၊ ထိုနောက် ကျောင်းတစ်ကျောင်းသို့သွားကာ ရှင်ရဟန်းပြုကြပြီး တရားအားထုတ်ကြသောအခါ ရဟန္တာဖြစ်သွားကြပါတယ်။

ဤဝတ္ထုကိုကြည့်ပါက ပေါနောဗ္ဘဝိကာ-အရ ချစ်ခင်စုံမက် နှစ်သက် တတ်သော တဏှာက ဘဝအသစ်အသစ်တွေကို ဖြစ်စေတတ်တာ ထင်ရှား ပါတယ်၊ ဒီဝတ္ထုမှာ မယားကို ချစ်ခင်နှစ်သက် စွဲလမ်းသော တဏှာ=သမုဒယ သစ္စာကြောင့် မြွေဘဝ, ခွေးဘဝ, နွားဘဝ၊ ဇာတိဒုက္ခတွေရပြီး မရဏဆိုတဲ့ သေခြင်းဆိုးနှင့် သေရတဲ့ ဆင်းရဲ=ဒုက္ခသစ္စာတွေဖြစ်နေတာ ထင်ရှားပါတယ်။

ထိုတဏှာဟာ အာရုံတိုင်းကို ခင်မင်နှစ်သက်တတ်ပြီး ဖြစ်လေ ရာ ဘဝမှာ ပျော်နေတတ်ပါတယ်၊ မြတ်တဲ့ဘဝကနေပြီး ယုတ်ညံ့တဲ့ဘဝ ရောက်နေပေမဲ့ အဲဒီ ယုတ်ညံ့တဲ့ဘဝမှာပဲ ပျော်ပါတယ်။

## ဥပရိဒေဝီဝတ္ထု

ကာသိတိုင်း၊ ပါဋလိပြည့်ရှင် အဿကမင်းကြီးမှာ ဥပရိဒေဝီ အမည် ရှိသော အဂ္ဂမဟေသီ မိဖုရားကြီးတစ်ယောက်ရှိပါတယ်၊ အလွန်ချောလှသော ကြောင့် အဿကမင်းကြီးက အလွန်ချစ်မြတ်နိုးပါတယ်၊ ဥပရိမိဖုရားကြီးဟာ အလှဂုဏ်မာန်တက်ပြီး ရှိသေထိုက်သူတွေကို မရှိသေသောကြောင့် သေတဲ့ အခါ နွားချေးပိုးမဖြစ်ရပါတယ်။ အဿကမင်းကြီးဟာ မိဖုရားကို အလွန် အကျူး အထူးချစ်သောကြောင့် မိဖုရားကြီးအလောင်းကို ဆေးစိမ်ပြီး ခေါင်းသွင်းကာ သူအိပ်တဲ့ ခုတင်အောက်မှာထားပါတယ်၊ မိဖုရားကြီးကို လွမ်းဆွတ်တမ်းတ ငိုကြွေးပြီး မအိပ်နိုင် မစားနိုင် သောက, ပရိဒေဝ-မီးတွေ တောက်လောင်နေပါတယ်၊ ထိုအကြောင်းကိုသိသော ဘုရားလောင်း ရသေ့ ကြီးဟာ အဿကမင်းကြီးကို တရားပြလိုသောကြောင့် ဈာန် အဘိညာဉ် တန်ခိုးဖြင့် ဥယျာဉ်တော်သို့ ကြွလာပါတယ်။ အဿကမင်းကြီးဟာ ဥပရိ မိဖုရားကြီး၏ ရောက်ရာဘဝကို ပြောပြနိုင်သော တန်ခိုးကြီးသောရသေ့ကြီး

ဥယျာဉ်တော်သို့ ရောက်လာတဲ့အကြောင်းကို ကြားသိရတော့ ရသေ့ကြီး ထံမှောက်သို့ အမြန်သွားရောက်ပြီး "ဥပရိမိဖုရားကြီး ဘယ်မှာဖြစ်နေ ပါသလဲ"လို့ မေးလျှောက်ပါတယ်။

ရသေ့ကြီးက သင်၏မိဖုရားကြီး ဥပရိဟာ အလှမာန်တက်ပြီး ရိုသေထိုက် သူတွေကို မရိုသေသောကြောင့် သေပြီးနောက် ဒီဥယျာဉ်ထဲမှာ "နွားချေးပိုးမ ဖြစ်နေရတယ်"လို့ ပြောပါတယ်၊ အဿကမင်းကြီးက မယုံသောကြောင့် ရသေ့ကြီးက တန်ခိုးတော်ဖြင့် နွားချေးပိုးဖိုနှင့် နွားချေးပိုးမကို ခေါ်ပြပြီး တန်ခိုးတော်ဖြင့် မေးပါတယ်၊ နွားချေးပိုးမက "ကျွန်ုပ်သည် ရှေးအခါက အဿကမင်းကြီး၏ အဂ္ဂမဟေသီ မိဖုရားကြီး ဥပရိဖြစ်ပါတယ်"လို့ ပြန်ပြော ပါတယ်။ ရသေ့ကြီးက 'ယခု နင်ဟာ အဿကမင်းကြီးကိုပဲ ချစ်သလား, နွားချေးပိုးဖိုကိုပဲ ချစ်သလား'လို့ မေးတဲ့အခါ နွားချေးပိုးမက 'လူ့ဘဝတုန်း ကတော့ အဿမင်းကြီးကို ချစ်ခင်စုံမက် နှစ်သက်ပါတယ်ဘုရား၊ ယခု နွားချေးပိုးမဘဝကို ရောက်တဲ့အချိန်ကစပြီး နွားချေးပိုးဖိုကိုသာ အဿက မင်းကြီးထက် သာ၍ ချစ်ခင်စုံမက် နှစ်သက်ပါတယ်ဘုရား'လို့ လျှောက်ထား ပါတယ်။ ထိုစကားကိုကြားသိရသော အဿကမင်းကြီးဟာ နားကိုအမြောက် နှင့် ပစ်သည့်ပမာ စိတ်နာ၍ သူအမြတ်တနိုး သိမ်းထားသော မိဖုရားကြီး အလောင်းကို စွန့်ပစ်ခိုင်းပြီး အခြားတစ်ယောက်ကို မိဖုရားမြှောက်ကာ တိုင်းပြည်ကို တရားသဖြင့် အုပ်ချုပ်ပါတယ်။ ဘုရားလောင်း ရသေ့ကြီးဟာလဲ အဿကမင်းကြီးကို ဆုံးမပြီး ဟိမဝန္တာတောသို့ ပြန်ကြွသွားပါတယ်။

ဤ၀တ္ထု၌ အထက်တန်းကျသော မိဖုရားကြီးဘဝက သေပြီး အောက် တန်းစားဖြစ်တဲ့ အပါယ်ဘုံသား နွားချေးပိုးမ တိရစ္ဆာန်ဘဝ ဖြစ်နေရပါသော် လည်း တဏှာကြောင့် ဖြစ်ရာဘဝ ဘုံဌာနမှာ ပျော်နေရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက တတြတတြာဘိ နန္ဒိနီ-ထိုထိုဖြစ်ခြင်း ဘဝတွင်း၌ အမြင်းတရစပ် ယွင်းမလတ်အောင် တွယ်တာပ်နှစ်သက် ချစ်လျက်ရှိ၏။ ဝါ၊ ဖြစ်ရာဘဝ ပျော်ကြသည်သာ အမှန်သာ-လို ဟောတော်မူပါတယ်။

# တဏှာဖြစ်ရာဌာန-၆၀

သမုဒယသစ္စာခေါ်တဲ့ တဏှာဟာ-

၁။ (၁) မျက်စိခေါ်တဲ့ စက္ခုဒွါရ၊ (၂) နားခေါ်တဲ့ သောတဒွါရ၊ (၃) နှာခေါင်းခေါ်တဲ့ ဃာနဒွါရ၊ (၄) လျှာခေါ်တဲ့ ဇိဝှာဒွါရ၊ (၅) ကိုယ်ခေါ်တဲ့ ကာယဒွါရ၊ (၆) စိတ်ခေါ်တဲ့ မနောဒွါရ-အားဖြင့် ဒွါရ ၆-ပါးတို့၌လည်းကောင်း၊

၂။ (၁) အဆင်းမျိုးစုံ=ရူပါရုံ၊ (၂) အသံမျိုးစုံ=သဒ္ဒါရုံ၊ (၃) အနံ့မျိုးစုံ=ဂန္ဓာရုံ၊ (၄) အစားမျိုးစုံ=ရသာရုံ၊ (၅) အခေါ်တွေ့အထိမျိုးစုံ=ဖောဋ္ဌဗ္ဗာရုံ၊ (၆) သဘောတရားမျိုးစုံ=ဓမ္မာရုံ-အားဖြင့် အာရုံ ၆-ပါးတို့၌လည်းကောင်း၊

၃။ (၁) မြင်သိစိတ်=စက္ခုဝိညာဏ်၊ (၂) ကြားသိစိတ်=သောတဝိညာဏ်၊ (၃) နံသိစိတ်=ဃာနဝိညာဏ်၊ (၄) စားသိစိတ်=ဇိဝှာဝိညာဏ်၊ (၅) ထိသိစိတ်=ကာယဝိညာဏ်၊ (၆) ကြံသိစိတ်=မနောဝိညာဏ်-အားဖြင့် ဝိညာဏ် ၆-ပါးတို့၌လည်းကောင်း၊

၄။ (၁) မျက်စိအတွေ့ = စက္ခုသမ္ဖဿ၊ (၂) နားအတွေ့ = သောတသမ္ဖဿ၊ (၃) နှာခေါင်းအတွေ့ = ဃာနသမ္ဖဿ၊ (၄) လျှာအတွေ့ = ဇိဝှာသမ္ဖဿ၊ (၅) ကိုယ်အတွေ့=ကာယသမ္ဖဿ၊ (၆) စိတ်အတွေ့= မနောသမ္ဖဿ-အားဖြင့် သမ္ဖဿ ၆-ပါးတို့၌လည်းကောင်း၊

၅။ (၁) မျက်စိအတွေ့ကြောင့်ဖြစ်သော ခံစားမှု=စက္ခုသမ္ဖဿဇာဝေဒနာ၊
(၂) နားအတွေ့ကြောင့် ဖြစ်သောခံစားမှု=သောတသမ္ဖဿဇာဝေဒနာ၊
(၃) နှာခေါင်းအတွေ့ကြောင့်ဖြစ်သော ခံစားမှု=ဃာနသမ္ဖဿဇာဝေဒနာ၊
(၄) လျှာအတွေ့ကြောင့်ဖြစ်သော ခံစားမှု=ဇိဝှာသမ္ဖဿဇာဝေဒနာ၊
(၅) ကိုယ်အတွေ့ကြောင့်ဖြစ်သော ခံစားမှု=ကာယသမ္ဖဿဇာဝေဒနာ၊
(၆) စိတ်အတွေ့ကြောင့်ဖြစ်သော ခံစားမှု=မနောသမ္ဖဿဇာဝေဒနာ-အားဖြင့် သမ္ဖဿဇာဝေဒနာ ၆-ပါးတို့၌လည်းကောင်း၊

၆။ (၁) အဆင်းကိုမှတ်သော=ရူပသညာ၊ (၂) အသံကိုမှတ်သော=သဒ္ဒသညာ၊ (၃) အနံ့ကိုမှတ်သော=ဂန္ဓသညာ၊ (၄) အစားအစာကို မှတ်သော=

ရသသညာ၊ (၅) အတွေ့အထိကိုမှတ်သော=ဖောဋ္ဌဗ္ဗသညာ၊ (၆) သဘောတရားကိုမှတ်သော=ဓမ္မသညာ-အားဖြင့် သညာ ၆-ပါးတို့၌လည်းကောင်း၊

၇။ (၁) အဆင်း၌ဖြစ်သော စေ့ဆော်ခြင်း=ရူပသဉ္စေတနာ၊ (၂) အသံ၌ဖြစ်သော စေ့ဆော်ခြင်း=သဒ္ဒသဉ္စေတနာ၊ (၃) အနံ့၌ဖြစ်သော စေ့ဆော်ခြင်း=ဂန္ဓသဉ္စေတနာ၊ (၄) အစားအစာ၌ဖြစ်သော စေ့ဆော်ခြင်း=ရသသဉ္စေတနာ၊ (၅) အတွေ့အထိ၌ဖြစ်သော စေ့ဆော်ခြင်း = ဖောဋ္ဌဗ္ဗသဉ္စေတနာ၊ (၆) သဘောတရား၌ဖြစ်သော စေ့ဆော်ခြင်း= ဓမ္မသဉ္စေတနာ-အားဖြင့် စေတနာ ၆-ပါးတို့၌လည်းကောင်း၊

၈။ (၁) အဆင်းကို တပ်မက်နှစ်သက်သော = ရူပတဏှာ၊ (၂) အသံကို တပ်မက်နှစ်သက်သော=သဒ္ဒတဏှာ၊ (၃) အနံ့ကို တပ်မက်နှစ်သက်သော= ဂန္ဓတဏှာ၊ (၄) အစားအစာကို တပ်မက်နှစ်သက်သော = ရသတဏှာ၊ (၅) အတွေ့အထိကို တပ်မက်နှစ်သက်သော=ဖောဋ္ဌဗ္ဗတဏှာ၊ (၆) သဘောတရားကို တပ်မက်နှစ်သက်သော=ဓမ္မတဏှာ-အားဖြင့် တဏှာ ၆-ပါးတို့၌ လည်းကောင်း၊

၉။ (၁) အဆင်းကို ကြံစည်ခြင်း=ရူပဝိတက္က၊ (၂) အသံကို ကြံစည်ခြင်း= သဒ္ဒဝိတက္က၊ (၃) အနံ့ကို ကြံစည်ခြင်း=ဂန္ဓဝိတက္က၊ (၄) အစားအစာကို ကြံစည်ခြင်း=ရသဝိတက္က၊ (၅) အတွေ့အထိကို ကြံစည်ခြင်း =ဖောဋ္ဌဗ္ဗဝိတက္က၊ (၆) သဘောတရားကို ကြံစည်ခြင်း=ဓမ္မဝိတက္က-အားဖြင့် ဝိတက် ၆-ပါးတို့၌ လည်းကောင်း၊

၁၀။ (၁) အဆင်းကို တွေးတောခြင်း=ရူပဝိစာရ၊ (၂) အသံကို တွေးတောခြင်း=သဒ္ဒဝိစာရ၊ (၃) အနံ့ကို တွေးတောခြင်း=ဂန္ဓဝိစာရ၊ (၄) အစားအစာကို တွေးတောခြင်း=ရသဝိစာရ၊ (၅) အတွေ့အထိကို တွေးတောခြင်း=ဖောဋ္ဌဗ္ဗ ဝိစာရ၊ (၆) သဘောတရားကို တွေးတောခြင်း=ဓမ္မဝိစာရ-အားဖြင့် ဝိစာရ ၆-ပါးတို့၌လည်းကောင်း၊ ဤသို့ ဒွါရ ၆-ပါး၊ အာရုံ ၆-ပါး၊ ဝိညာဏ် ၆-ပါး၊ သမ္ဖဿ ၆-ပါး၊ သမ္ဖဿဇာဝေဒနာ ၆-ပါး၊ သညာ ၆-ပါး၊ သဉ္စေတနာ ၆-ပါး၊ တဏှာ ၆-ပါး၊ ဝိတက် ၆-ပါး၊ ဝိစာရ ၆-ပါး အားဖြင့် ၆၀-သော ဌာနတို့၌

တဏှာဖြစ်ပါတယ်။ ဤဆိုအပ်ခဲ့ပြီးသည်ကား ဒုက္ခဖြစ်ခြင်း၏အကြောင်း သမုဒယသစ္စာ ဖြစ်ပါတယ်။ သမုဒယသစ္စာကို ပယ်နိုင်ဖို့အောင် တရားအလုပ်တွေကို အားထုတ်နိုင်ကြပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓု)

* * * * *

# ဓမ္မစကြာဒေသနာဟောစဉ် (၅)

## နိရောဓသစ္စာ

ဒီနေ့ ဟောရမယ့်တရားကတော့ ဓမ္မစကြာဒေသနာ ဟောစဉ် အမှတ်-၅-ဖြစ်ပါတယ်။ ဟောစဉ်အမှတ် ၅-က ဘာလဲဆိုတော့ **နိရောဓသစ္စာ** ဖြစ်ပါတယ်။ "နိရောဓော နာမ နိဗ္ဗာနံ"ဟူသော အဋ္ဌကထာပါဌ်နှင့်အညီ နိရောဓသစ္စာ၏ တရားကိုယ်ဟာ "နိဗ္ဗာန်" ဖြစ်ပါတယ်။ ထိုနိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်နှင့် ပတ်သက်ပြီး -

(၁) ဘာကို နိဗ္ဗာန်ခေါ်သလဲ၊

(၂) ဘာကြောင့် နိဗ္ဗာန်ခေါ်သလဲ၊

(၃) နိဗ္ဗာန်ဘယ်မှာရှိသလဲ -

ဟု အမေး ၃-ခုပြုပြီး ပြောပြပါ့မယ်။

### (၁) ဘာကို နိဗ္ဗာန်ခေါ်သလဲ

နံပါတ်(၁) အမေးနှင့် ပတ်သက်ပြီး "နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ၊ မဂ္ဂဖလာနမာရမ္မဏဘူတံ-ဟူသော အဋ္ဌကထာပါဌ်ဖြင့် သိနိုင်ပါသည်။

လောကုတ္တရသင်္ခါတံ၊ လောကုတ္တရာဟု ဆိုအပ်သော။ စတုမဂ္ဂဉာဏေန၊ လေးပါးသော မဂ်ဉာဏ်ဖြင့်။ သစ္ဆိကာတဗ္ဗံ၊ မျက်မှောက်ပြုအပ်သော။ မဂ္ဂဖလာနံ၊ မဂ်ဖိုလ်တို့၏။ အာရမ္မဏဘူတံ၊ အာရုံဖြစ်၍ ဖြစ်သော။ **နိဗ္ဗာနံ ပန**၊ နိဗ္ဗာန်သည်ကား။

အဓိပ္ပါယ်ကတော့- "လေးပါးသော မဂ်ဉာဏ်တို့ဖြင့် မျက်မှောက် ပြုအပ်သော"ဟု ဆိုထားသောကြောင့် နိဗ္ဗာန်ကို မဂ်ဉာဏ်လေးပါးကိုရသော အရိယာပုဂ္ဂိုလ်တို့သည် မျက်မှောက်ထင်ထင်(ပစ္စက္ခသိဒ္ဓိ) အားဖြင့် တွေ့မြင်နိုင်ကြပြီး ပုထုဇဉ်များကတော့ တစ်ဆင့်စကားဖြင့် မှန်းဆသော(အနုမာနသိဒ္ဓိ)အားဖြင့် မျက်မှောက်ပြုနိုင်ကြပါတယ်။ ဥပမာ-ဗုဒ္ဓဂါယာသို့ဘုရားဖူး ရောက်ဖူးသူများ

ဟာ ဘုရားလောင်း ဖွားတော်မူတဲ့နေရာ, ဓမ္မစကြာတရား ဟောကြားတော်မူတဲ့ နေရာ-စသည်တို့ကို ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ကြရပြီး၊ မရောက်ဖူးသူများကကော့ ရောက်ဖူးသူများပြောပြလို့ သိကြရသလို၊ နိဗ္ဗာန်ကို ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ကြတဲ့ အရိယာပုဂ္ဂိုလ်များက ပြောပြသောကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်များဟာ မှန်းဆပြီး နိဗ္ဗာန်ကို သိနိုင်ကြပါတယ်။

နိဗ္ဗာန်ဟာ မဂ်, ဖိုလ်-တို့၏ အာရုံဖြစ်သောတရား" ဟု ဆိုထားသောကြောင့် အဘိဓမ္မာနည်းအရပြောရင် နိဗ္ဗာန်ကို အကြောင်းတရား-ဟု ပြောရပါတယ်၊ မဂ်စိတ်, ဖိုလ်စိတ်-တို့က အာရမ္မဏိကအကျိုး ဖြစ်ကြပါတယ်။ သုတ္တန်နည်းအရ ပြောရရင်တော့ နိဗ္ဗာန်ကို အကျိုး-ဟု ပြောရပါတယ်။ ဓမ္မစကြာမှာပဲကြည့်ကြည့်၊ သတိပဋ္ဌာနသုတ်မှာပဲကြည့်ကြည့် နိဗ္ဗာန်ကို အကျိုးဟု သိနိုင်ပါတယ်။ သစ္စာလေးပါးတို့ကို လောကီသစ္စာနှစ်ပါး, လောကုတ္တရာသစ္စာနှစ်ပါး ခွဲကြည့်ပါ၊ လောကုတ္တရာဖြစ်တဲ့ နိရောဓသစ္စာနှင့် မဂ္ဂသစ္စာကို အကြောင်းအကျိုး ခွဲလိုက်တဲ့အခါ မဂ္ဂသစ္စာကအကြောင်း၊ နိရောဓသစ္စာက အကျိုး ဖြစ်သွားပါတယ်။ နံပါတ်(၁)အမေးအရ ဘာကို နိဗ္ဗာန်ခေါ်သလဲ မေးရင် **မဂ်ဖိုလ်တို့၏အာရုံဖြစ်တဲ့ တရားကို နိဗ္ဗာန်ခေါ်ပါတယ်** ဟု အတိုကျဉ်းပြီး လိုရင်းကို ဖြေရင်လဲ ဖြစ်နိုင်ပါတယ်။

## ဘာကြောင့် နိဗ္ဗာန်ခေါ်သလဲ

နံပါတ်(၂)အမေးကိုတော့ အဋ္ဌကထာဆရာက "ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ"ဟု ဖွင့်ပြထားပါတယ်။

ဝါနသင်္ခါတာယ၊ ဝါန-ဟုဆိုအပ်သော။ တဏှာယ၊ တဏှာမှ။ နိက္ခန္တတ္တာ၊ ထွက်မြောက်တတ်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကတော့ "ဝါန"ခေါ်တဲ့ တဏှာမှ ထွက်မြောက်တတ် သောကြောင့် နိဗ္ဗာန်ခေါ်ပါတယ်။ ဘာကြောင့် နိဗ္ဗာန်ခေါ်သလဲဆိုတဲ့ နံပါတ်(၂)အမေးကို **ဝါနခေါ်တဲ့ တဏှာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်ခေါ်ပါတယ်** - ဟု ဖြေရမယ်။

တစ်ချို့သူများဟာ ဇနီးမယား, သမီးသား-တွေနှင့် ပျော်ရွှင်စွာနေကြပြီး နိဗ္ဗာန်ကိုလိုချင်ကြောင်းကို ပြောဆိုထုတ်ကြပါတယ်။ တောရွာက ဆရာတော်တစ်ပါးဟာ နိဗ္ဗာန်ကိုလိုချင်တယ်ပြောတဲ့ ဒကာတစ်ယောက်အား ဒကာကြီး နိဗ္ဗာန်ကို တကယ်လိုချင်သလား-မေးပါတယ်၊ တကယ်လိုချင်ပါတယ်ဘုရား-ဟု လျှောက်ထားတဲ့အခါ ဒါဖြင့် ငါချပေးတာကိုလိုက်ဆို။ "တပည့်တော်သည် ဤကုသိုလ် ကောင်းမှုကြောင့် မိဘဆွေမျိုးများနှင့်တကွဲတပြား, သားသမီးများနှင့်တကွဲတပြားစီ ကွဲပြား၍"-ဟု ချပေးသောအခါ လိုက်ဆိုပါတယ်၊ ဆရာတော်က ရှေ့ဆက်ပြီး "ဇနီးမယားနှင့် တကွဲတပြားစီကွဲပြား၍"ဟု- ချပေးသောအခါ ဒကာက လိုက်မဆိုဘဲ ရပ်နေပါတယ်။ ဆရာတော်က ဆိုကွာ-ဟု ပြောမှ အာလေးလေးကြီးနှင့် မဆိုချင့်ဆိုချင်နှင့် လိုက်ဆိုပါတယ်၊ ဇနီးမယားနှင့် ကွဲပြားရမှာကို စိုးရိမ်လို့နှင့်တူပါတယ်၊ ဆရာတော်ကဆက်ပြီး "နိဗ္ဗာန်ကို ရပါလို၏"- ချပေးတဲ့အခါ မလိုချင်တော့ဘူးဘုရား-ဟု လျှောက်ထားသတဲ့။ ဇနီးမယား, သမီးသား-တွေနှင့် ပျော်နေရင် နိဗ္ဗာန်ကို မရနိုင်ပါဘူး၊ သံယောဇဉ်ကို ဖြတ်မှသာ နိဗ္ဗာန်ကို ရနိုင်ပါတယ်။

နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်ဟာ ငြိမ်းအေးချမ်းသာခြင်း=သန္တိသုခ လက္ခဏာအားဖြင့် တစ်ပါးတည်းသာ ဖြစ်ပါသော်လဲ ကိလေသာတွေသာ ကုန်ခန်းပြီး ခန္ဓာကိုယ်ကြွင်းကျန်နေတာကို အကြောင်းပြု၍ (၁) **သဉပါဒိသေသနိဗ္ဗာန်**၊ ကိလေသာတွေလဲကုန်ခမ်းပြီး ခန္ဓာကိုယ်လဲ ချုပ်ငြိမ်းသွားတာကို အကြောင်းပြုပြီး (၂) **အနုပါဒိသေသနိဗ္ဗာန်**-ဟု အကြောင်းပရိယာယ်အားဖြင့် နှစ်မျိုးခွဲထားပါတယ်။ သက်တော်ထင်ရှားရှိနေကြသော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ-တွေဟာ ကိလေသာတွေသာကုန်ခမ်းပြီး ခန္ဓာကိုယ် အကြွင်းအကျန်ရှိသေးသောကြောင့် (၁) **သဉပါဒိသေသနိဗ္ဗာန်**။ ပရိနိဗ္ဗာန်ပြုသွားကြသော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ-တွေဟာ ကိလေသာတွေလဲ ကုန်ခမ်းပြီး ခန္ဓာကိုယ်ကြီးပါ ချုပ်ငြိမ်းသွားကြသောကြောင့် (၂) အနုပါဒိသေသနိဗ္ဗာန် ဖြစ်ကြပါတယ်။

တစ်နည်းအားဖြင့် ကိလေသာနှင့်တကွ ခန္ဓာကိုယ်ကြီးပါ ဆိတ်သုဉ်းသွားပြီး ဘာမှမရှိတော့သည်ကို အကြောင်းပြု၍ (၁) **သုညတ နိဗ္ဗာန်**၊

ပုံပန်းသဏ္ဌာန် နိမိတ်အရိပ်အရောင် မရှိသည်ကို အကြောင်းပြု၍ (၂) အနိမိတ္တနိဗ္ဗာန်၊ တဏှာဖြင့် တောင့်တ၍ မရသည်ကို အကြောင်းပြု၍ (၃) အပဏိဟိတနိဗ္ဗာန်-ဟု အခြင်းအရာအားဖြင့် ၃-ပါး ခွဲထားပါတယ်။ အကြောင်းပရိယာယ်အားဖြင့် ၂-ပါး၊ အခြင်းအရာအားဖြင့် ၃ ပါး ဤသို့အားဖြင့် ငြိမ်းအေးချမ်းသာခြင်း=သန္တိသုခလက္ခဏာအားဖြင့် ၁ ပါးတည်းသာရှိတဲ့ နိဗ္ဗာန်ကို ၅-မျိုး ခွဲပြထားပါတယ်။

## နိဗ္ဗာန်ကို အဟုတ်မက်သော်လဲ နှုတ်ဆက်စရာကျန်သေး

နိဗ္ဗာန်ကို လူတိုင်းလိုလို ဆုတောင်းကြပါတယ်၊ ရှင်တော်မြတ်ဘုရားကလဲ ဝံ ပတ္ထေထ ဘိက္ခဝေ၊ သီဝံ ပတ္ထေတွာ ဒါနံ ဒါတဗ္ဗံ" နိဗ္ဗာန်ကို ဆုတောင်းပြီး လှူဒါန်းကြ-စသည်အားဖြင့် နိဗ္ဗာန်ကို ဆုတောင်းကြဖို့ရာ မိန့်ကြားထားပါတယ်။ နှုတ်ကသာဆုတောင်းပြီး စိတ်ထဲကမပါရင်တော့ ရမှာမဟုတ်ပါဘူး၊ နှုတ်က ဆုတောင်းသလို စိတ်ကလဲပါပြီး နိဗ္ဗာန်ရောက်ကြောင်း အကျင့်များကို ကျင့်မှသာ နိဗ္ဗာန်ကိုရနိုင်, ရောက်နိုင်ကြပါတယ်။ ဒကာတစ်ယောက်ဟာ နေ့စဉ် ရွာအနီးက ဘုရားကြီးသို့သွားပြီး ကုသိုလ်ကောင်းမှုပြုကာ "ဤကောင်းမှုကြောင့် နိဗ္ဗာန်ရပါလို၏"ဟု အမြဲတမ်း ဆုတောင်းသတဲ့၊ ဘေးက ဒကာတစ်ယောက်က ဒီလူဟာ တကယ်နိဗ္ဗာန် လိုချင်ကာလား-ဟု သိရအောင် ငါစုံစမ်းမယ်ဟု ကြံစည်ပြီး ဇာတ်ဆရာထံမှ နတ်ပတ်တန်ဆာများကို ငှားဝတ်ပြီး ဘုရားနောက်ကွယ်မှာ ပုန်းနေပါတယ်။

နိဗ္ဗာန်ဆုတောင်းနေကျ ဒကာက ကုသိုလ်ကောင်းမှုတွေပြုပြီး "ဤကုသိုလ်ကောင်းမှုကြောင့် နိဗ္ဗာန်ရပါလို၏"ဟု ဆုတောင်းတဲ့အခါ ကာမျှကယာ ပုန်းကွယ်ရာမှ ထွက်လာပြီး-"နိဗ္ဗာန်ကိုလိုချင်ရင် ငါလိုက်ပို့ပေးမယ် တစ်ခါတည်း သွားကြစို့"ဟု ပြောတော့ နိဗ္ဗာန်ကိုလိုချင်လို့ ဆုတောင်းတဲ့ ဒကာက အိမ်ကဇနီးမယားကို နှုတ်မဆက်ခဲ့ရသေးလို့ ပြန်ပြီး နှုတ်ဆက်ပါရစေအုံး-ဟု ပြောသတဲ့၊ နတ်မင်းက ပြန်သွား၍ နှုတ်ဆက်ပြီး မြန်မြန်ပြန်လာခဲ့ ငါစောင့်နေမယ်-ဟုပြောပြီး လွှတ်လိုက်တယ်၊ အိမ်ကျတော့ အားရပါးရနဲ့ ဇနီးမယားကို "နိဗ္ဗာန်ပို့ပေးမယ့် နတ်မင်းကြီးနှင့်တွေ့ကြောင်း ရှင်မက်

နှုတ်မဆက်ရသေးလို့ ပြန်လာခဲ့ကြောင်း" ပြောပါသတဲ့၊ ဇနီးမယားက လာပဲ နှုတ်ဆက်နေရသေး သလား၊ တစ်ခါတည်း လိုက်သွားရင်ပြီးရော့-ဟု ပြောတဲ့ အခါ နင်တို့သားအမိနှစ်ယောက်တည်း ဖြစ်ပါ့မလား၊ နင်စဉ်းစားနော်-ဟု ပြော သတဲ့၊ ဇနီးမယားက စဉ်းစားနေစရာမလိုဘူး၊ မြန်မြန်ပြန်သွား၊ တော်ကြာ နတ်ကြီးကို မမီလိုက်ဘဲနေမယ်-ဟု ပြောတဲ့အခါ တကယ်ပြောတာလား၊ နင်မစဉ်းစားရင် ငါစဉ်းစားမယ်၊ မသွားတော့ဘူး-ဟု ပြောသတဲ့။ ဒါဟာ နှုတ်ကသာ နိဗ္ဗာန်ကိုလိုချင်တယ် ပြောဆိုပြီး စိတ်ထဲက မပါတာ ထင်ရှား ပါတယ်။

နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်ကို ရှင်တော်မြတ်ဘုရားက-

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာ ယေဝ တဏှာယ အသေသဝိရာဂနိရောဓော၊ စာဂေါ၊ ပဋိနိဿဂ္ဂေါ၊ မုတ္တိ၊ အနာ လယော-ဟု ဟောတော်မူပါတယ်။

ဘိက္ခဝေ၊ အို, နာ, သေ-ရေး ဒုက္ခဘေးကို တွေးရှုကြောက်ကြား အိုချစ်သားတို့။ ဣဒံ ခေါ ပန၊ ဤသို့ ဟောကြားထုတ်ဖော် မိန့်တော် မူလတ္တံ့သည်ကား။ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ဒုက္ခချုပ်ကြောင်း အကောင်း မှန်စွာ အရိယသစ္စာသာတည်း။ တဿာ ယေဝ တဏှာယ၊ ထိုတဏှာ၏ သာလျှင်။ ယော အသေသဝိရာဂနိရောဓော၊ အကြွင်း အကြွင်းမဲ့ ရုပ်သိမ်း၍ ချုပ်ငြိမ်းခြင်းသည်။ ယော စာဂေါ၊ အကြွင် ပယ်စွန့်ခြင်းသည်။ ယော ပဋိနိဿဂ္ဂေါ၊ အကြွင် တစ်ဖန် ဝေးလံစွာ ပယ်စွန့်ခြင်းသည်။ ယာ မုတ္တိ၊ အကြွင် စွန့်လွှတ်လိုက်ခြင်းသည်။ ယော အနာလယော၊ အကြွင် အတွယ်အတာ ကင်းခြင်းသည်။ အတ္ထိ၊ စင်စစ်မသွေ ရှိပါပေ၏။ ဣဒံ၊ ဤ သဘောသည်။ ဟောတိ၊ နိရောဓ သစ္စာ၊ မှန်စွာစင်စစ် ဧကန်ဖြစ်ပါပေတော့သတည်း။

အဓိပ္ပါယ်ကတော့- ချစ်သားတို့ ဒုက္ခချုပ်ငြိမ်းရာ စင်စစ်အမှန် ဖြစ်တဲ့ နိရောဓသစ္စာဟာ တဏှာ၏ချုပ်ရာ စင်စစ်ဧကန်ဖြစ်တယ် တဏှာချုပ်ရင် ဒုက္ခချုပ်တယ်။ ဆင်းရဲခြင်း ဒုက္ခသစ္စာက အကျိုး လိုချင်တပ်မက် နှစ်သက်မှု- တဏှာလောဘ သမုဒယသစ္စာက အကြောင်း။ ရှင်တော်မြတ်ဘုရား ယော

ကြားတော်မူသော တရားများဟာ အကြောင်းသတ်တရားများ ဖြစ်ပါတယ်၊ ဒါကြောင့် ရှင်တော်မြတ်ဘုရားကို ကေသရာဇာခြင်္သေ့မင်းနှင့်တူတယ်လို့ ပြောကြပါတယ်။ ခြင်္သေ့မင်းဟာ သူ့ကို လူတစ်ယောက်က မြားနှင့်ပစ်ရင် အကျိုးဖြစ်သော မြားကို မသတ်ဘဲ အကြောင်းဖြစ်သော လူကိုသာသတ်သလို ရှင်တော်မြတ်ဘုရား ဟောကြားထားသော တရားများဟာလဲ အကြောင်းသတ်များသာ ဖြစ်ပါတယ်။ တိတ္ထိများ ဟောကြားထားသော တရားများကတော့ အကျိုးသတ်တရားများသာ ဖြစ်သောကြောင့် ခွေးနှင့်တူပါတယ်၊ ခွေးဟာ လူတစ်ယောက်က ခဲနှင့်ပေါက်တဲ့အခါ အကြောင်းဖြစ်သော လူကိုမကိုက်ဘဲ အကျိုးဖြစ်သော ခဲကိုသာ ကိုက်ပါတယ်။ တိတ္ထိများက ကိလေသာငြိမ်းအောင် ရေချိုး, မီးလှုံ, တုံးခုန်, ဇယ်ခတ်-ဟု ဟောထားခြင်းဟာ အကျိုးသတ်များသာ ဖြစ်သောကြောင့် ကိလေသာ မငြိမ်းအေးနိုင်ပါ။ ဒါကြောင့် မြတ်စွာ ဘုရားက အကျိုးဖြစ်တဲ့ ဆင်းရဲဒုက္ခဟု ဆိုအပ်သော ဒုက္ခသစ္စာ ချုပ်ငြိမ်းဖို့ရာ အကြောင်းဖြစ်သော တဏှာကို အကြွင်းမရှိ ချုပ်အောင် ပြုလုပ်ရမယ်၊ တဏှာကို စွန့်လွှတ်ရမယ်၊ တဏှာမှလွတ်အောင် ပြုလုပ်ရမယ်၊ တဏှာတည်းဟူသော တွယ်တာမှု မရှိအောင် အားထုတ်ပြုလုပ်ရမယ်-ဟု ဟောတော်မူခြင်း ဖြစ်ပါတယ်။

အကြောင်းတဏှာ သမုဒယသစ္စာချုပ်ရင် အကျိုး ဒုက္ခသစ္စာ ချုပ်တယ်၊ အဲဒီ သမုဒယသစ္စာနှင့် ဒုက္ခသစ္စာ ချုပ်ငြိမ်းတဲ့နေရာကို နိရောဓသစ္စာ-ခေါ်တယ်၊ နိရောဓသစ္စာ၏ တရားကိုယ်ဟာ နိဗ္ဗာန် ဖြစ်တယ်။ အဲဒီနိဗ္ဗာန်ဟာ ဘယ်မှာရှိသလဲ-ဆိုတဲ့ သုံးခုမြောက် အမေးအရ နိဗ္ဗာန်ရှိရာ နေရာတွေကို ပြောပြမယ်။ သမုဒယသစ္စာကို ဟောတုန်းက တဏှာဖြစ်တဲ့နေရာပေါင်း ခြောက်ဆယ်တို့ကို ပြောပြခဲ့တယ်၊ တဏှာချုပ်တဲ့နေရာကို နိရောဓသစ္စာ နိဗ္ဗာန်ဟု ဆိုသောကြောင့် နိဗ္ဗာန်ဟာလည်း နေရာပေါင်းခြောက်ဆယ်မှာ ရှိပါတယ်။

၁။ (၁) စက္ခုဒွါရခေါ်တဲ့ မျက်စိ၊ (၂) သောတဒွါရခေါ်တဲ့ နား၊ (၃) ဃာနဒွါရခေါ်တဲ့ နှာခေါင်း၊ (၄) ဇိဝှါဒွါရခေါ်တဲ့ လျှာ၊ (၅) ကာယဒွါရခေါ်တဲ့ ကိုယ် (၆) မနောဒွါရခေါ်တဲ့ စိတ်-အားဖြင့် ဒွါရ ၆-ပါး တို့၌ တဏှာ ချုပ်ငြိမ်းရာ နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်ဖြစ်ပါတယ်။

၂။ (၁) ရူပါရုံခေါ်တဲ့ အဆင်းမျိုးစုံ၊ (၂) သဒ္ဒါရုံခေါ်တဲ့ အသံမျိုးစုံ၊ (၃) ဂန္ဓာရုံခေါ်တဲ့ အနံ့မျိုးစုံ၊ (၄) ရသာရုံခေါ်တဲ့ အစားအစာမျိုးစုံ၊ (၅) ဖောဋ္ဌဗ္ဗာရုံခေါ်တဲ့ အတွေ့အထိမျိုးစုံ၊ (၆) ဓမ္မာရုံခေါ်တဲ့ သဘောတရားမျိုးစုံ-အားဖြင့် အာရုံ ၆-ပါးတို့၌ တဏှာချုပ်သွားရင် နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန် ဖြစ်ပါတယ်။

၃။ (၁) စက္ခုဝိညာဏ်ခေါ်တဲ့ မြင်သိစိတ်၊ (၂) သောတဝိညာဏ် ခေါ်တဲ့ ကြားသိစိတ်၊ (၃) ဃာနဝိညာဏ်ခေါ်တဲ့ နံသိစိတ်၊ (၄) ဇိဝှါဝိညာဏ်ခေါ်တဲ့ စားသိစိတ်၊ (၅) ကာယဝိညာဏ်ခေါ်တဲ့ ထိသိ စိတ်၊ (၆) မနောဝိညာဏ်ခေါ်တဲ့ ကြံသိစိတ်-အားဖြင့် ဝိညာဏ် ၆-ပါးတို့၌ တဏှာချုပ်ရင် နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်ဖြစ်ပါတယ်။

၄။ (၁) စက္ခုသမ္ဖဿခေါ်တဲ့ မျက်စိအတွေ့၊ (၂) သောတသမ္ဖဿ ခေါ်တဲ့ နားအတွေ့၊ (၃) ဃာနသမ္ဖဿခေါ်တဲ့ နှာခေါင်းအတွေ့၊ (၄) ဇိဝှါသမ္ဖဿ ခေါ်တဲ့ လျှာအတွေ့၊ (၅) ကာယသမ္ဖဿခေါ်တဲ့ ကိုယ်အတွေ့၊ (၆) မနော သမ္ဖဿခေါ်တဲ့ စိတ်အတွေ့-အားဖြင့် အတွေ့အထိ သမ္ဖဿ ၆-ပါးတို့၌လည်း တဏှာချုပ်ရင် နိရောဓ သစ္စာ ခေါ်တဲ့ နိဗ္ဗာန်ဖြစ်ပါတယ်။

၅။ (၁) စက္ခုသမ္ဖဿဇာဝေဒနာခေါ်တဲ့ မျက်စိအတွေ့ကြောင့် ဖြစ်သော ခံစားမှု၊ (၂) သောတသမ္ဖဿဇာဝေဒနာခေါ်တဲ့ နားအတွေ့ ကြောင့်ဖြစ်သော ခံစားမှု၊ (၃) ဃာနသမ္ဖဿဇာဝေဒနာခေါ်တဲ့ နှာခေါင်းအတွေ့ကြောင့် ဖြစ်သော ခံစားမှု၊ (၄) ဇိဝှါသမ္ဖဿဇာဝေဒနာ ခေါ်တဲ့ လျှာအတွေ့ကြောင့် ဖြစ်သော ခံစားမှု၊ (၅) ကာယသမ္ဖဿဇာ ဝေဒနာခေါ်တဲ့ ကိုယ်အတွေ့ကြောင့် ဖြစ်သော ခံစားမှု၊ (၆) မနောသမ္ဖဿဇာဝေဒနာ ခေါ်တဲ့ စိတ်အတွေ့ကြောင့် ဖြစ်သော ခံစားမှုအားဖြင့် ခံစားမှုဝေဒနာ ၆-ပါးတို့၌ တဏှာချုပ်ရင် နိရောဓသစ္စာ ခေါ်တဲ့ နိဗ္ဗာန်ဖြစ်ပါတယ်။

၆။ (၁) ရူပသညာခေါ်တဲ့ အဆင်းမျိုးစုံကို မှတ်ခြင်း၊ (၂) သဒ္ဒသညာခေါ်တဲ့ အသံမျိုးစုံကို မှတ်ခြင်း၊ (၃) ဂန္ဓသညာခေါ်တဲ့ အနံ့မျိုးစုံကို မှတ်ခြင်း၊ (၄) ရသ

သညာခေါ်တဲ့ အစားအစာမျိုးစုံကို မှတ်ခြင်း၊ (၅) ဖောဋ္ဌဗ္ဗသညာခေါ်တဲ့ အတွေ့အထိမျိုးစုံကို မှတ်ခြင်း၊ (၆) ဓမ္မသညာခေါ်တဲ့ သဘောတရားမျိုးစုံကို မှတ်ခြင်း-အားဖြင့် မှတ်သားမှု=သညာ ၆-ပါးတို့ဌ် တဏှာချုပ်ရင် နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန် ဖြစ်ပါတယ်။

၇။ (၁)ရူပသဉ္စေတနာခေါ်တဲ့ အဆင်းမျိုးစုံကို စေ့ဆော်ခြင်း၊ (၂) သဒ္ဒသဉ္စေတနာခေါ်တဲ့ အသံမျိုးစုံကို စေ့ဆော်ခြင်း၊ (၃) ဂန္ဓသဉ္စေတနာခေါ်တဲ့ အနံ့မျိုးစုံကို စေ့ဆော်ခြင်း၊ (၄) ရသသဉ္စေတနာခေါ် တဲ့ အစားအစာမျိုးစုံကို စေ့ဆော်ခြင်း၊ (၅) ဖောဋ္ဌဗ္ဗသဉ္စေတနာ ခေါ်တဲ့ အတွေ့အထိမျိုးစုံကို စေ့ဆော်ခြင်း၊ (၆) ဓမ္မသဉ္စေတနာခေါ်တဲ့ သဘောတရားမျိုးစုံကို စေ့ဆော်ခြင်း-အားဖြင့် စေ့ဆော်မှု သဉ္စေတနာ ၆-ပါးတို့ဌ် တဏှာချုပ်ရင် ,နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်ဖြစ်ပါတယ်။

၈။ (၁) ရူပတဏှာခေါ်တဲ့ အဆင်းမျိုးစုံတို့ကို တပ်မက်နှစ်သက်ခြင်း၊ (၂) သဒ္ဒတဏှာခေါ်တဲ့ အသံမျိုးစုံတို့ကို တပ်မက်နှစ်သက်ခြင်း၊ (၃) ဂန္ဓတဏှာခေါ်တဲ့ အနံ့မျိုးစုံတို့ကို တပ်မက်နှစ်သက်ခြင်း၊ (၄) ရသတဏှာခေါ်တဲ့ အစားအစာမျိုးစုံတို့ကို တပ်မက်နှစ်သက်ခြင်း၊ (၅) ဖောဋ္ဌဗ္ဗတဏှာခေါ်တဲ့ အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံတို့ကို တပ်မက်နှစ်သက်ခြင်း၊ (၆) ဓမ္မတဏှာခေါ်တဲ့ သဘောတရားမျိုးစုံတို့ကို တပ်မက်နှစ်သာက်ခြင်းအားဖြင့် တပ်မက်နှစ်သက်မှု တဏှာ ၆-ပါးတို့ဌ် တဏှာချုပ်ရင် နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်ဖြစ်ပါတယ်။

၉။ (၁) ရူပဝိတက္ကခေါ်တဲ့ အဆင်းကို ကြံစည်ခြင်း၊ (၂) သဒ္ဒဝိတက္က ခေါ်တဲ့ အသံကို ကြံစည်ခြင်း၊ (၃) ဂန္ဓဝိတက္ကခေါ်တဲ့ အနံ့ကို ကြံစည်ခြင်း၊ (၄) ရသဝိတက္ကခေါ်တဲ့ အစားအစာကို ကြံစည်ခြင်း၊ (၅) ဖောဋ္ဌဗ္ဗဝိတက္ကခေါ်တဲ့ အတွေ့အထိမျိုးစုံကို ကြံစည်ခြင်း၊ (၆) ဓမ္မဝိတက္ကခေါ်တဲ့ သဘောတရားကို ကြံစည်ခြင်းအားဖြင့် ကြံစည်ခြင်း ဝိတက် ၆-ပါးတို့ဌ် တဏှာချုပ်ရင် နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်ဖြစ်ပါတယ်။

၁၀။ (၁) ရူပဝိစာရခေါ်တဲ့ အဆင်းကို တွေးတောခြင်း၊ (၂) သဒ္ဒဝိစာရခေါ်တဲ့ အသံကို တွေးတောခြင်း၊ (၃) ဂန္ဓဝိစာရခေါ်တဲ့ အနံ့ကို တွေးတောခြင်း၊ (၄) ရသဂိစာရခေါ်တဲ့ အစားအစာကို တွေးတောခြင်း၊ (၅) ဖောဋ္ဌဗ္ဗဝိစာရခေါ်တဲ့ အတွေ့အထိကို တွေးတောခြင်း၊ (၆) ဓမ္မဝိစာရခေါ်တဲ့ သဘောတရားကို တွေးတောခြင်း-အားဖြင့် တွေးတောခြင်း ဝိစာရ ၆-ပါးတို့၌ တဏှာချုပ်ရင် နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်ဖြစ်ပါတယ်။

နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်ဟာ -

(၁) ဒွါရ ၆-ပါး၊ (၂) အာရုံ ၆-ပါး၊ (၃) ဝိညာဏ် ၆-ပါး၊ (၄) အတွေ့အထိ=ဖဿ ၆-ပါး၊ (၅) ခံစားမှု=ဝေဒနာ ၆-ပါး၊ (၆) မှတ်သားမှု=သညာ ၆-ပါး၊ (၇) စေ့ဆော်မှု=သဉ္စေတနာ ၆-ပါး၊ (၈) တပ်မက်နှစ်သက်မှု=တဏှာ ၆-ပါး၊ (၉) ကြံစည်မှု=ဝိတက် ၆-ပါး၊ (၁၀) တွေးတောမှု=ဝိစာရ ၆-ပါးအားဖြင့် ၆၀-သော နေရာတို့၌ ဖြစ်ပါတယ်။ ဒါ့ကြောင့် နိဗ္ဗာန်ဟာ ဘယ်မှာရှိသလဲ မေးရင် **ဖော်ပြခဲ့ပြီးသော ၆၀-သောနေရာဌာနတို့၌** ရှိပါတယ်-ဟု ဖြေရမယ်။

အမေး ၃-ခုကို ပြန်မေးပြဲ ဖြေပြပါမယ်။

(၁) ဘာကို နိဗ္ဗာန်ခေါ်သလဲ မေးရင် **မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော တရားကို နိဗ္ဗာန်ခေါ်ပါတယ်**-ဟု ဖြေပါ။

(၂) ဘာကြောင့် နိဗ္ဗာန်ခေါ်သလဲမေးရင် **တဏှာမှထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်ခေါ်ပါတယ်**-ဟု ဖြေပါ။

(၃) နိဗ္ဗာန် ဘယ်မှာရှိသလဲမေးရင် **ဖော်ပြခဲ့ပြီးသော ၆၀-သော နေရာဌာနတို့၌ နိဗ္ဗာန်ရှိပါတယ်**-ဟု ဖြေပါ။ (တစ်နည်းအားဖြင့် ခန္ဓာကိုယ်မှာ ရှိပါယ်ဟု ဖြေပါ။ - သာရတ္ထဒီပနီဋီကာ။)

နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်အကြောင်း သိကောင်းစရာများကို ဟောကြားပြသလို့ ပြီးပါပြီ၊ နိဗ္ဗာန်ကို လိုလားကြကုန်သော သပ္ပုရိသန္တယ်ဝယ် သူတော်စင်အပေါင်းတို့ဟာ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းများကို ပွားများမယုတ်ကြိုးစားအားထုတ်ကြပြီးလျှင် ဒုက္ခခပ်သိမ်း ပြတ်ငြိမ်းရာမှန် ပြည်နိဗ္ဗာန်သို့ လျှင်မြန်စွာ ရောက်နိုင်ကြ ပါစေကုန်သတည်း။

**(သာဓု-သာဓု-သာဓု)**

❖ ❖ ❖ ❖ ❖

# ဓမ္မစကြာဒေသနာဟောခဉ် (၆)

## (မဂ္ဂသစ္စာ)

ရှင်တော်မြတ်ဘုရားဟာ ပဉ္စဝဂ္ဂီတို့အား နိရောဓသစ္စာကို ဟောကြားတော်မူပြီးသည့်နောက်မှာ မဂ္ဂသစ္စာကို ဟောကြားတော်မူပါတယ်။ မဂ္ဂသစ္စာ၏ တရားကိုယ်မှာ မဂ်စိတ် ၄-ခု၌ရှိသော မဂ္ဂင် ၈-ပါးဖြစ်ပါတယ်။ ဤမဂ္ဂင် ၈-ပါးဟာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်းဖြစ်သောကြောင့် အကောင်းဆုံးဖြစ်ပါတယ်၊ ဤမဂ္ဂင် ၈-ပါးဟာ ရှင်တော်မြတ်ဘုရား၏ သာသနာတော်မှာသာ ရှိပါတယ်၊ အခြားသော သာသနာတော်များမှာ မရှိပါဘူး၊ သုဘဒ္ဒပရိဗိုဇ်က မြတ်စွာဘုရားအား အခြားသာသနာတော်မှာ မဂ္ဂင် ၈-ပါး တရားတော်များ ရှိ-မရှိကို မေးလျှောက်တဲ့အခါ မြတ်စွာဘုရားက —

"ဣမသ္မိံ ခေါ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဥပလဗ္ဘတိ၊ ဣဓေဝ သုဘဒ္ဒ သမဏော၊ ဣဓ ဒုတိယော၊ ဣဓ တတိယော၊ ဣဓ စတုတ္ထော သမဏော၊ သုညာ ပရပ္ပဝါဒါ သမဏေဟိ"ဟု ဖြေကြားတော်မူပါတယ်။ (သုတ်မဟာဝါ)

သုဘဒ္ဒ၊ သုဘဒ်။ ဣမသ္မိံ ခေါ ဓမ္မဝိနယေ၊ ဤငါဘုရား သာသနာတော်၌ သာလျှင်။ သမဏော၊ သောတာပန်ရဟန်းကို။ ဥပလဗ္ဘတိ၊ ရနိုင်၏။ ဣဓ၊ ဤမဂ္ဂင်ရှိရာ ငါဘုရားသာသနာ၌သာလျှင်။ ဒုတိယော၊ သကဒါဂါမ်ရဟန်းကို။ ဥပလဗ္ဘတိ၊ ရနိုင်၏။ ဣဓ၊ ဤမဂ္ဂင်ရှိရာ ငါဘုရားသာသနာတော်၌သာလျှင်။ တတိယော၊ အနာဂါမ်ရဟန်းကို။ ဥပလဗ္ဘတိ၊ ရနိုင်၏။ ဣဓ၊ ဤမဂ္ဂင်ရှိရာ ငါဘုရားသာသနာ၌သာလျှင်။ စတုတ္ထော သမဏော၊ ရဟန္တာကို။ ဥပလဗ္ဘတိ၊ ရနိုင်၏။ ပရပ္ပဝါဒါ၊ တခြားအယူ တခြားသာသနာတို့သည်။ သမဏေဟိ၊ ရဟန်း ၁၂-မျိုးတို့မှ။ သုညာ။ မရလုံးလုံး သုဉ်းဆိတ်ကြကုန်သတည်း။

အဓိပ္ပါယ်ကတော့- သုဘဒ်ပရိဗိုဇ် ငါဘုရားသာသနာတော်၌ သာလျှင် နိဗ္ဗာန်ရောက်ကြောင်း ကောင်းသောအကျင့်ဖြစ်သော မဂ္ဂင် ၈-ပါး ရှိပါတယ်။

ဒါကြောင့် ငါဘုရား သာသနာတော်၌သာလျှင် ရဟန်း ၁၂-မျိုးကို ရနိုင်ပါတယ်၊ အခြားသော သာသနာ၌ မဂ္ဂင် ၈-ပါး မရှိသောကြောင့် ရဟန်း ၁၂-မျိုးကို မရနိုင်ဘူး-ဟု မိန့်တော်မူ ပါတယ်။

## ရဟန်းကောင်း ၁၂-မျိုး

(၁) သောတာပန်ဖြစ်ရန် ဝိပဿနာ တရားများကို ကြိုးစားအားထုတ်သော ရဟန်း၊
(၂) သောတာပတ္တိမဂ်၌ တည်သော ရဟန်း၊
(၃) သောတာပတ္တိဖိုလ်၌တည်သော ရဟန်း၊
(၄) သကဒါဂါမ်ဖြစ်ရန် ဝိပဿနာတရားများကို ကြိုးစားအားထုတ်သော ရဟန်း၊
(၅) သကဒါဂါမိမဂ်၌တည်သော' ရဟန်း၊
(၆) သကဒါဂါမိဖိုလ်၌တည်သော ရဟန်း၊
(၇) အနာဂါမ်ဖြစ်ရန် ဝိပဿနာ တရားများကို ကြိုးစားအားထုတ်သော ရဟန်း၊
(၈) အနာဂါမိမဂ်၌တည်သော ရဟန်း၊
(၉) အနာဂါမိဖိုလ်၌တည်သော ရဟန်း၊
(၁၀) ရဟန္တာဖြစ်ရန် ဝိပဿနာ တရားများကို ကြိုးစား အားထုတ်သော ရဟန်း၊
(၁၁) အရဟတ္တမဂ်၌တည်သော ရဟန်း၊
(၁၂) အရဟတ္တဖိုလ်၌တည်သော ရဟန်း-

အားဖြင့် ရဟန်းကောင်း ၁၂-မျိုးတို့ကို ဤငါဘုရားသာသနာတော်၌သာ ရနိုင်ပါတယ်။ အခြားသာသနာတော်၌ မဂ္ဂင် ၈-ပါး မရှိသောကြောင့် ရဟန်းကောင်း ၁၂-မျိုးတို့ကို မရနိုင်ပါ။

အခြားသာသနာ၌ အနိစ္စ, ဒုက္ခ, အနတ္တ-ဆိုတဲ့ ဝိပဿနာအားထုတ်နည်းကိုပြသော ကျမ်းဂန်များလဲ မရှိဂါ၊ ဤဘုရား သာသနာတော်၌သာ အနိစ္စ,

ဒုက္ခ, အနတ္တ-ဟု ဝိပဿနာရှုနည်းကိုပြသော ကျမ်းများရှိပါတယ်။ သာသနာပ အခါ၌လည်း အနိစ္စ, ဒုက္ခ-သာ ထင်ရှားပါတယ်၊ အနတ္တတရားများ မထင်ရှားပါ။ သာသနာပအခါ၌ ထင်ရှားသော အနိစ္စနှင့် ဒုက္ခဟာလဲ အိုးကွဲသောအခါ သိသော အနိစ္စ၊ ဆူးငြောင့်စူးသောအခါ, အနာပေါက်သောအခါ သိသော ဒုက္ခမျိုးတို့သာဖြစ်သောကြောင့် မဂ်, ဖိုလ်, နိဗ္ဗာန်-ကို မရနိုင်ပါ။

ရှင်တော်မြတ်ဘုရားက သုဘဒ်ပရိဗိုဇ်ရဟန်းအား -

"ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေတိ အဿ"ဟု -

ဆက်လက်ဟောကြားတော်မူပါ တယ်။ (သုတ်မဟာဝါ။)

သုဘဒ္ဒ၊ သုဘဒ်ပရိဗိုဇ်။ ဣမေ စ ဘိက္ခူ၊ သာသနာအကျိုး သယ်ပိုး ထမ်းဆောင်ကြသော ဤရဟန်း ၁၂-မျိုးတို့သည်။ သမ္မာ၊ မိမိတို့ ရရှိထားသော တရားတော်များကို တစ်ပါးသော သူတို့အား ဟောကြားပြကာ ကောင်းမွန်စွာ။ ဝိဟရေယျုံ၊ ရဟန်းအလုပ်တွေကို အားထုတ်လို့သာ နေကုန်ငြားအံ့။ လောကော၊ လောကကြီးသည်။ အရဟန္တေဟိ၊ အာသဝေါကင်းကွာ ရဟန္တာတို့ဖြင့်။ အသုညော၊ များပြားပြည့်သိပ် မတိတ်ဆိတ်သည်။ အဿ၊ စင်စစ်မသွေ ဖြစ်ပါပေတော့သတည်း။

အဓိပ္ပါယ်ကတော့-သောတာပန်ဖြစ်သူက တခြားသူကို သောတာပန်ဖြစ်အောင် ကျင့်စဉ်အမှန်ကို ဟောကြားပြသပေးခြင်း, သကဒါဂါမ်ဖြစ်သူက တခြားသူကို သကဒါဂါမ်ဖြစ်အောင် ဟောကြားပြသပေးခြင်း, အနာဂါမ်ဖြစ်သူက တခြားသူကို အနာဂါမ်ဖြစ်အောင် ဟောကြားပြသပေးခြင်း, ရဟန္တာဖြစ်သူက အခြားသူကို ရဟန္တာဖြစ်အောင် ဟောကြားပြသပေးခြင်း-စသည် အားဖြင့် အချင်းချင်း မိမိသိအပ်သော တရားမှန်များကို မိမိကဲ့သို့ သိအောင်, ရအောင်-ဟောကြားပြသပေးခြင်းတည်းဟူသော ကောင်းစွာနေခြင်းဖြင့် နေသွားပါက လောကမှာ ရဟန္တာတွေ အများကြီးဖြစ်နိုင်တယ်-ဟု ဟောကြား ခြင်း ဖြစ်ပါတယ်။

သုတ်မဟာဝါ မဟာပရိနိဗ္ဗာန-သုတ်မှာ "သုဘဒ္ဒ"အမည်တူ နှစ်ဦးရှိပါတယ်။ ဥပကနှင့်မယ်စာပါတို့၏သား သုဘဒ္ဒ-ပရိဗိုဇ်နှင့် တောထွက်ရဟန်းကြီး သုဘဒ္ဒ-တို့ဖြစ်ကြပါတယ်။ ဤ ဘုရား သာသနာတော်မှတစ်ပါး အခြားသော သာသနာများ၌ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းဖြစ်သော မဂ္ဂင် ၈-ပါး ရှိပါသလား-ဟု လျှောက်ထားမေးမြန်းတဲ့ "သုဘဒ္ဒ"က ဥပကနှင့် မယ်စာပါတို့၏သား ပစ္ဆိမသာဝက ပရိဗိုဇ်သုဘဒ္ဒ- ဖြစ်ပါတယ်။ ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ကြွလာသော အရှင်မဟာကဿပ-နှင့် အတူပါလာပြီး ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူကြောင်းကို ကြားသိရ၍ သောတာပန်, သကဒါဂါမ်-ရဟန်းတော်များ ငိုကြွေးကြသောအခါ "ငါ့ရှင်တို့-မစိုးရိမ်ကြနှင့်၊ မငိုကြွေးကြနှင့်၊ ငါတို့ဟာ ရဟန်းကြီးဂေါတမလက်မှလွတ်ပြီ၊ ရဟန်းကြီး ဂေါတမ ရှိစဉ်က ဟိုဟာလုပ်ရင် မအပ်ဘူး၊ ဒီဟာလုပ်ရင် မအပ်ဘူး-နှင့် အာဏာရှင် ဆန်ဆန် ငါတို့အပေါ်မှာ ချုပ်ချယ်တယ်၊ သူမရှိတော့ ငါတို့ လုပ်ချင်သလို လုပ်လို့ရပြီ"ဟု ပြောတဲ့သုဘဒ္ဒ-က တောထွက်ရဟန်းကြီး သုဘဒ္ဒ-ဖြစ်ပါတယ်။

တောထွက်ရဟန်းကြီး သုဘဒ္ဒ-ပြောတဲ့ စကားကြောင့် အရှင် မဟာကဿပ မထေရ်ကြီးဟာ ဤသုဘဒ္ဒလို အလဇ္ဇီဒုဿီလတွေ များလာပါက သာသနာတော် ကွယ်ပျောက်မည့်အရေးကို တွေးပြီး ပဌမသင်္ဂါယနာတင်ခြင်း ဖြစ်ပါတယ်။

ဥပကနှင့် မယ်စာပါတို့၏သား ပစ္ဆိမသာဝက ပရိဗိုဇ်သုဘဒ္ဒ-က မေးလျှောက်ထားသောကြောင့် ရှင်တော်မြတ်ဘုရားက "ငါဘုရား သာသနာတော်မှာသာ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းဖြစ်သော မဂ္ဂင် ၈-ပါး ရှိသောကြောင့် ရဟန်းမျိုး ၁၂-ပါးကို ရနိုင်ကြောင်း, ရဟန်းတော်များ ကောင်းစွာနေကြရင် ရဟန္တာများ ရှိနိုင်သေးကြောင်းကို ဟောကြားထားခြင်း ဖြစ်ပါတယ်။ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းဖြစ်သော မဂ်စိတ် ၄-ခု၌ ရှိသော မဂ္ဂသစ္စာကို ရှင်တော်မြတ်ဘုရားက -

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ-

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပေါ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တော၊ သမ္မာ-အာဇီဝေါ၊ သမ္မာဝါယာမော၊ သမ္မာသတိ၊ သမ္မာသမာဓိ-ဟု ဟောကြားပါတယ်။

ဘိက္ခဝေ၊ ချစ်သားတို့။ ဣဒံ ခေါ ပန၊ ဤသို့ ဟောကြားထုတ်ဖော် မိန့်တော်မူလတ္တံ့သည်ကား။ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ ဆင်းရဲပယ်ဖျောက် နိဗ္ဗာန်ရောက်အောင် ဆောင်ရွက်မနှေး ဝဋ်ဘေးတော်လှန် မဂ္ဂ-သစ္စာ အမှန်သာတည်း။ အရိယော၊ ဖြူစင်ဖြောင့်မတ် ကောင်းမြတ်လှသော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးရှိသော။ အယမေဝ၊ ဤမဂ္ဂင်ရှစ်ပါးသည်သာလျှင်တည်း။ ဣဒံ၊ ဤမဂ္ဂင်သည်။ သေယျထာ-ကတမံ၊ အဘယ်နည်းဟူမူကား။

သမ္မာဒိဋ္ဌိ၊ မှန်ကန်စွာမြင်ခြင်း။ သမ္မာသင်္ကပ္ပေါ၊ မှန်ကန်စွာ ကြံစည်ခြင်း။ သမ္မာဝါစာ၊ မှန်ကန်စွာပြောဆိုခြင်း။ သမ္မာကမ္မန္တော၊ မှန်ကန်စွာပြုလုပ်ခြင်း။ သမ္မာအာဇီဝါ၊ မှန်ကန်စွာ အသက်မွေးခြင်း။ သမ္မာဝါ-ယာမော၊ မှန်ကန်စွာ အားထုတ်ခြင်း။ သမ္မာသတိ၊ မှန်ကန်စွာ အမှတ်ရခြင်း။ သမ္မာသမာဓိ၊ မှန်ကန်စွာတည်ကြည်ခြင်း။

ဣဒံ-ဓမ္မဇာတံ၊ ဤဆိုအပ်ခဲ့ပြီးသား တရားအပေါင်းသည်။ ဒုက္ခ နိရောဓ-ဂါမိနီပဋိပဒါ၊ ဒုက္ခချုပ်ရန် နိဗ္ဗာန်ရောက်ကြောင်း ကောင်းသော အကျင့်ဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့ သိအပ်သော တရားစင်စစ် အမှန်ဖြစ်ပါပေတော့သတည်း။

## (၁) သမ္မာဒိဋ္ဌိ

မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်းကို သမ္မာဒိဋ္ဌိ ခေါ်ဆိုပါတယ်။

ရုပ်နာမ်ခန္ဓာတို့၌ နိစ္စ-မြဲတယ်၊ သုခ-ချမ်းသာတယ်။ အတ္တ- ကိုယ်လုပ်ရင်ဖြစ်တယ်၊ သုဘ-တင့်တင်တယ်-ဟု မမှန်မကန် ဖောက်ပြန်စွာ မရှုမြင်မူ၍ရုပ်နာမ်ခန္ဓာတို့၌ အနိစ္စ-အမြဲမရှိခြင်း၊ ဒုက္ခ-ဆင်း ရဲခြင်း၊ အနတ္တ-အတ္တမဟုတ်လုပ်တိုင်းမဖြစ်ခြင်း၊ အသုဘ-မတင့်မတယ် ရွံ့ရှာဖွယ်-ဟု မဖောက်မပြန်

မှန်ကန်စွာ ရှုမြင်ခြင်းဟာ သမ္မာဒိဋ္ဌိ ဖြစ်ပါကယ်။ ထိုသမ္မာဒိဋ္ဌိကို ရှင်တော်မြတ်ဘုရားက -

ကတမာ စ ဘိက္ခဝေ သမ္မာဒိဋ္ဌိ –

ယံ ခေါ ဘိက္ခဝေ၊ ဒုက္ခေ ဉာဏံ၊ ဒုက္ခသမုဒယေ ဉာဏံ၊ ဒုက္ခနိရောဓေ ဉာဏံ၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ။

အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဒိဋ္ဌိ-ဟု ဟောကြားထားပါတယ်။

(သုတ်မဟာဝါ)

ဘိက္ခဝေ၊ ချစ်သားတို့။ သမ္မာဒိဋ္ဌိ။ မှန်ကန်စွာသိမြင်ခြင်းသည်။ ကတမာ စ၊ အဘယ်နည်းဟူမူကား။ -

ဒုက္ခေ၊ ဒုက္ခသစ္စာ၌။ ယံ ခေါ ဉာဏံ၊ အကြင် သိသောဉာဏ်သည်လည်းကောင်း။ ဒုက္ခသမုဒယေ၊ ဒုက္ခအကြောင်း မကောင်းမှန်စွာ သမုဒယ-သစ္စာ၌။ ယံ ခေါ ဉာဏံ၊ အကြင်သိသော ဉာဏ်သည်လည်းကောင်း။ ဒုက္ခ-နိရောဓေ၊ ဒုက္ခချုပ်ရာ နိရောဓသစ္စာ၌။ ယံ ခေါ ဉာဏံ၊ အကြင်သိသော ဉာဏ်သည်လည်းကောင်း။ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ၊ ဒုက္ခချုပ်ရန် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဖြစ်သော မဂ္ဂသစ္စာ၌။ ယံ ခေါ ဉာဏံ၊ အကြင်သိသော ဉာဏ်သည်လည်းကောင်း။ အတ္ထိ၊ စင်စစ် မသေ့ ရှိပါပေ၏။

အယံ၊ ဤအသိဉာဏ်ကို။ သမ္မာဒိဋ္ဌိ၊ မှန်ကန်စွာ သိခြင်းဟူ၍။ ဝုစ္စတိ၊ မုချမသေ့ ဆိုအပ်ပါပေသတည်း။

လိုရင်း အဓိပ္ပါယ်ကတော့ - သစ္စာလေးပါးတို့ကို မှန်ကန်စွာသိတဲ့ အသိဉာဏ်ကို **သမ္မာဒိဋ္ဌိ** ခေါ်ဆိုပါကယ်၊ တရားကိုယ်အားဖြင့် မင်စိတ်လေးခု၌ရှိသော ပညာစေတသိက် ဖြစ်ပါတယ်။

## (၂) သမ္မာသင်္ကပ္ပ

ယှဉ်ဖက်ဖြစ်သော တရားများကို နိဗ္ဗာန်အာရုံထသို့ ကောင်းစွာ **ရောက်** အောင် ရှေ့ဆောင်တင်ပေးတတ်သော သဘောကို **သမ္မာသင်္ကပ္ပ ခေါ်ဆို**

ပါတယ်။ လွတ်မြောက်ရေးကို ကြံတွေးခြင်း ဖြစ်ပါတယ်။ ထိုသမ္မာသင်္ကပ္ပကို ရှင်တော်မြတ်ဘုရားက -

"ကတမော စ ဘိက္ခဝေ သမ္မာသင်္ကပ္ပေါ။ -
နေက္ခမ္မသင်္ကပ္ပေါ၊ အဗျာပါဒသင်္ကပ္ပေါ၊ အဝိဟိံသာ သင်္ကပ္ပေါ။
အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသင်္ကပ္ပေါ။"ဟု ဟောတော်မူ ပါသည်။

(သုတ်မဟာဝါ)

ဘိက္ခဝေ၊ ချစ်သားတို့။ သမ္မာသင်္ကပ္ပေါ၊ သမ္မာသင်္ကပ္ပသည်။ ကတမော စ၊ အဘယ်နည်းဟူမူကား။-

နေက္ခမ္မသင်္ကပ္ပေါ၊ အိမ်ရာတည်ထောင် လူတို့ဘောင်မှ ထွက်ရှောင်ဖို့ရာ ကြံစည်ခြင်းသည်လည်းကောင်း။ အဗျာပါဒသင်္ကပ္ပေါ၊ ဗျာပါဒ၏ ဆန့်ကျင်ဘက်ကို ကြံစည်ခြင်းသည်လည်းကောင်း။ အဝိဟိံသာသင်္ကပ္ပေါ၊ ညှဉ်းဆဲမှု၏ ဆန့်ကျင့်ဘက်ကို ကြံစည်ခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။

ဘိက္ခဝေ၊ ချစ်သားတို့။ အယံ၊ ဤမှန်ကန်သော ကြံစည်မှု ၃-မျိုးကို။ သမ္မာသင်္ကပ္ပေါ၊ သမ္မာသင်္ကပ္ပ-ဟူ၍။ ဝုစ္စတိ၊ မုချမသွေ ဆိုအပ်ပါပေသတည်း။

အဓိပ္ပါယ်ကတော့- အိမ်ရာတည်ထောင် လူတို့ဘောင်မှ ထွက်ရှောင်ပြီးကာ ရသေ့ရဟန်းပြုလုပ်ဖို့ရာ ကြံစည်ခြင်း, ဗျာပါဒ၏ ဆန့်ကျင်ဘက်ဖြစ်သော မေတ္တာတရားများကို ပွားများဖို့ရာ ကြံစည်ခြင်း, ညှဉ်းဆဲမှု၏ ဆန့်ကျင်ဘက်ဖြစ်သော ကရုဏာတရားများကို ပွားများဖို့ရာ ကြံစည်ခြင်း-တို့ကို သမ္မာသင်္ကပ္ပ-ခေါ်ပါတယ်။ တရားကိုယ်မှာ မဂ်စိတ်လေးခု၌ရှိသော ဝိတက် စေတသိက် ဖြစ်ပါတယ်။

## တောထွက်ခြင်း ၄-မျိုး

အိမ်ရာတည်ထောင် လူတို့ဘောင်မှ ခွါရှောင်လျက် တောထွက်ခြင်း ၄-မျိုးတို့ကို နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာ၌ ဖွင့်ပြထားပါတယ်။

(၁) လူကသာ တောထွက်ပြီး၊ စိတ်ကတော့ တောမထွက်သူ၊
(၂) စိတ်ကသာ တောထွက်ပြီး လူကတော့ တောမထွက်သူ၊
(၃) လူရော စိတ်ပါ တောထွက်သူ၊
(၄) လူရောစိတ်ပါ တောမထွက်သူ-တို့ ဖြစ်ကြပါတယ်။

(၁) အချို့သူများဟာ လူကတော့ တောထွက်ပြီး စိတ်ကတော့ လောဘ, ဒေါသ, မောဟ-စသော အကုသိုလ်တရားများနှင့် ပျော်နေပါတယ်။

ရှေးအခါက တောထွက်ရဟန်းကြီးတစ်ပါးဟာ တောထဲမှာ ကျောင်းဆောက်ပြီး တစ်ပါးတည်းနေပါတယ်၊ နွားပျောက်လိုက်ရှာတဲ့ ဒကာပဟာ နေပူတာနှင့် ကျောင်းအောက်မှာ နေရိပ်ခိုကာ နားနေပါတယ်၊ ကျောင်းပေါ်က တောထွက်ရဟန်းကြီးက လူမရှိဘူးအထင်နှင့် ဝါသနာပါသည့်အလျောက် ဒုံးသီချင်းကို စီးကိုက်ဝါးကိုက် အလိုက်သင့်စွာ ဆိုနေပါတယ်။ ကျောင်းအောက်က ဒကာ ကျောင်းပေါ်တက် သွားသောအခါ တောထွက်ရဟန်းကြီးက သူနှင့်အတူလာနေဖို့ရာ ပြောပါတယ်၊ ဒကာက နေတော့နေချင်ပါတယ်၊ ကိုယ်တော်လို ဒုံးသီချင်း မဆိုတတ်တော့ ခက်တယ်-ဟု လျှောက်ထားသတဲ့။ ဤသူမျိုးဟာ လူကသာတောထွက်ပြီး စိတ်ကတော့ တောမထွက်သူ ဖြစ်ပါတယ်။ (သာဂိဇာ)

(၂) အချို့သော သူများဟာ လူကတော့ မြို့ရွာ၌ နေကြပါသော်လဲ စိတ်ကတော့ အကုသိုလ်များမှ ရှောင်ရှားဟာ တရားဘာဝနာများကို ပွားများအားထုတ်ကြပါတယ်။

အရှင်ဥပါလိဟာ ရဟန်းပြု၍ ဘုရားထံကမ္မဋ္ဌာန်းတောင်းပြီး တောရကျောင်း၌ နေဖို့ရန် ခွင့်ပန်သောအခါ ရှင်တော်မြတ်ဘုရားက "ဥပါလိ-တောကျောင်း၌နေပြီး တရားအားထုတ်ရင် ဝိပဿနာမှုရ တစ်ပါးတည်းကိုသာ ပြည့်စေနိုင်မယ်၊ စာပေပရိယတ္တိ သင်ကြားပို့ချခြင်းဖြစ်သော ဂန္ထဓုရကို မပြည့်စေနိုင်ဘူး၊ တောကျောင်းသို့ မသွားဘဲ မြို့ရွာမှာနေ၍ ငါဘုရားထံမှာ တရား

အားထုတ်ခြင်း, စာပေပရိယတ္တိကို သင်ကြားခြင်း-ပြုလုပ်ပါက ဝိပဿနာဓူရ, ဂန္ထဓူရ- နှစ်ပါးလုံးကို ပြည့်စုံစေနိုင်တယ်-ဟု မိန့်ကြားပါတယ်။ အရှင်ဥပါလိဟာ ဘုရားစကားကို နားယောင်ပြီး တရားအားထုတ်ခြင်း=ဝိပဿနာဓူရ, စာပေပရိယတ္တိ သင်ကြားခြင်း=ဂန္ထဓူရ-နှစ်ပါးတို့ကို ပြုလုပ်အားထုတ်ရာ ဝိနည်းဧတဒဂ်ရကာ ရဟန္တာကြီး ဖြစ်သွားပါတယ်။ ဤသူမျိုးဟာ လူကတော့ မြို့ရွာ၌ နေပါသော်လဲ စိတ်က အကုသိုလ်များမှ ရှောင်ရှားကာ တရားအားထုတ်သောကြောင့် စိတ်ကသာ တောထွက်ပြီး လူကတော့ တောမထွက်သူ ဖြစ်ပါတယ်။ (ထေရဂါထာအဋ္ဌကထာ။)

(၃) အချို့သောသူများဟာ လူကလဲ တောထွက်ပြီး စိတ်ကလဲ အကုသိုလ်တရားများမှ ရှောင်ရှားကာ ဝိပဿနာ တရားအလုပ်တွေကို အားထုတ်ပါတယ်။

အရှင်သာရိပုတ္တရာ၏ တပည့် ဝနဝါသီတိဿ-ဟာ တောထွက်ပြီး ဝိပဿနာတရားများကို ပွားများအားထုတ်ရာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်သွားပါတယ်။ ဤသူမျိုးဟာ လူကလဲ တောထွက် စိတ်ကလဲ တောထွက်သူ ဖြစ်ပါတယ်။ (ဓမ္မပဒအဋ္ဌကထာ။)

(၄) အချို့သူများဟာ လူကလဲ တောမထွက် စိတ်ကလဲ အကုသိုလ်တရားများနှင့်သာ ပျော်ပါးနေပါတယ်။

ရှင်တော်ဘုရားလက်ထက်က အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့၏ တပည့်ဖြစ်ကြသော အဿဇိပုနဗ္ဗသုကဘို့ဟာ တပည့်ပေါင်းများစွာနှင့် ကိဋာဂိရိဇနပုဒ်ရွာမှာ နေကြပါတယ်၊ သူတို့ဟာ ရှင်တော်မြတ်ဘုရား မကြိုက်သော ဝိနည်းတော်နှင့် မညီသော ဆေးကုခြင်း, ဗေဒင်ဟောခြင်း, သင်္ကန်းစိုက်ပြီး ဈေး, လမ်း, ရထား, ကား စသည်တို့၌ ပိုက်ဆံအလှူခံခြင်း, ဆွမ်းချက်အမျိုးသမီးများနှင့် ရောရော နှောနှောနေခြင်း, လောင်းကစားခြင်း, ပွဲကြည့်ခြင်း, အိပ်လည်ခြင်း, ပန်းပေးခြင်း စသော ကုလဒူသက, မိစ္ဆာဇီဝ, ပါပသမာစာရ-အကုသိုလ်များကိုသာ ပြုလုပ်နေကြပါတယ်။ ဤသို့သော ပုဂ္ဂိုလ်

များကို သိလျက်သားနှင့် လှူဒါန်းပါက ကုသိုလ်မရဘဲ ငရဲကြီးသောကြောင့် ရှင်တော်မြတ်ဘုရား ကြားသိတော်မူသောအခါ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ကို သွားရောက်အနှင်ခိုင်းပါတယ်။ ဤသူမျိုးဟာ လူကလဲ တောမထွက် စိတ်ကလဲ တောမထွက်သူ ဖြစ်ပါတယ်။ (ပါရာဇိကပါဠိ။)

## ဘုရားအကြိုက် တော၌နေသူ

မြို့ရွာကျောင်း၌ နေသူများဟာ ဈာန်ဝင်စားနေပါသော်လဲ ဈာန်မှ ထသောအခါ မိန်းမသံ, ယောကျာ်းသံ, ကလေးသံ-စသည်တို့ကို ကြားနေကြရ ပါတယ်၊ ထိုအသံတို့ကြောင့် ရပြီးသားဈာန်များ ပျောက်ကွယ်သွားနိုင်ပါတယ်။ တောရကျောင်း၌ နေသူများဟာ အိပ်ပျော်နေပါသော်လဲ နိုးလာသောအခါ ခြင်္သေ့, ကျား, ဥဒေါင်း-စသည်တို့၏ အသံများကိုသာ ကြားနေကြရပြီး နှစ်သက်ခြင်း-ပီတိဖြစ်ပါတယ်၊ ထိုပီတိကို လက္ခဏာတင် ဆင်ခြင်သုံးသပ် လျက် အရဟတ္တမဂ်-အရဟတ္တဖိုလ်ကိုရကာ ရဟန္တာဖြစ်နိုင်ကြပါတယ်။ ဒါကြောင့် ရှင်တော်မြတ်ဘုရားက "မြို့ကျောင်း ရွာကျောင်းတွေမှာနေပြီး ဈာန်ဝင်စားနေသူများထက် တောရကျောင်း၌ အိပ်နေသူများက သာ၍ပင် မြတ်တယ်"ဟု ချီးမွမ်းတော်မူပါတယ်။

## ဘုရားမကြိုက် တော၌နေသူ

လူအများက အထင်ကြီးလာအောင် လာဘ်လာဘ ပေါ်များလာအောင် ရည်ရွယ်ချက်ဖြင့် တောရဆောက်တည်နေသူများကို ဘုရားမကြိုက်ပါ။ ဒါကြောင့် ရှင်တော်မြတ်ဘုရားက -

> န ဘိက္ခဝေ ပဏိဓာယ အရညေ ဝတ္ထဗ္ဗံ၊ ယော ဝသေယျ အာပတ္တိ ဒုက္ကဋဿ-ဟု ပညတ်တော်မူထားပါတယ်။
>
> (ပါရာဇိကပါဠိတော်။)

ဘိက္ခဝေ၊ ရဟန်းတို့။ ပဏိဓာယ၊ လူများအထင်ကြီးအောင်, လာဘ်လာဘ ပေါ်များအောင်-ဟူသော ရည်ရွယ်ချက်ဖြင့်။ အရညေ။ တော၌။ န ဝတ္ထဗ္ဗံ။

မနေအပ်။ ယော၊ အကြင်ရဟန်းသည်။ ဝသေယျ၊ နေငြားအံ့။ တဿ၊ ထိုရဟန်းအား။ အာပတ္တိ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သင့်စေ။
(ရည်ရွယ်ချက်မထားဘဲ တရားအားထုတ်လို့ အများကြည်ညို ဘုန်းကြီးသူမှာ အပြစ်မရှိပါ။)

## (အဗျာပါဒသက်ပ္ပ)

သတ္တဝါများ၏ အသက်, အိုးအိမ်, စည်းစိမ်ချမ်းသာ-တွေကို ပျက်စီးအောင် မကြံစည်ဘဲ အားလုံးသော သတ္တဝါတွေ ကျန်းမာ ချမ်းသာအောင် ဆောင်ရွက်ဖို့ရန် ကြံစည်တာကို အဗျာပါဒသက်ပ္ပ ခေါ်ပါတယ်။

## အဝိဟိံသာသက်ပ္ပ

သူတစ်ပါးတို့အား ညှဉ်းဆဲ, သတ်ဖြတ်, နှိပ်စက်မှုကို မကြံစည်ဘဲ အားလုံးသော သတ္တဝါတို့၏ အပေါ်၌ ကရုဏာတရား ပွားများကာ ကြံစည်နေခြင်းကို **အဝိဟိံသာသက်ပ္ပ** ခေါ်ပါတယ်။

## သမ္မာဝါစာ

သမ္မာဝါစာကို ရှင်တော်မြတ်ဘုရားက -

"ကတမာ စ ဘိက္ခဝေ သမ္မာဝါစာ-
မုသာဝါဒါ ဝေရမဏီ၊ ပိသုဏာယ ဝါစာယ ဝေရမဏီ၊ ဖရုသာယ ဝါစာယ ဝေရမဏီ၊ သမ္ဖပ္ပလာပါ ဝေရမဏီ။
အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဝါစာ"။- ဟု ဟောတော်မူပါတယ်။
(သုတ်မဟာဝါ)

ဘိက္ခဝေ၊ ချစ်သားတို့။ သမ္မာဝါစာ။ သမ္မာဝါစာသည်။ ကတမာ စ၊ **အဘယ်နည်းဟူမူကား။-**

မုသာဝါဒါ၊ လိပ်ညာပြောဆိုခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ခြင်းသည် **လည်းကောင်း။** ပိသုဏာယ ဝါစာယ၊ ကုန်းတိုက်ပြောဆိုခြင်းမှ။ ဝေရမဏီ။

ရှောင်ကြဉ်ခြင်းသည်လည်းကောင်း။ ဖရုသာယ ဝါစာယ၊ ကြမ်းကြမ်းတမ်းတမ်း ဆဲဆိုကြိမ်းမောင်း ပြောဆိုခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ခြင်းသည်လည်း ကောင်း။ သမ္ဖပ္ပလာပါ၊ အကျိုးမရှိ ပြိန်ဖျင်းသော-စကားကို ပြောဆိုခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ခြင်းလည်းကောင်း။ အတ္ထိ၊ ရှိ၏။

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ အယံ၊ ဤဝစီကံလေးပါးမှ ရှောင်ကြဉ်ခြင်း ကို။ သမ္မာဝါစာ၊ သမ္မာဝါစာ-ဟူ၍။ ဝုစ္စတိ၊ မှာချမသွေ ဆိုအပ်ပါပေသတည်း။

အဓိပ္ပါယ်ကတော့-မုသာဝါဒ၊ ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ-ဝါစာ-ဟုဆိုအပ်သော ဝစီကံ ၄-ပါးမှ ရှောင်ကြဉ်ခြင်းကို သမ္မာဝါစာ ခေါ်ပါ တယ်။ တရားကိုယ်မှာ မဂ်စိတ်လေးခု၌ရှိသော သမ္မာဝါစာဝိရတီ စေတသိက် ဖြစ်ပါတယ်။

## သမ္မာကမ္မန္တ

သမ္မာကမ္မန္တကို ရှင်တော်မြတ်ဘုရားက -

"ကတမော စ ဘိက္ခဝေ သမ္မာကမ္မန္တော။-

ပါဏာတိပါတာ ဝေရာမဏီ၊ အဒိန္နာဒါနာ ဝေရမဏီ၊ ကာမေသု မိစ္ဆာစာရာ ဝေရမဏီ။

အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာကမ္မန္တော"ဟု ဟောတော်မူ ပါတယ်။

(သုတ်မဟာဝါ)

ဘိက္ခဝေ၊ ချစ်သားတို့။ သမ္မာကမ္မန္တော၊ သမ္မာကမ္မန္တသည်။ ကတမော စ၊ အဘယ်နည်းဟူမူကား။-

ပါဏာတိပါတာ၊ သတ္တဝါကို ရိုက်နှက်ခုတ်ညှဉ်း သတ်ဖြတ်ခြင်းမှ။ ဝေရ-မဏီ၊ ရှောင်ကြည်ခြင်းသည် လည်းကောင်း။ အဒိန္နာဒါနာ၊ သူများပိုင်ထား ပစ္စည်းများကို မတရား စိုးမူ ခိုးယူလိမ်ညှဉ်း လုယူခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ် ခြင်းသည် လည်းကောင်း။ ကာမေသု မိစ္ဆာစာရာ၊ မိမိသာဆိုင် ကာမပိုင်မှ ယိမ်းယိုင်ဖောက်ပြား သူတစ်ပါးကို ပြစ်မှားလိုမှု ကာမေသုမိစ္ဆာစာရကံမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။

ဘိက္ခဝေ၊ ချစ်သားတို့။ အယံ၊ ဤကာယကံ ၃-ပါးတို့မှ ရှောင်ကြဉ်ခြင်းကို။ သမ္မာကမ္မန္တော၊ သမ္မာကမ္မန္တ-ဟူ၍။ ဝုစ္စတိ၊ မုချမသွေ ဆိုအပ်ပါပေသတည်း။

အဓိပ္ပါယ်ကတော့-ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသု မိစ္ဆာစာရ-ဟုဆိုအပ်သော ကာယကံ ၃-ပါးတို့မှ ရှောင်ကြဉ်ခြင်းကို **သမ္မာကမ္မန္တ** ခေါ်ပါတယ်။ တရားကိုယ်မှာ မဂ်စိတ်လေးခု၌ရှိသော သမ္မာကမ္မန္တ ဝိရတီစေတသိက်ဖြစ်ပါတယ်။

## သမ္မာအာဇီဝ

သမ္မာအာဇီဝကို ရှင်တော်မြတ်ဘုရားက-

"ကတမော စ ဘိက္ခ ဝေ သမ္မာအာဇီဝေါ။-

ဣဓ ဘိက္ခဝေ အရိယသာဝကော မိစ္ဆာအာဇီဝံ ပဟာယ သမ္မာ-အာဇီဝေန ဇီဝိတံ ကပ္ပေတိ။

အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာအာဇီဝေါ။" ဟု ဟောတော်မူပါတယ်။

(သုတ်မဟာဝါ။)

ဘိက္ခဝေ၊ ချစ်သားတို့။ သမ္မာအာဇီဝေါ၊ သမ္မာအာဇီဝသည်။ ကတမော စ၊ အဘယ်နည်းဟူမူကား။-

ဘိက္ခဝေ၊ ချစ်သားတို့။ ဣဓ၊ ဤသာသနာတော်၌။ အရိယသာဝကော၊ အရိယာတပည့်သည်။ မိစ္ဆာအာဇီဝံ၊ နည်းလမ်းလွဲမှား မိစ္ဆာအားဖြင့် မတရားသော အသက်မွေးမှုကို။ ပဟာယ၊ ပယ်စွန့်၍။ သမ္မာအာဇီဝေန၊ နည်းလမ်းမှန်သော အသက်မွေးခြင်းဖြင့်။ ဇီဝိတံ၊ အသက်မွေးခြင်းကို။ ကပ္ပေတိ၊ ပြု၏။

ဘိက္ခဝေ၊ ချစ်သားတို့။ အယံ၊ ဤ နည်းလမ်းမှန်သော အသက်မွေးခြင်းကို။ သမ္မာအာဇီဝေါ၊ သမ္မာအာဇီဝ-ဟူ၍။ ဝုစ္စတိ၊ မုချမသွေ ဆိုအပ်ပါပေသတည်း။

အဓိပ္ပါယ်ကတော့- အသက်ကို အသေခံပြီး ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါးအားဖြင့် ဒုစရိုက် ၇-ပါးတို့မှ ရှောင်ကြဉ်တာကို သမ္မာအာဇီဝ

ခေါ်ပါတယ်။ တရားကိုယ်မှာ မဂ်စိတ်လေးခု၌ရှိသော သမ္မာအာဇီဝ ဝိရတိ စေတသိက်ဖြစ်ပါတယ်။

ထိုဒုစ္စရိုက် ၇-ပါးတို့မှ ရှောင်ကြဉ်မှု=ဝိရတီဟာ (၁) သမာဒါနဝိရတီ၊ (၂) သမ္ပတ္တဝိရတီ၊ (၃) သမုစ္ဆေဒဝိရတီ-အားဖြင့် ၃-ပါးရှိ ပါတယ်။

## (၁) သမာဒါနဝိရတီ

သီလခံယူဆောက်တည်ပြီး ရှောင်ကြဉ်တာမျိုးကို **သမာဒါနဝိရတီ** ခေါ်ပါတယ်။

ရှေးအခါက ဒကာတစ်ယောက်ဟာ သီလခံယူ ဆောက်တည်ပြီး နွားပျောက်တာကို လိုက်ရှာပါတယ်၊ တောထဲရောက်တဲ့အခါ မြွေကြီးတစ်ကောင်က အကင်းအကြပ် ပတ်ထားသောကြောင့် ဓားကိုကိုင်ပြီး မြွေကြီးကို ခုတ်ဖြတ်သတ်ဖို့ရာ ကြံစည်ပါတယ်၊ ထိုခဏမှာပင် မိမိခံယူဆောက်တည်ထားသော သီလကို သတိရပြီး- "ငါ့အသက် သေချင်သေပါစေ၊ ငါခံယူဆောက်တည်ထားသော သီလကိုတော့အပျက်မခံဘူး"ဟု ကြံစည်လိုက်သည်နှင့် တစ်ပြိုင်နက် မြွေကြီးဟာ ပတ်ထားသောအခွေကိုဖြေကာ တောထဲသို့ ဝင်သွားပါတယ်။ ဤကဲ့သို့ ခံယူဆောက်တည်ပြီး ရှောင်ကြဉ်တာမျိုးကို သမာဒါနဝိရတီ-ခေါ်ပါတယ်။

## (၂) သမ္ပတ္တဝိရတီ

သီလခံယူဆောက်တည်မှုကို မပြုဘဲ ရောက်လာ၊ ကြုံတွေ့လာသော ဒုစ္စရိုက်မှ ရှောင်ကြဉ်ခြင်းကို **သမ္ပတ္တဝိရတီ** ခေါ်ပါတယ်။

ဇဂ္ဂန-ညီနောင်နှစ်ယောက်ဟာ မိခင်ကြီး သွေးပမ်းသွားသော ရောဂါဖြစ်နေတာကို ဆရာက "ယုန်သားကိုစားရင် ပျောက်မည်"ဟု ပြောသောကြောင့် ညီငယ်ကို ယုန်ဖမ်းဖို့ရာ လွှတ်လိုက်ပါတယ်၊ ညီငယ်ဟာ တောထဲရောက်လျှင် ပိုက်ထောင်ကာ ယုန်လိုက်သောအခါ ယုန်ကလေးဟာ ပိုက်ထဲမှာမိနေပါတယ်၊ အားရပါးရ ပြေးလာပြီး ဖမ်းလိုက်သောအခါ ယုန်ကလေးဟာ

ကြောက်လန့်ပြီး အော်ပါတယ်၊ ထိုအခါ ညီငယ်ဟာ ယုန်ကလေးကို သနားပြီး ငါ့မိခင်ကြီး၏ အသက်ရှင်ရေးအတွက် ယုန်ကလေး၏အသက်ကို သတ်ခြင်းဟာ ကိုယ်ချင်းစာတရား ကင်းရာရောက်တယ်၊ သတ္တဝါတိုင်းဟာ သေရမှာကို ကြောက်တဲ့သူချည်းပဲ-ဟု ကြံစည်ကာ ယုန်ကလေးကို လွှတ်ပေးလိုက်ပါတယ်။ အိမ်ရောက်တဲ့အခါ အစ်ကိုကြီးက ညီငယ်အား ယုန်ရ-မရကို မေးသောအခါ ယုန်ကလေးကို သနားလို့ လွှတ်ပစ်လိုက်ကြောင်း ပြောပြပါတယ်၊ အစ်ကိုကြီးက ကြိမ်းမောင်းသောအခါ ညီငယ်ဟာ မိခင်ကြီးအနားသို့သွားပြီး- "အကျွန်ုပ်သည် ကိုယ်ချင်းစာတရားထားပြီး ယုန်ကလေးကို မသက်ဘဲ လွှတ်လိုက်ပါတယ်၊ ဤမှန်သော သစ္စာစကားကြောင့် မိခင်ကြီး၏ ရောဂါဝေဒနာသည် ပျောက်ကင်းချမ်းသာပါစေသတည်း"ဟု သစ္စာပြုသည်နှင့် တစ်ပြိုင်နက် မိခင်ကြီး၏ ရောဂါဝေဒနာဟာ ပျောက်ကင်းချမ်းသာ သွားကြောင်းကို အင်္ဂုသာလိုနိအင်္ဂုကထာမှာ ဖွင့်ပြထားပါတယ်။ ဤကဲ့သို့ သီလခံယူ ဆောက်တည်မှုကို မပြုဘဲ ရောက်လာ, ကြုံတွေ့လာသော ဒုစ္စရိုက်မှ ရှောင်ကြဉ်တာမျိုးကို သမ္ပတ္တဝိရတီ-ခေါ်ပါတယ်။

## (၃) သမုစ္ဆေဒဝိရတီ

မဂ်စိတ်၊ ဖိုလ်စိတ်-တို့ဖြင့် အပြီးအပြတ် ရှောင်ကြဉ်တာမျိုးကို **သမုစ္ဆေဒဝိရတီ** ခေါ်ဆိုပါတယ်။

## သမ္မာဝါယာမ

သမ္မာဝါယာမကို ရှင်တော်မြတ်ဘုရားက -

"ကတမော စ ဘိက္ခဝေ သမ္မာဝါယာမော။ -

ဣဓ ဘိက္ခဝေ ဘိက္ခု အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဆန္ဒံ ဇနေတိ၊ ဝါယမတိ၊ ဝီရိယံ အာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ၊ ပဒဟတိ။

ဥပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဆန္ဒံ ဇနေတိ၊ ဝါယမတိ၊ ဝီရိယံ အာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ၊ ပဒဟတိ။

အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဆန္ဒံ ဇနေတိ, ဝါယမတိ၊ ဝီရိယံ အာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ, ပဒဟတိ။

ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဌိတိယာ အသမ္မောသာယ ဘိယျော ဘာဝါယ, ဝေပုလ္လာယ, ဘာဝနာယ ပါရိပူရိယာ ဆန္ဒံ ဇနေတိ, ဝါယမတိ၊ ဝီရိယံ အာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ, ပဒဟတိ။

အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဝါယာမော"ဟု ဟောတော်မူပါတယ်။ (သုတ်မဟာဝါ။)

ဘိက္ခဝေ၊ ချစ်သားတို့။ သမ္မာဝါယာမော၊ သမ္မာဝါယာမသည်။ ကတမော စ၊ အဘယ်နည်းဟူမူကား။ -

ဘိက္ခဝေ၊ ချစ်သားတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အနုပ္ပန္နာနံ၊ မဖြစ်ကုန်သေးသော။ ပါပကာနံ၊ ယုတ်ညံ့ကုန်သော။ အကုသလာနံ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့၏။ အနုပ္ပါဒါယ၊ မဖြစ်စေခြင်းငှာ။ ဆန္ဒံ၊ ဆန္ဒကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယမတိ၊ အားထုတ်၏။ ဝီရိယံ၊ ဝီရိယကို။ အာရဘတိ၊ ကြိုးစားပြုလုပ် အားထုတ်၏။ စိတ္တံ၊ စိတ်ကို။ ပဂ္ဂဏှာတိ၊ ချီးမြှောက်၏။ ပဒဟတိ၊ အားထုတ်၏။

ဥပ္ပန္နာနံ၊ ဖြစ်ကုန်ပြီးသော။ ပါပကာနံ၊ ယုတ်ညံ့ကုန်သော။ အကုသလာနံ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို၊ ပဟာနာယ၊ ပယ်ခြင်းငှာ။ ဆန္ဒံ၊ ဆန္ဒကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယမတိ၊ အားထုတ်၏။ ဝီရိယံ၊ ဝီရိယကို။ အာရဘတိ၊ ကြိုးစားပြုလုပ် အားထုတ်၏။ စိတ္တံ၊ စိတ်ကို။ ပဂ္ဂဏှာတိ၊ ချီးမြှောက်၏။ ပဒဟတိ၊ အားထုတ်၏။

အနုပ္ပန္နာနံ၊ မဖြစ်ကုန်သေးသော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့၏။ ဥပ္ပါဒါယ၊ ဖြစ်စေခြင်းငှာ။ ဆန္ဒံ၊ ဆန္ဒကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယမတိ၊ အားထုတ်၏။ ဝီရိယံ၊ ဝီရိယကို။ အာရဘတိ၊ ကြိုးစားပြုလုပ် အားထုတ်၏။ စိတ္တံ၊ စိတ်ကို။ ပဂ္ဂဏှာတိ၊ ချီးမြှောက်၏။ ပဒဟတိ၊ အားထုတ်၏။

ဥပ္ပန္နာနံ၊ ဖြစ်ပြီးကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့၏။ ဌိတိယာ။ တည်ခြင်းငှာ။ ဝေပုလ္လာယ၊ ပြန့်ပွားခြင်းငှာ။ ဘာဝနာယ၊ ဘာဝနာဖြင့်။ ပါရိပူရိယာ၊ ပြည့်စုံခြင်းငှာ။ ဆန္ဒံ၊ ဆန္ဒကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယမတိ၊ အားထုတ်၏။ ဝီရိယံ၊ ဝီရိယကို။ အာရဘတိ၊ ကြိုးစားပြုလုပ် အားထုတ်၏။ စိတ္တံ၊ စိတ်ကို။ ပဂ္ဂဏှာတိ၊ ချီးမြှောက်၏။ ပဒဟတိ၊ အားထုတ်၏။

ဘိက္ခဝေ၊ ချစ်သားတို့။ အယံ၊ ဤအားထုတ်မှု လေးမျိုးကို။ သမ္မာဝါယာမော၊ သမ္မာဝါယာမ-ဟူ၍။ ဝုစ္စတိ၊ မုချမသွေ ဆိုအပ်ပေသတည်း။

အဓိပ္ပါယ်ကတော့-မဖြစ်သေးသော အကုသိုလ်တရားများကို မဖြစ်အောင် ကြိုးစားခြင်း၊ ဖြစ်ပြီးသော အကုသိုလ်တရားများကို ပယ်ဖျောက်နိုင်အောင် ကြိုးစားခြင်း။ မဖြစ်သေးသော ကုသိုလ်တရားများကို ဖြစ်လာအောင် ကြိုးစားခြင်း၊ ဖြစ်ပြီးသား ကုသိုလ်တရားများကို ပိုမိုဖြစ်ပွားလာအောင် ကြိုးစားအားထုတ်ခြင်း-အားဖြင့် ဤ ကြိုးစားအားထုတ်ခြင်း လေးမျိုးကို **သမ္မာဝါယာမ** ခေါ်ပါတယ်။ သမ္မာဝါယာမ-အရ တရားကိုယ်ကောက်ရင် မဂ်စိတ် ၄-ခု၌ ရှိသော ဝီရိယစေတသိက်ကို ကောက်ရပါတယ်။

## သမ္မာသတိ

သမ္မာသတိကို ရှင်တော်မြတ်ဘုရားက -

"ကတမာ စ ဘိက္ခဝေ သမ္မာသတိ။ -

ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ၊ အာတာပီ သမ္ပဇာနော သတိမာ၊ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။

ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။

စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။

ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ" ဟု ဟောတော်မူပါတယ်။

(သုတ်မဟာဝါ။)

ဘိက္ခဝေ၊ ချစ်သားတို့။ သမ္မာသတိ၊ သမ္မာသတိသည်။ ကတမာ စ၊ အဘယ်နည်းဟူမူကား။-

ဘိက္ခဝေ၊ ချစ်သားတို့။ ဣဓ၊ ဤသာသနာ တော်၌။ ဘိက္ခု၊ ရဟန်းသည်။ ဝါ၊ တရားအလုပ်ကို အားထုတ်နေသော ယောဂီပုဂ္ဂိုလ်သည်။ အာတာပီ၊ ကိလေသာအစေး စိတ်အညစ်အကြေးကို ပူနွေးသွေ့ခြောက် ကင်းပျောက်စေနိုင်သော လုံ့လရှိသည်ဖြစ်၍။ ဝါ၊ ပြင်းထန်စွာ အားထုတ်သည်ဖြစ်၍။ သတိမာ၊ သတိရှိသည် ဖြစ်၍။ သမ္ပဇာနော၊ မှန်ကန်စွာ အပြားအားဖြင့် သိသည်ဖြစ်၍။ ကာယေ၊ ရှုံ့ရှာဖွယ်ရာ ဤကိုယ်ခန္ဓာ၌။ ကာယာနုပဿီ၊ ရှုံ့ရှာဖွယ်ရာ ကိုယ်ခန္ဓာ-ဟု အဖန်ဖန်ရှုသည်ဖြစ်၍။ လောကေ၊ ရှုမြင်အပ်ကြောင်း ရုပ်အပေါင်းခေါ်ရ ဤလောက၌။ အဘိဇ္ဈာဒေါမနဿံ၊ အဘိဇ္ဈာနှင့် ဒေါမနဿကို။ ဝိနေယျ၊ ဖြစ်ခွင့်မရအောင် တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်-အားဖြင့် ပယ်ရှား၍။ ဝိဟရတိ၊ အသိတရားနှင့် သတိထားပြီး တရားအလုပ်တွေကို အားထုတ်လို့သာနေ၏။

အာတာပီ၊ ကိလေသာအစေး စိတ်အညစ်အကြေးကို ပူနွေးသွေ့ခြောက် ကင်းပျောက်စေနိုင်သော လုံ့လရှိသည်ဖြစ်၍။ သတိမာ၊ သတိရှိသည်ဖြစ်၍။ သမ္ပဇာနော၊ မှန်ကန်စွာ အပြားအားဖြင့် သိသည်ဖြစ်၍။ ဝေဒနာသု၊ ခံစားမှုဖြစ်သော ဝေဒနာတို့၌။ အဘိဇ္ဈာဒေါမနဿံ၊ အဘိဇ္ဈာနှင့် ဒေါမနဿကို။ ဝိနေယျ၊ ဖြစ်ခွင့် မရအောင် တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်-အားဖြင့် ပယ်ရှား၍။ ဝိဟရတိ၊ အသိတရားနှင့် သတိထားပြီး တရားအလုပ်တွေကို အားထုတ်လို့သာနေ၏။

အာတာပီ၊ ကိလေသာအစေး စိတ်အညစ်အကြေးကို ပူနွေးသွေ့ခြောက် ပျောက်စေနိုင်သော လုံ့လရှိသည်ဖြစ်၍။ သတိမာ၊ သတိရှိသည်ဖြစ်၍။ သမ္ပဇာနော၊ မှန်ကန်စွာ အပြားအားဖြင့် သိသည်ဖြစ်၍။ စိတ္တေ၊ ရာဂ အစရှိသောစိတ်၌။ စိတ္တာနုပဿီ၊ ရာဂစိတ် အစရှိသည်ကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ လောကေ၊ ရာဂစိတ်-စသည်ဖြစ်သောစိတ်၌။ အဘိဇ္ဈာဒေါမနဿံ၊ အဘိဇ္ဈာနှင့် ဒေါမနဿကို။ ဝိနေယျ၊ ဖြစ်ခွင့်မရအောင် တဒင်္ဂပဟာန်,

ဝိက္ခမ္ဘနပဟာန်-အားဖြင့် ပယ်ရှား၍။ ဝိဟရတိ၊ အသိတရားနှင့် သတိထားပြီး တရားအလုပ်တွေကို အားထုတ်လို့သာနေ၏။

အာတာပီ၊ ကိလေသာအစေး စိတ်အညစ်အကြေးကို ပူနွေးသွေ့ခြောက် ကင်းပျောက်စေနိုင်သော လုံ့လရှိသည်ဖြစ်၍။ သတိမာ၊ သတိရှိသည်ဖြစ်၍။ သမ္ပဇာနော၊ မှန်ကန်စွာ အပြားအား ဖြင့် သိသည်ဖြစ်၍။ ဓမ္မေသု၊ တရားတို့၌။ ဓမ္မာနုပဿီ၊ တရားတို့ကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ လောကေ၊ ရှုမြင် အပ်ကြောင်း တရားအပေါင်း ခေါ်ရ ဤလောက၌။ အဘိဇ္ဈာဒေါမနဿံ၊ အဘိဇ္ဈာနှင့် ဒေါမနဿကို။ ဝိနေယျ၊ ဖြစ်ခွင့်မရအောင် တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်-အားဖြင့် ပယ်ရှား၍။ ဝိဟရတိ၊ အသိတရားနှင့် သတိထားပြီး တရားအလုပ်တွေကို အားထုတ်လို့သာနေ၏။ ဘိက္ခဝေ၊ ချစ်သားတို့။ အယံ၊ ဤသတိပဋ္ဌာန်တရားလေးပါးကို။ သမ္မာသတိ၊ သမ္မာသတိ-ဟူ၍။ ဝုစ္စတိ၊ မုချ မသွေ ဆိုအပ်ပါပေသတည်း။

အဓိပ္ပါယ်ကတော့- ကာယာနုပဿနာ သတိပဋ္ဌာန်, ဝေဒနာနုပဿနာ သတိပဋ္ဌာန်, စိတ္တာနုပဿနာ သတိပဋ္ဌာန်, ဓမ္မာနုပဿနာ သတိပဋ္ဌာန်-အားဖြင့် ဤသတိပဋ္ဌာန်တရား ၄-ပါးတို့ကို **သမ္မာသတိ**- ခေါ်ဆိုပါတယ်။ တရားကိုယ်မှာ မဂ်စိတ်လေးခု၌ရှိသော သတိစေတသိက်ဖြစ်ပါတယ်။

## သမ္မာသမာဓိ

သမ္မာသမာဓိကို ရှင်တော်မြတ်ဘုရားက -

"ကတမာ စ ဘိက္ခဝေ သမ္မာသမာဓိ။-

ဣဓ ဘိက္ခဝေ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ၊ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။

ဝိတက္ကဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံ သမ္ပသာဒနံ စေတသော ဧကောဒိဘာဝံ အဝိတက္ကံ အဝိစာရံ သမာဓိဇံ ပီတိသုခံ ဒုတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။

ပီတိယာ စ ဝိရာဂါ ဥပေက္ခကော စ ဝိဟရတိ သတော စ သမ္ပဇာ နော၊ သုခဉ္စ ကာယေန ပဋိသံဝေဒေတိ၊ ယံ တံ အရိယာ အာစိက္ခန္တိ၊ ဥပေက္ခကော သတိမာ သုခဝိဟာရီတိ၊ တတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။

သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ၊ ပုဗ္ဗေဝ သောမနဿ ဒေါမနဿာနံ အတ္ထင်္ဂမာ၊ အဒုက္ခမသုခံ ဥပေက္ခာသတိပါရိသုဒ္ဓိံ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။

အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသမာဓိ။ (သုတ်မဟာဝါ။)

ဘိက္ခဝေ၊ ချစ်သားတို့။ သမ္မာသမာဓိ၊ သမ္မာသမာဓိသည်။ ကတမာ စ၊ အဘယ်နည်းဟူမူကား။-

ဘိက္ခဝေ၊ ချစ်သားတို့။ ဣဓ၊ ဤသာ သနာတော်၌။ ဘိက္ခု၊ တရား အလုပ်ကို အားထုတ်သော ယောဂီ ပုဂ္ဂိုလ်သည်။ ကာမေဟိ၊ ဝတ္ထုကာမ, ကိလေသာကာမ-တို့မှ။ ဝိဝိစ္စေဝ၊ ကင်းဆိတ်၍သာလျှင်။ အကုသလေဟိ ဓမ္မေဟိ၊ အကုသိုလ်တရားတို့မှ။ ဝိဝိစ္စေဝ၊ ကင်းဆိတ်၍သာလျှင်။ သဝိတက္ကံ၊ ကြံစည်မှု=ဝိတက်ရှိသော။ သဝိစာရံ၊ စဉ်းစားမှု=ဝိစာရရှိသော။ ဝိဝေကဇံ၊ နီဝရဏတို့မှ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော။ ပီတိသုခံ၊ နှစ်သက်မှု=ပီတိ, ချမ်းသာမှု=သုခလည်းရှိသော။ ပဌမံ ဈာနံ၊ ပဌမဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရတိ၊ နေ၏။

ဝိတက္ကဝိစာရာနံ၊ ဝိတက်,ဝိစာရ-တို့၏။ ဝူပသမာ၊ ကင်းငြိမ်းခြင်းကြောင့်။ အဇ္ဈတ္တံ၊ ကိုယ်တွင်းသန္တာန်၌ဖြစ်သော။ သမ္ပသာဒနံ၊ ကြည်လင်စေတတ်သော။ စေတသော၊ စိတ်၏။ ဧကောဒိဘာဝံ၊ တစ်ခုတည်းအဖြစ်ကို ပွားစေတတ် သော။ အဝိတက္ကံ အဝိစာရံ၊ ဝိတက်,ဝိစာရ-မရှိသော။ သမာဓိဇံ၊ သမာဓိ ကြောင့်ဖြစ်သော။ ပီတိသုခံ၊ နှစ်သက်မှု=ပီတိ, ချမ်းသာမှု=သုခလည်းရှိသော။ ဒုတိယံ ဈာနံ၊ ဒုတိယဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရတိ၊ နေ၏။

ပီတိယာ စ၊ နှစ်သက်မှု=ပီတိ၏လည်း။ ဝိရာဂါ၊ ကင်းခြင်းကြောင့်။ ဥပေက္ခကော စ၊ လျစ်လျူရှုလျက်လည်းကောင်း။ သတော စ၊ သတိရလျက်

လည်းကောင်း။ သမ္ပဇာနော စ၊ မှန်ကန်စွာ အပြားအားဖြင့် သိသည်ဖြစ်၍လည်းကောင်း။ ဝိဟရတိ၊ နေ၏။ သုခဥ္စ၊ ချမ်းသာမှု=သုခကိုလည်း။ ကာယေန၊ ကိုယ်ဖြင့်။ ပဋိသံဝေဒေတိ၊ ခံစား၏။ ယံ-ယေန၊ အကြင် တတိယစျာန်ကြောင့်။ တံ၊ ထိုတတိယစျာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို။ အရိယာ၊ ဘုရားအစရှိသော အရိယာအပေါင်း သူတော်ကောင်းတို့သည်။ ဥပေက္ခကော, သတိမာ, သုခ-ဝိဟာရီတိ၊ အညီအမျှ ရှုနိုင်ပေသည်, သတိကောင်းပေသည်, ချမ်းသာစွာ နေနိုင်ပါပေသည်-ဟူ၍။ အာစိက္ခန္တိ၊ ချီးမွမ်း ပြောဆိုကြကုန်၏။ တံ တတိယံ စျာနံ၊ ထိုတတိယစျာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရတိ၊ နေ၏။

သုခဿ စ ပဟာနာ၊ သုခ၏ ကင်းခြင်းကြောင့်လည်းကောင်း။ ဒုက္ခဿ စ ပဟာနာ၊ ဒုက္ခ၏ကင်းခြင်းကြောင့်လည်းကောင်း။ သောမနဿ ဒေါမ-နဿာနံ၊ သောမနဿနှင့် ဒေါမနဿတို့၏။ ပုဗ္ဗေဝ အတ္ထင်္ဂမာ၊ ရှေးအခါကပင် ချုပ်ခြင်းကြောင့်။ အဒုက္ခမသုခံ၊ ဆင်းရဲချမ်းသာကင်းသော။ ဥပေက္ခာသတိ-ပါရိသုဒ္ဓိ၊ ဥပေက္ခာကြောင့် သတိ၏ စင်ကြယ်မှုရှိသော။ စတုတ္ထံ စျာနံ။ စတုတ္ထစျာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရတိ၊ နေ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤလေးပါးသော သမာဓိကို။ သမ္မာသမာဓိ၊ သမ္မာသမာဓိ-ဟူ၍။ ဝုစ္စတိ၊ မုချမသွေ ဆိုအပ်ပါပေသတည်း။

အဓိပ္ပါယ်ကတော့- ပဌမစျာန် ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်-နှင့်ယှဉ်သော သမာဓိကို **သမ္မာသမာဓိ** ခေါ်ဆိုပါတယ်။ တရားကိုယ်မှာ မဂ်စိတ်လေးခု၌ရှိသော ဧကဂ္ဂတာစေတသိက်ဖြစ်ပါတယ်။

မဂ္ဂသစ္စာကို နိဂုံးချုပ်သောအားဖြင့် ရှင်တော်မြတ်ဘုရားက-

"ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ" ဟု ဟောတော်မူပါတယ်။ (သုတ်မဟာဝါ။)

ဘိက္ခဝေ အို့ ရဟန်း သေဆရေး-ဒုက္ခဘေးကို ကွေးရှုကြောက်ကြား အိုချစ်သားတို့။ ဣဒံ၊ ဤဆိုအပ်ခဲ့ပြီးသော မဂ္ဂင် ၈-ပါး တရားအပေါင်းကို။ ဒုက္ခ-

နိရောဓဂါမိနီပဋိပဒါ အရိယသစ္စာ၊ ဆင်းရဲအပေါင်း ချုပ်ကြောင်းမှန်စွာ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းစင်စစ် အမှန် ဖြစ်သော အရိယာဟာစစ် မဂ္ဂသစ္စာ ဖြစ်၏-ဟူ၍။ ဝုစ္စတိ၊ မုချမသွေ ဆိုအပ်ပါပေသတည်း။

(သာဓု-သာဓု-သာဓု)

* * * * *

# ဓမ္မစကြာဒေသနာဟောခဉ် (၇)

## ဉာဏ် ၃-ပါးစီဖြစ်ပုံ

ရှင်တော်မြတ်ဘုရားဟာ သစ္စာလေးပါး မြတ်တရားကို ဟောကြားတော်မူပြီးတဲ့နောက်မှာ သစ္စာတစ်ပါးစီ၌ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်-အားဖြင့် ဉာဏ်သုံးပါးစီဖြစ်သော ဟိပရိဝဋ္ဋ-ဖြစ်ပုံများကိုလည်းကောင်း၊ သစ္စာတစ်ပါးစီ၌ ဉာဏ်သုံးပါးစီဖြစ်၍ သစ္စာလေးပါးတို့၌ ဒွါဒသာကာရ-ဉာဏ်များဖြစ်ပုံတို့ကိုလည်းကောင်း ဟောကြားတော်မူပါတယ်။

## ဒုက္ခသစ္စာ၌ ဉာဏ် ၃-ပါးဖြစ်ပုံ

(၁) **သစ္စဉာဏ်** ။ ။ ဣဒံ ဒုက္ခံ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၂) **ကိစ္စဉာဏ်** ။ ။ တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၃) **ကတဉာဏ်** ။ ။ တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

### အနက်

(၁) **သစ္စဉာဏ်** ။ ။ ဘိက္ခဝေ၊ အို, နာ, သေရေး-ဒုက္ခဘေးကို တွေးရှုကြောက်ပြား အိုချစ်သားတို့။ ဣဒံ၊ ဤတရားသည်။ ဒုက္ခံ အရိယသစ္စံ၊ ဆင်းရဲကေန် အရိယသစ္စာ အမှန်သာတည်း။ ဣတိ၊ ဤသို့။ မေ၊ ငါဘုရားအား။ ပုဗ္ဗေ၊ ရှေး၌။ အနနုဿုတေသု ဓမ္မေသု၊ တစ်ပါးသူမှ မကြားဖူးကုန်သေးသော တရားအထူးတို့၌။ စက္ခုံ၊ သစ္စာလေးပါး မြတ်တရားများကို ပိုင်းခြားမြင်လာ ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဉာဏံ၊ သစ္စာလေးတန် တရားမှန်ကို

ဝေဖန်နိုင်ဘိ အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီး။ ပညာ၊ သစ္စာလေးပါး၊ မြတ်တရားကို ပိုင်းခြားမြင်လာ ဉာဏ်ပညာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီး။ ဝိဇ္ဇာ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိလာ ဉာဏ်ဝိဇ္ဇာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ အာလောကော၊ အမှောင်ပယ်ခွင်း အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားသေချာ ဖြစ်ပေါ်လာပြီ။

(၂) **ကိစ္စဉာဏ်** ။ ။ ဘိက္ခဝေ၊ ချစ်သားတို့။ တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ၊ ထိုဒုက္ခဖြစ်ငြား အရိယသစ္စာတရားကို။ ပရိညေယျံ၊ ပိုင်းခြားဝေဖန် အဖြေမှန်အောင် ဧကန်ထင်ထင် သိမြင်အပ်၏။ က္လတိ၊ ဤသို့။ မေ၊ ငါဘုရားအား။ ပုဗ္ဗေ၊ ရှေး၌။ အနနုဿုတေသု ဓမ္မေသု၊ တစ်ခါဘူးမှ မကြားဖူးကုန်သေးသော တရားအထူးတို့၌။ စက္ခုံ၊ ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဉာဏံ၊ အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ပညာ၊ ဉာဏ်ပညာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဝိဇ္ဇာ၊ ဉာဏ်ဝိဇ္ဇာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ အာလောကော၊ အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။

(၃) **ကတဉာဏ်** ။ ။ ဘိက္ခဝေ၊ ချစ်သားတို့။ တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ၊ ထိုဒုက္ခဖြစ်ငြား အရိယသစ္စာတရားကို။ ပရိညာတံ၊ ပိုင်းခြားဝေဖန် အဖြေမှန်အောင် ဧကန်ထင်ထင် သိမြင်အပ်ပေပြီ။ က္လတိ၊ ဤသို့။ မေ၊ ငါဘုရားအား။ ပုဗ္ဗေ၊ ရှေး၌။ အနနုဿုတေသု ဓမ္မေသု၊ တစ်ခါဘူးမှ မကြားဖူးသေးသော တရားအထူးတို့၌။ စက္ခုံ၊ ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီး။ ဉာဏံ၊ အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ပညာ၊ ဉာဏ်ပညာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဝိဇ္ဇာ၊ ဉာဏ်ဝိဇ္ဇာ သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ အာလောကော၊ အရောင်အလင်း သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။

အဓိပ္ပါယ်ကတော့-ဒုက္ခသစ္စာ၌ (၁) သစ္စဉာဏ်၊ (၂) ကိစ္စဉာဏ်၊ (၃) ကတဉာဏ်-အားဖြင့် ဉာဏ် ၃-ပါးဖြစ်ပုံကို ဟောပြထားခြင်း ဖြစ်ပါတယ်။

(၁) ဤတရားသည် ဆင်းရဲကဲ့ သဘောရှိတာ အမှန်ဖြစ်ပါ တယ်-ဟု သိသောဉာဏ်ကို **သစ္စဉာဏ်** ခေါ်ပါတယ်။

(၂) အဲဒီ ဆင်းရဲတဲ့သဘောကို သိမြင်လာအောင် ကြိုးစားအား ထုတ်ရမယ်လို့ သိတဲ့ဉာဏ်ကို **ကိစ္စဉာဏ်** ခေါ်ပါတယ်၊

(၃) အဲဒီ ဆင်းရဲတဲ့သဘောတွေကို သိအောင်အားထုတ်လို့ သိပြီးတာကို **ကတဉာဏ်** ခေါ်ပါတယ်။

ရှင်တော်မြတ်ဘုရားဟာ ဘုရားအဖြစ်သို့ မရောက်မီ ရှေးအခါတုန်းက မကြားဖူးခဲ့သေးသော သစ္စာလေးပါး တရားအထူးတို့ကို ဘုရားအဖြစ်သို့ ရောက်တော်မူမှသာလျှင် သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်-အားဖြင့် ပိုင်းခြားသိခဲ့ပါတယ်။ ဤကဲ့သို့ ဉာဏ်သုံးပါးဖြင့် ပိုင်းခြားသိတဲ့အခါ ဒုက္ခစင်စစ် အမှန်ဖြစ်တဲ့ ရုပ်နာမ်တွေကို သတ္တဝါတွေပဲ, ငါပဲ, ကိုယ်ပဲ, ယောကျ်ားပဲ, မိန်းမပဲ-စသည်အားဖြင့် ခေါ်ဝေါ်သုံးစွဲနေကြတာတွေဟာ ပညတ်မျှသာ ဖြစ်တယ်၊ သားသမီး မမွေးသော အမြုံမကို အမြုံမသားဟု ကြံဆပြီး ခေါ်ဝေါ်သုံးစွဲနေကြတာဟာ အမှားကြီးဖြစ်တယ်၊ အဟုတ်အမှန်ရှိတာတွေက ရုပ်နာမ်တွေသာဖြစ်တယ်၊ ထိုရုပ်နာမ်တွေဟာလဲ ပဋိသန္ဓေနေရတဲ့ ဆင်းရဲ, အိုရတဲ့ဆင်းရဲ, နာရတဲ့ဆင်းရဲ, သေရတဲ့ဆင်းရဲ-စသည်တို့နှင့် တွေ့ကြုံနေရတဲ့ ဒုက္ခသစ္စာတွေသာ ဖြစ်တယ်-ဟု သိသော သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်-တို့ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါကြောင့် မာန်လည်ဆရာတော်ဘုရားကြီးက-

"ဒုက္ခလက္ခဏာ၊ ဒုက္ခသာတည်း၊ သတ္တဝါ, ပုဂ္ဂိုလ်၊ ငါကောင်ကိုယ်နှင့်၊
ခေါ်ဆိုတုံငြား၊ ယောကျ်ား, မိန်းမ၊ စသည်မဟုတ်၊ သမုတ်ဝေါဟာရ၊
ပညတ်မျှသာ၊ အမြုံမသား၊ ဟူသောလားသို့၊ ထင်ရှားမရှိ၊ ယူဒိဋ္ဌိဖြင့်၊
ပရိကပ္ပိတ၊ အဘာဝဟု၊ သစ္စ, ကိစ္စ၊ ကတ-သုံးတန်၊ သုံးပါးဉာဏ်ဖြင့်၊
ဟုတ်မှန်မယွင်း၊ ထိုးဖောက်ထွင်း၍၊ သိခြင်း, ပြုခြင်း၊ တတ်ခြင်း-မှုချ၊
ပြီးထသည့်ကား၊ ဒုက္ခအားကို၊ ပိုင်းခြားသိသည့်၊ သဘောတည်း။" -

ဟု မဃဒေဝလင်္ကာသစ်မှာ စပ်ဆိုထားပါတယ်။

---

ရှင်တော်မြတ်ဘုရားဟာ ဒုက္ခသစ္စာ၌ ဉာဏ်သုံးပါးဖြစ်ပုံကို ဟောကြားပြီး တဲ့နောက်မှာ သမုဒယသစ္စာ၌ ဉာဏ်သုံးပါးဖြစ်ပုံကို ဟောကြားတော်မူပါ တယ်။

## သမုဒယသစ္စာ၌ ဉာဏ် ၃-ပါးဖြစ်ပုံ

(၁) **သစ္စဉာဏ်** ။ ။ ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၂) **ကိစ္စဉာဏ်** ။ ။ တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၃) **တတဉာဏ်** ။ ။ တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီနန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

### အနက်

(၁) **သစ္စဉာဏ်** ။ ။ ဘိက္ခဝေ။ ချစ်သားတို့။ ဣဒံ၊ ဤတရားသည်။ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ဆင်းရဲခြင်း၏ မယွင်းဧကန် အကြောင်း မှန်စွာ **သမုဒယသစ္စာသာတည်း**။ ဣတိ၊ ဤသို့။ မေ၊ ငါဘုရားအား။ ပုဗ္ဗေ၊ ရှေး၌။ အနနုဿုတေသု ဓမ္မေသု၊ တစ်ခါဘူးမှ မကြားဖူးသေးသော တရားအထူး တို့၌။ စက္ခုံ၊ ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဉာဏံ၊ အသိဉာဏ် သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ပညာ၊ ဉာဏ်ပညာသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပြီ။ ဝိဇ္ဇာ၊ ဉာဏ်ဝိဇ္ဇာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ အာလောကော၊ အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။

(၂) **ကိစ္စဉာဏ်** ။ ။ ဘိက္ခဝေ၊ ချစ်သားတို့။ တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ။ ထိုဆင်းရဲခြင်း၏ မယွင်းဧကန် အကြောင်းမှန်စွာ သမုဒယ အရိယသစ္စာကို။ ပဟာတဗ္ဗံ၊ မနီးမကပ်ရအောင် အပြီးအပြတ် ပယ်သတ် အပ်၏။ ဣတိ၊ ဤသို့။ မေ၊ ငါဘုရားအား။ ပုဗ္ဗေ၊ ရှေး၌။ အနနုဿုတေသု ဓမ္မေသု၊ တစ်ခါဘူးမှ မကြားဖူးသေးသော တရားအထူးတို့၌။ စက္ခုံ၊ ပညာ

မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဉာဏံ၊ အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပြီ။ ပညာ၊ ဉာဏ်ပညာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဝိဇ္ဇာ၊ ဉာဏ်ဝိဇ္ဇာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ အာလောကော၊ အရောင် အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။

(၃) ကတဉာဏ် ။ ။ ဘိက္ခဝေ၊ ချစ်သားတို့။ တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ဆင်းရဲခြင်း၏ မယွင်းစေန် အကြောင်း မှန်စွာ ထိုသမုဒယ အရိယသစ္စာကို။ ပဟီနံ၊ မနီးမကပ်ရှိအောင် အပြီးအပြတ် ပယ်သတ်အပ်ပြီးပြီ။ ဣတိ၊ ဤသို့။ မေ၊ ငါဘုရားအား။ ပုဗ္ဗေ၊ ရှေး၌။ အနနုဿုတေသု ဓမ္မေသု၊ တစ်ခါဘူးမှ မကြားဖူးသေးသော တရားအထူးတို့၌။ စက္ခုံ၊ ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ၊ ဉာဏံ၊ အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ပညာ၊ ဉာဏ်ပညာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဝိဇ္ဇာ၊ ဉာဏ်ဝိဇ္ဇာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ အာလောကော၊ အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။

အဓိပ္ပါယ်ကတော့ - သမုဒယသစ္စာ၌ (၁) သစ္စဉာဏ်, (၂) ကိစ္စဉာဏ်, (၃) ကတဉာဏ်-အားဖြင့် ဉာဏ် ၃-ပါးဖြစ်ပုံကို ဟောတော်မူခြင်း ဖြစ်ပါတယ်။

(၁) သမုဒယသစ္စာ၏ ဆင်းရဲခြင်း-ဒုက္ခ၏အကြောင်းဖြစ်သော လိုချင်မှု စင်စစ် အမှန်ဖြစ်တယ်-ဟု သိတဲ့ဉာဏ်ဟာ **သစ္စဉာဏ်** ဖြစ်ပါတယ်။

(၂) လိုချင်မှု သမုဒယသစ္စာကို ပယ်မှသာ ဆင်းရဲမှု-ဒုက္ခသစ္စာမှ လွတ်နိုင်မည်ဖြစ်သောကြောင့် လိုချင်မှု-သမုဒယသစ္စာကို ပယ်အပ်၏-ဟုသိသော ဉာဏ်ဟာ **ကိစ္စဉာဏ်** ဖြစ်ပါတယ်။

(၃) လိုချင်မှု သမုဒယသစ္စာဟာ ဆင်းရဲခြင်း-ဒုက္ခသစ္စာဖြစ်ခြင်း၏ အကြောင်း မကောင်းမှုစင်စစ် အမှန်ဖြစ်သောကြောင့် လိုချင်မှု-သမုဒယ သစ္စာကို ပယ်အပ်ပြီးပြီ-ဟု သိသောဉာဏ်ဟာ **ကတဉာဏ်** ဖြစ်ပါတယ်။

ဆင်းရဲခြင်း-ဒုက္ခကို မမြင်သေးခင်က သုခထင်ပြီး ခင်မင်နှစ်သက် သာယာနေကြပေမဲ့ ဆင်းရဲခြင်း-ဒုက္ခသစ္စာကို သိမြင်လာကြတဲ့ အခါမှာ

ခင်မင်နှစ်သက်စရာ တွယ်တာစရာ သာယာစရာ မရှိတာကိုသိပြီး ထိုလိုချင်မှု =သမုဒယသစ္စာကို ပယ်ကြရမယ်။ တံလျှပ်ကို ရေထင်ပြီး ခင်မင်နှစ်သက်နေတဲ့ ရွှေသမင်ဟာ ရေမဟုတ်မှန်းကို အတိအကျ သိရသောအခါ ခင်မင်နှစ်သက်မှု မရှိတော့ဘဲ ရှောင်လွှဲပယ်ခွာ သွားနိုင်တာလို မှတ်သားကြရမယ်။ ဒါကြောင့် မာန်လည်ဆရာ တော်ဘုရားကြီးက -

"ယင်းသို့ပိုင်းခြား၊ သိသောအားဖြင့်၊ ရေလားလျှပ်လျှပ်၊ နေရောင်ဟပ်သား၊ တံလှပ်ကိုရေ၊ မှတ်မှားလေလည်း၊ ရေမဟုတ်မှန်း၊ သိဖြောင့်တန်းက၊ ငြီစွန်းအာသာ၊ မကပ်ရာသို့၊ တဏှာကင်းကွယ်၊ ဉာဏ်သုံးသွယ်ဖြင့်၊ စွန့်ပယ်အပ်ထ၊ သမုဒယမည်ငြား၊ ဤတရားကို၊ ပယ်ရှားသိသည့်သဘောတည်း။" -

ဟု မဃဒေဝမှာ စပ်ဆိုထားပါတယ်။

---

ရှင်တော်မြတ်ဘုရားဟာ သမုဒယသစ္စာ၌ ဉာဏ်သုံးပါးဖြစ်ပုံကို ဟောကြားတော်မူပြီးတဲ့နောက်မှာ နိရောဓသစ္စာ၌ ဉာဏ်သုံးပါးဖြစ် ပုံကို ဟောကြားတော်မူပါတယ်။

## နိရောဓသစ္စာ၌ ဉာဏ် ၃-ပါးဖြစ်ပုံ

(၁) သစ္စဉာဏ် ။ ။ ဣဒံ၊ ဒုက္ခနိရောဓံ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၂) ကိစ္စဉာဏ် ။ ။ တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၃) ကတဉာဏ် ။ ။ တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

# အနက်

(၁) သစ္စဉာဏ် ။ ။ ဘိက္ခဝေ၊ ချစ်သားတို့။ ဣဒံ၊ ဤတရားသည်။ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ဆင်းရဲခပင်း ကျန်မကြွင်းအောင် ပျောက်ကင်းအဟုတ် ငြိမ်းချုပ်ကေန် နိရောဓသစ္စာအမှန်သာတည်း။ ဣတိ၊ ဤသို့။ မေ၊ ငါဘုရားအား။ ပုဗ္ဗေ၊ ရှေး၌။ အနနုဿုတေသု ဓမ္မေသု၊ တစ်ခါဘူးမှ မကြားဖူးသေးသော တရားအထူးတို့၌။ စက္ခုံ၊ ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဉာဏံ၊ အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ပညာ၊ ဉာဏ်ပညာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဝိဇ္ဇာ၊ အသိဉာဏ် ဝိဇ္ဇာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ အာလောကော၊ အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။

(၂) ကိစ္စဉာဏ် ။ ။ ဘိက္ခဝေ၊ ချစ်သားတို့။ တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ဆင်းရဲခပင်း ကျန်မကြွင်းအောင် ပျောက်ကင်းအဟုတ် ငြိမ်းချုပ်ဖို့ရာ ထိုနိရောဓအရိယသစ္စာကို။ သစ္ဆိကာတဗ္ဗံ၊ ပစ္စက္ခရောက် အမြင်ပေါက်အောင် မျက်မှောင်ထင်ထင် ရှုမြင်အပ်၏။ ဣတိ၊ ဤသို့။ မေ၊ ငါဘုရားအား။ ပုဗ္ဗေ၊ ရှေး၌။ အနနုဿုတေသု ဓမ္မေသု၊ တစ်ခါဘူးမှ မကြားဖူးသေးသော တရားအထူးတို့၌။ စက္ခုံ၊ ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဉာဏံ၊ အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ပညာ၊ ဉာဏ်ပညာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဝိဇ္ဇာ၊ အသိဉာဏ် ဝိဇ္ဇာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ အာလောကော၊ အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။

(၃) ကတဉာဏ် ။ ။ ဘိက္ခဝေ၊ ချစ်သားတို့။ တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ဆင်းရဲခပင်း ကျန်မကြွင်းအောင် ပျောက်ကင်းအဟုတ် ငြိမ်းချုပ်ဖို့ရာ ထိုနိရောဓအရိယသစ္စာကို။ သစ္ဆိကာတဗ္ဗံ၊ ပစ္စက္ခရောက် အမြင့်ပေါက်အောင် မျက်မှောက်ထင်ထင် ရှုမြင်အပ်ပြီးပြီ။ ဣတိ၊ ဤသို့။ မေ၊ ငါဘုရားအား။ ပုဗ္ဗေ၊ ရှေး၌။ အနနုဿုတေသု ဓမ္မေသု၊ တစ်ခါဘူးမှ မကြားဖူးသေးသော တရားအထူးတို့၌။ စက္ခုံ၊ ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဉာဏံ၊ အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ပညာ၊ ဉာဏ်ပညာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဝိဇ္ဇာ၊ အသိဉာဏ်ဝိဇ္ဇာသည်။

ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ အာလောကော၊ အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။

အဓိပ္ပါယ်ကတော့ - နိရောဓသစ္စာ၌ (၁) သစ္စဉာဏ် (၂) ကိစ္စဉာဏ် (၃) ကတဉာဏ်-အားဖြင့် ဉာဏ်သုံးပါးဖြစ်ပုံကို ဟောတော်မူခြင်း ဖြစ်ပါတယ်။ ဘယ်လိုဖြစ်ပါ သလဲဆိုတော့ -

(၁) နိဗ္ဗာန်ခေါ်တဲ့ နိရောဓသစ္စာ၏ချုပ်ငြိမ်းခြင်းသဘောကို သိသောဉာဏ်ဟာ- **သစ္စဉာဏ်** ဖြစ်ပါတယ်။

(၂) ထိုချုပ်ငြိမ်းခြင်းသဘောရှိသော နိရောဓသစ္စာကို မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်၏-ဟု သိသောဉာဏ်ဟာ **ကိစ္စဉာဏ်** ဖြစ်ပါတယ်။

(၃) ထိုချုပ်ငြိမ်းခြင်း သဘောရှိသော နိရောဓသစ္စာကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုပြီးပြီ-ဟု သိသောဉာဏ်ဟာ **ကတဉာဏ်** ဖြစ်ပါတယ်။

အဝိဇ္ဇာမကင်းကြသေးတဲ့ ပုထုဇဉ်တွေဟာ ညအမှောင်ထဲမှာ ဘာကောင်ကြီးလဲဟု သဲသဲကွဲကွဲ မသိကြသောကြောင့် ကျားကြီးကို နွားကြီးမှတ်ပြီး စီးပြေးလေရာ အလင်းရောင်ရသောကြောင့် နွား မဟုတ်ဘဲ ကျားကြီးဖြစ်နေတာကို သိသောအခါ ကြောက်အား လန့်အားနှင့် လွတ်ရာသို့ ထွက်ပြေးသလို အဝိဇ္ဇာအမှောင်က ဖုံးထားသောကြောင့် ဘုံသုံးပါးမှာရှိတဲ့ ရုပ်နာမ်တွေကို ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး၊ ယောကျ်ား, မိန်းမ-ပဲဟု အထင်မှားပြီး ခင်တွယ်နေကြပါသော်လဲ အဝိဇ္ဇာအမှောင် ကင်းပျောက်ပြီး ဝိဇ္ဇာဉာဏ်အလင်းရောင် ရောက်သောအခါ အို, နာ, သေရေး-ဒုက္ခဘေးတွေနှင့် တွေ့နေကြရကဲ့ ရုပ်နာမ်အစစ်ကိုသိပြီး ထိုရုပ်နာမ်တွေနှင့်ဝေးတဲ့ နိရောဓသစ္စာ-နိဗ္ဗာန်သို့ ရောက်စေကြရမယ်။ ဒါကြောင့် မာန်လည်ဆရာတော်ဘုရားကြီးက -

"ပိုင်းခြားပယ်ဘိ၊ ဤသို့သိက၊ တေဘူမိလယ်၊ သံသာနယ်၌၊ ကိုးကွယ်ရာတည့်၊ ရှိဖို့မထင်၊ ညဥ့်မှောင်တွင်း၌၊ အကြင် ယောကျ်ား၊ နိုးထကြားဖြင့်၊ နွားဟုမှတ်ပြီး၊ ကျားကိုစီးသော်၊ နေမီးလင်းဘိ၊ ကျားမှန်းသိက၊ မချို

၁
စိတ်မှာ၊ ထွက်ပြေးရာသို့၊ မျှော်ကာအဟုတ်၊ စရကုတ်ဖြင့်၊ အားထုတ်
သောလား၊ သုံးပါး ဉာဏ်မှု၊ ပြီးအောင်ပြုမှ၊ ငါးခုခန္ဓာ၊ လွတ်ငြိမ်းရာကို၊
ရည်ကာစောထ၊ သဘောကျလျက်၊ တဏှာကုန်ရာ၊ ငြိမ်းအေးစွာသား၊
သဉပါဒ်၊ သန္တိလက္ခဏာ၊ လေးဖြာမဂ္ဂ၊ ပစ္စက္ခဖြင့်၊ နိရောဓရောက်၊
အာရုံလျှောက်၍၊ မျက်မှောက်ပြုသည့်-သဘောတည်း။" -
ဟု -မဃဒေဝမှာ စပ်ဆိုထားပါတယ်။

---

ရှင်တော်မြတ်ဘုရားဟာ နိရောဓသစ္စာ၌ ဉာဏ်သုံးပါးဖြစ်ပုံကို ဟောကြား တော်မူပြီးတဲ့နောက်မှာ မဂ္ဂသစ္စာ၌ ဉာဏ်သုံးပါးဖြစ်ပုံကို ဟောကြားတော် မူပါတယ်။

## မဂ္ဂသစ္စာ၌ ဉာဏ် ၃-ပါးဖြစ်ပုံ

(၁) သစ္စဉာဏ် ။ ။ ဣဒံ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၂) ကိစ္စဉာဏ် ။ ။ တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

(၃) ကတဉာဏ် ။ ။ တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယ-သစ္စံ ဘာဝိတန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

### အနက်

(၁) သစ္စဉာဏ် ။ ။ ဘိက္ခဝေ၊ ချစ်သားတို့။ ဣဒံ၊ ဤတရားသည်။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ ဆင်းရဲပယ်ဖျောက် နိဗ္ဗာန်ရောက်အောင်

ကျင့်ဆောင်အပ်ရာ မဂ္ဂသစ္စာအမှန်သာတည်း။ ဣတိ၊ ဤသို့။ မေ၊ ငါဘုရား အား။ ပုဗ္ဗေ၊ ရှေး၌။ အနနုဿုတေသု ဓမ္မေသု၊ တစ်ခါဘူးမှ မကြားဖူးသေး သော တရားအထူးတို့၌။ စက္ခုံ၊ ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဉာဏံ၊ အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ပညာ၊ ဉာဏ်ပညာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဝိဇ္ဇာ၊ အသိဉာဏ် ဝိဇ္ဇာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ အာလောကော၊ အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။

(၂) ကိစ္စဉာဏ် ။ ။ ဘိက္ခဝေ၊ ချစ်သားတို့။ တံ ခေါ ပနိဒံ နိရောဓဂါမိနီ- ပဋိပဒါ အရိယသစ္စံ၊ ဆင်းရဲပယ်ဖျောက် နိဗ္ဗာန်ရောက်အောင် ကျင့်ဆောင် အပ်ရာ ထိုမဂ္ဂသစ္စာကို။ ဘာဝေတဗ္ဗံ၊ ပွားများကြိုးကုတ် အားထုတ်အပ်၏။ ဣတိ၊ ဤသို့။ မေ၊ ငါဘုရားအား။ ပုဗ္ဗေ၊ ရှေး၌။ အနနုဿုတေသု ဓမ္မေသု၊ တစ်ခါဘူးမှ မကြားဖူးသေးသော တရားအထူးတို့၌။ စက္ခုံ၊ ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဉာဏံ၊ အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ပညာ၊ ဉာဏ်ပညာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဝိဇ္ဇာ၊ အသိဉာဏ် ဝိဇ္ဇာ သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ အာလောကော၊ အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။

(၃) ကတဉာဏ် ။ ။ ဘိက္ခဝေ၊ ချစ်သားတို့။ တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ- ပဋိပဒါ အရိယသစ္စံ၊ ဆင်းရဲပယ်ဖျောက် နိဗ္ဗာန်ရောက်အောင် ကျင့်ဆောင် အပ်ရာ ထိုအရိယသစ္စာကို။ ဘာဝိတံ၊ ပွားများကြိုးကုတ် အားထုတ်အပ်ပြီးပြီ။ ဣတိ၊ ဤသို့။ မေ၊ ငါဘုရားအား။ ပုဗ္ဗေ၊ ရှေး၌။ အနနုဿုတေသု ဓမ္မေသု၊ တစ်ခါဘူးမှ မကြားဖူးသေးသော တရား အထူးတို့၌။ စက္ခုံ၊ ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဉာဏံ၊ အသိဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ပညာ၊ ဉာဏ်ပညာသည်။ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဝိဇ္ဇာ၊ အသိဉာဏ် ဝိဇ္ဇာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ အာလောကော၊ အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။

အဓိပ္ပါယ်ကတော့ - မဂ္ဂသစ္စာ၌ (၁) သစ္စဉာဏ်၊ (၂) ကိစ္စဉာဏ်၊ (၃) ကတဉာဏ်-အားဖြင့် ဉာဏ်သုံးပါးဖြစ်ပုံကို ဟောကြားပြသထားခြင်း ဖြစ်ပါတယ်။

(၁) မဂ္ဂသစ္စာ၏ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းဖြစ်တဲ့ သဘော-ဟု သိသောဉာဏ်ဟာ **သစ္စဉာဏ်** ဖြစ်ပါတယ်။

(၂) နိဗ္ဗာန်ရောက်ဖို့ရာ မဂ္ဂသစ္စာကို ပွားများကြိုးကုတ် အားထုတ်အပ်၏-ဟု သိသောဉာဏ်ဟာ **ကိစ္စဉာဏ်** ဖြစ်ပါတယ်။

(၃) နိဗ္ဗာန်ရောက်ဖို့ရာ မဂ္ဂသစ္စာကို ပွားများကြိုးကုတ် အားထုတ်အပ် ပြီးပြီ-ဟု သိသောဉာဏ်ဟာ **ကတဉာဏ်** ဖြစ်ပါတယ်။

နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်ကို ရောက်လိုသူများဟာ ကျားကြီးကို ကျားမှန်းသိ၍ ကြောက်လန့်ပြီး ခုန်ပေါက်ပြေးလွှားသော ယောကျ်ားလို အိုခြင်းဆင်းရဲ, နာခြင်းဆင်းရဲ, သေခြင်းဆင်းရဲ-စသည်တို့ဖြင့် အနှိပ်စက် အဆင်းရဲခံနေရသော ရုပ်နာမ်တို့ကို ကြောက်လန့်ပြီး ဝိရတီသုံးပါး သီလ တရားနှင့်ပြည့်စုံအောင် ကျင့်ဆောင်၍ မဂ္ဂင်ရှစ်ပါး အကျင့်တရားများကို နေ့မနား၊ ညမအား သံတုံးကြီးကို အပ်ဖြစ်သွားအောင်သွေးသော ယောကျ်ား လို ပွားများကြိုးကုတ် အားထုတ်ကြရမယ်။ ဒါကြောင့် မာန်လည် ဆရာတော် ကြီးက-

" နိရောဓရောက်၊ မျက်မှောက်ပြုလို၊ ထိုပုဂ္ဂိုလ်ကား၊ ကျားကို ကြောက်က၊ ထွက်မြောက်ပြေးခွင့်၊ အသင့်ရှုကြံ၊ သစ့်ကောင်းပြု၊ သက်မှု အားထုတ်၊ တဖြုတ်မမေ့၊ တည်စေ၍တိ၊ ခုန်စွေ့ယောကျ်ား၊ ပြေးသော လားသို့၊ သုံးပါးဝိရတိ၊ စင်ကြယ်ဘိသား၊ အာဒိပြဟ္မ၊ စရိယဟု၊ သီလ တမွတ်၊ အာဇီဝဋ္ဌနှင့်၊ မချွတ်ပြီးငြား၊ သရုပ်အားဖြင့်၊ အပြားရှစ်အင်၊ ထိုမဂ္ဂင်ကို၊ အကြင်သုံးပါး၊ ဉာဏ်တရားဖြင့်၊ ဖြစ်ပွားစေသည့် သဘော တည်း။"-

ဟု စပ်ဆိုထားပါတယ်။

ရှင်တော်မြတ်ဘုရားသည် သစ္စာတစ်ပါးတစ်ပါး၌ ဉာဏ်သုံးပါး စီဖြစ်ပုံကို ရှင်းလင်းဟောကြားပြသတော်မူပြီး သစ္စာလေးပါးတို့၌ ဉာဏ်တစ်ဆယ့်နှစ်ပါး ဖြစ်ပုံတို့ကို မသိသေးခင်က 'လောကသုံးပါး၌ ငါဟာ ဘုရားဖြစ်ပြီ'ဟု ဝန်မခံသေး၊ မပြောကြားသေးပါ။ သစ္စာလေးပါးတို့၌ ဉာဏ်တစ်ဆယ့်နှစ်ပါး ဖြစ်ပုံတို့ကို သိပြီးတဲ့အခါကျမှသာလျှင် 'ငါဘုရားဟာ လောကသုံးပါးမှာ ဘုရားစင်စစ် အမှန်ဖြစ်ပြီ'ဟု ဝန်ခံပြောကြားခြင်းဖြစ်တယ်၊ ငါဘုရား၏ ဉာဏ်အမြင်ဟာ စင်ကြယ်ပြီ၊ အရဟတ္တဖိုလ်ချမ်းသာ နိဗ္ဗာန်ဟာလဲ မပျက်စီးတော့ဘူး၊ ငါဘုရား၏ ယခုဘဝဟာ နောက်ဆုံးဘဝဖြစ်တယ်-ဟု မိန့်ကြားထုတ်ဖော် ဟောတော်မူပါတယ်။

ဂါထာမဖက် စုဏ္ဏိယသက်သက်သာဖြစ်သော ဤဓမ္မစကြာ ဒေသနာတော်ကို ဟောကြားတော်မူသောအခါ ပဉ္စဝဂ္ဂီငါးဦးတို့ဟာ အထူးဝမ်းမြောက်စွာ နာကြပါတယ်။ ထိုသို့နာယူကြသောကြောင့် ဝါဆိုလပြည့်နေ့မှာ **အရှင်ကောဏ္ဍည** သောတာပန်ဖြစ်တယ်။ ဝါဆိုလပြည့်ကျော် ၁-ရက်နေ့ **အရှင်ဝပ္ပ**၊ ဝါဆိုလပြည့်ကျော် ၂-ရက်နေ့ **အရှင်ဘဒ္ဒိယ**၊ ဝါဆိုလပြည့်ကျော် ၃-ရက်နေ့ **အရှင်မဟာနာမ်**၊ ဝါဆိုလပြည့်ကျော် ၄-ရက်နေ့ **အရှင်အဿဇိ**တို့ သောတာပန်ဖြစ်ကြပါတယ်။ ဝါဆိုလပြည့်ကျော် ၅-ရက်နေ့မှာ အနတ္တလက္ခဏသုတ်ကို ဟောကြားတော်မူသောအခါ ၅-ပါးလုံး ရဟန္တာ ဖြစ်သွားကြပါတယ်။

ဒါကြောင့် တရားနာနေကြသော သူတော်ကောင်းတို့ဟာ ဒုက္ခသစ္စာကို ပိုင်းခြားသိပြီး၊ သမုဒယသစ္စာကိုပယ်၍၊ နိရောဓသစ္စာကို မျက်မှောက်ပြုကာ၊ မဂ္ဂသစ္စာကိုပွားများပြီးလျှင် အို, နာ, သေရေး- ဒုက္ခဘေးတို့မှ ကင်းဝေးရာမှန် ပြည်နိဗ္ဗာန်ကို လျှင်မြန်စွာ ရောက်နိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု။)

* * * * *

# ဓမ္မစကြာဒေသနာဟောခဉ် (၈)

## နတ်ပြဟ္မာများကောင်းချီးပေးပုံ

ရှင်တော်မြတ်ဘုရားဟာ ဓမ္မစကြာဒေသနာတော်ကို ဟောကြားတော်မူပြီးသည်ရှိသော် ဘုမ္မစိုးနတ်-အစရှိသော နတ်ဗြဟ္မာအပေါင်းတို့က ကောင်းချီးသြဘာ ပေးကြပါတယ်။

## နတ် ၃-မျိုး

ဒီနေရာမှာ နတ်နှင့်စပ်သွယ်ပြီး သိဖွယ်ရာများကို ပြောပြပါ မယ်။ နတ်ဟာ (၁) သမုတိနတ်၊ (၂) ဥပပတ္တိနတ်၊ (၃) ဝိသုဒ္ဓိနတ်-အားဖြင့် နတ် ၃-မျိုး ရှိပါတယ်။

(၁) **သမုတိနတ်** ။ ။ တိုင်းသူပြည်သား လူအများတို့ကို ကျောသားရင်သား မခွဲခြားဘဲ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ-ဆိုတဲ့ ဗြဟ္မစိုရ် တရားတွေ ပွားများပြီး မင်းကျင့်တရားဆယ်ပါးနှင့်အညီ အုပ်ချုပ်နေကြသော အာဏာပိုင် အဖွဲ့အစည်းများကို သမုတိနတ် ခေါ်ပါတယ်။

(၂) **ဥပပတ္တိနတ်** ။ ။ ဥပပတ္တိပဋိသန္ဓေနေသော နတ်များကို ဥပပတ္တိနတ် ခေါ်ပါတယ်။ ထို ဥပပတ္တိနတ်များဟာ ဤဓမ္မစကြာဒေသနာအရ ပြောရရင် (၁) ဘုမ္မစိုးနတ်၊ (၂) စာတုမဟာရာဇ်နတ်၊ (၃) တာဝတိံသာနတ်၊ (၄) ယာမာနတ်၊ (၅) တုသိတာနတ်၊ (၆) နိမ္မာနရတိနတ်၊ (၇) ပရနိမ္မိတဝသဝတ္တီနတ်-အားဖြင့် ၇-မျိုးရှိပါတယ်။ ၎င်း ၇-မျိုးကို ဘုမ္မစိုးနတ်က ၁-မျိုး၊ အာကာသစိုးနတ်က ၆-မျိုးခွဲပြီး၊ အာကာသစိုးနတ် ၆-မျိုးကို နတ်ပြည် ၆-ထပ်ခေါ်ပါတယ်။ မြေအပြင်ရှိသစ်ပင် စသည်များကို နတ်တို့၏တန်ခိုးဖြင့် ဘုံဗိမာန်အမျိုးမျိုး ဖန်ဆင်းပြီးနေသော နတ်များကို ဘုမ္မစိုးနတ် ခေါ်ပါတယ်။ လူအများကတော့ ရုက္ခစိုးနတ် ခေါ်တတ်ကြပါတယ်။

တိုင်းသူပြည်သား လူအများကို ကျောသားရင်သား မခွဲခြားဘဲ ဖြူမှုစိုက်တရား ပွားများကြပြီး မင်းကျင့်တရား ၁၀-ပါးနှင့်အညီ အုပ်ချုပ်နေကြသော သမုတိနတ်များဟာ အခွင့်သာပါက ရာထူးဌာနန္တရပေးခြင်း, ဆုလာဘ်များပေးခြင်း, ကြောင်းကျိုးပြသ ဆုံးမခြင်း-များကို ပေးနိုင်သလို၊ ဥပပတ္တိနတ်များဟာလဲ ရာထူးဌာနန္တရ-ရအောင်, ဆုလာဘ်များရအောင် ကူညီစောင့်ရှောက်နိုင်ကြပါတယ်။

ဘုမ္မစိုး, ရုက္ခစိုး, အာကာသစိုး-ခေါ်သော ဥပပတ္တိနတ်များကို မေတ္တာပို့ခြင်း, ပူဇော် ပ-သ-ခြင်းများကို ပြုလုပ်သူများအား ဥပပတ္တိ နတ်များက ပြန်လည်စောင့်ရှောက်ကြကြောင်းကို "ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊ တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ"ဟု ခုဒ္ဒကပါဌ ရတနသုတ်-မှာ ဖော်ပြထားပါတယ်။

## ပူဇော် ပ,သ-ပုံ

ပန်းခိုင်ဆေးရေး နတ်ရုပ်ပြုလုပ်၍ လည်းကောင်း၊ သစ်သားနတ်ရုပ်-စသည်ပြုလုပ်၍လည်းကောင်း၊ ဥပပတ္တိနတ်တို့ကို ရည်မှန်းပြီး နေ့အခါ၌ စားသောက်ဖွယ်များဖြင့်လည်းကောင်း၊ ညအခါ၌ ဆီမီးထွန်းညှိ ပူဇော်ခြင်းဖြင့်လည်းကောင်း၊ မိမိပြုလုပ်အားထုတ်အပ်သော ကိုသိုလ်ကောင်းမှု အစုစုတို့ကို အမျှပေးဝေခြင်းဖြင့်လည်းကောင်း ကိုယ်စောင့်နတ် အိမ်စောင့်နတ်တို့မှစ၍ နတ်ဖြူမှာပေါင်းများစွာ ဝိဇ္ဇာရှစ်သောင်း သာသနာပြုပုဂ္ဂိုလ်အပေါင်းတို့အား အမျှပေးဝေခြင်း, မေတ္တာပို့ခြင်း-စသည်တို့ဖြင့် ပူဇော် ပ-သ-သောသူကို နတ်များက ပြန်လည်စောင့်ရှောက် မ စ-ကြကြောင်းကို ခုဒ္ဒကပါဌအဋ္ဌကထာမှာ ပြသထားပါတယ်။

## ဗလိ ၅-မျိုး

ရှင်တော်မြတ်ဘုရားဟာ သောတာပန်ဖြစ်သော ကျောင်းဒါယကာ အနာထပိဏ်သူဌေးကြီးအား ဗလိ ၅-မျိုး(ပူဇော်ခြင်း ၅-မျိုး)တို့ကို ဟောကြားတော်မူပါတယ်။

(၁) ဉာတိဗလိ ။ ။ အဆွေအမျိုးတို့အား ကူညီထောက်ပံ့ လှူဒါန်း ပူဇော်ခြင်းကို ဉာတိဗလိ ခေါ်ပါတယ်။

(၂) အတိဋ္ဌိဗလိ ။ ။ ဧည့်သည့်တို့အား ကူညီစောင့်ရှောက် ထောက်ပံ့ ကျွေးမွေး ပေးကမ်းလှူဒါန်းခြင်းကို အတိဋ္ဌိဗလိ ခေါ်ပါတယ်။

(၃) ပုဗ္ဗပေတဗလိ ။ ။ သေလွန်ပြီသော မိဘ, ဆွေမျိုး, မိတ်သင်္ဂဟများကို ရည်စူး၍ ပေးကမ်းလှူဒါန်းခြင်းကို ပုဗ္ဗပေတဗလိ ခေါ်ပါတယ်။

(၄) ရာဇဗလိ ။ ။ သမုတိနတ်ဖြစ်သော မင်းစိုးရာဇာ အာဏာပိုင် အဖွဲ့ အစည်းများအား ပေးကမ်းလှူဒါန်း ပူဇော်ခြင်းကို ရာဇဗလိ ခေါ် ပါတယ်။

(၅) ဒေဝတာဗလိ ။ ။ ဥပပတ္တိနတ်တို့အား ပူဇော် ပ-သ-ခြင်းကို ဒေဝတာဗလိ ခေါ်ပါတယ်။ ဥပပတ္တိနတ်တို့ကို ပူဇော်သောကြောင့် ထို ဥပပတ္တိ နတ်တို့က ပြန်၍ ကြီးပွားချမ်းသာ ြင် ပူဇော်သောသူကို စောင့် ရှောက်ကြောင်းကို သုတ်မဟာဝါ၊ ပရိနိဗ္ဗာန-သုတ်မှာ ပြထားပါ တယ်။

## ကြက်ဆူပင်စောင့်နတ်

သူဆင်းရဲတစ်ယောက်ဟာ ဆန်ကွဲဖြင့် ပြုလုပ်သောမုန့်ကို မရိုးရွက် ဖြင့်ထုပ်၍ ရေတစ်မှုတ်နှင့်အတူ ယူလာကာ ကြက်ဆူပင်စောင့်နတ်အား လှူဒါန်းပူဇော်သောကြောင့် ကြက်ဆူပင်စောင့်နတ်က သူဆင်းရဲ ယောကျ်ား အား ရွှေအိုး, ငွေအိုး-များ ထုတ်ဖော်ပေးပြီး သူဌေးဖြစ်အောင် မ-စ- ဖူးကြောင်းကို ဧကနိပါတ် ဇာတ်အဋ္ဌကထာ၊ ကုဏ္ဍကပူဝ-ဇာတ်၌ ဖော်ပြ ထားပါတယ်။

## မိစ္ဆာဒိဋ္ဌိဖြစ်ပြီး သရဏဂုံပျက်ခြင်း

နတ်များဟာ လူတိုင်းကို မမ-နိုင်ပါ၊ ကုသိုလ်ကံ အကျိုးပေး ခွင့်ရှိသူကိုသာ မ စ နိုင်ကြပါတယ်။ ချမ်းသာသောဘဝ, ဆင်းရဲ သောဘဝ၌ ဖြစ်ရခြင်းဟာ

ကုသိုလ်ကံ, အကုသိုလ်ကံ-ကြောင့်သာဖြစ်တယ်-ဟု ယူဆခြင်းဟာ သမ္မာဒိဋ္ဌိ ဖြစ်ပါတယ်၊ ထိုသမ္မာဒိဋ္ဌိအယူ ကို မယူဘဲ၊ သူရဿတီ, မဟာပိန္နဲ, မဟာဗြဟ္မာ-စသည်တို့က ဖန် ဆင်းပြုလုပ်ပေးသောကြောင့်သာ ဆင်းရဲခြင်း, ချမ်းသာခြင်း-ဖြစ်ရတယ်ဟု ယူဆပြီး နတ်များကို ကိုးကွယ်ပူဇော်ပါက မိစ္ဆာဒိဋ္ဌိ ဖြစ်ပါတယ်။ ထိုနတ်များကို ဘုရား, တရား, သံဃာ-ရတနာသုံးပါးတို့ထက် ပိုပြီး ယုံကြည် ကိုးကွယ်ပါက သရဏဂုံပျက်တတ်ကြောင်းကို သလ္လက္ခနအဋ္ဌကထာမှာ ပြထား ပါတယ်။

စာရေးသူ စာသင်သားဘဝ ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီး ကျောင်းတိုက်သို့ စာသင်ရောက်စက ဆွမ်းခံအိမ်များ ဖိတ်ထားပြီး နောက်နေ့ ဆွမ်းခံရာတွင် အိမ်များကို မမှတ်မိ၍ ဆွမ်းတစ်ပေါင်းမှ မရသောကြောင့် ရလိုရငြား အိမ်တစ်အိမ်သို့တက်၍ ထိုင်နေပါတယ်၊ နတ်တင်ဖို့ရာ ပြင်ဆင်နေ တဲ့ အမျိုးသမီးကြီးဟာ စာရေးသူအား မျက်စောင်းထိုးကြည့်ပြီး ဆင်းသွားဖို့ရာ အမူအရာကို ပြပါတယ်၊ စာရေးသူဟာ ဆွမ်းတစ်ပေါင်းမှ မရသောကြောင့် ပေကပ်ပြီး ထိုင်နေပါတယ်၊ အမျိုးသမီးကြီးဟာ ဆောင့်ကြီးအောင့်ကြီးနှင့် ဆွမ်းတစ်ပေါင်း လာလောင်းပြီး ဆွမ်းခွက်ပန်းကန်ကို ဖျာပေါ် ပစ်ချလိုက် ပါတယ်၊ စာရေးသူဟာ ရှက်လဲရှက်, ကြောက်လန့်လဲ ကြောက်လန့်ပြီး ကျောင်း သို့ အမြန်ပြန်ကာ ဆွမ်းမစားရတော့ဘဲ ဝမ်းနည်းပြီး သက်နှ်းကို ခေါင်းမြီးခြုံ ကာ စီးကျလာသော မျက်ရည်များကိုသာ သုတ်နေခဲ့ရပါတယ်။

အဲဒီအမျိုးသမီးကြီးဟာ ရတနာသုံးပါးထက် နတ်ကိုပိုပြီး ရိုသေလေးစား သောကြောင့်သာ သံဃာကို မရိုသေတာနှင့် တူပါတယ်၊ ဤသို့ ရတနာ သုံးပါးထက်ပိုပြီး နတ်ကို ယုံကြည်ကိုးကွယ်ပါက သရဏဂုံ ပျက်တတ်ပါတယ်။ ဒါကြောင့် သရဏဂုံ မပျက်ရအောင် ရတနာသုံးပါးကို နတ်ထက်ပိုပြီး ယုံကြည်ကိုးကွယ်ကြပါ။ ယခု ပစ္စုပ္ပန်ဘဝအကျိုးမှာသာ **နတ်များကို ကိုးကွယ်** ပူဇော်ကြပြီး ခုရောနောင်ခါ သံသရာအတွက် ဘုရား, တရား, သံဃာ-**ရတနာ** သုံးပါးတို့ကို ကိုးကွယ်ပူဇော်ကြရမယ်။

## ကိုယ်စောင့်နတ်ရှိ၏

ကိုယ်ကိုစောင့်ရှောက်သော ကိုယ်စောင့်နတ်ရှိကြောင်းကို ပါရာဇိက အဋ္ဌကထာ သုဒိန္နကဏ္ဍအဖွင့်တွင် "သဗ္ဗပဌမံ ဟိဿ တံ ပါပံ အတ္တနာ ဇာနာတိ၊ တတော အာရက္ခဒေဝတာ အထညာပိ ပရစိတ္တဝိဒူယော ဒေဝတာ" ဟု ဖွင့်ပြထားပါတယ်။ မကောင်းမှုကို ပြုလုပ်သောသူအား ခပ်သိမ်းသော သူတို့၏ ရှေးဦးစွာ မိမိကိုယ်တိုင်သိ၏။ ထိုနောင် မိမိကိုယ်ကို စောင့်ရှောက်နေသော ကိုယ်စောင့်နတ်သိ၏၊ ထိုနောင် သူတစ်ပါးတို့၏စိတ်ကို သိတတ်သောနတ်တို့ သိကြ၏။

## မင်္ဂဖိုလ်ရထိုက်သူကို နတ်များသိ

ဥတ္တရမာတာ ပြိတ္တာမ-ဟာ ဇေတဝန်ကျောင်းအတွင်း၌ မြတ် စွာဘုရား၏ တရားတော်ကို နာကြားနေကြသော ပရိသတ်များကို မြင်၍ အလျှုထင်မှတ်ပြီး အစားအစာကောက်ယူရန် ကျောင်းထဲသို့ ဝင်လာရာ တံခါးစောင့်နတ်က ဥတ္တရမာတာ၏ မင်္ဂဖိုလ်ရနိုင်ကြောင်း ကို သိသောကြောင့် မတားမြစ်ခြင်း၊ အနာထပိဏ်သူဌေးဟာ ယောက်ဖတော်သူ ရာဇဂြိုဟ်သူဌေး၏ ၇-ထပ် တိုက်ကြီး၌ တည်းခိုနေစဉ် ဘုရားရှင်ကို ဖူးမြင်လိုသောဆန္ဒ အလွန်ပြင်းပြသဖြင့် မိုးလင်းပြီအထင်နှင့် ၇-ထပ်မြင့်သော တိုက်ခန်းမှ ဆင်းလာရာ အနာထပိဏ်သူဌေးကြီး၏ မင်္ဂဖိုလ်ရမည့်အကြောင်းကို သိသောကြောင့် နတ်များက တံခါးများကို ဖွင့်ထားခြင်း-စသည်တို့ကိုထောက်၍ မင်္ဂဖိုလ် ရထိုက်သူများကို နတ်များသိကြောင်း ထင်ရှားပါသည်။

## နတ်နှင့်စပ်သွယ် သိမှတ်ဖွယ်များ

နတ်ပြည်နှင့်စပ်သွယ်တဲ့ သိမှတ်ဖွယ်ရာများကို မာန်လည်ဆရာတော် ဘုရားကြီးကမေးလို့ မင်းကွန်းဆရာတော်ဘုရားကြီးက ဖြေကြားထားပုံများကို ဗဟုသုတဖြစ်ဖို့ရာ သတပဒိကပုစ္ဆာ ဝိသဇ္ဇနာကျမ်းမှ ထုတ်နုတ်တင်ပြပါမယ်။

၆၀/မေး။ ။ ဆ ကာမာ ဘူမိမှာ၊ ကုမာရိနတ်အပျို လူလိုတဲ့ပေလား၊ ပွင့်မြဲငယ်မှီ-တစ်လလျှင်ကြိမ်အညီပ၊ ချိန်ရာသီ ပေါ်တဲ့ ပန်းငယ်၊ လန်းပါစ-လား။

၆၀/ဖြေ။ ။ ဆ ကာမာ ဘူမိမှာ၊ ကုမာရိနတ်အပျို လူတို့လို ဟုတ်ဘဲ၊ ပွင့်မြဲငယ်မှီ-ရှစ်ရက်လျှင်တစ်ကြိမ်စီပ၊ ချိန်ရာသီ ပေါ်တဲ့ ပန်းငယ်၊ လန်းမပွင့်မြဲ။
(နတ်ပြည် ၆-ထပ်က နတ်သားတွေမှာ သုက်မရှိသလို နတ်သမီးများမှာလဲ ရာသီမလာပါ။)

၆၁/မေး။ ။ အပွေပို၊ မဖြေလို စိတ်တော်ရှိပါနှင့်၊ ခင်သိတာမို့၊ နတ်ခြောက်ဆူ-ချစ်သွေးနှစ်ကိုယ်မြူလို့၊ ဟိုအမူ လူလိုချင့်ပေထင့်၊ သင်းကဘယ်သို့။

၆၁/ဖြေ။ ။ အပွေပို၊ မဖြေလိုစိတ်တော်ရှိပါဘူး၊ ကိုယ်သိတာမို့၊ နတ်ခြောက်ဆူ-ချစ်သွေးနှစ်ကိုယ်မြူလို့၊ ဟိုအမူ လူလိုကျင့်ကြတယ်၊ သင်းကဤသို့။

၆၂/မေး။ ။ တွေ့မဆုံ၊ ကြည့်မျှော်ရုံ ရယ်ရွှင်ကြကာနှင့်၊ ကိစ္စ ကုန်ကြောင်း၊ ဆိုကြဟန်-စင်စစ်ကယ် မှန်မမှန်လို့၊ မြတ်ကျမ်းဂန် ဘယ့်နှယ်ရှိတယ်၊ ဘုန်းသိသင့်ကောင်း။

၆၂/ဖြေ။ ။ တွေ့မဆုံ၊ ကြည့်မျှော်ရုံ ရယ်ရွှင်ကြကာနှင့်၊ ကိစ္စကုန်ခဲ့၊ ဆိုကြဟန်- စင်စစ်ကယ် မမှန်ဟု၊ မြတ်ကျမ်းဂန် သည့်နှယ်ရှိတယ်၊ ဘုန်းသိပါငဲ့။

၆၃/မေး။ ။ နတ်ခြောက်ဘုံ၊ မောင်နှံစုံ လူလိုရှိတယ်လို့၊ ခင်သိမှုကား၊ မိန့်ပရှင်-နတ်ကလျာ လုံမယ်ခင်တို့၊ လူနှယ်ပင် နှုက်ငုံပိုက်တယ်၊ သားနို့တိုက်လား။

၆၃/ဖြေ။ ။ နတ်ခြောက်ဘုံ၊ မောင်နှံစုံ လူလိုရှိသည်ဟု၊ မှန်သိ မယွင်း၊ မိန့်လိုက်ပြီ-နတ်ကလျာ မယ်ဒေဝီတို့၊ နှုက်ငုံ၍ လူ့ယ်မပိုက်တယ်၊ သားနို့တိုက်ကင်း။

(ဤအဖြေသည် ယေဘုယျနည်းဖြင့် ဖြေဆိုထားခြင်း ဖြစ်တယ်၊ အပွကနည်းအားဖြင့် စာတုမဟာရာဇ်ဘုံ၌ ပါဝင်သော ဘုမ္မစိုးနတ်တို့သည်ကား သားသမီးများကို နို့တိုက်ကြရပါတယ်။)

၆၄/မေး။ ။ နတ်ပြဟ္မာစုတွေက၊ လူပြကတွေသမုဋ္ဌာန်လို၊ ရုပ် ကျန်ခဲ့လေသလား၊ ရုပ်ကျန်လျှင် ဘယ်နည်းဘယ်ပုံ ဆင်လိမ့်၊ မြေရေတွင် ချကာမြှုပ် မီးဖုတ်သလား။

၆၄/ဖြေ။ ။ နတ်ပြဟ္မာစုတွေက၊ လူပြကတွေသမုဋ္ဌာန်လို၊ ရုပ် မကျန်လေဘဲ၊ မြေမီးတွင်-မြှုပ်, ဖုတ်ကင် ဘယ်မှာရ ပါ့မယ်၊ ဆီမီးလျှံငြိမ်းချုပ်ဟန် ပုံတူမျှတယ်၊ ကင်းချုပ်ကြမြဲ။

နတ်ပြည်က နတ်သား နတ်သမီးတွေဟာ လူပြည်က လူတွေလို သေသောအခါ ကိုယ်ကောင်မကျန်ရစ်ဘဲ ဆီမီးတောက်များငြိမ်း သွားတဲ့အခါ ဘာမှမကျန်ဘဲ ချုပ်ပျောက်သွားသလို ဖြစ်ကြပါတယ်၊ လူ့ပြည်မှာလို ပဋိသန္ဓေနေရတဲ့ ဆင်းရဲလဲ မရှိကြပါ၊ နတ်သားဆိုရင် အသက် ၂၀-အရွယ်, နတ်သမီးဆိုရင် ၁၆-နှစ်အရွယ် ဖြစ်ကြရပါတယ်။

နတ်ဘုံဗိမာန်တစ်ခုမှာ နတ်သားက တစ်ယောက်တည်းရှိပြီး နတ်သမီးများက တစ်ထောင်တောင် ရှိပါတယ်၊ အမျိုးသမီးတွေဟာ များသောအားဖြင့် ကုသိုလ်ကောင်းမှုတွေကို အများကြီး ပြုကြသောကြောင့် နတ်ပြည်အရောက်များကြပါတယ်။

ဒါကြောင့် ဇနီးဖြစ်သူက သူ့ယောက်ျားကို “တော်တို့ယောက်ျား တွေဟာ အလှူဒါနကိုလဲ မပြုချင်ကြဘူး၊ ဥပုသ်သီလလဲ မစောင့်ချင်ကြဘူး၊ ကုသိုလ်ကောင်းမှု အပြုနည်းကြတယ်။ ကျွန်မတို့ မိန်းမတွေကသာ ကုသိုလ်ကောင်းမှုတွေကို အများကြီးပြုကြလို့ သေတဲ့အခါ နတ်ပြည်အရောက်များကြတယ်၊ ဒါကြောင့် နတ်ပြည်မှာ နတ်သမီးတွေကများပြီး နတ်သားတွေနည်းနေတာ”ဟု ပြောကာ အနိုင်ယူလေ့ရှိပါတယ်။ ဘေးလူများက ယောက်ျားဖြစ်သူအား နောက်ကို ခင်ဗျားမိန်းမက “နတ်ပြည်မှာ နတ်သမီးတွေများဟဲ့ ဘာကြောင်း

ပြောပြီး အနိုင်ယူလို့ရှိရင် ခင်ဗျားက "သဲစုမက ပွင့်တော်မူသွားကြတဲ့ ဘုရားတွေဟာ တို့ယောကျ်ားတွေပါကွ"ဟု ပြန်ပြောပါ-ဟု သင်ပေးလိုက်ကြ ပါတယ်။ အိမ်ရောက်လို့ မိန်းမက ကျွန်မတို့ မိန်းမတွေကသာ ကုသိုလ်ကောင်းမှု အပြုများလို့ သေတဲ့အခါ နတ်ပြည်အရောက်များကြတယ်-ဟု ပြောတဲ့အခါ ယောကျ်ားဖြစ်သူက "တို့ယောကျ်ားတွေကလဲ သ-သဲသဲ-ဟု တစ်နေသောကြောင့် ရှေ့ဆက်မပြောနိုင်သေးခင်မှာပင် မိန်းမက "တော်တို့ယောကျ်ားတွေ သဲကိုသဲလို့ ငရဲအရောက်များကြတာပေါ့"ဟု ပြောကာ အနိုင်ယူသွား ပြန်ပါတယ်။ အမှန်ပြောရမှာက "သဲစုမက ပွင့်တော်မူသွားကြတဲ့ ဘုရားတွေဟာ တို့ယောကျ်ားတွေပါကွာ"လို့ ပြောရမှာကို မပြောနိုင်ဘဲ သဲ-သဲ-တွင် တစ်နေသောကြောင့် မိန်းမက အထင်လွဲပြီး သဲရင် ငရဲရောက်နိုင်ကြောင်း"ကို သတိပေးစကား ပြောကြားခြင်း ဖြစ်ပါတယ်။

## (၃) ဝိသုဒ္ဓိနတ်

ကိလေသာ အာသဝေါတရားများ ကုန်ခမ်းပြီးသော ဘုရား, ရဟန္တာ, ပစ္စေကဗုဒ္ဓါ-တို့ကို ဝိသုဒ္ဓိနတ် ခေါ်ပါတယ်။ ထိုဝိသုဒ္ဓိနတ်ဟာ လောကတွင် အမြတ်ဆုံးဖြစ်ပါတယ်၊ နတ်တကာတို့ထက် အမြတ်ဆုံးဖြစ်ပါတယ်။ နတ်တကာတို့ထက် အမြတ်ဆုံးဖြစ်သော ဝိသုဒ္ဓိနတ်ဖြစ်တော်မူတဲ့ ရှင်တော်မြတ်ဘုရားဟာ မိမိအား လုပ်ကျွေးပြုစုခဲ့ဖူးသော ကျေးဇူးများကို ဆပ်သောအားဖြင့် ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တောမှာ ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးမှန်စွာ ဤဓမ္မစကြာဒေသနာတော်ကို ဟောကြားတော်မူသောအခါ ဘုမ္မစိုးနတ်များက "မြတ်စွာဘုရားဟာ ဗာရာဏသီပြည် ဣသိပတန အမည်ရသော မိဂဒါဝုန်တော၌ တစ်စုံတစ်ယောက်သော ရဟန်း, ပုဏ္ဏား, နတ်, မာရ်နတ်, ဗြဟ္မာ-တို့ပါ မဟောကြားနိုင်သော ဤဓမ္မစကြာ ဒေသနာတော်ကို ဟောကြားတော်မူအပ်ပြီ"ဟု ကောင်းချီးပေးကာ ကြွေးကြော်ကြပါတယ်။

ဘုမ္မစိုးနတ်တို့၏ ကြွေးကြော်သံကို ကြားရသောအခါ စာတုမဟာရာဇ်နတ်၊ တာဝတိံသာနတ်၊ ယာမာနတ်၊ တုသိတာနတ်၊ နိမ္မာနရတီနတ်၊ ပရနိမ္မိတဝသဝတ္တီနတ်၊ ဗြဟ္မာပြည်၌နေသော ဗြဟ္မာတို့ကပါ ကောင်းချီးပေးကာ

ကြွေးကြော်ကြပါတယ်။ ထိုခဏမှာပင် အကနိဋ္ဌ-ဗြဟ္မာ့ပြည်တိုင်အောင် ကောင်းချီးပေးကာ ကြွေးကြော်သံများ ဆူညံသွားအောင် ပျံ့နှံ့ တက်သွားကြပါတယ်၊ ဤတစ်သောင်းသော စကြဝဠာကြီးဟာလဲ တုန်လှုပ်ပါတယ်၊ အတိုင်းအရှည်ပမာဏ ရှာမရအောင် ထူးကဲသော အရောင်အလင်းကြီးဟာလဲ နတ်ဗြဟ္မာတို့၏ တန်ခိုးအာနုဘော်ကို ကျော်လွန်ကာ ဖြစ်ပေါ်လာပါတယ်။

ထိုအခါ ရှင်တော်မြတ်ဘုရားက "အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော"ဟု ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးပါတယ်။

ဘော၊ အိုအချင်းတို့။ ကောဏ္ဍညော၊ ကောဏ္ဍညသည်။ ဝတ၊ ဧကန်စင်စစ်။ အညာသိ၊ သစ္စာလေးပါးကို သိသွားလေပြီ။ ဘော၊ ထိုအချင်းတို့။ ကောဏ္ဍညော၊ ကောဏ္ဍညသည်။ ဝတ၊ ဧကန်စင်စစ်။ အညာသိ၊ သစ္စာလေးပါးကို သိသွားလေပြီ။

ထို့ကြောင့် အရှင်ကောဏ္ဍညအား "အညာသိကောဏ္ဍည"ဟူသော အမည်ဖြစ်ပါတယ်။ ထိုအရှင်ကောဏ္ဍညဟာ မြင်အပ်ပြီး, ရောက်အပ်ပြီး, ဉာဏ်ဖြင့် သက်ဝင်အပ်ပြီး-သော သစ္စာလေးပါး တရားရှိသည်ဖြစ်၍၊ ယုံမှားခြင်း, တွေးတောခြင်း-ကင်းသည်ဖြစ်၍ ဘုရားမြတ်စွာ သာသနာတော်၌ ရဲရင့်ခြင်း၊ ကိုယ်တိုင်သိ၍ ယုံကြည်ခြင်း-ရှိ၍ မြတ်စွာဘုရားထံ ရှင်အဖြစ်, ရဟန်းအဖြစ်ကို တောင်းပန်ပါတယ်၊ ရှင်တော်မြတ်ဘုရားက "ချစ်သား-လာခဲ့လော့၊ တရားတော်ကို ကောင်းစွာဟောအပ်ပြီ၊ ဆင်းရဲအဆုံးကို ပြုဖို့ရာ အထက်မဂ်သုံးပါးတည်းဟူသော မြတ်သောအကျင့်ကို ကောင်းစွာ ကျင့်လော့"ဟု မိန့်ကြားတော်မူသောအခါ တို့အရှင် အညာသိကောဏ္ဍည-ဟာ "ဧဟိဘိက္ခုရဟန်း" ဖြစ်သွားပါတယ်။

ဤသာသနာတော်မှာ အစဦးဆုံး ရဟန်းဖြစ်တာဟာ အရှင် အညာသိကောဏ္ဍည ဖြစ်ပါတယ်၊ ဒါကြောင့် "ရဟန်းအစ ကောဏ္ဍည"ဟူ၍ လည်းကောင်း၊ ရဟန်းစဖြစ်တဲ့နေ့ဟာ ဝါဆိုလပြည့်နေ့ ဖြစ်သောကြောင့် "ရဟန်းအစ

ဝါဆိုလ"ဟူ၍လည်းကောင်း ဝါဆိုလကစ၍ ရဟန်းဖြစ်ပေါ်လာသောကြောင့် ဝါဆိုလကို ၁၂-လရာသီပွဲတော်တွင် "ပဥ္စင်းခံပွဲ"သတ်မှတ်ကြောင်းကို လည်းကောင်း မှတ်သားထားကြရမယ်။ အရှင်ကောဏ္ဍည-ဟာ ရှေးရှေးဘဝက သင်္ကန်း, သပိတ်, ပရိက္ခရာတွေကို လှူဒါန်းခဲ့ဖူးသောကြောင့် ရှင်တော်မြတ်ဘုရားက "ဧဟိ ဘိက္ခု"ခေါ်တော်မူ တဲ့အခါမှာ လူ့အသွင်ပျောက်ကာ သင်္ကန်း, သပိတ်, ပရိက္ခရာများဟာ အလိုလိုပေါ်လာပြီး ဝါခြောက်ဆယ်ရသော မထေရ်ကြီးလို ရဟန်းအဖြစ်ကို ရရှိသွားပါတယ်။ "ဧဟိ ဘိက္ခု"ခေါ်တာဟာလဲ လူတိုင်းကို ခေါ်လို့မရဘူး၊ သင်္ကန်း, သပိတ်, ပရိက္ခရာလှူဒါန်းဖူးသောသူများကိုသာ "ဧဟိ ဘိက္ခု"ခေါ်လို့ရပါတယ်။

ဓမ္မစကြာဒေသနာကို ဟောကြားလို့ပြီးပါပြီ ဓမ္မစကြာဒေသနာတော်ကို နာကြားကြရသော ကောင်းမှုကုသိုလ်ကံ စေတနာတို့ကြောင့် အို, နာ, သေရေး ဒုက္ခဘေးတို့မှ ကင်းဝေးရာမှန်တဲ့ ပြည်နိဗ္ဗာန်ကို လျင်မြန်စွာ ရနိုင်-ရောက်နိုင်ကြပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓု)

* * * * *

# ဓမ္မစကြာဒေသနာဟောစဉ်(၉)

## ငါးပေါက်မမှား တရားတော်

တရားအလုပ်တွေကို အားထုတ်နေကြသော ယောဂီပုဂ္ဂိုလ်များဟာ အသိတရားဖြင့် သတိထားနိုင်ကြဖို့ရာ အဋ္ဌကထာဆရာက အောက်ပါဂါထာဖြင့် သတိပေးထားပါတယ်။

သမတိတ္တိကံ အနဝသေသကံ၊
တေလပတ္တံ ယထာ ပရိဟရေယျ။
ဧဝံ သစိတ္တမနုရက္ခေ၊
ပတ္ထယမာနော ဒိသံ အဂတပုဗ္ဗံ။
(တေလပတ္တဇာတ် အဋ္ဌကထာ၊ စာမျက်နှာ-၂၆၄)

အနဝသေသကံ၊ တစ်ဖန် ဆီထည့်၍မရအောင်။ သမတိတ္တိကံ၊ အနားရစ်နှင့်အညီအမျှ ဆီထည့်ထားသော။ တေလပတ္တံ၊ ဆီခွက်ကို။ ပုရိသော၊ ယောကျ်ားသည်။ ပရိဟရေယျ ယထာ၊ မဖိတ်မစင်အောင် ဆောင်ယူရာသကဲ့သို့။ ဧဝံ-တထာ၊ ထို့အတူသာလျှင်။ အဂတပုဗ္ဗံ၊ အစမထင် သံသရာကစ၍ ယနေ့ကျအောင် တစ်ခါတစ်ခေါက်မှ မရောက်ဖူးသေးသော။ ဒိသံ၊ အို, နာ, သေရေး-ဒုက္ခဘေးတို့မှ ကင်းဝေးရာမှန် ပြည်နိဗ္ဗာန်ကို။ ပတ္ထယမာနော၊ လိုလားတောင့်တသော ယောဂီသည်။ သစိတ္တံ၊ မိမိစိတ်ကို။ အနုရက္ခေ၊ အသိတရားနှင့် သတိထားပြီး တရားအလုပ်တွေကို အားထုတ်လို့သာ စောင့်ရှောက်ထိန်း သိမ်းနိုင်ကုန်ရာသတည်း။

အဓိပ္ပါယ်ကတော့- တရားအလုပ်တွေကို အားထုတ်သော ယောဂီသည် အကျဉ်းထောင်ကျနေသော ရာဇဝတ်သားအား ဆီအပြည့် ထည့်ထားသော ဆီခွက်ကိုပေး၍ ဆီကစ်စက်ဖိတ်ရင် သင့်ဇက်ကိုဖြတ်မည်-ဟုပြောပြီး နာမည်ကြီး အငြိမ့်မင်းသမီး ဇနပဒကလျာဏီ က-ပြ-နေသော ပွဲအလယ်ကို ဖြတ်သွားနိုင်သော ထိုခါ ရာဇဝတ်သားသည် ဆီဖိတ်မှုကို စိုးရိမ်သောကြောင့်

သတိထားပြီး သွားရသလို၊ နိဗ္ဗာန်ကိုလိုချင်သော ယောဂီဟာလည်း မိမိ၏ စိတ်ကို အသိတရားနှင့် သတိထားပြီး တရားအားထုတ်ကာ စောင့်ထိန်းရမယ်။

## တေလပတ္တဇာတ်

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း အုပ်စိုးစဉ်အခါ ဘုရားအလောင်း မင်းသားဟာ ဗြဟ္မဒတ်မင်းကြီး၏ တစ်ရာသော သားတော်တို့တွင် အငယ်ဆုံး သားဖြစ်ပါတယ်။ ဘုရားလောင်းမင်းသားဟာ ဤဗာရာဏသီပြည်တွင် မင်းအဖြစ်ကို ရနိုင်-မရနိုင်ကို သိလိုသောကြောင့် အရှင်ပစ္စေကဗုဒ္ဓါတို့ကို ပင့်၍ ဆွမ်းကပ်ပြီး မေးလျှောက်ပါတယ်။

အရှင်ပစ္စေကဗုဒ္ဓါတို့က "အသင်မင်းသားဟာ ဤဗာရာဏသီပြည်မှာ မင်းအဖြစ်ကို မရနိုင်ပါ၊ ဗာရာဏသီပြည်မှ ယူဇနာတစ်ရာ့ နှစ်ဆယ်ဝေးတဲ့ တက္ကသိုလ်ပြည်သို့ သွားနိုင်ပါက ဤနေ့မှ ခုနစ်ရက်မြောက်တဲ့နေ့မှာ မင်း အဖြစ်ကို ရလိမ့်မယ်၊ ဗာရာဏသီပြည်နှင့် တက္ကသိုလ်ပြည်အကြားမှာ တော အုပ်ကြီးရှိတယ်၊ တောအုပ်ကို လမ်းရိုးအတိုင်း သွားပါက ယူဇနာတစ်ရာ ဝေးပြီး၊ ဖြတ်လမ်းက သွားပါက ယူဇနာငါးဆယ်သာ ဝေးတယ်၊ ဤ ယူဇနာ ငါးဆယ်ဟာ ဘီလူးတွေပေါတဲ့ တောအုပ်ကြီးဖြစ်လို့ ဘေးရန်အန္တရာယ် များတယ်၊ ဘီလူးများဟာ အဆင်း=ရူပါရုံ နှစ်သက်သူကို အဆင်းမျိုးစုံ ရူပါ ရုံဖြင့်လည်းကောင်း၊ အသံ=သဒ္ဒါရုံနှစ်သင်သူကို အသံမျိုးစုံ သဒ္ဒါရုံ ဖြင့်လည်း ကောင်း၊ အနံ့=ဂန္ဓာရုံနှစ်သက်သူကို အနံ့မျိုးစုံ ဂန္ဓာရုံဖြင့်လည်းကောင်း၊ အစားအစာမျိုးစုံ=ရသာရုံနှစ်သက်သူကို အစားအစာမျိုးစုံ ရသာရုံဖြင့်လည်း ကောင်း၊ အတွေ့အထိမျိုးစုံ=ဖောဋ္ဌဗ္ဗာရုံ နှစ်သက်သူကို အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံဖြင့်လည်းကောင်း ဖြားယောင်းပြီး ဖမ်းယူစားသောက်ကြတယ်၊ ဣန္ဒြေငါးပါးတို့ကို စောင့်ထိန်းပြီး ဘီလူးမတွေကို မကြည့်ဘဲ အသိတရားနှင့် သတိထားပြီး သွားနိုင်ပါက ခုနစ်ရက်မြောက်တဲ့နေ့မှာ တက္ကသိုလ်ပြည်၌ မင်းအဖြစ်ကို ရလိမ့်မယ်"ဟု မိန့်ကြားတော်မူကြပါတယ်။

ဘုရားလောင်းမင်းသားဟာ အရှင်ပစ္စေကဗုဒ္ဓါတို့၏စကားကို နာကြား၍ ငါးပါးသီလဆောက်တည်ပြီး ပရိတ်တရားတို့ကို နာယူ၍ ပရိတ်သဲ, ပရိတ်ချည်, ပရိတ်ရေ-တို့ကို ယူဆောင်ကာ တက္ကသိုလ်ပြည်သို့သွားဖို့ရာ ထွက်လာပါတယ်။

ဘုရားလောင်းမင်းသား၏ တပည့်ငါးယောက်တို့ဟာလည်း ဘုရားလောင်းမင်းသားနှင့်အတူလိုက်ဖို့ လျှောက်ထားသောကြောင့် အသိတရားနှင့် သတိထားပြီး လိုက်ခဲ့ကြ-ဟု ပြောပြီး တပည့်ငါးယောက်နှင့်အတူ တက္ကသိုလ်ပြည်ဘက်သို့ ထွက်လာကြပါတယ်။

## မျက်စိပေါက်ကမှားပုံ

ဘီလူးပေါသော တောအုပ်သို့ ရောက်သောအခါ ဘီလူးများဟာ ရွာ, အိမ်-စသည်တို့ကို ဖန်ဆင်း၍ နတ်သမီးတမျှ လှပတင့်တယ် ပျိုနုနယ်သော မိန်းမငယ်အသွင်တို့ကို ဖန်ဆင်းကာ မြူဆွယ်ကြပါတယ်။ အဆင်းရူပါရုံကို လိုချင်တပ်မက်သော တပည့်တစ်ယောက်ဟာ ဘုရားလောင်း မင်းသား၏ စကားကို နားမထောင်ဘဲ အလွန်လှပတင့်တယ်သော မိန်းမငယ်တို့ကို စွဲမက်ပြီး နေရစ်ခဲ့ပါတယ်။ ဘီလူးမများဟာ ထိုယောကျ်ားကို ရူပါရုံဖြင့် ဖြားယောင်းပြီး သတ်ဖြတ်စားသောက်ကြသောကြောင့် သေဆုံးခြင်းသို့ ရောက်ပါတယ်။ ဤယောကျ်ားဟာ မျက်စိပေါက်ကမှားလို့ ဘီလူးစားခံရခြင်း ဖြစ်ပါတယ်။

ဒါကြောင့်
စက္ခု ရူပေန **သံဝါသာ**၊ ရာဂပုတ္တံ **ဝိဇာယတိ**။
မဟာနတ္ထကရော သော စ၊ **သံဝါသံ** တေန **ဝါရယေ**။

စက္ခု၊ စက္ခုဒွါရခေါ်သော မျက်စိသည်။ ရူပေန၊ အဆင်းမျိုးစုံ ရူပါရုံနှင့်။ သံဝါသာ၊ တွေ့ဆုံကာ ပေါင်းသင်းမိခြင်းကြောင့်။ ရာဂပုတ္တံ၊ ရူပါရုံကို ခုံမင်တပ်မက် နှစ်သက်တတ်သော တဏှာရာဂတည်းဟူသော သားဆိုး သားမိုက်-ကြီးကို။ ဝိဇာယတိ၊ မုချမသွေ ဖွားမြင်၍ လာပါပေ၏။ သော စ၊ ထိုတဏှာရာဂတည်းဟူသော သားဆိုး သားမိုက်ကြီးသည်လည်း။ မဟာနတ္ထကရော၊ ကြီးစွာသော အကျိုးမဲ့ကိုသာ ပြုတက်ပါပေ၏။ တေန၊ ထိုကြောင့်။ သံဝါသံ၊

မျက်စိနှင့်အဆင်း တွေ့ဆုံကာ ပေါင်းသင်းမိခြင်းကြောင့် ဖြစ်ပေါ်လာသော ရူပါရုံကို ခုံမင်တပ်မက် နှစ်သက်တတ်သော ရာဂတဏှာည်းဟူသော သားဆိုး သားမိုက်ကြီးကို။ ဝါရယေ၊ အသိတရားနှင့် သတိထားပြီး တရားအလုပ်တွေကို အားထုတ်လို့သာ ပယ်သတ်နိုင်ကုန်ရာသတည်း။

ဘုရားလောင်းမင်းသား၏ တပည့်ယောကျ်ားဟာ ဘီလူးတွေ ဖန်ဆင်း ထားသော ရူပါရုံအချောအလှတွေကို သဘောကျ၍ အသိတရားနှင့် သတိ မထားဘဲ လူမိန်းမထင်မှတ်ပြီး ချစ်ကြိုက်မိသောကြောင့် ဘီလူးစားခံရပါတယ်။ ထိုနည်းတူစွာ အနန္တကာလ ပုထုဇဉ်များဟာလဲ စက္ခုဒွါရခေါ်သော မျက်စိနှင့် အဆင်းရူပါရုံ တွေ့ဆုံကြသောအခါ အသိတရားနှင့် သတိမထားကြသော ကြောင့် အဟုတ်အမှန်ရှိသော ရုပ်နာမ်တွေကို မသိကြဘဲ ငါ့ကိုယ်ပဲ, ငါပဲ, ငါ့ဟာပဲ-ဟု အထင်လွဲပြီး စွဲလမ်းနှစ်သက်ကြ၍ သံသရာလည်ကာ အိုဘေး, နာဘေး, သေဘေး-စသည်တို့နှင့် တွေ့ကြုံနေကြရပါတယ်။

ကဗျာကို လိုက်ဆိုကြပါ။

မြင်သောအခါမှာ သတိမထားလို့၊ အသိမှားဖို့ ကြုံလာတယ်။
ဘီလူးမအဆင်းကို လူထင်လွဲသမို့၊ တူယှဉ်နွဲလို့ သေရတယ်။
ထို့အတူသာ ရုပ်နာမ်အရှိကို၊ အဟုတ်အမှန် မသိလို့ မှားကြတယ်။
ငါ့ကိုယ်, ငါပဲ, ငါ့ဟာပဲ၊ စွဲမြဲချစ်ခင်တယ်။
အဲဒါကြောင့်-အိုကြ, နာကြ၊ သေကြရပါတယ်။

## မမှားအောင်ရှုပုံ

စက္ခုဒွါရခေါ်သောမျက်စိနှင့် အဆင်းရူပါရုံ တွေ့ဆုံသောအခါ စက္ခု ခေါ်သော မျက်စိကလည်း ရုပ်၊ အဆင်း=ရူပါရုံကလည်း ရုပ်၊ မြင်သိစိတ်က နာမ်အားဖြင့် ရုပ်နာမ်နှစ်ပါးသာ ရှိပါတယ်။ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ-ဆိုတာ မရှိပါဘူး။ ထိုမြင်သိ ရုပ်နာမ်ဟာလဲ မြင်သိခဏ မှာပင် ဥပါဒ်, ဌီ, ဘင်-အစဉ်ကျ၍ ချုပ်ပျက်ပြီး ခမြဲသောကြောင့် **အနိစ္စ**၊ ဖြစ်ခြင်း-ပျက်ခြင်း မကင်း၍ ဆင်းရဲသောကြောင့် ဒုက္ခ၊ မဖြစ်မပျက်အောင်

တားမြစ်လို့ မရသောကြောင့် **အနတ္တ**-ဟု အသိတရားနှင့် သတိထားပြီး ရှုမှတ်နေရမယ်။

ကဗျာကို လိုက်ဆိုကြပါ။

မျက်စိအဆင်း ဆုံခြင်းရုပ်သာ၊
ဝိညာဏ်သိမှု နာမ်ဟုမှတ်ပါ။
မြင်ရာဉာဏ်ထုတ် နာမ်ရုပ်နှစ်ဖြာ၊
သူမမြဲ ဆင်းရဲ လို့မပါ။ ။ (အနိစ္စ၊ ဒုက္ခ၊ အနတ္တာ။)

ဤနည်းအတိုင်း အမြဲမပြတ် ရှုမှတ်နေပါက ငါ့ကိုယ်ပဲ-ဟု စွဲလမ်းသော **ဒိဋ္ဌိစွဲ**၊ ငါပဲ-ဟုစွဲသော **မာနစွဲ**၊ ငါ့ဟာပဲ-ဟုစွဲသော **တဏှာစွဲ**များကို တဒင်္ဂပဟာန်(ခဏပယ်ခြင်း)အားဖြင့်လည်းကောင်း၊ ဝိက္ခမ္ဘနပဟာန် (ခပ်ကြာကြာပယ်ခြင်း)အားဖြင့်လည်းကောင်း၊ သမုစ္ဆေဒ ပဟာန်(အပြီးအပြတ်ပယ်ခြင်း) အားဖြင့်လည်းကောင်း ပယ်သတ်နိုင်ပါတယ်။

ဤကဲ့သို့ ရုပ်နာမ်တွေကို မမြဲခြင်း=အနိစ္စ၊ ဆင်းရဲခြင်း=ဒုက္ခ၊ အစိုးမရခြင်း=အနတ္တ-ဟု ရှုမှတ်တတ်သော ဝိပဿနာဉာဏ်ပညာကို သားလိမ်မာကြီး ခေါ်ပါတယ်။ တဏှာရာဂတည်းဟူသော သားဆိုးသားမိုက်ကြီးဟာ များစွာသော မကောင်းကျိုးကို ပြုတတ်ပြီး ဝိပဿနာဉာဏ်ပညာတည်းဟူသော သားလိမ်မာကြီးဟာ များစွာသော ကောင်းကျိုးကိုသာ ပြုတတ်ပါတယ်။ ဒါကြောင့် ဝိပဿနာဉာဏ် ပညာတည်းဟူသော သားလိမ်မာကြီးဖြစ်အောင် ကြိုးစားကြရမယ်။

ဒါကြောင့်

စက္ခု ရူပေန သံဝါသာ၊ ပညာ ပုတ္တံ ဝိဇာယတိ။
မဟာအတ္တကရော သော စ၊ သံဝါသံ တေန **ကာရယေ**။

**စက္ခု**၊ စက္ခုဒွါရခေါ်သော မျက်စိသည်။ ရူပေန၊ အဆင်းမျိုးစုံ- ရုပ်ပါနှင့်။ သံဝါသာ၊ တွေ့ဆုံကာ ပေါင်းသင်းမိခြင်းကြောင့်။ ပညာပုတ္တံ၊ မြင်သိရုပ်နာမ်

အမြဲမရှိ-ဟု ရှုမှတ်တတ်သော ဝိပဿနာဉာဏ် ပညာတည်းဟူသော သားလိမ်မာကြီးကို။ ဝိဇာယတိ၊ မုချမသွေ ဖွားမြင်၍ လာပါပေ၏။ သော စ၊ ထိုသားလိမ်မာကြီးသည်လည်း။ မဟာအတ္ထကရော၊ ကြီးစွာသော ကောင်းကျိုးကိုသာ ပြုတတ်ပါပေ၏။ တေန၊ ထို့ကြောင့်။ သံဝါသံ၊ မျက်စိနှင့်အဆင်းတွေ့ဆုံကာ ပေါင်းမိသောအခါ မြင်သိရုပ်နာမ် အမြဲမရှိ-ဟု ရှုမှတ်တတ်သော ဝိပဿနာ ဉာဏ်ပညာတည်းဟူသော သားလိမ်မာကြီးကို။ ကာရယေ၊ အသိတရားနှင့် သတိထားပြီး တရားအလုပ်တွေကို အားထုတ်လို့သာ ပြုလုပ်ကုန်ရာသတည်း။

(ဤအထိဟာ မျက်စိပေါက်က မှားပုံနှင့် မမှားပုံကို ခွဲခြား ပြသခြင်းဖြစ်ပါတယ်။)

## နားပေါက်ကမှားပုံ

မျက်စိပေါက်က မှားပုံနှင့် မမှားပုံကို သိပြီးတဲ့နောက်မှာ နားပေါက်က မှားပုံနှင့် မမှားပုံကို ခွဲခြားပြီး သိကြရမယ်။

ဘုရားလောင်း မင်းသားဟာ ကျန်တပည့် လေးယောက်နှင့်အတူ တက္ကသိုလ်ပြည်ဘက်သို့ ဆက်သွားသောအခါ ဘီလူးမများဟာ ရှေးနည်းတူစွာ ရွာတွေအိမ်တွေ-ကို ဖန်ဆင်းကာ အတီး၊ အမှုတ်၊ အဆို-စုံလင်စွာ တီးမှုတ်ကြပြီး အသံဖြင့် ဖြားယောင်းကြပါတယ်။ အသံကို တပ်မက်နှစ်သက်သော တပည့်တစ်ယောက်ဟာ ဘုရားလောင်းမင်းသား၏ စကားကို နားမထောင်ဘဲ ကျန်ရစ်ခဲ့ပြန်ပါတယ်။ ဘီလူးမများဟာ ထိုယောကျ်ားကိုလဲ အသံဖြင့် ဖြားယောင်းပြီး သတ်ဖြတ်စားသောက်လိုက်ကြပါတယ်။ ဤယောကျ်ားဟာ နားပေါက်က မှားလို့ ဘီလူးစားခံရခြင်း ဖြစ်ပါတယ်။

ဒါကြောင့် -

သောတော သဒ္ဒေန သံဝါသာ၊ ရာဂပုတ္တံ ဝိဇာယတိ။
မဟာနတ္ထကရော သော စ၊ သံဝါသံ တေန ဝါရယေ။

သောတော၊ သောတဒွါရခေါ်သော နားသည်။ သဒ္ဒေန၊ အသံမျိုးစုံ သဒ္ဒါရုံနှင့်။ သံဝါသာ၊ နားနှင့်အသံ မှန်စွာမယွင်း တွေ့ဆုံခြင်းကြောင့်။ ရာဂပုတ္တံ၊ အသံမျိုးစုံ သဒ္ဒါရုံကို ခုံမင်တပ်မက် နှစ်သက်တတ်သော ရာဂတည်းဟူသော သားဆိုးသားမိုက်ကြီးကို။ ဝိဇာယတိ၊ မုချမသွေ ဖွားမြင်၍ လာပါပေ၏။ သော စ၊ ထို သားဆိုးသားမိုက်ကြီးသည်လည်း။ မဟာနတ္ထကရော၊ ကြီးစွာသော အကျိုးမဲ့ကိုသာ ပြုတတ်ပါပေ၏။ တေန၊ ထို့ကြောင့်။ သံဝါသံ၊ နားနှင့်အသံ အမှန်တွေ့ဆုံခြင်းကြောင့် ဖြစ်ပေါ်လာသော အသံမျိုးစုံ သဒ္ဒါရုံကို ခုံမင်တပ်မက် နှစ်သက်တတ်သော ရာဂတည်းဟူသော သားဆိုးသားမိုက်ကြီးကို။ ဝါရယေ၊ အသိတရားနှင့် သတိထားပြီး တရားအလုပ်တွေကို အားထုတ်လို့သာ ပယ်သတ်နိုင် ကုန်ရာသတည်း။

ဘုရားလောင်းမင်းသား၏ တပည့်ယောကျ်ားဟာ ဘီလူးမတွေ ဖန်ဆင်းထားသော အသံတွေကို သဘောကျနှစ်သက်၍ အသိတရားနှင့် သတိမထားဘဲ လူမိန်းမအသံပဲ-ဟု မှတ်ထင်ပြီး တပ်မက် နှစ်သက်မိသောကြောင့် ဘီလူးစားခံရပါတယ်။ ထိုနည်းတူစွာ အန္ဓဗာလ ပုထုဇဉ်များဟာလဲ နားဖြင့် အသံမျိုးစုံတွေကို ကြားသိရသောအခါ အသိတရားနှင့် သတိမထားမိသောကြောင့် အဟုတ်အမှန်ရှိသော ရုပ်နာမ်တွေကို မသိကြဘဲ ငါ့ကိုယ်ပဲ, ငါ့ဟာပဲ, ငါပဲ-ဟု စွဲလမ်းနှစ်သက်ကြပြီး သံသရာလည်ကာ အိုဘေး ဒုက္ခ, နာဘေး ဒုက္ခ, သေဘေးဒုက္ခ-စသည်တို့နှင့် တွေ့ကြုံနေကြရပါတယ်။

ကဗျာကို လိုက်ဆိုကြပါ -

ကြားသောအခါမှာ သတိမထားလို့၊ အသိမှားဖို့ ကြုံလာတယ်။
ဘီလူးမအသံကို လူထင်လွဲသမို့၊ တူယှဉ်နွဲ့လို့ သေရတယ်။
ထို့အတူသာ ရုပ်နာမ်အရှိကို၊ အဟုတ်အမှန် မသိလို့ မှားကြတယ်။
ငါ့ကိုယ်, ငါပဲ, ငါ့ဟာပဲ စွဲမြဲချစ်ခင်တယ်။
အဲဒါကြောင့် အိုကြ, နာကြ သေကြရပါတယ်။

## မမှားအောင်ရှုပုံ

သောတဒွါရခေါ်သော နားနှင့်အသံမျိုးစုံ=သဒ္ဒါရုံ တွေ့ဆုံသောအခါ သောတခေါ်သော နားကလည်း ရုပ်၊ အသံမျိုးစုံ=သဒ္ဒါရုံကလည်း ရုပ်၊ ကြားသိစိတ်က နာမ်-အားဖြင့် ရုပ်နာမ်နှစ်ပါးသာ ရှိပါတယ်။ ပုဂ္ဂိုလ်, သတ္တဝါ၊ ငါ, သူတစ်ပါး၊ ယောက်ျား, မိန်းမ-ဆိုတာ မရှိပါဘူး။ ထိုကြားသည့် ရုပ်နာမ်ဟာလဲ ကြားဆဲခဏမှာပင် ဥပါဒ်, ဌီ, ဘင်-အစဉ်ကျပြီး ချုပ်ပျက်သွား၍ မမြဲသောကြောင့် အနိစ္စ၊ ဖြစ်ခြင်း, ပျက်ခြင်း-မကောင်း၍ ဆင်းရဲသောကြောင့် ဒုက္ခ၊ မဖြစ်မပျက်အောင် တားမြစ်လို့မရသောကြောင့် အနတ္တ-ဟု အသိတရားနှင့် သတိထားပြီး ရှုမှတ်နေရမယ်။

ကဗျာကို လိုက်ဆိုကြပါ -

အသံနှင့်နား၊ ဆုံးငြားရုပ်သာ၊
ဝိညာဏ်သိမှု နာမ်ဟုမှတ်ပါ။
ကြားရာဉာဏ်ထုတ် နာမ်ရုပ်နှစ်ဖြာ၊
သူမမြဲ ဆင်းရဲ လိုမပါ။
(အနိစ္စ၊ ဒုက္ခ၊ အနတ္တာ။)

ဤနည်းအတိုင်း အမြဲမပြတ် ရှုမှတ်နေပါက ငါ့ကိုယ်ပဲ-ဟု စွဲလမ်းသော ဒိဋ္ဌိစွဲ, ငါပဲ-ဟု စွဲလမ်းသော မာနစွဲ, ငါ့ဟာပဲ-ဟု စွဲလမ်းသော တဏှာစွဲ-များကို တဒင်္ဂပဟာန်(ခဏပယ်ခြင်း)အားဖြင့်လည်းကောင်း၊ ဝိက္ခမ္ဘနပဟာန်(ခပ်ကြာကြာပယ်ခြင်း)အားဖြင့်လည်းကောင်း၊ သမုစ္ဆေဒပဟာန်(အပြီးအပြတ်ပယ်ခြင်း)အားဖြင့်လည်းကောင်း ပယ်သတ်နိုင်ပါသည်။

ဤကဲ့သို့ ကြားသောအခါတိုင်းမှာ ရုပ်နာမ်တွေကို မမြဲခြင်း=အနိစ္စ, ဆင်းရဲခြင်း=ဒုက္ခ, အစိုးမရခြင်း=အနတ္တ-ဟု ရှုမှတ်တတ်သော ဝိပဿနာဉာဏ်ပညာကို သားလိမ်မာကြီး ခေါ်ပါတယ်။ [illegible] တည်းဟူသော သားဆိုးသားမိုက်ကြီးဟာ များစွာသော မကောင်းကျိုးကို [illegible] ဝိပဿနာဉာဏ်ပညာတည်းဟူသော သားလိမ်မာကြီးဟာ များစွာသော ကောင်းကျိုးကိုသာ

ပြုတတ်ပါတယ်။ ဒါကြောင့် ဝိပဿနာ ဉာဏ်ပညာတည်းဟူသော သား လိမ်မာကြီးဖြစ်အောင် ကြိုးစားကြရမယ်။

ဒါကြောင့် -

သောတော သန္ဒေန သံဝါသာ၊ ပညာပုတ္တံ ဝိဇာယတိ။

မဟာအတ္ထကရော သော စ၊ သံဝါသံ တေန ကာရယေ။

သောတော၊ သောတဒွါရခေါ်သော နားသည်။ သန္ဒေန၊ အသံမျိုးစုံ သဒ္ဒါရုံ နှင့်။ သံဝါသာ၊ နားနှင့်အသံ မှန်စွာမယွင်း တွေ့ဆုံခြင်းကြောင့်။ ပညာပုတ္တံ၊ ကြားသိရုပ်နာမ် အမြဲမရှိဟု ရှုမှတ်တတ်သော ဝိပဿနာဉာဏ် ပညာတည်း ဟူသော သားလိမ်မာကြီးကို။ ဝိဇာယတိ၊ မုချမသွေ ဖွားမြင်၍လာပေ၏။ သော စ၊ ထိုသားလိမ်မာကြီးသည်လည်း။ မဟာအတ္ထကရော၊ ကြီးစွာသော ကောင်းကျိုးကိုသာ ဖြစ်စေတတ်ပါပေ၏။ တေန၊ ထို့ကြောင့်။ သံဝါသံ၊ နားနှင့်အသံ တွေ့ဆုံသောအခါ ကြားသိရုပ်နာမ် အမြဲမရှိဟု ရှုမှတ်တတ်သော ဝိပဿနာဉာဏ်ပညာတည်းဟူသော သားလိမ်မာကြီးကို။ ကာရယေ၊ အသိ တရားနှင့် သတိထားပြီး တရားအလုပ်တွေကို အားထုတ်လို့သာ ပြုလုပ်ကုန် ရာသတည်း။

(ဤအထိဟာ နားပေါက်ကမှားပုံနှင့် မမှားပုံကို ခွဲခြားပြသခြင်း ဖြစ်ပါ တယ်။)

## နှာခေါင်းပေါက်ကမှားပုံ

နားပေါက်က မှားပုံနှင့် မမှားပုံကို သိပြီးတဲ့နောက်မှာ နှာခေါင်းပေါက်က မှားပုံနှင့် မမှားပုံကို ခွဲခြားသိရမယ်။

ဘုရားလောင်းမင်းသားဟာ ကျန်တပည့်သုံးယောက်နှင့်အတူ တက္ကသိုလ် ပြည်ဘက်သို့ ဆက်သွားတဲ့အခါ ဘီလူးမများဟာ ရှေးနည်းတူစွာ ရွာတွေ့ အိမ်တွေ့ကို ဖန်ဆင်းကာ ပန်းနံ့သာဆိုင်တွေခင်းပြီး အနံ့မျိုးစုံ ဂန္ဓာရုံတို့ဖြင့် ဖြားယောင်းကြပါတယ်။ အနံ့မျိုးစုံ ဂန္ဓာရုံကို ခုံမင်တပ်မက် နှစ်သက်သော

တပည့်တစ်ယောက်ဟာ ဘုရားလောင်းမင်းသား၏စကားကို နားမထောင်ဘဲ ကျန်ရစ်ခဲ့ပါတယ်။ ဘီလူးမများဟာ ထိုယောက်ျားကိုလဲ အနံ့မျိုးစုံ ဂန္ဓာတို့ဖြင့် ဖြားယောင်းပြီး သတ်ဖြတ် စားသောက်ကြပါတယ်။ ဤယောက်ျားဟာ နှာခေါင်းပေါက်က မှားလို့ ဘီလူးစားခံရခြင်း ဖြစ်ပါသည်။

ဒါကြောင့် -

ဃာနော ဂန္ဓေန သံဝါသာ၊ ရာဂပုတ္တံ ဝိဇာယတိ။

မဟာနတ္ထကရော သော စ၊ သံဝါသံ တေန ဝါရယေ။

ဃာနော၊ ဃာနဒွါရခေါ်သော နှာခေါင်းသည်။ ဂန္ဓေန၊ အနံ့မျိုးစုံ ဂန္ဓာရုံနှင့်။ သံဝါသာ၊ နှာခေါင်းနှင့်နံ့စရာ မှန်စွာမယွင်း တွေ့ဆုံလာခြင်းကြောင့်။ ရာဂပုတ္တံ၊ အနံ့မျိုးစုံ ဂန္ဓာရုံတွေကို ခုံမင်တပ်မက် နှစ်သက်တတ်သော ရာဂတည်းဟူသော သားဆိုးသားမိုက်ကြီးကို။ ဝိဇာယတိ၊ မုချမသွေ ဖွားမြင်၍လာပါပေ၏။ သော စ၊ ထို တဏှာရာဂတည်းဟူသော သားဆိုးသားမိုက်ကြီးသည်လည်း။ မဟာနတ္ထကရော၊ ကြီးစွာသောအကျိုးမဲ့ကိုသာ ပြုတတ်ပါပေ၏။ တေန၊ ထို့ကြောင့်။ သံဝါသံ၊ နှာခေါင်းနှင့်နံ့စရာ မှန်စွာမယွင်း တွေ့ဆုံခြင်းကြောင့် ဖြစ်ပေါ်လာသော အနံ့မျိုးစုံ ဂန္ဓာရုံတွေကို ခုံမင်တပ်မက် နှစ်သက်တတ်သော တဏှာရာဂတည်းဟူသော သားဆိုးသားမိုက်ကြီးကို။ ဝါရယေ၊ အသိတရားနှင့် သတိထားပြီး တရားအလုပ်တွေကို အားထုတ်လို့သာ တားမြစ်ပယ်သတ်ကုန်ရာသတည်း။

ဘုရားလောင်းမင်းသား၏ တပည့်ဟာ ဘီလူးမတွေ ဖန်ဆင်းထားသော အနံ့မျိုးစုံ ဂန္ဓာရုံတွေကို သဘောကျနှစ်ခြိုက်ပြီး အသိတရားနှင့် သတိမထားဘဲ အနံ့မျိုးစုံ ဂန္ဓာရုံတွေကို တပ်မက်နှစ်သက်မိသောကြောင့် ဘီလူးစားခံရပါတယ်။ ထိုနည်းတူစွာ အန္ဓဗာလ ပုထုဇဉ်များဟာလဲ ဃနဒွါရခေါ်သော နှာခေါင်းဖြင့် အနံ့မျိုးစုံ ဂန္ဓာရုံတွေကို နမ်းရှုမိသောအခါ အသိတရားနှင့် သတိမထားမိကြသောကြောင့် အဟုတ်အမှန်ရှိသော ရုပ်နာမ်တွေကို မသိကြဘဲ ငါ့ကိုယ်ပဲ, ငါပဲ, ငါ့ဟာပဲ-ဟု အထင်လွဲပြီး သံသရာ လည်ကာ အိုဘေးဒုက္ခ, နာဘေးဒုက္ခ, သေဘေးဒုက္ခ-စသည် ဒိဋ္ဌိနှင့် တွေ့ကြုံနေကြရပါတယ်။

ကဗျာကို လိုက်ဆိုကြပါ -

နံသောအခါမှာ သတိမထားလို့၊ အသိမှားဖို့ ကြုံလာတယ်။
ဘီလူးမအနံ့ကို လူထင့်လွဲသမို့၊ တူယှဉ်နွဲလို့ သေရတယ်။
ထိုအတူသာ ရုပ်နာမ်အရှိကို၊ အဟုတ်အမှန်မသိလို့ မှားကြတယ်။
ငါ့ကိုယ်, ငါပဲ, ငါ့ဟာပဲ၊ စွဲမြဲချစ်ခင်တယ်။
အဲဒါကြောင့် - အိုကြ, နာကြ၊ သေကြရပါတယ်။

## မမှားအောင်ရှုပုံ

ယာနဒွါရခေါ်သော နှာခေါင်းနှင့် အနံ့မျိုးစုံ=ဂန္ဓာရုံ တွေ့ဆုံသောအခါ ယာနဒွါရခေါ်သော နှာခေါင်းကလည်း ရုပ်၊ အနံ့မျိုးစုံ=ဂန္ဓာ ရုံကလည်း ရုပ်၊ နံသိစိတ်က နာမ်-အားဖြင့် ရုပ်နာမ်နှစ်ပါးသာ ရှိပါတယ်။ ပုဂ္ဂိုလ်, သတ္တဝါ၊ ငါ, သူတစ်ပါး၊ ယောက်ျား, မိန်းမ-ဆိုတာ မရှိပါဘူး။ ထိုနံသိရုပ်နာမ်ဟာလဲ နံဆဲခဏမှာပင် ဥပါဒ်, ဌီ, ဘင်-အစဉ်ကျ၍ ချုပ်ပျက်သွားပြီး မမြဲသောကြောင့် အနိစ္စ၊ ဖြစ်ခြင်း-ပျက်ခြင်း မကင်းသဖြင့် ဆင်းရဲသောကြောင့် ဒုက္ခ၊ မဖြစ် မပျက်အောင် တားမြစ်လို့ မရသောကြောင့် အနတ္တ-ဟု ရှုမှတ်ရပါတယ်။

ကဗျာကို လိုက်ဆိုကြပါ -

အနံ့ နှာခေါင်း ဆုံပေါင်းရုပ်သာ၊
ဝိညာဏ်သိမှု နာမ်ဟုမှတ်ပါ။
နံရာဉာဏ်ထုတ် နာမ်ရုပ်နှစ်ဖြာ၊
သူမပြု ဆင်းရဲလိုမပါ။
(အနိစ္စ၊ ဒုက္ခ၊ အနတ္တာ။)

ဤနည်းအတိုင်း အမြဲမပြတ် ရှုမှတ်နေပါက ငါ့ကိုယ်ပဲဟု စွဲလမ်း သော **ဒိဋ္ဌိစွဲ**၊ ငါပဲဟု စွဲလမ်းသော **မာနစွဲ**၊ ငါ့ဟာပဲဟု စွဲလမ်းသော **တဏှာစွဲ**များကို တဒင်္ဂပဟာန် (ခဏပယ်ခြင်း) အားဖြင့်လည်းကောင်း၊ ဝိက္ခမ္ဘနပဟာန် (ခပ်ကြာကြာပယ်ခြင်း) အားဖြင့်လည်းကောင်း သမုစ္ဆေဒပဟာန် (အပြီးအပြတ်ပယ်ခြင်း)အားဖြင့်လည်းကောင်း ပယ်သတ်နိုင်ပါတယ်။

ဤကဲ့သို့ နံသောအခါတိုင်းမှာ ရုပ်နာမ်တွေကို အမြဲမရှိခြင်း=အနိစ္စ၊ ဆင်းရဲခြင်း=ဒုက္ခ၊ အစိုးမရခြင်း=အနတ္တဟု ရှုမှတ်တတ်သော ဝိပဿနာ ဉာဏ်ပညာကို သားလိမ်မာကြီး ခေါ်ပါတယ်။ တဏှာရာဂတည်းဟူသော သားဆိုးသားမိုက်ကြီးဟာ များစွာသော မကောင်းကျိုးကိုသာ ပြုတတ်ပြီး ဝိပဿနာဉာဏ် ပညာတည်းဟူသော သားလိမ်မာကြီးဟာ များစွာသော ကောင်းကျိုးကိုသာ ပြုတတ်ပါတယ်။ ဒါကြောင့် ဝိပဿနာဉာဏ်ပညာ တည်းဟူသော သားလိမ်မာကြီးဖြစ်အောင် ကြိုးစားကြရမယ်။

ဒါကြောင့်

ဃာနော ဂန္ဓေန သံဝါသာ၊ ပညာပုတ္တံ ဝိဇာယတိ။

မဟာအတ္ထကရော သော စ၊ သံဝါသံ တေန ကာရယေ။

ဃာနော၊ ဃာနဒွါရခေါ်သော နှာခေါင်းသည်။ ဂန္ဓေန၊ အနံ့မျိုးစုံ ဂန္ဓာရုံနှင့်။ သံဝါသာ၊ နှာခေါင်းနှင့်နံစရာ မှန်စွာမယွင်း တွေ့ဆုံ ခြင်းကြောင့်။ ပညာပုတ္တံ၊ နံသိရုပ်နာမ်အမြဲမရှိ-ဟု ရှုမှတ်တတ်သော ဝိပဿနာ ဉာဏ်ပညာ တည်းဟူသော သားလိမ်မာကြီးကို။ ဝိဇာယတိ၊ မုချမသွေ ဖွားမြင်၍လာခဲ့ပါ ပေ၏။ သော စ၊ ထိုသားလိမ်မာကြီးသည်လည်း။ မဟာအတ္ထကရော၊ ကြီးစွာ သော အကျိုးကိုသာ ပြုတတ်ပါပေ၏။ တေန၊ ထို့ကြောင့်။ သံဝါသံ၊ နှာခေါင်း နှင့်အနံ့ တွေ့ဆုံသောအခါ နံသိရုပ်နာမ် အမြဲမရှိ-ဟု ရှုမှတ်တတ်သော ဝိပဿနာ ဉာဏ်ပညာတည်းဟူသော သားလိမ်မာကြီးကို။ ကာရယေ၊ အသိ တရားနှင့် သတိထားပြီး တရားအလုပ်တွေကို အားထုတ်လို့သာ ပြုကျင့်ကုန်ရာ သတည်း။

(ဤအထိဟာ နှာခေါင်းပေါက်က မှားပုံနှင့် မမှားပုံကို ခွဲခြားပြခြင်း ဖြစ်ပါတယ်။)

## ပါးစပ်ပေါက် လျှာက မှားပုံ

နှာခေါင်းပေါက်က မှားပုံနှင့် မမှားပုံကို သိပြီးနောက်မှာ ဇိဝှာ ခေါ်သော ပါးစပ်ပေါက် လျှာက မှားပုံနှင့် မမှားပုံကို ခွဲခြားသိကြရမယ်။

ဘုရားလောင်း မင်းသားဟာ ကျန်တပည့် နှစ်ယောက်နှင့်အတူ တက္ကသိုလ်ပြည်ဘက်သို့ ဆက်သွားသောအခါ ဘီလူးမများဟာ ရှေးနည်းတူစွာ ရွာတွေ, အိမ်တွေ-ကို ဖန်ဆင်း၍ အစားအစာမျိုးစုံ ရသာရုံတွေကို ဆိုင်ခင်းပြီး အစားအစာမျိုးစုံ ရသာရုံတို့ဖြင့် ဖြားယောင်းကြပါတယ်။ အစားအစာမျိုးစုံ ရသာရုံတွေကို လိုချင်တပ်မက် နှစ်သက်တတ်သော တပည့်တစ်ယောက်ဟာ ဘုရားလောင်း မင်းသား၏စကားကို နားမထောင်ဘဲ ကျန်ရစ်ခဲ့ပါတယ်။ ဘီလူးမများဟာ ထိုယောကျ်ားအား အစားအစာမျိုးစုံ ရသာရုံတို့ဖြင့် ဖြားယောင်းပြီး သတ်ဖြတ်စားသောက်ကြပါတယ်။ ဤယောကျ်ားဟာ ပါးစပ်ပေါက် လျှာကမှားလို့ ဘီလူးစား ခံရပါတယ်။

ဒါကြောင့်

ဇိဝှာ ရသေန သံဝါသာ၊ ရာဂပုတ္တံ ဝိဇာယတိ။

မဟာနတ္ထကရော သော စ၊ သံဝါသံ တေန ဝါရယေ။

ဇိဝှာ၊ ဇိဝှာဒွါရခေါ်သော ပါးစပ်ပေါက် လျှာသည်။ ရသေန၊ အစားအစာမျိုးစုံ ရသာရုံနှင့်။ သံဝါသာ၊ လျှာနှင့်စားစရာ မှန်စွာမယွင်း တွေ့ဆုံမိခြင်းကြောင့်။ ရာဂပုတ္တံ၊ အစားအစာမျိုးစုံ ရသာရုံတွေကို ခုံမင်တပ်မက် နှစ်သက်တတ်သော တဏှာရာဂတည်းဟူသော သားဆိုး သားမိုက်ကြီးကို။ ဝိဇာယတိ၊ မုချမသွေ ဖွားမြင်၍ လာပါပေ၏။ သော စ၊ ထိုသားဆိုးသားမိုက်ကြီးသည်လည်း။ မဟာနတ္ထကရော၊ ကြီးစွာသော အကျိုးမဲ့ကိုသာ ပြုတတ်ပါပေ၏။ တေန၊ ထို့ကြောင့်။ သံဝါသံ၊ ပါးစပ်နှင့်စားစရာ မှန်စွာမယွင်း တွေ့ဆုံခြင်းကြောင့် အစားအစာမျိုးစုံ ရသာရုံတွေကို ခုံမင်တပ်မက် နှစ်သက်တတ်သော တဏှာရာဂတည်းဟူသော သားဆိုးသားမိုက်ကြီးကို။ ဝါရယေ။ အသိတရားနှင့် သတိထားပြီး တရားအလုပ်တွေကို အားထုတ်လို့သာ တားမြစ် ပယ်သတ်နိုင်ကုန်ရာသတည်း။

ဘုရားလောင်းမင်းသား၏ တပည့်ဟာ ဘီလူးမတွေ ဖန်ဆင်းထားသော အစားအစာမျိုးစုံ ရသာရုံတွေကို လိုချင်တပ်မက် နှစ်သက်မိသောကြောင့် ဘီလူးစားခံရခြင်း ဖြစ်ပါတယ်။ ထိုနည်းတူစွာ အနမတဂ္ဂ သံသရာ ... အနန္တကာလ ပုထုဇဉ်များ ...

ဇိဝှာဒွါရခေါ် သော ပါးစပ်ပေါက် လျှာဖြင့် အစားအစာမျိုးစုံ ရသာရုံတွေကို စားကြသောအခါ အသိတရားနှင့် သတိမထားမိကြသောကြောင့် အဟုတ် အမှန်ရှိတဲ့ ရုပ်နာမ်တွေကို မသိကြဘဲ ငါ့ကိုယ်ပဲ, ငါပဲ, ငါ့ဟာပဲ-ဟု အထင် လွဲပြီး သံသရာလည်ကာ အိုဘေးဒုက္ခ, နာဘေးဒုက္ခ, သေဘေးဒုက္ခ-စသည် တို့နှင့် တွေ့ကြုံနေကြရပါတယ်။

ကဗျာကို လိုက်ဆိုကြပါ။
စားသောအခါမှာ သတိမထားလို့၊ အသိမှားဖို့ ကြုံလာတယ်။
ဘီလူးမအစားအစာကို လူထင်လွဲသမို့ ကူယှဉ်နွဲ့လို့ သေရတယ်။
ထို့အတူသာ ရုပ်နာမ်အရှိကို၊ အဟုတ်အမှန်မသိလို့ မှားကြတယ်။
ငါ့ကိုယ်, ငါပဲ, ငါ့ဟာပဲ၊ စွဲမြဲချစ်ခင်တယ်။
အဲဒါကြောင့် အိုကြ, နာကြ၊ သေကြရပါတယ်။

## မမှားအောင်ရှုပုံ

ဇိဝှာဒွါရခေါ်သော-လျှာနှင့်အစားအစာမျိုးစုံ-ရသာရုံ တွေ့ဆုံ သောအခါ ဇိဝှာဒွါရ-လျှာကလည်း ရုပ်၊ အစားအစာမျိုးစုံ-ရသာရုံ တွေကလည်း ရုပ်၊ စား-သိစိတ်က နာမ်-အားဖြင့် ရုပ်နာမ်နှစ်ပါးသာ ရှိပါတယ်။ ပုဂ္ဂိုလ်, သတ္တဝါ၊ ငါ, သူတစ်ပါး၊ ယောကျ်ား, မိန်းမ-ဆိုတာ မရှိပါဘူး။ ထို စား-သိ ရုပ်နာမ် သည်လည်း စားဆဲခဏမှာပင် ဥပါဒ်, ဌီ, ဘင်-အစဉ်ကျ၍ ချုပ်ပျက်သွားပြီး မမြဲသောကြောင့် အနိစ္စ, ဖြစ်ခြင်းပျက်ခြင်း ဖောင်းသဖြင့် ဆင်းရဲသောကြောင့် ဒုက္ခ, မဖြစ်မပျက်အောင် တားမြစ်လို့ မရသောကြောင့် အနတ္တ-ဟု ရှုမှတ် နေရပါတယ်။

ကဗျာကိုလိုက်ဆိုကြပါ -
လျှာနှင့်အစား ဆုံငြားရုပ်သာ၊
ဝိညာဏ်သိမှု နာမ်ဟုမှတ်ပါ။
စားရာညာဏ်ထုတ် နာမ်ရုပ်နှစ်ဖြာ၊
သူမမြဲ ဆင်းရဲလိုမပါ။
(အနိစ္စ၊ ဒုက္ခ၊ အနတ္တာ။)

ဤနည်းအတိုင်း အမြဲမပြတ် ရှုမှတ်နေပါက ငါ့ကိုယ်ပဲ-ဟု စွဲလမ်းသော ဒိဋ္ဌိစွဲ၊ ငါပဲ-ဟု စွဲလမ်းသော **မာနစွဲ**၊ ငါ့ဟာပဲ-ဟု စွဲလမ်းသော **တဏှာစွဲ**-များကို တဒင်္ဂပဟာန်(ခဏပယ်ခြင်း)အားဖြင့် လည်းကောင်း၊ ဝိက္ခမ္ဘနပဟာန်(ခပ်ကြာကြာပယ်ခြင်း)အားဖြင့်လည်းကောင်း၊ သမုစ္ဆေဒပဟာန်(အပြီးအပြတ်ပယ်ခြင်း)အားဖြင့်လည်းကောင်း ပယ်သတ်နိုင်ပါတယ်။

ဤကဲ့သို့ စားသောအခါတိုင်းမှာ နာမ်ရုပ်တွေကို အမြဲမရှိခြင်း=အနိစ္စ၊ ဆင်းရဲခြင်း=ဒုက္ခ၊ အစိုးမရခြင်း=အနတ္တ-ဟု ရှုမှတ်တတ်သော ဝိပဿနာဉာဏ်ပညာကို သားလိမ်မာကြီး ခေါ်ပါတယ်။ တဏှာရာဂ တည်းဟူသော သားဆိုးသားမိုက်ကြီးဟာ များစွာသော မကောင်းကျိုးကိုသာ ပြုတတ်ပါတယ်။ ဝိပဿနာဉာဏ်ပညာတည်းဟူသော သားလိမ်မာကြီးဟာ များစွာသော ကောင်းသောအကျိုးကို ပြုတတ်ပါသည်။ ဒါကြောင့် ဝိပဿနာ ဉာဏ်ပညာတည်းဟူသော သားလိမ်မာကြီးဖြစ်အောင် ကြိုးစားကြရမယ်။

ဒါကြောင့် -

ဇိဝှာ ရသေန သံဝါသာ၊ ပညာပုတ္တံ ဝိဇာယတိ။

မဟာအတ္ထကရော သော စ၊ သံဝါသံ တေန ကာရယေ။

ဇိဝှာ၊ ဇိဝှာဒွါရခေါ်သော ပါးစပ်ပေါက် လျှာသည်။ ရသေန၊ အစားအစာမျိုးစုံ ရသာရုံနှင့်။ သံဝါသာ၊ လျှာနှင့်အစားအစာ မှန်စွာမယွင်း တွေ့ဆုံမိခြင်းကြောင့်။ ပညာပုတ္တံ၊ စား-သိ-ရုပ်နာမ် အမြဲ မရှိဟူ၍ ရှုမှတ်တတ်သော ဝိပဿနာဉာဏ်ပညာတည်းဟူသော သားလိမ်မာကြီးကို။ ဝိဇာယတိ၊ မုချမသွေ ဖွားမြင်၍ လာပါပေ၏။ သော စ၊ ထိုသားလိမ်မာကြီးသည်လည်း။ မဟာအတ္ထကရော၊ ကြီးစွာသော ကောင်းကျိုးကိုသာ ပြုတတ်ပါပေ၏။ တေန၊ ထို့ကြောင့်။ သံဝါသံ၊ လျှာနှင့်အစားအစာ တွေ့ဆုံသောအခါ စား-သိ-ရုပ်နာမ် အမြဲမရှိဟု ရှုမှတ်တတ်သော ဝိပဿနာဉာဏ်ပညာတည်းဟူသော သားလိမ်မာကြီးကို။ ကာရယေ၊ အသိတရားနှင့် သတိထားပြီး တရားအလုပ်တွေကို အားထုတ်သို့သာ ပြုလုပ်ကုန်ရာသတည်း။ (ဤအထိ ဟာ လျှာခေါ်သော ပါးစပ်ပေါက်က ဟောပုံနှင့် မဟောပုံကို ခွဲခြားပြခြင်း ဖြစ်ပါတယ်။)

## ကိုယ်ပေါက်က မှားပုံ

ဘုရားလောင်း မင်းသားဟာ ကျန်တပည့် တစ်ယောက်နှင့်အတူ တက္ကသိုလ်ပြည်သို့ ဆက်လက်ထွက်ခွာလာသောအခါ ဘီလူးမများဟာ ရှေးနည်းတူစွာ ရွာတွေ, အိမ်တွေ-ကို ဖန်ဆင်း၍ အဝတ်အထည်မျိုးစုံတွေကို ဆိုင်ခင်းပြီး အတွေ့အထိမျိုးစုံ=ဖောဋ္ဌဗ္ဗာရုံတို့ဖြင့် ဖြားယောင်းကြပါတယ်။ အတွေ့အထိမျိုးစုံ=ဖောဋ္ဌဗ္ဗာရုံတွေကို လိုချင်တပ်မက် နှစ်သက်တတ်သော တပည့်တစ်ယောက်ဟာ ဘုရားလောင်းမင်းသား၏ စကားကို နားမထောင်ဘဲ ကျန်ရစ်ခဲ့ပြန်ပါတယ်။ ဘီလူးမများဟာ ထိုယောကျ်ားကိုလည်း အတွေ့အထိ မျိုးစုံ=ဖော ဋ္ဌဗ္ဗာရုံတို့ဖြင့် ဖြားယောင်းကာ သတ်ဖြတ်စားသောက်ကြပါတယ်။ ဤ ယောကျ်ားဟာ ကိုယ်ပေါက်ကမှားလို့ ဘီလူးစားခံရခြင်း ဖြစ်ပါတယ်။

ဒါကြောင့် -

ကာယော ဖောဋ္ဌဗ္ဗေန သံဝါသာ၊ ရာဂပုတ္တံ ဝိဇာယတိ။

မဟာနတ္ထကရော သော စ၊ သံဝါသံ တေန ဝါရယေ။

ကာယော၊ ကာယဒွါရခေါ်သော ကိုယ်သည်။ ဖောဋ္ဌဗ္ဗေန၊ အတွေ့အထိ မျိုးစုံ ဖောဋ္ဌဗ္ဗာရုံနှင့်။ သံဝါသာ၊ ကိုယ်နှင့်တွေ့ထိစရာ မှန်စွာမယွင်း တွေ့ဆုံခြင်းကြောင့်။ ရာဂပုတ္တံ၊ အတွေ့အထိမျိုးစုံ= ဖောဋ္ဌဗ္ဗာရုံတွေကို ခုံမင်တပ်မက် နှစ်သက်တတ်သော တဏှာရာဂ တည်းဟူသော သားဆိုးသားမိုက်ကြီးကို။ ဝိဇာယတိ၊ မုချမသွေ ဖွားမြင်၍ လာပါပေ၏။ သော စ၊ ထိုသားဆိုး သားမိုက်ကြီးသည်လည်း။ မဟာနတ္ထကရော၊ ကြီးစွာသော မကောင်းကျိုးကိုသာ ပြုတတ်ပါပေ၏။ တေန၊ ထို့ကြောင့်။ သံဝါသံ၊ ကိုယ်နှင့် တွေ့ထိစရာ မှန်စွာ မယွင်း တွေ့ဆုံခြင်းကြောင့် အတွေ့အထိမျိုးစုံ=ဖောဋ္ဌဗ္ဗာ ရုံတွေကို ခုံမင် တပ်မက် နှစ်သက်တတ်သော တဏှာရာဂတည်းဟူသော သားဆိုးသားမိုက် ကြီးကို။ ဝါရယေ၊ အသိတရားနှင့် သတိထားပြီး တရားအလုပ်တွေကို အားထုတ်လို့သာ တားမြစ် ပယ်သတ်နိုင်ကုန်ရာသတည်း။

ဘုရားလောင်းမင်းသား၏ တပည့်ဟာ ဘီလူးမတွေ ဖန်ဆင်း ထားသော အတွေ့အထိမျိုးစုံ=ဖောဋ္ဌဗ္ဗာရုံတွေကို သဘောကျကာ နှစ်ခြိုက်ပြီး အသိတရား

နှင့် သတိမထားမိသောကြောင့် ဘီလူးစားခံရပါတယ်။ ထိုနည်းတူစွာ အန္ဓဗာလ ပုထုဇဉ်များဟာလဲ ကာယဒွါရခေါ်သော ကိုယ်ဖြင့် အတွေ့အထိမျိုးစုံ=ဖောဋ္ဌဗ္ဗာရုံတွေကို တွေ့ထိသောအခါ အသိတရားနှင့် သတိမထားကြ၍ အဟုတ်အမှန်ရှိ သော ရုပ်နာမ်တွေကို မသိကြဘဲ ငါ့ကိုယ်ပဲ, ငါပဲ, ငါ့ဟာပဲ-ဟု အထင်လွဲပြီး သံသရာလည်ကာ အိုဘေးဒုက္ခ, နာဘေးဒုက္ခ, သေဘေးဒုက္ခ-စသည်တို့နှင့် တွေ့ကြုံနေရပါတယ်။

ကဗျာကို လိုက်ဆိုကြပါ -

ထိသောအခါ သတိမထားလို့၊ အသိမှားဖို့ ကြုံလာတယ်။
ဘီလူးမအတွေ့ကို လူထင်လွဲသမို့၊ တူယှဉ်နွဲလို့ သေရတယ်။
ထို့အတူသာ ရုပ်နာမ်အရှိကို၊ အဟုတ်အမှန်မသိလို့ မှားကြတယ်။
ငါ့ကိုယ်, ငါပဲ, ငါ့ဟာပဲ၊ စွဲပြဲချစ်ခင်တယ်။
အဲဒါကြောင့်-အိုကြ, နာကြ, သေကြရပါတယ်။

## မမှားအောင်ရှုပုံ

ကာယဒွါရခေါ်သော ကိုယ်နှင့် အတွေ့အထိမျိုးစုံ=ဖောဋ္ဌဗ္ဗာရုံ တွေကို တွေ့ထိသောအခါ ကာယဒွါရ-ကလည်း ရုပ်၊ အတွေ့ အထိမျိုးစုံ=ဖောဋ္ဌဗ္ဗာရုံ တွေကလည်း ရုပ်၊ ထိ-သိ-ဝိညာဏ်က နာမ်-အားဖြင့် ရုပ်နာမ်နှစ်ပါးသာ ရှိပါတယ်။ ပုဂ္ဂိုလ်, သတ္တဝါ၊ ငါ, သူတစ်ပါး၊ ယောက်ျား, မိန်း-ဆိုတာ မရှိပါဘူး။ ထို ထိ-သိ-ရုပ်နာမ်ဟာလဲ ထိဆဲခဏမှာပင် ဥပါဒ်, ဌီ, ဘင်-အစဉ်ကျ၍ ချုပ်ပျက်သွားပြီး မပြဲသောကြောင့် အနိစ္စ, ဖြစ်ခြင်းပျက်ခြင်း မကောင်းသဖြင့် ဆင်းရဲ သောကြောင့် ဒုက္ခ-မဖြစ်မပျက်အောင် တားမြစ်လို့ မရသောကြောင့် အနတ္တ-ဟု ရှုမှတ်ရပါမယ်။

ကဗျာကို လိုက်ဆိုကြပါ -

ကိုယ်နှင့်အတွေ့ ထိတွေ့ရုပ်သာ၊ ဝိညာဏ်သိမှု နာမ်ဟုမှတ်ပါ။
ထိရာဉာဏ်ထုတ် နာမ်ရုပ်နှစ်ပြား သူမပြဲ ဆင်းရဲလို့ပေါ။
(အနိစ္စ၊ ဒုက္ခ၊ အနတ္တာ။)

ဤနည်းအတိုင်း အမြဲမပြတ် ရှုမှတ်နေပါက ငါ့ကိုယ်ပဲ-ဟု စွဲ သော **ဒိဋ္ဌိစွဲ**၊ ငါပဲ-ဟု စွဲသော **မာနစွဲ**၊ ငါ့ဟာပဲ-ဟုစွဲသော **တဏှာစွဲ**- များကို တဒင်္ဂပဟာန် (ခဏပယ်ခြင်း)အားဖြင့်လည်းကောင်း၊ ဝိက္ခမ္ဘနပဟာန်(ခပ်ကြာကြာပယ်ခြင်း) အားဖြင့်လည်းကောင်း၊ သမုစ္ဆေဒ ပဟာန်(အပြီးအပြတ်ပယ်ခြင်း)အားဖြင့် လည်းကောင်း ပယ်သတ်နိုင်ပါတယ်။

ဤကဲ့သို့ တွေ့ထိတဲ့အခါတိုင်းမှာ ရုပ်နာမ်တွေကို အမြဲမရှိခြင်း=အနိစ္စ, ဆင်းရဲခြင်း=ဒုက္ခ, အစိုးမရခြင်း=အနတ္တ-ဟု ရှုမှတ်သော ဝိပဿနာ ဉာဏ် ပညာကို သားလိမ္မာကြီး ခေါ်ပါတယ်။ တဏှာရာဂတည်းဟူသော သားဆိုး သားမိုက်ကြီးဟာ မကောင်းကျိုးများကိုသာ ပြုတတ်ပြီး ဝိပဿနာ ဉာဏ် ပညာတည်းဟူသော သားလိမ္မာကြီးဟာ ကောင်းသောအကျိုးများကိုသာ ပြုတတ်ပါတယ်။ ဒါကြောင့် ဝိပဿနာဉာဏ်ပညာတည်းဟူသော သား လိမ္မာကြီးဖြစ်အောင် ကြိုးစားကြရမယ်။

ဒါကြောင့် -

ကာယော ဖောဋ္ဌဗ္ဗေန သံဝါသာ၊ ပညာပုတ္တံ ဝိဇာယတိ။
မဟာအတ္ထကရော သော စ၊ သံဝါသံ တေန ကာရယေ။

ကာယော၊ ကာယဒွါရခေါ်သော ကိုယ်သည်။ ဖောဋ္ဌဗ္ဗေန၊ အတွေ့အထိ မျိုးစုံ ဖောဋ္ဌဗ္ဗာရုံနှင့်။ သံဝါသာ၊ ကိုယ်နှင့်တွေ့ထိစရာ မှန်စွာမယွင်း တွေ့ဆုံ ခြင်းကြောင့်။ ပညာပုတ္တံ၊ ထိ-သိ-ရုပ်နာမ် အမြဲမရှိ-ဟု ရှုမှတ်တတ်သော ဝိပဿနာဉာဏ်ပညာတည်းဟူသော သားလိမ္မာကြီးကို။ ဝိဇာယတိ၊ မုချမသွေ ဖွားမြင်၍ လာပါပေ၏။ သော စ၊ ထိုသားလိမ္မာကြီးသည်လည်း။ မဟာ အတ္ထကရော၊ ကြီးစွာသော ကောင်းကျိုးကိုသာ ပြုတတ်ပါပေ၏။ တေန၊ ထို့ကြောင့်။ သံဝါသံ၊ ကိုယ်နှင့်တွေ့ထိစရာ တွေ့ဆုံသောအခါ ထိ-သိ-ရုပ်နာမ် အမြဲမရှိ- ဟု ရှုမှတ်တတ်သော ဝိပဿနာဉာဏ်ပညာတည်းဟူသော သား လိမ္မာကြီးကို။ ကာရယေ၊ အသိတရားနှင့် သတိထားပြီး တရားအလုပ်တွေကို အားထုတ်လို့သာ ပြုကျင့်ကုန်ရာသတည်း။

## ပရိတ်တန်ခိုးကြောင့် ဘီလူးမ အနားမကပ်နိုင်

ဘုရားလောင်းမင်းသားဟာ တပည့်ငါးယောက်တို့ကို ဘီလူးစားပြီးနောက် မိမိတစ်ယောက်တည်း တက္ကသိုလ်ပြည်ဘက်သို့ ဆက်လက်ထွက်ခွာလာရာ ၇-ရက်အတွင်းမှာပင် တက္ကသိုလ်ပြည်သို့ ရောက်ပါတယ်။ ဘီလူးမတစ်ယောက်ဟာ ဘုရားလောင်းမင်းသားကို စားလိုသောကြောင့် အလွန်လှပသော အမျိုးသမီးအသွင် ဖန်ဆင်းပြီး ဘုရားလောင်းမင်းသားနောက်က လိုက်နေပါတယ်။ ဘုရားလောင်းမင်းသားဟာ ခရီးမထွက်ခင်က ပစ္စေကဗုဒ္ဓါများကိုပင့်ပြီး ဆွမ်းကပ်ခြင်း, ငါးပါးသီလဆောက်တည်ခြင်း, ပရိတ်တရားနာခြင်း-တို့ကို ပြုလုပ်ပါတယ်။ ပရိတ်တရားနာပြီး ပရိတ်သဲ, ပရိတ်ချည်, ပရိတ်ရေ, ပရိတ်ပန်း-များကို ယူဆောင်လာကာ ရောက်ရာအရပ်မှာ ပရိတ်သဲ, ပရိတ်ချည်, ပရိတ်ရေ, ပရိတ်ပန်း-များဖြင့် ဝိုင်းကာပြီး ပရိတ်ရေများကို ပက်ဖြန်းကာ နေသောကြောင့် ဘီလူးမဟာ ဘုရားလောင်းမင်းသား၏ အနီးအနားသို့ မကပ်ရောက်နိုင်ဘဲ ဘုရားလောင်းမင်းသားနှင့် ဝေးကွာသော ဇရပ်ပေါ်မှာ နေပါတယ်။ (ခရီးသွားသူများ နည်းယူစရာ ဖြစ်တယ်။)

## ဘုရင်၏အမှားကြောင့် ဘုရင်နှင့် နန်းတွင်းသူ/သားများ ဘီလူးစားခံရ

တက္ကသိုလ်ပြည့်ရှင် ဘုရင်မင်းကြီးဟာ တိုင်းခန်းလှည့်လည်လာသောအခါ ဘီလူးမဖန်ဆင်းထားသော အလွန်လှပသော မိန်းမပျိုကိုမြင်၍ လိုချင်တပ်မက် နှစ်သက်သောကြောင့် ဘု ရားလောင်းမင်းသားက "အဲဒီမိန်းမဟာ လူမိန်းမ မဟုတ်ဘူး၊ ဘီလူးမ-က လူမိန်းမ ယောင်ဆောင် ဖန်ဆင်းထားတာ" ဟု ပြောသော်လည်း ဘုရားလောင်းမင်းသား၏စကားကို နားမထောင်ဘဲ မိဘုရားမြှောက်ကာ နန်းတော်သို့ ခေါ်ဆောင်သွားပါတယ်။ (ဒါကြောင့် - "ယောက်ျား မိန်းမ၊ စသည်ထိုထို၊ ပျက်စီးလိုက၊ အဆိုအသွား၊ အမှားမှားနှင့်၊ ဘုရားသော်မှ၊ ဟောမရဘူး"။)ဟု မဃဒေဝမှာ စပ်ဆိုထားပါတယ်။

နန်းတော်ရောက်သောအခါ မိဖုရား(ဘီလူးမ)၏ ကောင်းအိုချက်အရ မိဖုရားကိုယုံကြီး တံခါးနှင့်မားကို အပိုင်ပေးလိုက်ပါတယ်။ ဘီလူးမဟာ ဘုရင်

မင်းမြတ်နှင့်တကွ နန်းတော်သူ နန်းတော်သားများအားလုံးတို့ အိပ်ပျော်နေကြသောအခါ ဘီလူးပေါင်းများစွာတို့ကိုခေါ်ပြီး ဘုရင်ကြီးနှင့်တကွ နန်းတော်သူ နန်းတော်သားများ အားလုံးတို့ကို သတ်ဖြတ် စားသောက်ကြပါတယ်။ နံနက်မိုးသောက် အလင်းရောက်သောအခါ မှူးကြီးမတ်ရာ သေနာပတိတို့ သိကြသောကြောင့် နန်းတော်အတွင်း သုတ်သင်ရှင်းလင်းပြီး ဘုရားလောင်းမင်းသားကို တက္ကသိုလ်ပြည်ရှင် ဘုရင်အဖြစ် တင်မြှောက်ကြပါတယ်။

ဤ တေလပတ္တဇာတ်တော်၌ ဘုရားလောင်းမင်းသား၏ တပည့်ငါးယောက်နှင့်အတူ တက္ကသိုလ်ပြည်ရှင် ဘုရင်ကြီးပါ။ (၁) မျက်စိပေါက်(စက္ခုဒွါရ)၊ (၂) နားပေါက်(သောတဒွါရ)၊ (၃) နှာခေါင်းပေါက်(ဃာနဒွါရ)၊ (၄) ပါးစပ်ပေါက်(ဇိဝှာဒွါရ)၊ (၅) ကိုယ်ပေါက်(ကာယဒွါရ)ဆိုတဲ့ ငါးပေါက်မှာကြလို့ ငါးပါးမှောက်ကာ ဘီလူးစားခံရခြင်း ဖြစ်ပါတယ်။

ထိုနည်းတူစွာ အန္တဗာလ-ပုထုဇဉ်များဟာလဲ

(၁) စက္ခုဒွါရခေါ်သော မျက်စိပေါက်က အဆင်းမျိုးစုံ=ရူပါရုံတွေကို မြင်သောအခါ၊

(၂) သောတဒွါရခေါ်သော နားပေါက်က အသံမျိုးစုံ=သဒ္ဒါရုံတွေကို ကြားသောအခါ၊

(၃) ဃာနဒွါရခေါ်သော နှာခေါင်းပေါက်က အနံ့မျိုးစုံ=ဂန္ဓာရုံတွေကို နမ်းရှူ သာအခါ၊

(၄) ဇိဝှာဒွါရခေါ်သော ပါးစပ်ပေါက်လျှာက အစားအစာမျိုးစုံ= ရသာရုံတွေကို စားသောအခါ၊

(၅) ကာယဒွါရခေါ်သော ကိုယ်က အတွေ့အထိမျိုးစုံ=ဖောဋ္ဌဗ္ဗာရုံတွေကို တွေ့ထိသောအခါ -

အသိတရားနှင့် သတိထားပြီး တရားမရှုပါက ဒွါရငါးပေါက်မှာ ထင်ပေါ်လာသော အာရုံတွေကို ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောက်ျား, မိန်းမ ဟု အထင်မှားကာ ငါ့ကိုယ်ပဲ, ငါပဲ, ငါ့ဟာပဲ-ဟု စွဲလမ်းကြပြီး ခန္ဓာ, အာယတန, ဓါတ်-အစဉ်စပ်လျက် မပြတ် ဖြစ်နေသော ပဋိစ္စသမုပ္ပါဒ်မှန်စွာ သံသရာ

ထဲမှာ လည်ကြရပြီး အိုဘေးဒုက္ခ, နာဘေးဒုက္ခ, သေဘေးဒုက္ခ-စသည်တို့နှင့် တွေ့ကာ ငါးပေါက်မှာမှားပြီး ငါးပါးမှောက်ကာ ဒုက္ခရောက်နေကြရပါတယ်။

ဘုရားလောင်းမင်းသားဟာ ဘီလူးမတွေကို ဘီလူးမတွေပဲဟု အသိတရား ရှိသောကြောင့် ဘီလူးစားခံရမည့် ဘေးဒုက္ခမှ လွတ်ပြီး တက္ကသိုလ်ပြည်ရှင် ဘုရင်ကြီး ဖြစ်ရပါတယ်။

ထိုနည်းတူစွာ အရိယာပုဂ္ဂိုလ်များဟာလဲ အဟုတ်အမှန်ရှိသော ရုပ်နာမ် တွေကို အတိအကျသိကြသောကြောင့် အို, နာ, သေရေး-စသော ဒုက္ခဘေး တို့မှ ကင်းဝေးရာမှန် မြတ်နိဗ္ဗာန်သို့ ရောက်ကြရပါတယ်။

ဒါကြောင့် - ငါးပေါက်မမှားအောင် တရားထောက်ထားကာ အဟုတ် အမှန်ရှိကြတဲ့ ရုပ်နာမ်တွေကိုသိကြဖို့ရာ၊ တရားအလုပ်တွေကို အားထုတ် နိုင်ကြပါစေကုန်သတည်း။

(ဝန်ခံချက်) - တေလပတ္တဇာတ်ကိုမှီ၍ မိမိဉာဏ်ဖြင့် ဘုရားဟောနှင့် ညီအောင် ပါဠိဂါထာစီခြင်း၊ ကဗျာဖွဲ့ခြင်းတို့ကို ပြုပါတယ်။)

* * * * * *

# ဓမ္မစကြာဒေသနာဟောခဉ် (၁၀)

## ကျောင်းအနုမောဒနာ

## (၁) ကျောင်းဒါယကာ ရာဇဂြိုဟ်သူဌေး

ဒီနေ့တော့ ဓမ္မစကြာတရားကိုဟောကြားပြီးတဲ့နောက်မှာ ကျောင်းအနုမောဒနာဒေသနာတော်ကို ဟောကြားပါမယ်၊ ကျောက်ဆောက်လှူဒါန်းကြတဲ့ ဒကာ-ဒကာမတွေဟာ ကျောင်းဆောက်လှူဒါန်းလို့ ရရှိတဲ့အကျိုးတွေကို သိချင်ကြပါလိမ့်မယ်။ ကျောင်းအလှူနှင့်ပတ်သက်ပြီး ကျောင်းဆောက်လှူဒါန်းခွင့် စ-ပြုတဲ့အကြောင်းကို အနည်းငယ်မျှ ရှင်းပြလိုပါတယ်။

## ကျောင်းဆောက်လှူဒါန်းခွင့်ပြုခြင်း

မြတ်စွာဘုရားဟာ ရာဇဂြိုဟ်ပြည်အနီး ရင်းတိုက်တောကြီးရှိသော ဝေဠုဝန်ကျောင်းတော်မှာ ဝါဆိုတော်မူပါတယ်၊ အဲဒီအချိန်တုန်းက ရဟန်းတော်များနေထိုင်ဖို့ရာ ကျောင်းများကို ဆောက်လုပ်လှူဒါန်းခွင့် မပြုသေးပါဘူး၊ ဒါကြောင့် ရဟန်းတော်များဟာ ညအခါ တော, သစ်ပင်ရင်း, တောင်ချောက်, တောင်ခေါင်း, သင်္ချိုင်း, တောအုပ်, လွင်ပြင်, ကောက်ရိုးပုံ-အစရှိတဲ့နေရာများမှာ တစ်ညလုံး ဟန်းတရားများကိုကြိုးစားအားထုတ်ကြပါတယ်၊ နံနက်မိုးသောက် အလင်းရောက်တဲ့အခါ ထိုထိုနေထိုင်ရာဌာနတို့မှ သိမ်မွေ့စွာထွက်လာကြပါတယ်၊ ထိုအခြင်းအရာကို ရာဇဂြိုဟ်သူဌေး တွေ့မြင်ရတဲ့အခါ အလွန်တရာကြည်ညိုလှ၍ ရဟန်းတော်များအတွက် ကျောင်းဆောက်လှူဒါန်းဖို့ရာ ရဟန်းတော်များအား လျှောက်ထားပါတယ်၊ ရဟန်းတော်များက တစ်ဆင့်မြတ်စွာဘုရားကို လျှောက်ထားကြတဲ့အခါ မြတ်စွာဘုရားက -

"အနုဇာနာမိ ဘိက္ခဝေ ပဉ္စ လေဏာနိ ဝိဟာရံ အဍ္ဎယောဂံ ပါသာဒံ ဟမ္မိယံ ဂုဟန္တိ"ဟု ခွင့်ပြုတော်မူတဲ့အကြောင်း စူဠဝါပါဠိတော်မှာ ပါရှိတယ်။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဝိဟာရံ၊ နှစ်ဘက်ဆောင်မိုးသော ကျောင်းကိုလည်းကောင်း။ အမ္ဗယောဂံ၊ တစ်ဘက်ဆောင်မိုးသောကျောင်းကိုလည်းကောင်း။ ဝါ၊ ဝဲပြန်ကျောင်းကိုလည်းကောင်း။ ပါသာဒံ၊ ပြာသာဒ်ရှည်ကိုလည်းကောင်း။ ဟမ္မိယံ၊ ပြာသာဒ်ဦးပြည်းကိုလည်းကောင်း။ ဂူဟံ၊ ဂူကိုလည်းကောင်း။ ဣတိ၊ ဤသို့ ပဉ္စ၊ ငါးပါးကုန်သော။ လေဏာနိ၊ ပုန်းအောင်းရာကျောင်းတို့ကို။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။

အဓိပ္ပါယ်ကတော့ - ချစ်သားတို့ . . .

(၁) နှစ်ဖက်မိုးကျောင်း၊

(၂) တစ်ဖက်မိုးကျောင်း၊

(၃) ပြာသာဒ်ရှည်ကျောင်း၊

(၄) ပြာသာဒ်တိုကျောင်း၊

(၅) အုတ်တိုက်ဂူကျောင်း-အားဖြင့် ဤကျောင်း ၅-မျိုးတို့ကို ဆောက်လုပ်လှူဒါန်းနေထိုင်ခွင့်ပြုပါတယ်။

ထိုခွင့်ပြုတော်မူတဲ့အကြောင်းကို ရာဇဂြိုဟ်သူဌေးကြားသိတဲ့အခါ နှစ်သက်ဝမ်းမြောက်စွာနှင့် ကျောင်းပေါင်း ၆၀-တို့ကို တစ်ရက်တည်းနှင့် ပြီးအောင်ဆောက်တယ်ဆိုပဲ၊ ကျောင်းများကလဲ ရဟန်းတစ်ပါးနေ ကမ္မဋ္ဌာန်းကျောင်းကလေးတွေဖြစ်ပြန်၊ ငွေအားလူအားနှင့်ပြည့်စုံပြီး လိုတဲ့ပစ္စည်းတွေကိုလဲ အလွယ်တကူ ရနိုင်တဲ့အခါမျိုးဆိုတော့ တစ်ရက်တည်းနှင့် ကျောင်းပေါင်း ၆၀ ဆောက်လုပ်ပြီးစီးနိုင်တာပေါ့၊ ရာဇဂြိုဟ်သူဌေးဟာ ကျောင်းများကိုဆောက်ပြီးတဲ့အခါ ဘုရားအမှူးရှိတဲ့ သံဃာတော်များကို ပင့်ပြီး ဆွမ်းကျွေး, ကျောင်းလှူပွဲကြီး ပြုလုပ်ပါတယ်၊ ဆွမ်းဘုဉ်းပေးပြီးတဲ့နောက် မြတ်စွာဘုရားက

(က) "သီတံ ဥဏှံ ပဋိဟနတိ၊ တတော ဝါဠမိဂါနိ စ၊
သရီသပေ စ မကသေ၊ သိသိရေ စာပိ ဝုဋ္ဌိယော။
တတော ဝါတာတပေါ ဃောရော သဉ္ဇာတော ပဋိဟညတိ၊
လေဏတ္ထဉ္စ သုခတ္ထဉ္စ၊ ဈာယိတုံ စ ဝိပဿိတုံ။
ဝိဟာရဒါနံ သံဃဿ၊ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ။

(ခ) တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္တမတ္တနော၊
ဝိဟာရေ ကာရယေ ရမ္မေ၊ ဝါသယေတ္ထ ဗဟုဿုတေ။
တေသံ အန္နဉ္စ ပါနဉ္စ၊ ဝတ္ထသေနာသနာနိ စ၊
ဒဒေယျ ဥဇုဘူတေသု၊ ဝိပ္ပသန္နေန စေတသာ။
(ဂ) တေ တဿ ဓမ္မံ ဒေသေန္တိ၊ သဗ္ဗဒုက္ခာပနူဒနံ၊
ယံ သော ဓမ္မံ ဣဓညာယ၊ ပရိနိဗ္ဗာယိ အနာသဝေါ"။ —

ဟု ဟောကြားတော်မူပါတယ်။

(က) သီတံ၊ အချမ်းကိုလည်းကောင်း။ ဥဏှံ၊ အပူကိုလည်းကောင်း။ ပဋိဟနတိ၊ ပယ်ဖျောက်တတ်၏။ တတော-ပစ္ဆာ၊ ထိုမှနောက်၌၊ ဝါဠမိဂါနိ စ၊ သားရဲ,သမင်တို့ကိုလည်းကောင်း။ သရီသပေ စ၊ မြွေ, ကင်းသန်း-တို့ကိုလည်းကောင်း။ မကသေ စ၊ မှတ်, ခြင်-တို့ကိုလည်းကောင်း။ သိသိရေ စ၊ လေကြမ်းနှင့်တကွ ရှာသော မိုးပေါက်တို့ကိုလည်းကောင်း။ ဝုဋ္ဌိယော စ၊ ဖြောင့်ဖြောင့်ရွာသော မိုးပေါက်တို့ကိုလည်းကောင်း။ ပဋိဟနတိ၊ ပယ်ဖျောက်နိုင်၏။

တတော-ပစ္ဆာ၊ ထိုမှနောက်၌။ ဃောရော၊ ကြမ်းသော။ သဉ္ဇာတော၊ ဖြစ်စွာဖြစ်သော။ ဝါတာတပေါ၊ လေ, နေပူကို။ ပဋိဟညတိ၊ ပယ်ဖျောက်နိုင်၏။ လေဏတ္ထဉ္စ၊ ပုန်းအောင်းခြင်းအကျိုးငှာလည်းကောင်း။ သုခတ္ထဉ္စ၊ ချမ်းသာခြင်းအကျိုးငှာလည်းကောင်း။ ဈာယိတုံ စ၊ ဈာန်ဝင်စားခြင်းအကျိုးငှာလည်းကောင်း။ ဝိပဿိတုံ စ၊ ဝိပဿနာရှုခြင်းအကျိုးငှာလည်းကောင်း။ သံဃဿ သံဃာအား။ ဝိဟာရဒါနံ၊ ကျောင်းအလှူကို။ အဂ္ဂံ၊ မြတ်၏ဟူ၍။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဝဏ္ဏိတံ၊ ချီးမွမ်းတော်မူအပ်ပြီ။

(ခ) တသ္မာ ဟိ-တသ္မာ ဧဝ၊ ထို့ကြောင့်သာလျှင်။ ပဏ္ဍိတော၊ ပညာရှိသော။ အတ္တနော၊ မိမိ၏။ အတ္ထံ၊ အကျိုးစီးပွားကို။ ပဿံ-ပဿန္တော၊ ကောင်းစွာမြင်သော။ ပေါသော ပုဂ္ဂိုလ်သည်။ ရမ္မေ၊ နှလုံးမွေ့လျော်ရာဖြစ်ကုန်သော။ ဝိဟာရေ ကျောင်းတို့ကို။ ကာရယေ၊ ပြုစေရာ၏။ ဧတ္ထ၊ ဤဆောက်ပြီးသော ကျောင်း၌။ ဗဟုဿုတေ အကြားအမြင်ရှိကုန်သော ရဟန်းတို့ကို။ ဝါသယေ၊ နေစေရာ၏။ တေသံ၊ ထိုကျောင်းနေရဟန်းတို့အား။ အန္နဉ္စ ဆွမ်းကိုလည်း

ကောင်း။ ပါနဥ္စ၊ အဖျော်ကိုလည်းကောင်း။ ဝတ္ထသေနာသနာနိ စ၊ အဝတ် သင်္ကန်း, အိပ်ရာ, နေရာ-တို့ကိုလည်းကောင်း။ ဥဇုဘူတေသု၊ ဖြောင့်မတ်စွာ ဖြစ်၍ဖြစ်သော ကျောင်းနေရဟန်းတို့၌။ ဝိပ္ပသန္နေန၊ ကြည်ညိုသော။ စေတ-သာ၊ စိတ်ဖြင့်။ ဒဒေယျ၊ ပေးလှူရာ၏။

(ဂ) တေ၊ ထိုကျောင်းနေရဟန်းတို့သည်။ တဿ၊ ထိုကျောင်းဒါယကာအား။ သဗ္ဗဒုက္ခပနူဒနံ၊ ခပ်သိမ်းသော ဆင်းရဲကို ပယ်ဖျောက်တတ်သော၊ ဓမ္မံ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို။ ဒေသေန္တိ၊ ဟောကြားပြသ ကြကုန်၏။ သော၊ ထိုကျောင်းဒါယကာသည်။ ဣဓ၊ ဤသာသနာတော်၌။ ယံ ဓမ္မံ၊ အကြင် တရားကို။ အညာယ၊ သိ၍။ အနာသဝေါ၊ အာသဝေါတရား မရှိသည် ဖြစ်၍။ ဝါ၊ ရဟန္တာဖြစ်၍။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန်စံရ၏။

အဓိပ္ပာယ်ကတော့ ကျောင်းဟာ -

(က) အအေး, အပူ, သားရဲတိရိစ္ဆာန်, မြွေ, ကင်းသန်း, မှက်, ခြင်, လေအေး, မိုးပေါက်-တို့ကို ပယ်ဖျောက်နိုင်တယ်။ ထိုပြင် လေပြင်း, နေပူ-တို့ကိုလဲ ပယ်ဖျောက်နိုင်တယ်၊ နေထိုင်, ချမ်းသာ, ဝိပဿနာတရားများကို ရှုဖို့ရာ သံဃာအား ကျောင်းလှူတာဟာ အမြတ်ဆုံးဖြစ်တယ်-ဟု မြတ်စွာ ဘုရား ချီးမွမ်းထားပါတယ်။

(ခ) ထို့ကြောင့် မိမိကောင်းကျိုး မျှော်ကိုးလိုလားတဲ့ ပညာရှိများဟာ မွေ့လျော်ဖွယ်ကောင်းတဲ့ကျောင်းတွေကို ဆောက်လုပ်လှူဒါန်းကြရမယ်၊ ဤ ကျောင်း၌ အကြားအမြင်များပြီး တကယ် ပရိယတ္တိတတ်တဲ့ အရှက်အကြောက် ရှိတဲ့ လဇ္ဇီရဟန်းများကို ပင့်ထားကိုးကွယ်ကြရမယ်၊ ထိုအရှက်အကြောက်ရှိတဲ့ လဇ္ဇီရဟန်းတို့အား စားဖွယ်သောက်ဖွယ်, သင်္ကန်း, အိပ်ရာနေရာတို့ကို ကြည်ညိုတဲ့စိတ်ဖြင့် လှူဒါန်းကြရမယ်။

(ဂ) ထိုကျောင်းထိုင်ရဟန်းတို့ကလဲ ကျောင်းဒကာ ကျောင်းဒကာမ တို့အား ဆင်းရဲအလုံးစုံကိုပယ်ဖျောက်နိုင်တဲ့ တရားများကို ဟောကြားကြရ မယ်။ ဤသာသနာတော်မှာ ကျောင်းဒကာ ကျောင်းအမတွေဟာ ထိုတရား

များကို သိကြပြီး အာသဝေါကင်းကွာ ရဟန္တာများဖြစ်ကာ နိဗ္ဗာန်ကိုရောက်ကြရမယ်-တဲ့။ ၎င်းအဓိပ္ပါယ်များကို အောက်ပါအလင်္ကာအတိုင်း မှတ်သားထားကြရမယ်။

(က) အအေးအပူကို၊ ပယ်စေလိုခြင်း၊ မြွေ့၊ ကင်းသန်း၊ ခြင်၊ ထိုပြင်လေးအေး၊ မိုးပေါက်ဘေးရှင်း၊ လေပြင်းပူဒဏ်၊ ပယ်ရန်တစ်ကြောင်း၊ ကိန်းအောင်းချာန်ပွား၊ တရားဝိပဿနာ၊ ရှုဖို့ရာကောင်း၊ နေရာကျောင်းကို၊ ကောင်းစွာမသွေ၊ ဆောက်ပြီးလေက၊ သံဃိကလှူ၊ ထိုအလှူကို၊ သုံးလူဥက္ကာ၊ ချီးမွမ်းအပ်၏။

(ခ) မိမိကောင်းကျိုး၊ မျှော်ကိုးမြင်သိ၊ ပညာရှိပေါင်း၊ သူတော်ကောင်းသည်၊ ကျောင်းဆောက်ပြီးကာ၊ စာပေတတ်သိ၊ လဇ္ဇီဖြစ်ငြား၊ ရဟန်းများကို၊ ပင့်ထားလို့သာ၊ ကိုးကွယ်ရာ၏၊ တစ်ဖြာတစ်သွယ်၊ စားသောက်ဖွယ်နှင့်၊ တင့်တယ်သင်္ကန်း။ အိပ်ရာခမ်းကို၊ ဖြောင့်တန်းစေတနာ၊ လှူဒါန်းရာ၏။

(ဂ) ကျောင်းထိုင်ဖြစ်ဘိ၊ လဇ္ဇီဟုခေါ်၊ ရဟန်းတော်ကား၊ ပယ်ရှားဒုက္ခ၊ နိဗ္ဗာနရောက်၊ ထုတ်ချင်းပေါက်ငြား၊ မြတ်တရားကို၊ ဟောကြားပြသ၊ ဆုံးမသောခါ၊ ဤသာသနာတွင်၊ ကင်းစင်အာသဝ၊ ရဟန္တာစစ်၊ ဖြစ်၍ အမှန်၊ စိတ်အကြံမြောက်၊ နိဗ္ဗာန်ရောက်သည်၊ ကျောင်းဆောက်လှူသည့် အကျိုးတည်း။

## ကျောင်အလှူကျိုး ၇-မျိုးလင်္ကာ

သုံးတန်စေတနာ၊ ညီညာစွာဖြင့်၊ မဟာသံဃိက၊ ဝိဟာရကျောင်း၊ တန်ဆောင်းအလှူ ဆောက်လှူသူတို့၊ ကြီးထူကဲဝှန်၊ ကျိုးရ ဟန်ကို၊ ကျမ်းဂန်ဆောက်ချင့်၊ နိဒါန်းဖွင့်သော် - (၁) နက်နှင့်လူဝယ်၊ သန္ဓေတွယ်၍ (၂) လိုဖွယ်မတ၊ ဆောက်အုံရ၏၊ (၃) မထကြွက်သီး၊ ကိုယ်လည်းမပူပ၊ မကြာက်ရုပ်မထင်၊ ထိတ်လန့်စဉ်၏၊ (၄) ခြသေ့်သပ်ကျား၊ သားရဲများနှင့် ဖမ်းစားတလှူ၊ နှိပ်စက်မှုသား၊ တောသူဘုဟ်ပြိတ်၊ အဆိပ်

ထန်ပြင်း၊ မြွေနှင့်ကင်းက၊ အဆင်းဖောက်ပြန်၊ ဂုမ္ဘာဏ်, ရက္ခိုသ်၊ နတ်မိုက်ရန်ပေါင်း၊ ဘေးလွတ်ရှောင်း၏၊ (၅) မကောင်းအိပ်မက်၊ မမြင်မက်ဘူး၊ (၆) ထင်လျက်သတိ၊ မြဲခိုင်ဘိ၍၊ ဝိပရိဏာ၊ ဖောက်ပြန်စိတ်ရင်း၊ ရူးသွတ်ခြင်းမှ၊ ရှင်းရှင်းလွတ်ရှောင်း၊ ကျိုးဆက်ကောင်း၏၊ (၇) နောက်နှောင်းဘဝ၊ ပစ္ဆိမဝယ်၊ ဂုဏ်ကပို၊ အရဟတ္တဖိုလ်ဟု၊ ထိုထိုကျေးဇူး၊ လွန်ပျံ့ပျူးသည်၊ ဆောက်ဦးလှူကျိုး၊ ခုနစ်တည်း။

(တိပိဋကဓရဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ)

* * * * *

## (၂) ကျောင်းဒါယကာ အနာထပိဏ်သူဌေး

ကျောင်းဒကာ ရာဇဂြိုဟ်သူဌေးအကြောင်းကို ရှင်းလင်းဖော်ပြပြီးကဲ့နောက် ကျောင်းဒကာ အနာထပိဏ်သူဌေးအကြောင်းကိုလဲ အကျဉ်းမျှ ရှင်းလင်းဖော်ပြပါဦးမယ်၊ အနာထပိဏ်သူဌေးနှင့် ရာဇဂြိုဟ်သူဌေးတို့ဟာ မောင်လည် နှမလည်ဖြစ်ကြပါတယ်။ အနာထပိဏ်သူဌေးဟာ ရာဇဂြိုဟ်သူဌေးထံလာရင်းက ဘုရားပွင့်တော်မူတဲ့အကြောင်းကို ကြားသိရလို့ ဝမ်းမြောက်စွာ ဘုရားထံမှောက် သွားရောက်တရားနာတဲ့အခါ သောတာပန်တည်သွားပါတယ်၊ ဘုရားအမှူးရှိတဲ့ သံဃာတော်များအား ရာဇဂြိုဟ်မြို့မှာပင် ဆွမ်းပင့်ကပ်ပြီး ဘုရားမြတ်စွာအား သံဃာတော်များနှင့်အတူ သာဝတ္ထိပြည်မှာ ဝါဆိုတော်မူဖို့ ပင့်ဖိတ်လျှောက်ထားပြီး ပြန်သွားပါတယ်၊ သာဝတ္ထိပြည်သို့ ရောက်သောအခါ ရွာနှင့်မဝေးလွန်း မနီးလွန်းဖြစ်ပြီး ကျောင်းဆောက်ဖို့ရာ သင့်လျော်တဲ့ ဇေတမင်းသား၏ ဥယျာဉ်ကို ဝယ်ပါတယ်။

ဇေတမင်းသားက မြေပြင်ရှိသမျှ ငွေအသာပြာတွေကို အစွန်းချင်းယှဉ်ခင်းပြီးဝယ်ရင် ရောင်းပါမယ်-ဟုပြောတဲ့အခါ အနာထပိဏ်သူဌေးဟာ အိမ်မှာရှိတဲ့ငွေတွေကို လှည်းပေါင်းများစွာတို့ဖြင့် တိုက်ထုတ်ပြီး မြေပြင်ပေါ်မှာ ခင်းပါတယ်။ သစ်ပင်ရောက်နေရာများကိုပါ မကျန်ရအောင် တွက်ချက်ပေးလိုက်တဲ့အခါ အသပြာငွေပေါင်း တစ်ဆယ့်ရှစ်ကုဋေ ကုန်သွားပါတယ်။

တံခါးမုခ်ပတ်ဝန်းကျင်နေရာအတွက် ခင်းဖို့ရာ ငွေလိုနေပါသဖြင့် ငွေထပ်အယူခိုင်းတဲ့အခါ ဇေတမင်းသားက "ကျောင်းရာအတွက် လှူဒါန်းဖို့ရာ တစ်ဆယ့်ရှစ်ကုဋေအသပြာငွေတွေကို အကုန်အကျခံပြီး ဤဥယျာဉ်မြေကို ဝယ်တာဟာ အကျိုးကြီးလို့ဖြစ်မှာပဲ"ဟု ကြံဆပြီး ကျန်တဲ့မြေကွက်ကို ငွေဖြင့် မရောင်းတော့ဘဲ သူကိုယ်တိုင် ကုသိုလ်ပါဝင်လှူဒါန်းပါတယ်။

အနာထပိဏ်သူဌေးဟာ ထိုဇေတမင်းသား ဥယျာဉ်ထဲမှာ ကျောင်း ပရိဝုဏ်, တံခါးမုခ်, စည်းဝေးရာဇရပ်, ဇရုံးအိမ်, ဇရပ်, မီးတင်းကုပ်, ကပ္ပိယ ကုဋီ, ဝစ္စကုဋီ, စင်္ကြံ, စင်္ကြံဇရပ်, ရေတွင်းဇရပ်, ရေကန်, မဏ္ဍပ်-တို့ကို ဆောက်လုပ်လှူဒါန်းပါတယ်၊ ကျောင်းရာဖိုးက တစ်ဆယ့်ရှစ်ကုဋေ၊ ကျောင်း စတဲ့ အဆောက်အဦများအတွက်က သုံးဆယ့်ခြောက်ကုဋေအားဖြင့် စုစုပေါင်း ကျောင်းဆောက်ရာမှာ ငါးဆယ့်လေးကုဋေ ကုန်ကျပါတယ်၊ ထိုကျောင်းကို ဇေတမင်းသား၏ ဥယျာဉ်ထဲမှာဆောက်လို့ "ဇေတဝန်ကျောင်း"လို့ ခေါ်ပါ တယ်။

အနာထပိဏ်သူဌေးဟာ ကျောင်းပြီးတဲ့အခါ ဘုရားအမှူးရှိတဲ့ သံဃာ တော်များအား ဆွမ်းကပ်ပြီး ထိုဇေတဝန်ကျောင်းတော်ကြီးကို အရာမ်နှင့်တကွ သံဃိကလှူဒါန်းပါတယ်၊ ကျောင်းဒကာ အနာထပိဏ်သူဌေးဟာ ကျောင်း ဆောက် လှူဒါန်းပြီးတဲ့နေ့ကစပြီး နေ့စဉ် တစ်နေ့သုံးကြိမ် ကျောင်းသို့ အမြဲ သွားပါတယ်၊ သွားတဲ့အခါတိုင်းမှာ သာမဏေများ, ရဟန်းတော်များ ဘုဉ်းပေး ဖို့ရာ နံနက်အခါသွားရင် နံနက်ပိုင်းနှင့်သင့်လျော်သော စားသောက်ဖွယ်များ၊ ညနေပိုင်းသွားရင် ညနေပိုင်းနှင့် သင့်လျော်တဲ့ စားသောက်ဖွယ်များကို ယူသွား လေ့ရှိပါတယ်၊ သူ့အိမ်မှာလဲ နေ့စဉ် သံဃာတော်အပါးငါးရာကို ဆွမ်းကပ်ပါ တယ်။ သောတာပန်တည်ပြီးတဲ့နေ့ကစပြီး ရတနာသုံးပါးကို အလွန်ကြည်ညိုပြီး စွန့်ကြဲပေးကမ်းလှူဒါန်းလိုက်တာတွေဟာ အလွန်အားကျစရာကောင်းပါတယ်။

ကျောင်းဒကာ အနာထပိဏ်သူဌေးဟာ ယခု တုသိတာနတ်ပြည်မှာ အနာ ထပိဏ်နက်သားဖြစ်ပြီး နတ်၏စည်းစိမ်ချမ်းသာတွေကို ပျော်ရွှင်စွာ ခံစားစံစား နေရပါတယ်၊ သူ၏ ဘဝကတော့ တစ်ဆင့်ထက်တစ်ဆင့်၊ မြင့်သထက်မြင့်ပြီး နိဗ္ဗာန်နန်းကို စံမြန်းဖို့သာရှိပါတော့တယ်။

အဲဒါဟာ ကျောင်းဒကာအနာထပိဏ်သူဌေး၏ အကြောင်းအတ္ထုပ္ပတ္တိ အကျဉ်းပါပဲ။ ၎င်းအတ္ထုပ္ပတ္တိကို စူဠဝါပါဠိတော်နှင့် ဓမ္မပဒအဋ္ဌကထာ, ဥပရိပဏ္ဏာသပါဠိတော်တို့မှ ထုတ်နုတ်ဖော်ပြရခြင်းဖြစ်ပါတယ်။

## ကျောင်းဒါယကာ အနာထပိဏ်သူဌေးတေးထပ်

အနာထပိဏ်အရိယ၊ အမိဂမ သဒ္ဓါ၊
ပြည့်ဝတဲ့အရာမှာ၊ အဖြာဖြာ လွှန်ကဲ၊
ငါးရာရှိ ထေရ်အရှင်တွေကို၊ နေ့စဉ်လေ ဆွမ်းကပ်လေမြဲ၊
လှူဒါန်းတဲ့နေရာမှာ၊ စေတနာလွှန်ကဲ၊
ပရမေဘဂဝါ အလွှန်စွဲလို့၊ မွန်ကဲတဲ့သဒ္ဓါ၊
ဇေတဝန်ကျောင်းတော်ကြီးကို၊ အကောင်းမျှော်ပြီး ဆောက်တော့လေတာ၊
ဤကောင်းမှုစေတနာ၊ သေအချာအကျိုးပေးလို့၊
တန်ခိုးမသေးဖို့ ထက်နတ်ပြည်(ပြေ)၊ ရောက်ရမသွေ၊
တုသိတာနတ်ပြည်(ပြေ)မှာ၊ နတ်ဒေဝါဖြစ်ရသည်ကွဲ့လေး။

❖ ❖ ❖ ❖ ❖ ❖

## (၃) ကျောင်းအမကြီးဝိသာခါ

ကျောင်းဒကာအနာထပိဏ်သူဌေး၏အကြောင်း အတ္ထုပ္ပတ္တိကို အကျဉ်းမျှရှင်းလင်းဖော်ပြပြီးတဲ့နောက် ကျောင်းအမကြီး ဝိသာခါ၏အကြောင်းအတ္ထုပ္ပတ္တိအကျဉ်းကိုလဲ ရှင်းလင်းဖော်ပြပါဦးမယ်။

ဝိသာခါဟာ ၇-နှစ်သမီးအရွယ်က သောတာပန်ဖြစ်ပါတယ်၊ သောတာပန်ဖြစ်ပြီးတဲ့နေ့ကစပြီး ရတနာသုံးပါးကို အလွန်ကြည်ညိုပါတယ်၊ ကဿပဘုရားလက်ထက်က ဘုရားအမှူးရှိတဲ့ သံဃာတော်နှစ်သိန်းတို့အား သင်္ကန်းလှူဒါန်းခဲ့ဖူးတဲ့ ကုသိုလ်ကောင်းမှုကြောင့် ယခုဘဝမှာ လက်ခတစ်သိန်းပေးပြီး တန်ဖိုးကိုးကုဋေကန့် မဟာလ္လတာတန်ဆာကြီးကို ဆင်မြန်းရပါတယ်။ ယခု ဘုရားသာသနာမှာ ဤတန်ဆာမျိုးကို ဆင်မြန်းရသူဟာ (၁) ဝိသာခါ၊ (၂) မလ္လိ

စစ်သူကြီး၏ဇနီး မလ္လိကာ၊ (၃) ဗာရာဏသီသူဌေး၏သမီး-အားဖြင့် သုံးယောက်သာရှိပါတယ်။

အခါတစ်ပါးမှာ - ထိုမဟာလ္လတာတန်ဆာကြီးကို ကျောင်းမှာမေ့ကျန်ခဲ့ရာ အရှင်အာနန္ဒာက သိမ်းထားရပါတယ်။ သူ၏ ကျွန်မကိုလွှတ်၍ အယူခိုင်းရာ အရှင်အာနန္ဒာကိုယ်တော်တိုင် ကိုင်တွယ်သိမ်းဆည်းထားရာမှ ပြန်ယူလာရတဲ့ အကြောင်း ပြောတဲ့အခါ ဝတ်ဆင်လိုစိတ်မရှိတော့ဘဲ ထိုတန်ဆာကို လှူဒါန်းဖို့ရာ ကြံစည်ပါတော့တယ်၊ ထိုတန်ဆာကိုရောင်းပြီး ကျောင်းဆောက်လှူဒါန်းဖို့ရာ စီစဉ်တဲ့အခါ အခြားဝယ်နိုင်မည့်သူမရှိလို့ သူကိုယ်တိုင်ပင် ကိုးကုဋေနှင့်တစ်သိန်းဖြင့် အဖိုးဖြတ်ပြီး ပြန်ဝယ်ရပါတယ်။

တန်ဆာဖိုး ကိုးကုဋေဖြင့် မြို့၏ အရှေ့တံခါးနားမှာ ကျောင်းရာမြေကို ဝယ်ပြီး ဘုံနှစ်ဆင့်ရှိ ပြာသာဒ်ကျောင်းကို ဆောက်ပါတယ်၊ အောက်ဆင့်မှာ အခန်းငါးရာ, အထက်ဆင့်မှာ အခန်းငါးရာ-အားဖြင့် အခန်းပေါင်းတစ်ထောင် ရှိပါတယ်၊ ထိုကျောင်းကို မြို့၏ အရှေ့တံခါးနားမှာ ဆောက်လို့ "ပုဗ္ဗာရုံကျောင်း"ဟု ခေါ်ပါတယ်။ ထိုကျောင်းကြီးကိုဝန်းရံပြီး ပြာသာဒ်ငယ်ငါးရာ, ကျောင်းငယ်ငါးရာ, ဇရပ်ရှည်ငါးရာ-တို့ကို ဆောက်လုပ်ပါတယ်၊ ကျောင်းဆောက်ရာမှာ အသပြာငွေ ကိုးကုဋေကုန်ပါတယ်၊ ကျောင်းဆောက်ပြီးတဲ့အခါ ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်များကို ဆွမ်းကပ်ပြီး ကျောင်းပူဇော်ပွဲကြီးကိုလဲ အသပြာငွေ ကိုးကုဋေ အကုန်အကျခံပြီး အကြီးအကျယ် ကျင်းပပါတယ်၊ ကျောင်းရာဖိုး ကိုးကုဋေ, ကျောင်းအဆောက်အအုံအတွက် ကုန်ကျငွေ ကိုးကုဋေ, ကျောင်းပူဇော်ပွဲအတွက် ကုန်ကျငွေ ကိုးကုဋေ-အားဖြင့် စုစုပေါင်း နှစ်ဆယ့်ခုနစ်ကုဋေ ကုန်ကျပါတယ်။ အဲဒီကျောင်းအမကြီး ဝိသာခါ၏ ကျောင်းပူဇော်ပွဲမှာ တစ်သိန်းတန်းတဲ့ ကမ္ဗလာကို ခြေဆေးခုံစပ်မှာ ခင်းပြီး တရားနာကာ ဝမ်းမြောက်ဝမ်းသာစွာ သာဓုအနုမောဒနာ-ခေါ်ရတဲ့ ကောင်းမှုကြောင့် ဝိသာခါ၏ သူငယ်ချင်းမ-ဟာ နတ်သမီးဖြစ်ကာ ရွှေဗိမာန်ကြီးမှာ နတ်၏စည်းစိမ်ချမ်းသာများကို ခံစားစံစား နေရပါတယ်။

ကျောင်းအမကြီးဝိသာခါဟာလဲ ကျောင်းဒကာ အနာထပိဏ်သူဌေးကြီးလိုပဲ နေ့စဉ် တစ်နေ့သုံးကြိမ် ကျောင်းသို့သွားတဲ့အခါတိုင်းမှာ သာမဏေများနှင့် ရဟန်းတော်များအတွက် သင့်လျော်မည့် စားသောက်ဖွယ်ရာများကို ယူသွားလေ့ရှိပါတယ်၊ အိမ်မှာလဲ နေ့စဉ် သံဃာတော် အပါးငါးရာတို့ကို ဆွမ်းကပ်ပါတယ်။

(၁) အသက်ယက်ဆုံး သံဃာတော်များအား မိုးရေခံ သင်္ကန်းလှူဒါန်းဖို့ရန်,

(၂) အာဂန္တုရဟန်းတော်များအား အမြဲတမ်း ဆွမ်းကပ်ဖို့ရန်,

(၃) ခရီးသွားရဟန်းတို့အား အမြဲတမ်း ဆွမ်းကပ်ဖို့ရန်,

(၄) သူနာရဟန်းတော်များအား အမြဲတမ်း ဆွမ်းလှူဖို့ရန်,

(၅) သူနာပြုရဟန်းတော်များအား အမြဲတမ်း ဆွမ်းလှူဖို့ရန်,

(၆) သူနာရဟန်းတော်များအား အမြဲတမ်း ဆေးလှူဒါန်းဖို့ရန်,

(၇) သူနာရဟန်းတော်များအား အမြဲတမ်း ယာဂုလှူဒါန်းဖို့ရန်,

(၈) ရဟန်းမိန်းမများအား အမြဲတမ်း ရေလဲသင်္ကန်း လှူဒါန်းဖို့ရန်-ဆုရှစ်ပါးတို့ကို မြတ်စွာဘုရားအား လျှောက်ထားတောင်းယူပါတယ်။ သောတာပန်အစစ်အမှန်ဖြစ်တဲ့ ကျောင်းအမကြီးဝိသာခါ လှူဒါန်းပြုလုပ်အားထုတ်သွားတဲ့ ကောင်းမှုကုသိုလ်တွေဟာ အတော်အားကျစရာကောင်းပါတယ်။ ယခုခေတ်ရှိ သောတာပန်အတုတွေနှင့်စာရင်တော့ ကွာချင်တိုင်းကွာနေတာပေါ့။ ယခု ကျောင်းအမကြီးဝိသာခါဟာ နိမ္မာနရတိနတ်ပြည်မှာ သုနိမ္မိတနတ်မင်းကြီး၏ မိဖုရားကြီးဖြစ်ပြီး နတ်၏စည်းစိမ်ချမ်းသာတွေကို ခံစားစံစားနေရပါတယ်။ အဲဒါဟာ ကျောင်းအမကြီးဝိသာခါရဲ့ အကြောင်းအတ္ထုပ္ပတ္တိအကျဉ်းမျှပါပဲ၊ ၎င်းအတ္ထုပ္ပတ္တိအကျဉ်းကို ဝိနည်းမဟာဝါပါဠိတော်နှင့် ဓမ္မပဒအဋ္ဌကထာ၊ ဝိမာနဝတ္ထုပါဠိတော်-တို့မှ ဟာ[illegible]ပြုရခြင်းဖြစ်ပါတယ်။

## (၂) ကျောင်းအမကြီးဝိသာခါတေးထပ်

ဝိသာခါအရိယ၊ အဓိဂမ သဒ္ဓါ။
ပြည့်ဝတဲ့အရာမှာ၊ အဖြာဖြာလွန်ကဲ။
ငါးရာရှိ ထေရ်နဲ့အရှင်တွေကို၊ နေ့စဉ်လေ ဆွမ်းကပ်လေမြဲ။
သံဃာဝတ် ဆုရှစ်ထွေ၊ ပြုရစ်ပေအမြဲ။
သူ့ဝတ်နေ သူ့ဝတ်လဲကိုလဲ၊ သူမဝတ်ဘဲရောင်းကာ။
ပုဗ္ဗာရုံ ကျောင်းတော်ကြီးကို၊ အကောင်းမျှော်ပြီး ဆောက်တော့လေတာ။
ဤကောင်းမှု စေတနာ၊ သေအချာအကျိုးပေးလို့-
တန်ခိုးမသေးဖို့ ထက်နတ်ပြည်(ပြေ) ရောက်ရမသွေ။
နိမ္မာနရတိနတ်ပြည်(ပြေ)မှာ၊ နတ်မေကညာ ဖြစ်ရသည်ကွဲ့လေး။
ဝိမာနပါဠိတော်မှာ စာအရှိဖော်ကာရေးသည်ကွဲ့လေး။

## (၃) သူများကျောင်းအလှူ ဝမ်းမြောက်သူတေးထပ်

အရိယာဝိသာခါ့၊ ပြည့်စွာပစေတနာ။
အဓိဂမာက ဝေဖြာသည်၊ သေအချာလွန်ကဲ။
ပုဗ္ဗာရုံကျောင်းအလှူဟာ၊ တစ်သောင်းဇမ္ဗူမှာ သာလို့လွန်က။
ဗျောစည်တီး ခြိမ့်ခြိမ့်တုန်၊ သိမ့်သိမ့်ခုန်မစဲ။
ဖိန့်ဖိန့်အုံ ယူမျှော်နွဲလို့၊ ပူဇော်ပွဲပြုရာ။
ဝမ်းမြောက်စွာ ပတ္တနာပြုလို့၊ သာခုမချိူ့ ခေါ်ခဲ့ပေတာ။
ဤကောင်းမှုစေတနာ၊ သေအချာအကျိုးပေးလို့ -
တန်ခိုးမသေးဖို့ထက်နတ်ပြည်(ပြေ)၊ ရောက်ရမသွေ။
ရွှေဗိမာန်နှင့် နတ်ပြည်(ပြေ)ရွာမှာ၊ နတ်မေကညာဖြစ်ရသည်ကွဲကလေး။
(ဝိမာနပါဠိတော်မှာ စာအရှိဖော်ကာ ရေးသည်ကွဲ့လေး)။

ဤကဲ့သို့ ကျောင်းအနုမောဒနာဒေသနာတော်ကို နာကြားရသောကြောင့် အိုနာသေရေး ဒုက္ခဘေးတို့မှ ကင်းဝေးရာအမှန် ပြည်နိဗ္ဗာန်ကို လျှင်မြန်စွာ ရောက်ကြပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓု)

# ဓမ္မစကြာဒေသနာဟောစဉ် (၁၁)

## ဘုရားကိုစေတီကွယ်သလော

ဒီနေ့ဟောမယ့်တရားကတော့ ဓမ္မစကြာဒေသနာတော်ဟောစဉ်(၁၁) ဖြစ်ပါတယ်။ ဟောစဉ်(၁၁)က ဘာလဲဆိုတော့ "ဘုရားကိုစေတီကွယ်သလော" တဲ့၊ ဒီနေရာမှာ စေတီ ၄-ပါးတို့ကို သိထားကြရမယ်။

## စေတီ ၄-ပါး

စေတီ ၄-ပါးကတော့ -

(၁) ဓာတုစေတီ၊

(၂) ဓမ္မစေတီ၊

(၃) ဥဒ္ဒိဿစေတီ၊

(၄) ပရိဘောဂစေတီ-အားဖြင့် ၄-ပါးရှိကြောင်းကို ဒီဃနိကာယ် သုတ်-မဟာဝါပါဠိတော် မဟာပရိနိဗ္ဗာနသုတ်မှာ ပါရှိပါတယ်။

## (၁) ဓာတုစေတီ

မြတ်စွာဘုရား၏ ခန္ဓာကိုယ်ဒြပ်မှ ကြွင်းကျန်ရစ်ခဲ့သော ဓာတ်တော်များကို **ဓာတုစေတီ**-လို့ခေါ်ပါတယ်။

## (၂) ဓမ္မစေတီ

မြတ်စွာဘုရား ၄၅-ဝါကာလပတ်လုံး နေ့မအား-ညမအား ဟောကြားထားတော်မူခဲ့သော ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးဖြာ၊ အင်္ဂါကိုးတန်၊ ဓမ္မက္ခန္ဓာ အပေါင်း ရှစ်သောင်းလေးထောင်တို့ကို **ဓမ္မစေတီ**-လို့ခေါ်ပါတယ်။

## (၃) ဥဒ္ဒိဿစေတီ

မြတ်စွာဘုရား၏အသွင်နှင့်တူအောင် ပုံကူရေးဆွဲခြင်း ပုံတူယုတ်လုပ်ခြင်း၊ ပုံကူတည်ထားခြင်း-စသည်တို့ကို ပြုလုပ်ထားသော ဘုရားပုံတော်များကို **ဥဒ္ဒိဿစေတီ**-လို့ခေါ်ပါတယ်။

## (၄) ပရိဘောဂစေတီ

မြတ်စွာဘုရား၏ အသုံးအဆောင်ဖြစ်သော တောင်ဝှေး, ရေစစ်, ရေသနုပ် သက်န်း, ဗောဓိပင်-စသည်များကို ပရိဘောဂစေတီ-လို့ ခေါ်ပါတယ်။

## ဘုရားရှိသေးတယ်

မြတ်စွာဘုရား၏ခန္ဓာကိုယ်ဒြပ်မှ ကြွင်းကျန်ရစ်ခဲ့သော ဓာတ်တော်များ တည်ရှိနေသမျှကာလပတ်လုံး "မြတ်စွာဘုရား ထင်ရှားရှိနေသေးတယ်"လို့ မှတ်ယူရမည့်အကြောင်းကို "ဓာတူသု ဟိ ဌိတာသု ဗုဒ္ဓါ ဌိတာ နာမ ဟောန္တိ" ဟု သမ္မောဟဝိနောဒနီ အဋ္ဌကထာမှာ ဖွင့်ဆိုထားပါတယ်။

ဟိ-သစ္စံ၊ ထိုစကားသည်မှန်၏။ ဓာတူသု၊ ဓာတ်တော်တို့သည်။ ဌိတာသု၊ တည်ရှိနေကုန်သေးသည်ရှိသော်။ ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်။ ဌိတာ နာမ၊ တည်ရှိနေကုန်သေးသည်မည်ကုန်သည်။ ဟောန္တိ၊ စင်စစ်မသွေ ဖြစ်ပါပေ ကုန်၏။

မုန်ညင်းစေ့မျှလောက်သော ဓာတ်တော်တွေ တည်ရှိနေသမျှကာလပတ်လုံး ဗြဟ္မာ, နတ်, လူ-ခပ်သိမ်းသောသူတို့၏ အကျိုးစီးပွား ဖြစ်စေနိုင်တယ်-ဟု မှတ်ယူထားရမည့်အကြောင်းကို "ယာဝဿ သာသပမတ္တာပိ ဓာတုယော ဓာရေန္တိ၊ တာဝ ဗဟုဇနဟိတာယ ပဋိပန္နောတိ ဝေဒိတဗ္ဗော"ဟု သုတ်မဟာဝါ အဋ္ဌကထာ၊ မဟာဂေါဝိန္ဒ-သုတ်မှာ ဖွင့်ပြထားပါတယ်။

ယာဝ၊ အကြင်မျှလောက်။ အဿ၊ ထိုမြတ်စွာဘုရား၏၊ သာသပမတ္တာ၊ မုန်ညင်းစေ့မျှလောက်ကုန်သော၊ ဓာတုယော၊ ဓာတ်တော်တို့သည်။ ဓာရေန္တိ၊ တည်ရှိနေကုန်သေး၏။ တာဝ၊ ထိုမျှလောက်။ ဗဟုဇနဟိတာယ၊ များစွာ သောင်းပြောင်း လူ, နတ်, ဗြဟ္မာ, သတ္တဝါ-အပေါင်း တို့၏ အကျိုးစီးပွား အလို့ငှာ။ ပဋိပန္နောတိ၊ ကျင့်သည်ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။

## မရိုသေရာရောက်မည်

ခါတ်တော်များကို ဌာပနာထည့်ပြီး တည်ထားကိုးကွယ်ထားတဲ့ စေတီတော်၊ တောင်ဝှေး, ရေစစ်-စသည်များကို ဌာပနာထည့်ပြီး တည်ထားကိုးကွယ်တဲ့ စေတီတော်၊ မြတ်စွာဘုရား၏ အသွင်နှင့်တူအောင် ပြုလုပ်တည်ထားကိုးကွယ်ထားတဲ့စေတီတော်-စသည်တို့၏ ယင်ပြင်ပေါ်၌ ထီးလဲမဆောင်းကောင်းဘူး၊ ဖိနပ်လဲ မစီးကောင်းဘူး၊ မသင့်တော်တဲ့စကားများကိုလဲ မပြောကောင်းဘူး၊ မတော်တဲ့ အမှုများကိုလဲ မပြုလုပ်ကောင်းဘူး၊ ထီးဆောင်းခဲ့သော်လည်းကောင်း၊ ဖိနပ်စီးခဲ့သော်လည်းကောင်း၊ မသင့်တော်တဲ့ စကားများကို ပြောခဲ့သော်လည်းကောင်း၊ မသင့်တော်တဲ့ အမှုများကို ပြုလုပ်ခဲ့သော်လည်းကောင်း မြတ်စွာဘုရားကို မရိုမသေ မလေးမစား ပြုလုပ်ရာရောက်ကြောင်းကို (ငရဲကြီးကြောင်းကို) -

"တတ္ထ စေတိယင်္ဂဏာဒီသု ဆတ္တံ ဓာရေတွာ, ဥပါဟနာရုယှ ဝိစရန္တော, နာနာပကာရစ္ဆ နိရတ္ထကထံ ကထေန္တော သတ္ထရိ အဂါရဝေါ ဝိဟရတိ နာမ"ဟု အင်္ဂုတ္တရအဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်။

တတ္ထ၊ ထိုအရာ၌။ စေတိယင်္ဂဏာဒီသု၊ စေတီယင်ပြင်စသည်တို့၌။ ဆတ္တံ၊ ထီးကို။ ဓာရေတွာ၊ ဆောင်း၍။ ဥပါဟနာရုယှ၊ ဖိနပ်စီး၍။ ဝိစရန္တော၊ လှည့်လည်သွားလာသော်လည်းကောင်း။ နာနာပကာရ၊ အထူးထူးသော။ နိရတ္ထကထဥ္စ၊ အကျိုးမရှိသော မသင့်တော်သော စကားကိုလည်း။ ကထေန္တာ၊ ပြောဆိုသည်ရှိသော်လည်းကောင်း။ သတ္ထရိ၊ မြတ်စွာဘုရား၌။ အဂါရဝေါ၊ မရိုသေ မလေးစားသည် ဖြစ်၍။ ဝိဟရတိ နာမ၊ နေသည်မည်၏။

## စိတ်ထားကြည်ဖြူ အကျိုးတူ

မြတ်စွာဘုရားကို ကြည်ညိုကိုးကွယ်ကြရာတွင် စိတ်ထားကြည်ဖြူကြဖို့ရာ အလွန်အရေးကြီးပါတယ်။ အချို့သောသူများဟာ မြတ်စွာဘုရားကို စီးပွားရေးဖုံးဟက်လာအောင်, အကြံအစည်တွေ အောင်မြင်လာအောင်, အလောင်းအစားနိုင်လာအောင်-စတဲ့ ရည်ရွယ်ချက်ဖြင့် ဗေဒင်ကိန်းခန်းအရ နေ့သင့်

နံ့သင့် သစ်သားများကိုရွေးပြီး မြတ်စွာဘုရားပုံတော်ပြုလုပ်ကာ အဆောင် အယောင်သဘောဖြင့် ကိုးကွယ်တတ်ကြပါတယ်၊ ထိုသို့ အဆောင်သဘောဖြင့် ကိုးကွယ်ခြင်းဟာ အမှားဖြစ်ပါတယ်။ စီးပွားရေးတိုးတက်လာအောင်-စသော ရည်ရွယ်ချက်ဖြင့် နံ့သင့်နံ့သင့် သစ်သားကို ဘုရားပြုလုပ်ပြီး ကိုးကွယ်တဲ့ အခါ ကံမကောင်း အကြောင်းမလှသဖြင့် စီးပွားရေးကျဆင်းသွားပါက "ဒီ ဘုရားကြောင့် စီးပွားရေးကျဆင်းတာဘဲ"ဟု အယူလွဲပြီး ငရဲကြီးတတ်ပါတယ်။ ဒါကြောင့် အဆောင်အနေအားဖြင့် နံ့သင့်နံ့သင့်သစ်ကို ဘုရားပြုလုပ်ပြီး ကြည်ညိုကိုးကွယ်တာဟာ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာဖြစ်တတ်ပါတယ်။

ဖဲကစားဝါသနာပါတဲ့ အမျိုးသမီးကြီးတစ်ယောက်ဟာ ဖဲကစားတဲ့အခါမှာ အနိုင်ရလိုသောကြောင့် နံ့သင့်နံ့သင့်သစ်သားကိုရွေးပြီး ဒက္ခိဏာသာခါဘုရား ပုံတော်ပြုလုပ်ကာ ဆောင်ထားပါတယ်၊ ဖဲကစားရအောင် ဖဲဝိုင်းသို့ သွား တဲ့အခါ ဒက္ခိဏာသာခါ ဘုရားကလေးကို လက်ကိုင်ပုဝါဖြင့် ကျစ်ကျစ်ပတ်ပြီး အင်္ကျီအိပ်ထဲမှာ ထည့်ထားပါတယ်။ ဖဲကစားလို့နိုင်တဲ့အခါ အိမ်ကိုပြန်လာပြီး ဘုရားကို ရှေ့မှာချကာ အကြိမ်ပေါင်းများစွာ ဦးချပြီးမှ ဘုရားစင်ပေါ်သို့ ပင့်ကာ ဆွမ်း, ရေချမ်း, ပန်း, ဆီမီး-စသည်တို့ဖြင့် လှူဒါန်းပူဇော်ပါတယ်။ ဖဲကစားလို့ ရှုံးပြီဆိုရင်တော့ အိမ်ရောက်တဲ့အခါ ဘုရားကို ရှေ့မှာထားပြီး "ကြည့်ပါလား-ဘုရားကိုက ပုံမကျပန်းမကျ ပုကွကွနဲ့ ကြည့်လို့မရဘူး"ဟု ဘုရားကိုရန်တွေ့ကာ ဘုရားစင်ပေါ် တင်ထားလိုက်သတဲ့၊ ဆွမ်း, ရေချမ်း, ပန်း, ဆီမီး-စသည်တို့ကိုလဲ မကပ်လှူတော့ဘူးတဲ့။

အဲဒီလို အဆောင်သဘောမျိုးနှင့် ဘုရားကို မကိုးကွယ်ကောင်းဘူး၊ ကိုးကွယ်ရင် ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ-ဖြစ်တတ်တယ်။

ဘုရားကို ကြည်ညိုကိုးကွယ်တဲ့အခါမှာ သစ်သားတို့, ကျောက်ဆင်းတုတို့, အုတ်-တို့ကို အာရုံမပြုဘဲ ဘုရားဂုဏ်တော် ၉-ပါး စသည်တို့ကိုသာ အာရုံပြုပြီး ကိုးကွယ်ကြရမယ်၊ ပုံတော်ကိုကြည့်ပြီး ဂုဏ်တွေကိုသိအောင်အာရုံပြုပြီး ကြည်ညိုကိုးကွယ်ကြရမယ်၊ ဘုရားပုံတော်ကိုကြည့်ပြီး ဂုဏ်တော်တွေကို သိအောင် အာရုံပြုကြမှသာလျှင် လောကီလောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာများကို ခံစားကြရမှာဖြစ်ပါတယ်။

သမ္မာဒိဋ္ဌိအယူရှိသူများနှင့် ရဟန္တာအရှင်မြတ်ကြီးများဟာ ပုံတော်တွေကို ကြည့်ပြီး ဂုဏ်တော်တွေကို အာရုံပြုကာ အလွန်ကြည်ညိုကြပါတယ်၊ အရှင်ဥပဂုတ္တရဟန္တာအရှင်မြတ်ကြီးဟာ မြတ်စွာဘုရား၏ အသွင်တူပုံတော်=ဥဒ္ဒိဿစေတီတော်ကို ဖူးမြော်လို၍ မာရ်နတ်မင်းကိုပင် မြတ်စွာဘုရား၏အသွင် ပုံတူဖန်ဆင်းခိုင်းပြီး ပုံတော်ကိုကြည့်ကာ ဂုဏ်တော်များကို သိလာသောကြောင့် အလွန်ကြည်ညိုလာကာ ဦးချပါတယ်။ အရှင်ဖုဿဒေဝမထေရ်ကြီးဟာလဲ မြတ်စွာဘုရား၏အသွင်တူ ပုံတူရုပ်တုတော်ကို ပူဇော်လို၍ နဂါးတိရစ္ဆာန်ကြီးကိုပင် မြတ်စွာဘုရား၏ အသွင်တူပုံတူကို ဖန်ဆင်းခိုင်းပြီး ပုံတော်ကိုကြည့်ကာ ဂုဏ်တော်များကို သိလာသောကြောင့် အလွန်ကြည်ညိုလာကာ ရဟန္တာကြီး ဖြစ်သွားပါတယ်။

စေတီတော်များကို ကြည်ညိုပူဇော်ကြတဲ့အခါမှာ သက်တော်ထင်ရှား မြတ်စွာဘုရားရှိစဉ်က မြတ်စွာဘုရားကို ကြည်ညိုတဲ့စိတ်နှင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ပြီးနောက် ယခုလိုအခါမျိုးမှာ မြတ်စွာဘုရားကိုယ်စား စေတီတော်များအား ကြည်ညိုကိုးကွယ်သော စိတ်ထားခြင်းတူညီပါက အကျိုးပေး တူညီနိုင်ကြောင်းကို -

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ။
စေတောပဏိဓိဟေတု ဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိ။

ဟု မြတ်စွာဘုရား ဟောကြားထားတာ ဝိမာနဝတ္ထုပါဠိတော်မှာ ရှိပါတယ်။

တိဋ္ဌန္တေ စ၊ သက်တော်ထင်ရှား မြတ်စွာဘုရားရှိစဉ်အခါ၌လည်းကောင်း။ နိဗ္ဗုတေ စာပိ၊ ပရိနိဗ္ဗာန်စံတော်မူပြီးရာ အခါ၌လည်းကောင်း။ စိတ္တေ၊ ကြည်ညိုသောစိတ်သည်။ သမေ၊ တူညီသည်ရှိသော်။ ဖလံ၊ အကျိုးသည်။ သမံ၊ တူညီ၏။ ဟိ-သစ္စံ၊ ထိုစကားသည်မှန်၏။ စေတောပဏိဓိဟေတု၊ စိတ်ထားကောင်းခြင်းကြောင့်။ သတ္တာ၊ လူ, နတ်, ဗြဟ္မာ-သတ္တဝါတို့သည်။ သုဂ္ဂတိ၊ ချမ်းမြေ့သာယာ ထက်နတ်ရွာသို့။ ဂစ္ဆန္တိ၊ မုချမသွေ ရောက်နိုင်ကြလေကုန်သတည်း။

## တိမ်နှစ်လုံးဆွယ် ဘုရားကွယ်

"ဘုရားကို စေတီကွယ်နေတယ်"ဟု ပြောဆိုရေးသားကြတဲ့သူတွေဟာ သနားစရာ ကရုဏာ၏ အာရုံတွေသာ ဖြစ်ကြပါတယ်။ ဤကဲ့သို့ ပြောဆိုရေးသားသူများဟာ နားမလည်ဘဲနှင့် အပါးအလည်လုပ်နေကြရင် အပါးလည်အားကြီးတော့ အပါယ်လားတတ်ပါတယ်၊ ထိုသူများဟာ ပျက်စီးဖို့ရာအချိန်ကျရောက်လာကြသောကြောင့် အပြောမှား, အဆိုမှား, အရေးမှား-ဖြစ်ကြပါတယ်၊ ထိုပုဂ္ဂိုလ်များကို ဘုရားတောင်မှ ဟောလို့မရဘူး-တဲ့။

ဒါကြောင့် မန်လည်ဆရာတော်ဘုရားကြီးက -

"အကြင်လူများ၊ ယောက်ျားမိန်းမ၊ စသည်ထိုထို၊ ပျက်စီးလိုက၊ အဆိုအသွား၊ အမှားမှားနှင့်၊ ဘုရားသော်မှ၊ ဟောမရဘူး"

ဟု မဃဒေဝလင်္ကာသစ်မှာစစ်ဆိုထားပါတယ်။

စင်စစ်ကတော့ ဘုရားကွယ်နေကြသူများဟာ စေတီကြောင့်မဟုတ်ပါဘူး၊ စေတီဟာ မြတ်စွာဘုရားထင်ရှားရှိနေတာကိုသာ ပြနေတာပါ၊ စေတီတော်ကြည်ညိုပြီး ဖူးမြော်နေကြသူတိုင်းဟာ ပုံတော်ကိုကြည့်ပြီး ဂုဏ်တော်များကို သိနေကြသောကြောင့် မြတ်စွာဘုရားကို ထင်ရှားမြင်နေကြပါတယ်။

ဘုရားကွယ်နေကြသူများဟာ စေတီတော်ကို မဖူးမြော်လို၍သော်လည်းကောင်း၊ မမြင်လို၍သော်လည်းကောင်း ဖြစ်ပါတယ်၊ ထိုသူတို့၏ ခန္ဓာကိုယ်၌ရှိသင့်ရှိထိုက်သော ရတနာသုံးပါးနှင့် ကံ-ကံ၏အကျိုးရှိသည်၏အဖြစ်ကိုသိပြီး သက်ဝင်ယုံကြည်မှု=သဒ္ဓါတရား-ဟု ဆိုအပ်သော မျက်စိအကြည်တစ်လုံး, ရတနာသုံးပါးနှင့် ကံ-ကံ၏အကျိုးရှိသည်၏အဖြစ်ကိုသိပြီး ကောင်းပင်ပျိုးက ကောင်းကျိုးရနိုင်တာကို သိမြင်မှု=သမ္မာဒိဋ္ဌိ-ဟု ဆိုအပ်တဲ့ မျက်စိအကြည်တစ်လုံးအားဖြင့် ဤနှစ်လုံးသောမျက်စိအကြည်တို့ကို မယုံကြည်မှု=အသဒ္ဓိယ-ဆိုတဲ့ အတွင်းတိမ်တစ်လုံး၊ ရတနာသုံးပါးနှင့် ကံ-ကံ၏အကျိုးများရှိသည်ကို မသိ မမြင်နိုင်မှု=မိစ္ဆာဒိဋ္ဌိ-ဟု ဆိုတဲ့ အတွင်းတိမ်တစ်လုံးအားဖြင့် ဤအတွင်းတိမ်နှစ်လုံး အုပ်ဖုံးထားလို့သာ မြတ်စွာဘုရားကို မမြင်နိုင်ကြတော့ဘဲ ဘုရားကွယ်သွားကြပါတော့တယ်။

ဒါကြောင့် စေတီကြောင့် ဘုရားမကွယ်နိုင်ဘဲ အသဒ္ဓိယ=သဒ္ဓါတရားမရှိခြင်း၊ မိစ္ဆာဒိဋ္ဌိ=အယူမှားခြင်းဆိုတဲ့ အတွင်းတိမ်နှစ်လုံးတို့ကြောင့်သာ ဘုရားကွယ်နိုင်သည်၏အဖြစ်ကို ထင်ရှားနေကြ အမှန်သိကြပြီးလျှင် သတိ, ပညာ-ဆိုတဲ့ မဟာသြသဓဆေးတော်ကြီးဖြင့် ဖော်ပြပါအတွင်းတိမ်နှစ်လုံးတို့ကို လုံးဝပျောက်ကင်းသွားအောင် ကြိုးစားအားထုတ်၍ ကုသခြင်းကို ပြုလုပ်ကြပြီးလျှင် ဘုရားကိုမြင်လာအောင် စေတီတော်များ၏ ယင်ပြင်ပေါ် သို့ ရိုရိုသေသေ သွားကြ၍ အရဟံ-အစရှိသော ဘုရားရှင်၏ဂုဏ်တော်များကို ပါဠိအနက်ရအောင် ကျက်ကာ ပုံတော်ကိုကြည့်ပြီး ဂုဏ်တော်များကို ရွတ်ဖတ်ပူဇော်နိုင်ကြပါစေကုန်သတည်း။

ဤကဲ့သို့ ဘုရား၏ပုံတော်ကိုကြည့်ပြီး ဂုဏ်တော်ကိုသိအောင် ကြည်ညိုရသော ကောင်းမှုစေတနာတို့ကြောင့် လောကီ လောကုတ္တရာ နှစ်ဖြာအကျိုးပွားတိုးနိုင်ကြပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓု)

* * * * *

# ဓမ္မစကြာဒေသနာဟောစဉ် (၁၂)

## သုဘအမေး ဘုရားအဖြေ

ဒီနေ့ ဟောရမယ့်တရားကတော့ ဓမ္မစကြာဒေသနာဟောစဉ်(၁၂)၊ သုဘလုလင်၏ အမေးကို ရှင်တော်မြတ်ဘုရား ဖြေကြားတော်မူထားတဲ့ တရားတော် ဖြစ်ပါတယ်။ ၎င်းတရားတော်များကို သုတ်သီလက္ခန် ပါဠိတော်လာ သုဘသုတ်ကို ဖွင့်ဆိုထားတဲ့ သုတ်သီလက္ခန်အဋ္ဌကထာနှင့် ဥပရိပဏ္ဏာသ ပါဠိတော်, အဋ္ဌကထာတို့မှ ထုတ်နုတ်ဟောပြမှာ ဖြစ်ပါတယ်။

သာဝတ္ထိပြည်အနီးက တုဒိခေါ်တဲ့ ရွာတစ်ရွာမှာ ပစ္စည်းဥစ္စာ ၄၅-ကုဋေ ကြွယ်ဝချမ်းသာတဲ့ တောတေယျခေါ်တဲ့ သူဌေးတစ်ယောက်ရှိပါတယ်၊ ထိုသူဌေးမှာ သုဘခေါ်တဲ့ သားတစ်ယောက်ရှိတယ်၊ တောတေယျသူဌေးဟာ ပေးကမ်း လှူဒါန်းရမှာကို အလွန်နှမြောပြီး မိစ္ဆာအယူရှိသောကြောင့် ဘုရား, တရား, သံဃာ-ဆိုတဲ့ ရတနာသုံးပါးတို့ကို မကြည်ညိုဘူး၊ သူ၏သား သုဘလုလင်ကိုလဲ "ပေးကမ်းလှူဒါန်းတာဟာ ကိုယ့်ပစ္စည်းသာကုန်တယ် ဘာမှ အကျိုးမရှိဘူး"ဟု ပြောကြားပြီး -

အဉ္ဇနာနံ ခယံ ဒိသွာ၊ ဥပစိကာန' မာစယံ၊
မဓူနဉ္စ သမာဟာရံ၊ ပဏ္ဍိတော ဃာရမာဝသေ။ -

ဟု အမြဲဆုံးမတယ်။

အဉ္ဇနာနံ၊ တစ်စက်တစ်စက်သာခတ်ရသော မျက်စဉ်းတို့၏။ ခယံ၊ ခတ်ပါများသောအခါ ကုန်သွားသည်ကို။ ဒိသွာ၊ မြင်၍။ ဥပစိကာနံ၊ ခြတို့၏။ အာစယံ၊ မြေကြီးအနည်းငယ်တို့ကို ကိုက်ချီကာ စုကြသောကြောင့် တောင်ပို့ကြီး ဖြစ်လာသည်ကို။ ဒိသွာ၊ မြင်၍။ မဓူနံ၊ ပျားကောင်တို့၏ သမာဟာရံ၊ ပန်းဝတ်ရည် အနည်းငယ်ကို စုကြသောကြောင့် ပျားရည်အုံကြီးဖြစ်လာသည်ကို။ ဒိသွာ၊ မြင်၍။ ပဏ္ဍိတော၊ ကျိုးကြောင်းမြင်သိ ပညာရှိသည်။ ဃရံ၊ အိမ်ထောင်စုကို။ အာဝသေ၊ နည်း လမ်းပြကာ စိုးအုပ်နေထိုင်ရာ၏။

အဓိပ္ပါယ်ကတော့ - မျက်စဉ်းဟာ တစ်စက်တစ်စက်သာ ခတ်ပါသော်လဲ ခတ်ပါများရင် ကုန်သွားတာကိုကြည့်၍ သိပြီး မိမိစစ္စည်းကို သူတစ်ပါးတို့အား ပေးကမ်းလှူဒါန်းခြင်းမပြုနှင့်၊ ပေးကမ်းလှူဒါန်းခြင်းပြုရင် ကုန်မှာပဲ၊ ခြသတ္တဝါများဟာ ပါးစပ်ဖြင့် မြေကြီးအနည်းငယ်ကိုသာ ကိုက်ချီပြီး စုထားကြပါသော်လဲ ကြာလာသောအခါ တောင်ပို့ကြီးဖြစ်လာတာကိုကြည့်၍သိပြီး မိမိရရှိသော ပစ္စည်းများကို စုဆောင်းထားရမယ်၊ ပျားများဟာလဲ အနည်းငယ်သော ပန်းဝတ်ရည်များကို စုပ်ယူကာ စုဆောင်းကြသောအခါ ပျားအုံကြီးဖြစ်လာတာကိုကြည့်၍ သိပြီး မိမိပစ္စည်းများကို စုဆောင်းထားကြရမယ်၊ အိမ်ရာတည်ထောင် လူ့ဘောင်မှာနေသူ ပညာရှိဟာ ဖော်ပြပါအတိုင်း ပြုကျင့်ရမယ်-ဟု သူ့သား သုဘလုလင်အား အမြဲဆုံးမပါတယ်။

အဲဒီလို သားဖြစ်သူ သုဘလုလင်အား အမှားများကိုသာ ဆုံးမထားသောကြောင့် သုဘလုလင်ဟာလဲ အမှားဖြစ်သော မိစ္ဆာအယူများကိုသာယူကာ ဘုရား, တရား, သံဃာ-များကို မကြည်ညိုတော့ဘဲ ပေးကမ်းလှူဒါန်းမှုကိုလဲ မပြုတော့ပါ။

စွန့်ကြဲပေးကမ်းလှူဒါန်းမှုကို မိမိကိုယ်တိုင်လဲမပြု သားဖြစ်တဲ့ သုဘလုလင်ကိုလဲ မပြုလုပ်ရအောင် တားမြစ်ထားသောကြောင့် အဲဒီ တောတေယျသူဌေးဟာ သေတဲ့အခါ သား-သုဘလုလင်အိမ်မှာဘဲ ခွေးကလေးဖြစ်နေပါတယ်၊ သားကလဲ အဲဒီခွေးကို အလွန်ချစ်သောကြောင့် မိမိစားသောက်တဲ့အတိုင်း ကျွေးမွေးပြီး မိမိအိပ်တဲ့အိပ်ရာမှာ သိပ်ထားပါတယ်။

ရှင်တော်မြတ်ဘုရားဟာ သံဃာတော်များခြံရံကာ အဲဒီအိမ်ရှေ့သို့ ဆွမ်းခံကြွရောက်လာတဲ့အခါ ခွေးက ရှင်တော်မြတ်ဘုရားကို စားမတတ် ဝါးမတတ် ဟောင်ပြီး ရှင်တော်မြတ်ဘုရားကို ကိုက်ဖို့ရာ ပြေးလာပါတယ်၊ ရှင်တော်မြတ်ဘုရားက "ဟဲ့ - တောတေယျ . . . နင်ဟာ လူ့ဘဝတုံးက မိစ္ဆာအယူရှိပြီး အလှူဒါနတွေကိုပိတ်ပင်ကာ ရတနာသုံးပါးတို့ကို စော်ကားသောကြောင့် သေတဲ့အခါ ယခုလို သားအိမ်မှာ ခွေးဖြစ်နေရတယ်၊ ယခုတစ်ဖန် ငါဘုရားကို ရန်မူပါက နင်ဟာ အဝီစိကျလိမ့်မယ်"ဟု မိန့်ကြ[illegible]ကျမူပါတယ်။

ထိုအခါ တောတေယျခွေးဟာ စိတ်ဆင်းရဲသွားပြီး ဖိုခုံလောက်ကြားက ပြာပုံပေါ်မှာ သွားအိပ်နေပါတယ်၊ သူအိပ်ရာမှာသိပ်ပေမဲ့ မအိပ်တော့ဘူး၊ သားဖြစ်သူ သုဘလုလင်ကမေးတဲ့အခါ ဘေးလူများက အကြောင်းစုံကို ပြန်ပြောပြကြပါတယ်၊ သားဖြစ်သူ သုဘလုလင်ဟာ အကြောင်းစုံကို ကြားသိရသောအခါ "ငါ့-ဖခင် တောတေယျဟာ ဗြဟ္မာပြည်မှာ ဗြဟ္မာကြီးဖြစ်နေတာကို ရှင်ဂေါတမ-က မတရားပြောတာဖြစ်တယ်၊ ဒါကြောင့် ရှင်ဂေါတမကို မုသာဝါဒ-ဖြင့် စွပ်စွဲမယ်"ဟု ပြောကာ ကျောင်းတော်သို့ လိုက်သွားပါတယ်၊ ကျောင်းတော်သို့ရောက်သောအခါ ရှင်တော်မြတ်ဘုရားအား ထိုအကြောင်းများကို လျှောက်ထားပါတယ်၊ ရှင်တော်မြတ်ဘုရားက သင့်ဖခင် တောတေယျ သူဌေး ဟာ ခွေးဖြစ်နေတာမှန်တယ်၊ သင်မယုံရင် ငါသက်သေပြမယ်၊ "သင့်ဖခင်ဟာ သင့်အား မပြောကြားဘဲ ထားခဲ့တဲ့ ပစ္စည်းဥစ္စာများရှိသလား"ဟု မေးပါတယ်၊ သားဖြစ်သူ သုဘလုလင်က "ရှိပါတယ်၊ (၁) အဖိုးတစ်သိန်းထိုက်တန်တဲ့ ရွှေပန်းခိုင်၊ (၂) အဖိုးတစ်သိန်းထိုက်တန်တဲ့ ရွှေခြေနင်း၊ (၃) အဖိုးတစ်သိန်းထိုက်တန်တဲ့ ရွှေခွက်၊ (၄) အသပြာတစ်သိန်း—တို့ကို ဘယ်မှာထားခဲ့တယ်လို့ ပြောမသွားပါဘူး"ဟု လျှောက်ထားပါတယ်။

ရှင်တော်မြတ်ဘုရားက အိမ်ရောက်တဲ့အခါ ခွေးကို ကောင်းမွန်စွာ ကျွေးပြီး ကောင်းမွန်တဲ့အိပ်ရာမှာသိပ်ပါ၊ ခွေးအနည်းငယ် အိပ်ငိုက်လာတဲ့အခါ ထိုပစ္စည်းဥစ္စာများကို ဘယ်မှာထားခဲ့ပါသလဲ-ဟု မေးပါ၊ ခွေးက သင့်အား ပစ္စည်းများထားတဲ့နေရာများကို ပြောပြပါလိမ့်မယ်၊ ထိုအခါ "သင့်ဖခင် တောတေယျသူဌေး ခွေးဖြစ်နေတာကို အတိအကျ သိရလိမ့်မယ်" ဟု မိန့်ကြားတော်မူပါတယ်။

သားဖြစ်သူ သုဘလုလင်ဟာ အိမ်သို့ပြန်လာပြီး ရှင်တော်မြတ်ဘုရားမှာကြားလိုက်တဲ့အတိုင်း ပြုလုပ်ပြီး ခွေးအိပ်ငိုက်လာတဲ့အခါ ထိုပစ္စည်းများထားတဲ့နေရာကို မေးပါတယ်၊ တောတေယျခွေးဟာ မေးသမျှပစ္စည်းဥစ္စာများထားတဲ့နေရာတွေကို ပြောကြားပါတယ်၊ အဲဒီအခါကျမှ သားဖြစ်သူ သုဘာလုလင်ဟာ သူ့ဖခင် တောတေယျသူဌေး ခွေးဖြစ်နေတာကို အတိအကျသိရလို့

ရှင်တော်မြတ်ဘုရားကို အလွန်ကြည်ညိုလာပြီး ရှင်တော်မြတ်ဘုရားအား တစ်ဆယ့်လေးပါးသော အမေးပုစ္ဆာပြဿနာများကို မေးလျှောက်ထားပါတယ်၊ အဲဒီအမေးပုစ္ဆာနှင့် အဖြေများကတော့ ဥပရိပဏ္ဏာသပါဠိတော် ကမ္မဝိဘင်္ဂ သုတ်မှာ ပါရှိပါတယ်။

## အမေးနှင့်အဖြေ

မေး ။ ။ အရှင်ဘုရား "လောကအတွင်း၌ မှီတင်းနေကြတဲ့ သူတွေဟာ လူချင်းတူကြပါလျက်နှင့် ဘာကြောင့် (၁) အချို့သူများဟာ အသက်တိုပြီး၊ ဘာကြောင့် (၂) အချို့သူများဟာ အသက်ရှည်ပါသလဲ"ဟု မေးလျှောက်ပါတယ်။

ဆောင်ပုဒ်ကဗျာကိုလိုက်ဆိုကြပါ
အချို့သူများ ထင်ရှားမှန်စွာ၊ အသက်တိုနည်း(နဲ့) သေပွဲဝင်ကာ၊
အချို့မှာကား ရှည်ငြားသက်မှာ၊ ဖြစ်ရငြား ကံကားဘယ်ကြောင့်ပါ။

ဖြေ ။ ။ သုဘလုလင် . . . "လူ, နတ်, ဗြဟ္မာ-သတ္တဝါတွေဟာ ကံသာလျှင် မိမိဥစ္စာရှိကြတယ်၊ ကံသာလျှင် အမွေခံရှိကြတယ်၊ ကံသာလျှင် အကြောင်းရင်း ရှိကြတယ်၊ ကံသာလျှင် အဆွေအမျိုးရှိကြတယ်၊ ကံသာလျှင် အားထားမှီခိုရာ ရှိကြတယ်၊ အယုတ်အားဖြင့်လည်း ကောင်း၊ အမြတ်အားဖြင့်လည်းကောင်း လူ, နတ်, ဗြဟ္မာ-သတ္တဝါ-တွေကို မိမိပြုလုပ်ထားသော ကံကသာ နှစ်ဖို့နှစ်စု ခွဲဝေမှုကိုပြုပါတယ်။

သုဘလုလင် . . . ဤလောက၌ မိန်းမဖြစ်စေ, ယောက်ျားဖြစ်စေ -

(၁) အချို့သူများဟာ သူတစ်ပါးကို သတ်လေ့ရှိတယ်၊ သွေးစွန်းသော လက်ရှိတယ်၊ သတ်ပုတ်ညှဉ်းဆဲမှု၌ ဝါသနာပါကာ စိတ်ဝင်စားတယ်၊ အားလုံးသော သတ္တဝါတို့အပေါ်၌ သနားခြင်းကင်းတယ်၊ ထို သူတို့ဟာ ထို အကုသိုလ်ကံကြောင့် သေပြီးတဲ့နောက်မှာ ငရဲသို့ ကျရောက်ကာ ငရဲဒုက္ခကို ဆင်းရဲကြီးစွာ နှစ်ပေါင်းများစွာ ခံစားကြ

ရတယ်၊ ငရဲမှလွတ်ပြီး လူဖြစ်လာတဲ့အခါမှာလဲ အသက်တိုရတယ်၊ သက်တမ်းစေ့အောင်မနေရဘူး။

(၂) အချို့သောသူများဟာ ထိုမကောင်းမှုအကုသိုလ်ကံမှ ရှောင်ကြတယ်၊ ထိုသူများဟာ သေပြီးနောက်မှာ နတ်ပြည်ရောက်ကြရတယ်၊ လူဖြစ်လာတဲ့ အခါမှာလဲ အသက်ရှည်ကြတယ်၊ သက်တမ်းစေ့အောင်နေကြရတယ်”ဟု ဖြေကြားပါတယ်။

ဆောင်ပုဒ်ကဗျာကိုလိုက်ဆိုကြပါ -
သူ့သက်သတ်မှု မြပြုသူဟာ၊ ငရဲသို့ကျ တိုရသက်မှာ။
သူ့သက်သတ်မှု မပြုသူဟာ၊ နတ်ပြည်လား ရှည်ငြားအသက်မှာ။

မး ။ ။ အရှင်ဘုရား- “(၃) အချို့သူများဟာ ဘာကြောင့် အနာရောဂါများပြီး (၄) အချို့သူများဟာ ဘာကြောင့် အနာရောဂါကင်းကာ ကျန်းမာကြပါသလဲ ဘုရား”ဟု လျှောက်ထားပါတယ်။

ဆောင်ပုဒ်ကဗျာကို လိုက်ဆိုကြပါ -
အချို့သူများ ထင်ရှားမှန်စွာ၊ ရောဂါထူကဲ အမြဲမမာ။
အချို့မှာကား ကင်းငြားရောဂါ၊ ဖြစ်ရငြား ကံကားဘယ်ကြောင့်ပါ။

ဖြေ ။ ။ သုဘလုလင် - “(၃) အချို့သူများဟာ လက်ဖြင့်လည်းကောင်း၊ ခဲဖြင့်လည်းကောင်း၊ တုတ်ဖြင့်သော်လည်းကောင်း၊ လက်နက်ဖြင့်သော်လည်းကောင်း သတ္တဝါတို့ကို ညှဉ်းဆဲနှိပ်စက်လေ့ရှိတယ်၊ ထိုသူများဟာ ထိုမကောင်းမှု အကုသိုလ်ကံကြောင့် သေပြီးနောက်မှာ ငရဲသို့ကျရောက်ကာ ငရဲဒုက္ခကို ဆင်းရဲကြီးစွာ နှစ်ပေါင်းများစွာ ခံကြရပါတယ်၊ ငရဲမှလွတ်ပြီး လူ့ဘဝရောက်လာတဲ့အခါမှာ အနာရောဂါများကြပါတယ်။

သုဘလုလင် - (၄) အချို့သောသူများဟာ လက်ဖြင့်လည်းကောင်း၊ ခဲဖြင့်လည်းကောင်း၊ တုတ်ဖြင့်လည်းကောင်း၊ လက်နက်ဖြင့်လည်းကောင်း သတ္တဝါ တို့ကို နှိပ်စက်ညှဉ်းဆဲခြင်းမပြုကြပါ၊ ထိုသူများဟာ

ထိုကောင်းမှုကုသိုလ်ကံကြောင့် သေပြီးနောက် နတ်ပြည်ရောက်ပြီး နတ်စည်းစိမ်ချမ်းသာများကို နှစ်ပေါင်းများစွာ ခံစားကြရတယ်၊ လူ့ပြည်ရောက်လာတဲ့အခါမှာလဲ အနာရောဂါကင်းကွာပြီး ကျန်းမာရေးကောင်းကြတယ်"ဟု ဟောကြားတော်မူပါတယ်။

**ဆောင်ပုဒ်ကဗျာကို လိုက်ဆိုကြပါ။**

သူ့ကိုရက်စက် နှိပ်စက်သူဟာ၊ ငရဲသို့ကျ များလှရောဂါ။
နှိပ်စက်သမှု မပြုသူဟာ၊ နတ်ပြည်လား ကင်းငြားနာရောဂါ။

မေး ။ ။ အရှင်ဘုရား - "(၅) အချို့သောသူများဟာ ဘာကြောင့် ချောမောလှပကြပြီး၊ (၆) အချို့သောသူများဟာ ဘာကြောင့် အကျည်းတန် အရုပ်ဆိုးပါသလဲဘုရား"ဟု လျှောက်ထားပါတယ်။

**ဆောင်ပုဒ်ကဗျာကို လိုက်ဆိုကြပါ**

အချို့သူများ ထင်ရှားမှန်စွာ၊ အဆင်းရူပ မလှကြရှာ။
အချို့မှာက လှကြဆင်းမှာ၊ ဖြစ်ရငြား ကံကားဘယ်ကြောင့်ပါ။

ဖြေ ။ ။ သုဘလုလင် - "(၅) အချို့သူများဟာ အမျက်ဒေါသကြီးတယ်၊ ပြင်းစွာပင်ပန်းခြင်းများတယ်။ အနည်းငယ် မနှစ်သက်ဖွယ်ကိုသော်လည်း များစွာအပြစ်ယူတယ်၊ အမျက်ထွက်တယ်၊ ဖျက်ဆီးတယ်၊ ဆန့်ကျင်ဘက်ပြုလုပ်တယ်၊ ထိုသူများဟာ ထိုမကောင်းမှုအကုသိုလ်ကံကြောင့် သေပြီးနောက်မှာ ငရဲသို့ကျရောက်ကာ ငရဲဒုက္ခကို ဆင်းရဲကြီးစွာ နှစ်ပေါင်းများစွာ ခံကြရတယ်၊ ငရဲမှလွတ်ပြီး လူ့ဘဝရောက်လာတဲ့အခါမှာ အရုပ်ဆိုး အကျည်းတန်သူ ဖြစ်ရတယ်။

သုဘလုလင်- (၆) အချို့သောသူများဟာ အမျက်ဒေါသမကြီးပါ၊ သည်းခံစိတ်ရှိတယ်၊ မြတ်စွာဘုရားအား ပန်းလှူတယ်၊ ထိုသူများဟာ ထိုကုသိုလ် ကောင်းမှုကြောင့် သေပြီးနောက် နတ်ပြည်ရောက်ကာ နတ်၏စည်းစိမ်ချမ်းသာများကို ခံစားကြရတယ်၊ [illegible]ရောက်လာကြတဲ့အခါမှာ [illegible] အလွန်ချောမောလှပသူများ ဖြစ်ကြရဟာယ်"ဟု ဟောကြားတော်မူပါတယ်။

ဆောင်ပုဒ်ကဗျာကို လိုက်ဆိုကြပါ -
ဒေါသတရား ကြီးမားသူဟာ၊ ငရဲသို့ကျ မလှဆင်းမှာ။
ဒေါသကင်းထ လှူကြပန်းသာ၊ နတ်ပြည်လား ဆင်းကားလှသည်သာ။

မေး ။ ။ အရှင်ဘုရား - "(၇) အချို့သူများဟာ ဘာကြောင့် အခြွေအရံတွေ ရှားပါးပြီး၊ (၈) အချို့သူများဟာ ဘာကြောင့် အခြွေအရံတွေ ပေါများကြပါသလဲဘုရား" ဟု လျှောက်ထားပါတယ်။

ဆောင်ပုဒ်ကဗျာကို လိုက်ဆိုကြပါ
အချို့သူများ ထင်ရှားမှန်စွာ၊ ခြွေရံမရှိ ကင်းဘိမှန်စွာ။
အချို့မှာကား ပေါများလေရာ၊ ဖြစ်ရငြား ကံကားဘယ်ကြောင့်ပါ။

ဖြေ ။ ။ သုဘလုလင် - "(၇) အချို့သူများဟာ ငြူစူသောစိတ်များတယ်၊ သူတစ်ပါးတို့ လာဘ်လာဘရခြင်း, အရိုအသေအပြုခံရခြင်း, မြတ်နိုးခြင်း, ရှိခိုးခံရခြင်း, ပူဇော်ခံရခြင်း-တို့၌ ငြူစူတယ်၊ မနာလိုဝန်တို ငြူစူခြင်းဖြင့် ဆဲရေးတယ်။ ထိုသူများဟာ ထိုအကုသိုလ်ကံကြောင့် သေပြီးနောက် ငရဲသို့ကျရောက်ပြီး ငရဲဒုက္ခကို ဆင်းရဲကြီးစွာ နှစ်ပေါင်းများစွာခံကြရပြီး ငရဲမှလွတ်တာ လူ့ဘဝရောက်လာကြတဲ့ အခါမှာလဲ အခြွေအရံနည်းကြရတယ်။"

သုဘလုလင် - (၈) အချို့သောသူများဟာ ငြူစူသောစိတ်မရှိ၊ သူတစ်ပါးတို့ လာဘ်လာဘရခြင်း, အရိုအသေပြုခံရခြင်း, မြတ်နိုးခြင်း ရှိခိုးခံရခြင်း, ပူဇော်ခံရခြင်းတို့၌ ငြူစူခြင်း မနာလိုဝန်တိုခြင်းမရှိကြ၊ မနာလိုဝန်တို ငြူစူခြင်းဖြင့် မဆဲရေးကြ၊ ထိုသူများဟာ ထိုကောင်းမှုကုသိုလ်ကံကြောင့် သေပြီးနောက်မှာ နတ်ပြည်သို့ရောက်ကြပြီး နတ်၏ စည်းစိမ်ချမ်းသာများကို ခံစားကြရတယ်။ လူဖြစ်လာတဲ့အခါမှာလဲ သားသမီး အခြွေအရံများတယ်"ဟု ဟောကြားတော်မူပါတယ်။

ဆောင်ပုဒ်ကဗျာကို လိုက်ဆိုကြပါ -
မနာလိုမှု သူပြုကေန်၊ ငရဲသို့ကျ ကင်းရခြွေရံ။
မနာလိုမှု မပြုသူမှန်၊ နတ်ပြည်လား ပေါ်များခြွေအရံ။

မေး ။ ။ အရှင်ဘုရား - "(၉) အချို့သူများဟာ ဘာကြောင့် ပစ္စည်းဥစ္စာရှားပါးကာ လူဆင်းရဲ လူမွဲများသာဖြစ်ကြရပြီး၊ (၁၀) အချို့သူများဟာ ဘာကြောင့် ပစ္စည်းဥစ္စာပေါ်များကာ လူချမ်းသာများ ဖြစ်ကြရပါသလဲ ဘုရား"ဟု လျှောက်ထားပါတယ်။

ဆောင်ပုဒ်ကဗျာကို လိုက်ဆိုကြပါ -
အချို့သူများ ထင်ရှားမှန်စွာ၊ အလွန်ဆင်းရဲ လူမွဲဖြစ်လာ။
အချို့မှာကား ပေါ်များဥစ္စာ၊ ဖြစ်ရငြား ကံကားဘယ်ကြောင့်ပါ။

ဖြေ ။ ။ သုဘလုလင် - "(၉) အချို့သူများဟာ ရဟန်း, ပုဏ္ဏား-တို့အား ဆွမ်း, အဖျော်ယမကာ, အဝတ်အထည်, ယာဉ်, ပန်းနံ့သာ, နံ့သာပျောင်း, အိပ်ရာနေရာ, ကျောင်း, ဆီမီး-တို့ကို ပေးကမ်းလှူဒါန်းမှုကို မပြုကြပါ၊ ထိုသူတို့ဟာ ထိုသို့ မပေးကမ်း မလှူဒါန်းသောကြောင့် သေပြီးနောက် ငရဲသို့ ကျရောက်ကြရပြီး ငရဲဒုက္ခကို ဆင်းရဲကြီးစွာ ခံကြရတယ်၊ ငရဲမှလွတ်ပြီး လူဖြစ်လာတဲ့အခါမှာလဲ ပစ္စည်းဥစ္စာရှားပါးပြီး လူ ဆင်းရဲ ကျော့မွဲများသာဖြစ်ကြရတယ်။

သုဘလုလင် - (၁၀) အချို့သူများဟာ ရဟန်း, ပုဏ္ဏား-တို့အား ဆွမ်း, အဖျော်ယမကာ, အဝတ်အထည်, ယာဉ်, ပန်း, နံ့သာ, နံ့သာပျောင်း, အိပ်ရာနေရာ, ကျောင်း, ဆီမီး-တို့ကို ပေးကမ်းလှူဒါန်းပါတယ်၊ ထိုသူများဟာ ထိုသို့ ပေးကမ်း လှူဒါန်းသော ကောင်းမှုကုသိုလ်ကံကြောင့် သေပြီးနောက်မှာ နတ်ပြည်ရောက်ပြီး နတ်၏ စည်းစိမ်ချမ်းသာများကို ခံစားကြရတယ် လူဖြစ်လာတဲ့ အခါမှာလဲ ပစ္စည်းဥစ္စာပေါ်များပြီး ကြွယ်ဝချမ်းသာကြတယ်-ဟု ဟောကြားတော် မူပါတယ်။

**ဆောင်ပုဒ်ကဗျာကို လိုက်ဆိုကြပါ -**
ပေးကမ်းလှူမှု မပြုသူဟာ၊ ငရဲသို့ကျ မွဲရမှန်စွာ။
ပေးကမ်းလှူမှု မြဲပြုသူဟာ၊ နတ်ပြည်လား ပေါ်များလွန်ချမ်းသာ။

မေး ။ ။ အရှင်ဘုရား - "(၁၁) အချို့သူများဟာ ဘာကြောင့် အမျိုးယုတ်ညံ့ပြီး၊ (၁၂) အချို့သူများဟာ ဘာကြောင့် အမျိုးမြင့်မြတ်ကြပါသလဲ ဘုရား"ဟု လျှောက်ထားပါတယ်။

**ဆောင်ပုဒ်ကဗျာကို လိုက်ဆိုကြပါ -**
အချို့သူများ ထင်ရှားမှန်စွာ၊ ယုတ်ညံ့အမျိုး ဖြစ်ရိုးသေချာ။
အချို့အမျိုး မြတ်ရိုးမှန်စွာ၊ ဖြစ်ရခြား ကံကားဘယ်ကြောင့်ပါ။

ဖြေ ။ ။ သုဘလုလင် - "(၁၁) အချို့သူများဟာ မာနကြီးကြတယ်၊ ကြီးသူ ရှိခိုးထိုက်သူများကို ရှိမခိုးကြဘူး၊ ခရီးဦးကြိုဆိုထိုက်သူများကို မကြိုဆိုကြဘူး၊ နေရာပေးထိုက်သူများကို နေရာမပေးကြဘူး၊ အရိုအသေ ပြုထိုက်သူများကို အရိုအသေမပြုကြဘူး၊ ထိုသူများဟာ ထိုမကောင်းမှု အကုသိုလ်ကံကြောင့် ငရဲသို့ကျရောက်ကြကာ ငရဲဒုက္ခကို ဆင်းရဲကြီးစွာ ခံကြရတယ်၊ ငရဲမှလွတ်ပြီး လူဖြစ်လာတဲ့ အခါမှာလဲ ယုတ်ညံ့တဲ့အမျိုးမှာသာ ဖြစ်ကြရတယ်။

သုဘလုလင် - (၁၂) အချို့သူများဟာ မာနမထားကြဘဲ မိမိကိုယ်ကို နှိမ်ချကြတယ်၊ ရှိခိုးထိုက်သူများကို ရှိခိုးကြတယ်၊ ခရီးဦးကြိုဆိုထိုက်သူများကို ကြိုဆိုကြတယ်၊ နေရာပေးထိုက်သူများကို မိမိနေရာကိုပေးကြတယ်၊ အရိုအသေပြုထိုက်သူများကို အရိုအသေပြုကြတယ်။ ထိုသူများဟာ ထိုကောင်းမှုကုသိုလ်ကံကြောင့် သေပြီးတဲ့နောက်မှာ နတ်ပြည်ရောက်ကြပြီး နတ်၏စည်းစိမ်ချမ်းသာများကို ခံစားကြရတယ်၊ လူ့ပြည်ရောက်လာတဲ့အခါမှာလဲ မြင့်မြတ်သော အမျိုး၌သာ ဖြစ်ကြရတယ်" ဟု ဟောကြားတော်မူပါတယ်။

ဆောင်ပုဒ်ကဗျာကို လိုက်ဆိုကြပါ -
မာန်မာနချိုး လွှမ်းမိုးသူဟာ၊ ငရဲသို့ကျ ယုတ်စွာမျိုးမှာ။
မာန်မာနချိုး ရိုကျိုးသူဟာ၊ နတ်ပြည်လား မြတ်ငြားအမျိုးမှာ။

မေး ။ ။ အရှင်ဘုရား - "(၁၃) အချို့သူများဟာ ဘာကြောင့် ဉာဏ်ပညာ ကင်းပြီး စာမတတ် ပေမတတ် လူဖျင်း, လူအ-များ ဖြစ်ကြရပြီး၊ (၁၄) အချို့သူများဟာ ဘာကြောင့် ဉာဏ်ပညာနှင့်ပြည့်စုံပြီး အရာရာမှာ အကြောင်းအကျိုး အကောင်းအဆိုးတွေကို ဝေဖန်နိုင်သော လူလိမ္မာ ပညာရှိများ ဖြစ်ကြရပါသလဲဘုရား" ဟု လျှောက်ထားပါတယ်။

ဆောင်ပုဒ်ကဗျာကို လိုက်ဆိုကြပါ -
အချို့သူများ ထင်ရှားမှန်စွာ၊ အမြော်မြင်ကင်း ညံ့ဖျင်းပညာ။
အချို့မှာကား ရှိငြားပညာ၊ ဖြစ်ရငြား ကံကားဘယ်ကြောင့်ပါ။

ဖြေ ။ ။ သုဘလုလင် - "(၁၃) အချို့သောသူများဟာ ပညာရှိသော သမဏ ဗြာဟ္မဏတို့ထံ ကျိုးနွံစွာ ဆည်းကပ်ပြီး အဘယ်တရားများဟာ ကုသိုလ်ဖြစ်ပြီး အဘယ်တရားများဟာ အကုသိုလ် ဖြစ်ပါသလဲ ဘုရား၊ အဘယ်တရားများဟာ အပြစ်ရှိပြီး အဘယ်တရားများဟာ အပြစ်ကင်းပါသလဲ၊ အဘယ်တရားများကို မှီဝဲရပြီး အဘယ်တရား များကို ရှောင်ကြဉ်ရပါသလဲ၊ အဘယ်သို့ပြုသော် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားဥစ္စာဖြစ်နိုင်ပါသလဲဘုရား-ဟု လျှောက်ထား မေးမြန်းခြင်း မ[illegible]ထင်ရာကိုသာ တစ်ဇွတ်ထိုးပြုလုပ်လေ့ရှိကြ တယ်၊ ထိုသူ များဟာ သေပြီးနောက်မှာ ငရဲသို့ကျရောက်ကြရပြီး ငရဲဒုက္ခကို အင်းရဲကြီးစွာ ခံကြရတယ်၊ ငရဲမှလွတ်ပြီး လူဖြစ်လာတဲ့ အခါမှာလဲ အဆင်အခြင် ဉာဏ်ပညာနည်းပါတယ်၊ သူများပြော သမျှကို ယုံကြည်တတ်ကြတယ်။

သုဘလုလင် - (၁၄) အချို့သူများဟာ ပညာရှိသော သမဏ ဗြာဟ္မဏတို့ထံ ကျိုးနွံရိုသေစွာ ဆည်းကပ်ကိုးကွယ်ကြပြီး အဘယ် တရားများဟာ ကုသိုလ်ဖြစ်ပြီး အဘယ်တရားများဟာ အကုသိုလ်

ဖြစ်ပါသလဲ၊ အဘယ်တရားများဟာ အပြစ်ရှိပြီး အဘယ်တရားများဟာ အပြစ်ကင်းပါသလဲ၊ အဘယ်တရားများဟာ အမှားဖြစ်ပြီး အဘယ်တရားများဟာ အမှန်ဖြစ်ပါသလဲ၊ အဘယ်တရားများကို မှီဝဲရပြီး အဘယ်တရားများကို ရှောင်ကြည်ရပါသလဲ၊ အဘယ်သို့ ပြုလုပ်အားထုတ်ခဲ့သော် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားဥစ္စာ ဖြစ်နိုင်ပါသလဲ ဘုရား-ဟု လျှောက်မေးမြန်းခြင်းပြုပြီး ပညာရှိသော သမဏ ဗြာဟ္မဏတို့၏ အဆုံးအမဩဝါဒကို လိုက်နာကျင့်သုံးကြတယ်၊ စာပေကျမ်းဂန်များကို သင်ကြားပို့ချခြင်း, ရေးသားပြုစု ထုတ်ဝေခြင်း, စာအုပ်စာတမ်းများကို ဓမ္မဒါနပြု၍ လှူဒါန်းခြင်း-စသော ကောင်းမှုကုသိုလ်များကို ပြုကြတယ်၊ ထိုသူများဟာ ထိုကောင်းမှုကြောင့် သေပြီးနောက်မှာ နတ်ပြည်သို့ ရောက်ကာ နတ်၏စည်းစိမ် ချမ်းသာများကို ခံစားကြရတယ်၊ လူ့ပြည်ရောက်လာတဲ့အခါမှာလဲ လူလိမ္မာပညာရှိဖြစ်ကြရတယ်၊ အများတကာတို့ထက် ထူးချွန်သော ဉာဏ်ပညာနှင့် ပြည့်စုံကြရတယ်" ဟု ဟောကြားတော်မူပါတယ်။

ဆောင်ပုဒ်ကဗျာကို လိုက်ဆိုကြပါ -

ပညာရှိအား ပယ်ထားသူဟာ၊ ငရဲသို့ကျ ကင်းရပညာ။
ပညာရှိအား ခစားသူဟာ၊ နတ်ပြည်လား ရှိဌားဉာဏ်ပညာ။

ရှင်တော်မြတ်ဘုရားက သုဘလုလင်မေးသမျှတွေကို ကျေအေးအောင် ဖြေကြားတော်မူသောကြောင့် သုဘလုလင်ဟာ အလွန်တရာ ဝမ်းမြောက်ပြီး ဘုရား, တရား, သံဃာ-ဟု ဆိုအပ်သော ရတနာသုံးပါးတို့ကို အလွန်ကြည်ညိုသော ဥပါ-သကာ=ဒါယကာဖြစ်လာပါတယ်။

ဒါကြောင့် တရားနာပရိသတ်တွေဟာလဲ ရတနာသုံးပါးကို ကြည်ညို၍ ဒါန, သီလ, ဘာဝနာ-တရားများကို ကြိုးစားပြုလုပ်အားထုတ်ကြပြီးလျှင် အပါယ်, သေရေး-ဒုက္ခဘေးတို့မှ ကင်းဝေးရန်မှန်တဲ့ ပြည်နိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်နိုင်ကြပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓု)

မေမွစကြာဒေသနာဟောစဉ် ဤတွင်ပြီးပါပြီ။

(၁၇၃)

(နောက်ဆက်တွဲ)

ကြံခင်းဆရာတော်

ကြံခင်းမြို့နယ်၊ ကျွန်းသစ်ကျေးရွာကျောင်းတွင်

သီတင်းသုံးစဉ် ရေးသားခဲ့သော

# ဓမ္မစကြာဒေသနာဝတ်ရွတ်စဉ်

# မိတ်ဆက်

## တရားဦး

ဂင်္ဂါဝါဠူ သဲစုမက ပွင့်ကြများဖြင့် ခပ်သိမ်းသော ဘုရားရှင်တို့သည် ရှေးဦးစွာ ဟောတော်မူအပ်သော ဒေသနာတော်မြတ် ဖြစ်သောကြောင့် ဤဓမ္မစကြာဒေသနာတော်ကို "တရားဦး"ဟု ခေါ်ဆိုကြပေသည်။

## မှားဖူးမှ မှန်တတ်သည်

ဗုဒ္ဓသည် ငြိမ်းချမ်းရေးတရားများကို ကိုယ်တော်တိုင် စူးစမ်းရှာဖွေသည့်အခါ

(၁) လျှော့လွန်းရင် ပတ်တတ်သော "ကာမသုခလ္လိကာနုယောဂ"အစွန်း၊

(၂) တင်းလွန်းရင် ပြတ်တတ်သော "အတ္တကိလမထာနုယောဂ" အစွန်း-အားဖြင့် ဤအစွန်းနှစ်ပါး အမှားများကို ပယ်ရှားပြီး အမှန်ဖြစ်သော အလယ်လမ်း ကျင့်စဉ် "မဇ္ဈိမပဋိပဒါ"အကျင့်ကို ကျင့်တော်မူသည့်အခါကျမှ ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူလေသည်။

## အမှန်တရားလိုလားသူတိုင်း

ဤ ဓမ္မစကြာ ဒေသနာတော်တွင် ဗုဒ္ဓသည် အမှားတရားများနှင့် အမှန်တရားများကို ထင်ထင်ရှားရှားကြီး ခွဲခြားထောက်ပြထားပေသည်။ ထို့ကြောင့် အမှန်တရားကို လိုလားကြသော သပ္ပုရိသန္တယ်ဝင် သူတော်စင်တိုင်းသည် ဤ "ဓမ္မစကြာဒေသနာသင်တန်း ဝတ်ရွတ်စဉ်ကျမ်း"ကို စိတ်အားထက်သန်စွာ လေ့ လာ ကြည့်ရှုသင့်ပေသည်။

* * * * *

# ရည်ညွှန်းချက်

ဤ ဓမ္မစကြာဒေသနာ ဝတ်ရွတ်စဉ်ကျမ်းကို ရေးသားရာတွင် . . .

"လူတို့နားတွင်း၊ မိုက်မလင်းကို၊ ဝင်းဝင်းထွန်းညီး၊ ဉာဏ်ဆီမီးဖြင့်၊
မှောင်ကြီးကင်းပျောက်၊ ငါ့စာရောက်က၊ ငါ့အောက်ပညာ၊ နုသေး
စွာသား၊ သမ္မာမဖြန့်၊ လူ့အဝှန့်အား၊ စိတ်ပြားပညာ၊ ပွားပါလိမ့်မည်၊
သူ့ဖို့ရည်၍၊ သာကြည်ရွှင်လန်း၊ လက်ာညွှန်းသော်၊ ရဟန်းသူတော်၊
ခပ်မလျော်ဟု၊ သိမြော်ကျမ်းဂန်၊ ငါ့နောက်ကျန်သည်၊ နှုတ်လွန်သူများ၊
အပယ်လားလိမ့်၊ ဘုရားလူ့ဘာ၊ မုနိန္ဒလျှင်၊ မိန်းမ,ယောကျာ်း၊ လူ့စကား
ဖြင့်၊ မကြားစတောင်း၊ မဆိုကောင်းကို၊ အကြောင်းဆောင်သွေး၊
ဆိုတုံသေးရှင့်၊ ဆိုရေးရှိက၊ ဆိုအပ်လှ၏၊ ဆိုစများလျား၊ ထားပချေဘိ၊
ငါ့ဝန်ရှိခဲ့၊ ပြီးမိပြီးစေ၊ ဆိုလျှင်းပေအံ့၊ မစွေပိတ်သို၊ ညှိုးဖျင်းလို၍၊
ငါ့ကိုကော်ရော်၊ မကြည်သော်လည်း၊ ရှင်တော်ဟောတူ၊ လေးမြတ်မူ၍၊
အယူပြတ်ပြတ်၊ နာတွေတတ်က၊ ကျိုးကြီးရလိမ့်" –

ဟု စာဆိုအကျော် အရှင်မဟာရဋ္ဌသာရ ဆရာတော်ကိုယ်တိုင် စပ်ဆိုအပ်သော ဘူရိဒတ်ဇာတ်ပေါင်း ပျို့လက်ာအပိုဒ်(၆)နှင့်အညီ ပညာနုသူများ လွယ်ကူစွာ အဓိပ္ပါယ်ကို နားလည်ဖို့ရာကိုလည်းကောင်း၊ အထူးအားဖြင့် ကြံခင်းမြို့နယ်၊ ကျွန်းသစ်ကျေးရွာရှိ ဓမ္မစကြာအမျိုးသမီးများနှင့် မဂ်ယောမောင်မယ်များ ရွတ်ဆိုကြဖို့ရာကိုလည်းကောင်း၊ ရည်ညွှန်းလျက် ဤ "ဓမ္မစကြာဒေသနာ ဝတ်ရွတ်စဉ်ကျမ်း"ကို ရေးသားပြုစု ဓမ္မဒါနပြုလိုက်ရပါသတည်း။

* * * * *

# ဝါဆိုစဉ်ဘုရားရှိခိုး

သုံးလူ့သခင်၊ ငါးမာရ်သင်၍၊ ပလ္လင်ပတ်ရံ၊ သတ္တဌာန်ဝယ်၊ သတ္တာဟံဖွဲ့၊ စမွာယ်ခဲ့ပြီး၊ တစ်ဆယ့်ရှစ်ယူဇနာ၊ ထိုမှကွာသည်၊ ဗာရာနဂရ၊ မိဂဒဉ်၊ နန္ဒိယဝိဟာ၊ ပထမဝါတည့်၊ ဒွါ,တိ,ဇယ[1]၊ ရာဇဂဟုံ၊ ဝေဠုဝန်ပျော်၊ ငါးသော်ဝေသာလီ၊ လိစ္ဆဝီဝိဟာ၊ ဆ[2]ဝါ မကုလ၊ သတ္တမ[3]ဝတီသာ၊ အဋ္ဌာ[4]ဘဂ္ဂ၊ နဝမ[5]ကောသမ္ဗီ၊ ယောသီရွှေဘုံ၊ ရဂုံပလလေယျ၊ ဒသမ[6]တည့်၊ နာဠပုဏ္ဏားရွာ၊ ကောဒ[7]သဉ်၊ ဝေရဉ်ဇာရသ်[8]၊ တောင်မြတ်စာလိယ၊ တေရသ[9]တည့်၊ စုဒ္ဒသ[10]ဝါ၊ သာဝတ် တောင်စွန်၊ ဇေတဝန်စံမှီ၊ ကပ္ပိ ပန္နရသ်[11]၊ ကျောင်းမြတ်နိဂြောသောဠသမီ[12]၊ အာဠဝီတည့်၊ ဂိရိဗ္ဗဇ သတ္တရသာ[13]၊ ဆယ့်ရှစ်ဝါနှင့်၊ နဝါဒသ[14]၊ စာတိယကပ်ဆို၊ ရာဇဂြိုဟ်ဝီသ[15]၊ ဤထိုမျှကား၊ ပထမဗောဓိ၊ အနိယတ်ဝါ၊ နောင်လာ တွက်ဖွဲ့၊ နှစ်ဆယ့်လေးတန်၊ ဝေဠုဝန်,ပုဗ္ဗာ၊ လှည့်လည်ကာဖြင့်၊ ခေမာနီးသော်၊ ရွာကြီးဗေဠုဝ၊ ဝါတော်မျှ၍၊ ပဥ္စစတ္တာလီ[16]၊ အသီတျာယု[17]၊ တိုင်သမှုဖြင့်၊ ဤလူ့ သက္ကရာဇ်၊ အဋ္ဌဇောဇကော်[18]၌၊ နှစ်သစ်ကဆုန်၊ ပုဏ္ဏမီစေ့၊ အင်္ဂါနေ့တွင်၊ နိဗ္ဗာန် ဝင်သား၊ အရှင်ဘုရားကို၊ ညွှတ်တွားဝန္ဒနာ၊ ရှိခိုးပါ၏။

---

၁။ ဒွါ = ၂၊ တိ = ၃၊ ဇယ = ၄၊
၂။ ဆ = ၆၊
၃။ သတ္တမ = ၇၊
၄။ အဋ္ဌာ = ၈၊
၅။ နဝမ = ၉၊
၆။ ဒသမ = ၁၀၊
၇။ ကောဒသဉ် = ၁၁၊
၈။ ဇာရသ် = ၁၂၊
၉။ တေရသ = ၁၃၊
၁၀။ စုဒ္ဒသ = ၁၄၊
၁၁။ ပန္နရသ် = ၁၅၊
၁၂။ သောဠသမီ = ၁၆၊
၁၃။ သတ္တရသာ = ၁၇၊
၁၄။ နဝါဒသ = ၁၉၊
၁၅။ ဝီသ = ၂၀၊
၁၆။ ပဥ္စစတ္တာလီ = ၄၅၊
၁၇။ အသီတျာယု = သက်တော် = ၈၀၊
၁၈။ အဋ္ဌဇောဇကော် = ၁၄၈၊

---

* * * * * *

# နမော တဿ ဘုရားရှိခိုးကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဘဂဝတော - (ဘာဂျ+ဝန္တုဿ)=လောကီလောကုတ် ပစ္စုပ် သံသရာ၊ ချမ်းသာပွားကြောင်း၊ ကောင်းမှုပါရမီ ရှိတော်မူပြီးထသော။

၂။ ဘဂဝတော-(ဘဂ္ဂ+ဝန္တုဿ) ရာဂ,ဒေါသ၊ မောဟ,ဒိဋ္ဌိ၊ အစရှိကို၊ စိစိညက်ညက်၊ ချိုးဖွဲ့ဖျက်ဆီးတော်မူပြီးထသော။

၃။ ဘဂဝတော-(ဘဂ+ဝန္တုဿ) ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ-အား ဘုန်းခြောက်ပါးရှိတော်မူပြီးထသော။

၄။ ဘဂဝတော-(ဝိဘတ္တ+ဝန္တုဿ)=တရားဥဿုံ၊ အလုံးစုံကို၊ ကုသိုလ်စသား၊ တိတ်, ဒုက်-အားဖြင့်၊ တရားကုသိုလ်၊ စသည်ကိုလည်း၊ ထိုထိုခန္ဓာ၊ ဒိဘောဒ်ါဖြင့်၊ သစ္စာလေးနက်၊ ဆယ့်ခြောက်ချက်ကို၊ ပြက်ပြက်ထင်ရှား၊ ဟောကြားဧကန်၊ ဝေဖန်တော်မူပြီးထသော။

၅။ ဘဂဝတော-(ဘတ္တ+ဝန္တုဿ)= ဒိဗ္ဗ, ဗြဟ္မာ၊ အရိယာဟု၊ ဝိဟာရသုံးဝ၊ ပဝိဝေကတြိ၊ ဥတ္တရိမနုဿ၊ ဓမ္မယူအပ်၊ တရားမြတ်ကို၊ ဆည်းကပ်အမြဲ၊ မှီဝဲတော်မူပြီးထသော။

၆။ ဘဂဝတော-(ဘဝဂမန+ဝန္တုဿ)=ကာမ, ရူပ၊ အရူပ-အား၊ ဘုံသုံးပါး၌၊ ပြေးလွှားတတ်စွာ၊ မိုက်တဏှာကို၊ မှန်စွာမသွေ၊ ထွေးအန်တော်မူပြီးထသော။

* * * * * * *

၁။ အရဟတော-(အာရကဿ)=သဝါသနာ၊ ကိလေသာမှ၊ လေးဖြာမြိုက်မဂ်၊ စိန်သန်လျက်ဖြင့်၊ ချိုးဖျက်မလူ၊ ဝေးတော်မူပြီးထသော။

၂။ အရဟတော-(အရိ+ဟတဿ) = လောဘ, ဒေါသ၊ မောဟ, ကင်္ခါ၊ ဣဿာဒိဋ္ဌိ အဟိရိက၊ အနောတ္တပ္ပနှင့်၊ ထိန, မာန၊ ဥဒ္ဓစ္စဟု၊ ဒသကိလေ၊

ရည်ညစ်တွေကို၊ လေးထွေမဂ်ပေါင်း၊ လက်နက်ကောင်းဖြင့်၊ ထောင်းထောင်းဖျက်ဖြုန်း၊ သတ်ဖြတ်မှုန်းတော်မူပြီးထသော။

၃။ **အရဟတော-(အရ+ဟတတ္တာ)**=အဝိဇ္ဇာနှင့်၊ တဏှာပုံတောင်း၊ အပေါင်းသုံးတန့်၊ အကန့်သင်္ခါရာ၊ ဇရာ, မရဏ၊ အကွပ်ပြသား၊ အာသဝ-ဝင်ရိုး၊ လျှိုထိုးယှဉ်ထွေ ဘဝသုံးပါး၊ ဝဋ်ရထား၌၊ ရှည်လျားတတ်သည့်၊ ရဟတ်သံသရာ၊ ဝဋ်စကြာ၏၊ ပုညာဒိက၊ သင်္ခါရကို၊ ဝီရိယခြေ၊ သီလမြေထက်၊ သဒ္ဓါလက်ဖြင့်၊ ကမ္မက္ခယိန်၊ ဉာဏ်ပုဆိန်ကို၊ ရွယ်ချိန်မိုးလျက်၊ ချိုးဖွဲ့ဖျက်ဆီးတော်မူပြီးထသော။

၄။ **အရဟတော-(အရဟတ္တာ)**=ပစ္စည်းလေးထွေ၊ မဟေသက္ခာ၊ လူ, နတ်, စဖြာ၊ ပူဇာအထူး၊ ကြည်နူးရွှင်သာ၊ ခံထိုက်စွာထသော။

၅။ **အရဟတော(အ+ရဟတ္တာ)**ပညာရှိယောင်၊ လူမိုက်ခေါင်တို့၊ လူ့ဘောင်လောက၊ ရှက်လွန်းလှ၍၊ ကွယ်ပညစ်ကျူး မကောင်းမှုကို၊ ပြုကြပမာ၊ ဆိတ်ကွယ်ရာ၌၊ ယုတ်မာညစ်ကျူး မကောင်းမှုကို၊ မပြုရှောင်ကွင်း၊ ဗောဓိရင်း၌၊ ပယ်ရှင်းတော်မူပြီးထသော။

* * * * * * *

၁။ **သမ္မာသမ္ဗုဒ္ဓ္ဓဿ**=အဘိညေယျာ၊ ပရိညာနှင့်၊ ပဟာတဗ္ဗ၊ သစ္ဆိက-ဟု၊ မဂ္ဂဘာဝနာ လေးသစ္စာကို ဆရာပလို၊ အလိုလိုလျှင်၊ ဟိတ်ဖိုလ်နိုင်းထောက်၊ မဖောက်မပြန်၊ ကောင်းမွန်စွာ သိတော်မူပြီးထသော။

**တဿ**=ဆိုအပ်ခဲ့ပြီးသား၊ ဂုဏ်တော်များနှင့်၊ ပြည့်စုံတော်မူငြား၊ ထိုမြတ်စွာဘုရားအား။ **နမော**=ရိုသေမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးပါ၏ အရှင်ဘုရား။ **မေ**=တပည့်တော်၏။ **နမော**=ရှိခိုးခြင်းသည်။ **သမိဇ္ဈတု**=ကြံတိုင်း အောင်ကာ ဆောင်တိုင်းမြောက်လို့မို့၊ စိတ်ရှိသလောက်၊ သိဒ္ဓိပေါက်ကာ၊ ကောင်းကျိုးတရား၊ တိုးပွားပြည့်စုံပါစေသတည်း။

* * * * * * *

# ရွှေဘုန်းရှင်ဘုရားရှိခိုး

ဣတိပိ သော ဘဂဝါ

(၁) အရဟံ, (၂) သမ္မာသမ္ဗုဒ္ဓေါ, (၃) ဝိဇ္ဇာစရဏသမ္ပန္နော, (၄) သုဂ-တော, (၅) လောကဝိဒူ, (၆) အနုတ္တရောပုရိသဒမ္မသာရထိ, (၇) သတ္ထာ-ဒေဝမနုဿာနံ, (၈) ဗုဒ္ဓေါ, (၉) ဘဂဝါတိ၊ အဟံ ဗုဒ္ဓံ ဝန္ဒာမိ။

သော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ သဗ္ဗပါဏီနံ၊ ခပ်သိမ်းများစွာ သတ္တဝါတို့၏။ ဟိတာယ၊ လောကီ,လောကုတ် မယုတ်တိုးပွား အကျိုးများစေ ခြင်းငှာ။ သမုပ္ပန္နော၊ ဥဒည်တောင်စွန်း နေစက်ဝန်းကဲ့သို့ ပွင့်ထွန်းဖြစ်ပေါ်၍ လာတော်မူပါပေပြီ။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ=လောဘ, ဒေါသ၊ မောဟ, ကင်္ခါ၊ မိစ္ဆာဒိဋ္ဌိ၊ အဟိရိက၊ နောတ္တပ္ပနှင့်၊ ထိန, မာန၊ ဥဒ္ဓစ္စဟု၊ ဒသကိလေ၊ ရန်ညစ်တေကို၊ လေးထွေမဂ်ပေါင်း၊ လက်နက်ကောင်းဖြင့်၊ ထောင်းထောင်း ဖျက်ဖြုန်း၊ သတ်ဖြတ်မှုန်းလျက်၊ ပတ်ကုံးရန်သူ၊ မပြူဝံ့ရှောင်း၊ ဤအကြောင်း ကြောင့်လည်း။ (၁) အရဟံ၊ အရဟံ=မည်တော်မူပါပေ၏။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ=အဘိညေယျာ၊ ပရိညာ နှင့်၊ ပဟာတဗ္ဗ၊ သစ္ဆိကာဟု၊ မဂ္ဂဘာဝနာ၊ လေးသစ္စာကို၊ ဆရာမလို၊ အလိုလို လျှင်၊ ဟိတ်ဖိုလ်နှိုင်းထောက်၊ မဖောက်မပြန်၊ မှန်စွာသိရှောင်း၊ ဤအကြောင်း ကြောင့်လည်း။ (၂) သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူပါပေ၏။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ=သုံးပါးဝိဇ္ဇာ၊ ပုဒ္ဒိ,အာ နှင့်၊ ဝိဇ္ဇာအဋ္ဌ၊ ဝိ,ပ,မေ,ဒိ၊ ပု,ဒိ,ဣဒ်,အာ၊ ရောင်ဝါဂေတဇိန်၊ သီ,ဣန်,ဘော,ဇာ၊ သဂမ္မာခွင့် [illegible] ငါးတန်စွန်းကယ်၊ ဆယ်စရဏ ပြက်ဓမ္မနှင့်၊ တကွ ဥ[illegible] [illegible]ရှောင်း ဤအကြောင်းကြောင့်လည်း။ (၃) ဝိဇ္ဇာစရဏ သမ္ပန္နော၊ ဝိဇ္ဇာ[illegible] သမ္ပန္န-မည်တော်မူပါပေ၏။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ=ဒီပင်္ကရာ၊ ထွတ်ချာသနင်း၊ ခြေတော်ရင်းမှ၊ မှန်ကင်းသိရှိ၊ ဗောဓိမဏ္ဍိုင်၊ ခန်းဝါပိုင်အောင်၊ ဆယ်ခိုင်ပါရမီ၊ ပြည့်စုံညီလျက်၊ သုံးလီဘဝ၊ များသတ္တ၏၊ သုခစီးပွား၊ ကျင့်သောအားဖြင့်၊ မိုက်မှားအယုတ်၊ သဿတုစ္ဆေဒ၊ ကာမသုခတ္တ၊ ကိလမထဟူ၊ မိစ္ဆာယူကို၊ ဆံဖျူတစ်စိ၊ မကပ်ငြိဘဲ၊ သတိသမ္ဗဇဉ်၊ မပြတ်ယှဉ်လျက်၊ သဗ္ဗညာဏ်တော်၊ ရကြောင်းမျှော်၍၊ လာတော်မူရှောင်း၊ ဤအကြောင်းကြောင့်လည်း။ (၄) **သုဂတော၊ သုဂတ-မည်တော်မူပါပေ၏။**

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ=သတ္တော'ကာသ၊ သင်္ခါရဟူ၊ လောကသုံးဘုံ၊ အလုံးစုံကို၊ အာရုံထင်စွာ၊ ပိုင်းခြားကာလျှင်၊ အာသယာနုသယ၊ စရိတ,ဝိမုတ်၊ မြတ်,ယုတ်နှစ်ခု၊ မုဒု,တိက္ခ၊ စသည်ထွေထွေ၊ လေ,မြေ,ရေထု၊ မေရု,စက္ကဝါ၊ သီတာပတ်ခြံ၊ တောင်ရံခုနစ်၊ လှည့်ရစ်နေ,လ၊ ဒီပလေးတန်၊ ခြောက်တန်နတ်ရွာ၊ ဗြဟ္မာနှစ်ဆယ်၊ သွယ်သွယ်များလျှ၊ ဝေဖန်ပြလျက်၊ လက္ခဏာ,ရသ၊ ကိစ္စစေ့ငု၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်နှင့်၊ ရုပ်နာမ်ဝေခြား၊ ခပ်သိမ်းအားဖြင့်၊ ထွေပြားကုန်စင်၊ သိမြင်တတ်ရှောင်း၊ ဤအကြောင်းကြောင့်လည်း။ (၅) **လောကဝိဒူ၊ လောကဝိဒူ-မည်တော်မူပါပေ၏။**

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ=ရိုင်းပြခက်မာ၊ သတ္တဝါကို၊ သုံးဖြာသရဏဂုံ၊ ငါးစုံသီလာ၊ တည်စေကာလျှင်၊ ဖြူစွာတရား၊ တည်သူအားလည်း၊ ထက်ဖျားစျာန်,မဂ်၊ ဖိုလ်သို့တက်အောင်၊ အချက်ကျကျ၊ နည်းစုံပြလျက်၊ ဆုံးမခြင်းပြု၊ အတုမဲ့ကင်း၊ ဤအကြောင်းရင်းကြောင့်လည်း။ (၆) **အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ အနုတ္တရောပုရိသဒမ္မသာရထိ-မည်တော်မူပါပေ၏။**

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ=သတ္တဝါဟော်၊ လှည်းမျှးကျော်သည်၊ ဖော်လှော်ယယ်သား၊ နောက်ပါများကို၊ ရေရှားဘေးခ၊ ကန္တာရမှ၊ ခေမမြေဌ၊ ပို့ဆောင်ယူသို့၊ ထို့တူတစ်၊ ခဲယဉ်းဘိသည့်၊ ဇာတိ,ဇရာ၊ မရဏာဟု၊ ကန္တာရကြမ်း၊ ခရီးလမ်းမှ၊ မြေနန်းအငှ၊ ပြည်နိဗ္ဗူသို့၊ **နတ်,လူ,ဗြဟ္မာ၊ သတ္တဝါကို၊** ဆောင်ကာယူပေါင်း၊ ဤအကြောင်းကြောင့်လည်း။ (၇) **သတ္ထာဒေဝမနုဿာနံ၊ သတ္ထာဒေဝမနုဿာန-မည်တော်မူပါပေ၏။**

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ=ဝိမောက္ခန္တိက၊ ဉာဏ်-တေဇဖြင့်၊ ဥဒေ ယျငါးဖြာ၊ မဟာသမုဒ္ဒ၊ တွင်းပ ထဲပြင်၊ ကင်းလင်း စင်အောင်၊ သိမြင်တတ်ရှောင်း၊ ဤအကြောင်းကြောင့်လည်း။ (၈) ဗုဒ္ဓေါ၊ ဗုဒ္ဓ-မည်တော်မူပါပေ၏။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ=လောဘ, ဒေါသ၊ မောဟ, ဝိပရိ၊ အဟိရိက၊ နောတ္တပ္ပနှင့်၊ ကောဓ,ဥပနာ၊ မက္ခ,ပလာသ၊ မစ္ဆေရဟု၊ ရေဆ တွက်ကိန်း၊ အသိမ်းမ်က၊ များလှမှန်စွာ၊ ကိလေသာကို၊ ပေးဖြာ မြိုက်မဂ်၊ စိန်သန်လျက်ဖြင့်၊ ခုတ်ဖြတ်တတ်ရှောင်း၊ ဤအကြောင်းကြောင့် လည်း။ (၉) ဘဂဝါ၊ ဘဂဝါ- မည်တော်မူပါပေ၏။

ဣတိ၊ ဤသို့။ နဝဟိ ဂုဏေဟိ၊ အရဟတာ အစဖြာသား ဂုဏ် ၉-ပါးတို့နှင့်။ သမ္ပန္နံ၊ ကေန်မုချ ပြည့်စုံထသော။ ဗုဒ္ဓံ၊ ကိုးဂုဏ်သခင် ရွှေဘုန်းရှင်ကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ သံသရာဘေးမှ လွတ်ရေးကို မျှော် ဂုဏ်ကိုဖော်လျက် တော်ရော်မြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏-အရှင်ဘုရား။

• • • • • • *

# မြတ်တရားရှိခိုး

(၁) သွာက္ခာတော ဘဂဝတာ ဓမ္မော (၂) သန္ဒိဋ္ဌိကော၊ (၃) အကာလိကော၊ (၄) ဧဟိပဿိကော (၅) ဩပနေယျိကော၊ (၆) ပစ္စတ္တံ ဝေဒိ-တဗ္ဗော ဝိညူဟီတိ။ အဟံ ဝန္ဒာမိ။

တဂဝတာ၊ က္လသရိယ စသည့်ခြောက်စုံ ကန်နိုးဂုဏ်နှင့် ပြည့်စုံထင်ရှား မြတ်ဘုရားသည်။ ဓမ္မော၊ မဂ်,ဖိုလ်,နိဗ္ဗာန် မေကန်ဟု ဆယ်တန်ထင်ရှား မြတ်တရားကို။ (၁) သွာက္ခာတော=စ,လယ်,ဆုံး-သုံး သုံးပါးကောင်းလုံ၊ ပြည့်စုံ ပုဒ်နက်၊ လောင်းစွက်,ပယ်ဖွယ်၊ သွယ်သွယ်လွန်ကောင်း၊ သန့်ရှင်းပြည့် မျိုး၊ ကြောင်းကျိုးပြောင့်မှန်၊ မဖောက်ပြန်ဘဲ၊ ကောင်းမွန်စွာ ဟောတော်မူပါပေပြီ။

ဓမ္မော၊ ကိုးပါးသောလောကုတ္တရာ မြတ်ဓမ္မာသည်။ (၂) **သန္ဒိဋ္ဌိကော**=ရာဂါဒိကာ၊ ကိလေသာကို၊ ပယ်ခွါတွန်းလှန်၊ မဂ္ဂဉာဏ်နှင့်၊ ရှစ်တန်အရိယာ၊ ကိုယ်တိုင်သာလျှင်၊ သဒ္ဓါယုံမှတ်၊ ရှုမြင်အပ်၏။

ဓမ္မော၊ မဂ္ဂလေးဖြာ လောကုတ္တရာဖြစ်ငြား မြတ်တရားသည်။ (၃) **အကာလိကော**=အခြားမဲ့လျှင်း၊ ယှဉ်စပ်ချဉ်း၍၊ အကျိုးပေးခြင်းကာလ၊ ရှိတော်မမူပါပေ၏။

ဓမ္မော၊ ကိုးပါးသောလောကုတ္တရာ မြတ်ဓမ္မာသည်။ (၄) **ဧဟိပဿိကော**=ရောင်ဝါတောက်ထွန်း၊ ယုဂန်စွန်း၌၊ နေဝန်းအလား၊ ပတ္တမြားသဖွယ်၊ တင်တယ်ထင်ရှား၊ ဤတရားကို၊ လာလာရှုလိုက်၊ ဆိုခြင်းငှာထိုက်ပါ၏။

ဓမ္မော၊ ကိုးပါးလောကုတ္တရာ မြတ်ဓမ္မာသည်။ (၅) **ဩပနေယျိကော**၊ ပုဆိုးဥသျှောင်၊ မီးလောင်ရဲရဲ၊ မသတ်ဘဲလည်း၊ စိတ်ထဲဆောင်လင့်၊ ဖြစ်စေသင့်၏၊ စိတ်ထဲဆောင်ထိုက်၊ သိမ်းပိုက်ထိုက်သူ၊ များဗိုလ်လူကို၊ နိဗ္ဗူဆောင်တတ်၊ သစ္စာကပ်သို့၊ ဆောင်အပ်ဆောင်သင့်ပါပေ၏။

ဓမ္မော၊ ကိုးပါးလောကုတ္တရာ မြတ်ဓမ္မာကို။ (၆) ဝိညူဟိ=ဥဃ္ဃဋိတဉ်၊ ဝိပဉ်၊ နေယျ၊ လေးသစ္စကို၊ ကျနမြင်သိ၊ ပညာရှိတို့သည်။ **ပစ္စတ္တံ**=အသီးသီးရှိ၊ မိမိစိတ်၌။ **ဝေဒိတဗ္ဗော**=သိအပ်, ရှုအပ်၊ ခံစားအပ်၏။

ဣတိ၊ ဤသို့။ ခ၊ဟိ ဂုဏေဟိ၊ သွာက္ခာတတာ အစဖြာသား၊ ဂုဏ် ၆-ပါးတို့နှင့်။ သမ္ပန္နံ၊ ကောန်မုချ ပြည့်စုံထသော။ ဓမ္မံ၊ မဂ်, ဖိုလ်, နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ရှား မြတ်တရားကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ သံသရာဘေးမှ လွတ်ရေးကိုမျှော် ဂုဏ်ကိုဖော်လျက် ကော်ရော် မြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏-အရှင်ဘုရား။

## မြတ်သံဃာရှိခိုး

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊

၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊

၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊

၄။ သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊

ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊

ဧသ ဘဂဝတော သာဝကသံဃော၊

၅။ အာဟုနေယျော၊

၆။ ပါဟုနေယျော၊

၇။ ဒက္ခိဏေယျော၊

၈။ အဉ္ဇလိကရဏီယော

၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ။ အဟံ သံဃံ ဝန္ဒာမိ။

ဘဂဝတော၊ မြတ်စွာဘုရား၏၊ သာဝကသံဃော၊ ဆုံးမသံကို ကျိုးနွံတုပ်ဝပ် နာခံတတ်စွာ အရိယာဖြစ်ကြား တပည့်သားအပေါင်းသည်။ (၁) သုပ္ပဋိပန္နော=ဆုံးမတိုင်းသာ၊ ကောင်းစွာမသွေ၊ ကျင့်တော်မူပါပေ၏။

ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ ဆုံးမသံကို ကျိုးနွံတုပ်ဝပ် နာခံတတ်စွာ အရိယာဖြစ်ကြား တပည့်သားအပေါင်းသည်။ (၂) ဥဇုပ္ပဋိပန္နော =အန္တဒွယ၊ ပါပကသို့၊ မကျမကပ်၊ ကောက်သုံးရပ်နှင့်၊ မစပ်မတွယ်၊ အလယ် အလပ်၊ ဖြောင့်မတ်စွာသာ၊ ကျင့်တော်မူပါပေ၏။

ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ ဆုံးမသံကို ကျိုးနွံတုပ်ဝပ် နာခံတတ်စွာ အရိယာဖြစ်ကြား တပည့်သားအပေါင်းသည်။ (၃) ဉာယပ္ပဋိပန္နော=ပုဆိုးဥသျှောင်၊ မီးလောင်ရဲရဲ မသတ်ဘဲလည်း၊ ခဲထိုက်ဧကန်၊ ငြိမ်းရာမှန်သော၊ နိဗ္ဗာန်အလို့ငှာ၊ ကျင့်တော်မူပါပေ၏။

ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ ဆုံးမသံကို ကျိုးနွံတုပ်ဝပ် နာခံတတ်စွာ အရိယာဖြစ်ကြား တပည့်သားအပေါင်းသည်။ (၄) သာမိစိပ္ပဋိပန္နော=ချီးမွမ်းသမှု ထိုသို့ပြုသည့်၊ ပစ္စုပဋ္ဌာန၊ စသည်များဘိ၊ သာမိစိကပ်၊ လျှော်ထိုက်တန်အောင်၊ ကျင့်ဆောင်တော်မူပါပေ၏။

**စတ္တာရိ၊ လေးပါးကုန်သော။ ယဒိဒံ-ယာနိ ပုရိသယုဂါနိ၊ အကြင်ယောကျ်ားမြတ် အစုံတို့သည်။ အဋ္ဌ၊ ရှစ်ယောက်ကုန်သော။ ယဒိဒံ-ယေ ဣမေ ပုရိသပုဂ္ဂလာ၊ အကြင် ယောကျ်ားမြတ်တို့သည်။ သန္တိ၊ ရှိတော်မူကုန်၏။**

ဘဂဝတော၊ မြတ်စွာဘုရား၏။ ဧသ-ဧသော သာဝကသံဃော၊ ဤအစုံအားဖြင့် လေးပါး အသီးသီးအားဖြင့် ရှစ်ပါးမှန်စွာ အရိယာဖြစ်ညား တပည့်သားအပေါင်းသည်။ (၅) **အာဟုနေယျော**=အဝေးမှယူ၊ ဆောင်၍မူလှည်း၊ ကြည်ဖြူလေးမြတ်၊ ပူဇော်အပ်သော၊ ပစ္စည်းလေးရပ်ကို၊ ခံတော်မူထိုက်ပါပေ၏။

(၆) **ပါဟုနေယျော**=ဝေးရပ်ဒိသာ၊ ဆိုက်ရောက်လာသည့်၊ ညာတကာဗန္ဓု၊ အာဂန္တုအား၊ ရည်၍ထားအပ်၊ ထူးခြားကောင်းမြတ်၊ ဒါနဝတ်ကို၊ ပယ်လတ်ထိုသူ၊ ပေးလှူသင့်ပေ၊ ခံသင့်ပေ၏။

(၇) **ဒက္ခိဏေယျော**=သတ္တဝါတို့၊ ကောင်းစွကြည်ဖြူ ပေးလှူအပ်သော၊ မြတ်သောအလှူကို၊ ခံတော်မူထိုက်ပါပေ၏။

(၈) **အဉ္ဇလိကရဏီယော**=ကောင်းကျိုးလိုလျက်၊ လက်နှစ်ဖက်ကို၊ ဦးထက်တင်မိုး၊ ရှိခိုးခြင်း၏တည်ရာ၊ ဖြစ်တော်မူပါပေ၏။

(၉) **လောကဿ**=ဗြဟ္မာ,နတ်,လူ၊ သုံးဘုံသူ၏။ **အနုတ္တရံ**=အတုမရှိ၊ မြတ်ခေါင်ထိသော။ **ပုညက္ခေတ္တံ**=ကောင်းမှုမျိုးတို့၏၊ စိုက်ပျိုးပေါက်ဖွားရာ၊ လယ်ယာမြေကောင်းအတူ၊ ဖြစ်တော်မူပါပေ၏။

ဣတိ၊ ဤသို့။ နဝဟိ ဂုဏေဟိ၊ သုပ္ပဋိပန္နတာ-အစဖြာသား ဂုဏ်ကိုးပါးတို့နှင့်။ သမ္မန္နံ၊ ကောန်မုချ ပြည့်စုံထသော။ သံဃံ၊ အရိယာဖြစ်လာ မြတ်သံဃာကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ သံသရာဘေးမှ လွတ်ရေးကိုမျှော်ဂုဏ်ကိုဖော်လျက် ကော်ရော်မြတ်နိုး လက်စုံမိုးကာ ရှိခိုးပါ၏-အရှင်ဘုရား။

* * * * * * *

# ဓမ္မစကြာပဝတ္တနသုတ် ပါဠိတော်

နှင့်

# အသံထွက်မေ်မစက်ကြာ

ပါဠိများကို မှန်ကန်စွာ အသံထွက် ရွတ်ဖတ်နိုင်ကြစေရန် ရည်ရွယ်၍ အသံထွက် မေ်မစက်ကြာကို ပူးတွဲထည့်သွင်းပေးလိုက်ပါသည်။

အောက်မှ ( , ) ဤကဲ့သို့ ကော်မာပြထားသော အက္ခရာများကို ( က, စ, န, ဝ, မ ) စသည်ဖြင့် အသံပြည့် ရွတ်ဖတ်ကြရန် ဖြစ်ပါသည်၊

# ဓမ္မစက္ကပ္ပဝတ္တနသုတ်

## ဓမ္မစကြာ

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

### ဓမ္မစကြာအဖွင့်

(က) ဘိက္ခူနံ ပဉ္စဝဂ္ဂိနံ၊ ဣသိပတန နာမကေ။
မိဂဒါယေ ဓမ္မဝရံ၊ ယံ တံ နိဗ္ဗာနပါပကံ။

လင်နတ်ပြည်လား မယားခမျာ၊ ငရဲကျ ဖော်ပြထားပေတာ။

၂။ ဗာရာဏသီ မည်ရှိမြို့မှာ၊ နန္ဒိယဟု ခေါ်မှုသညာ။
မြတ်စွာဘုရား တရားသံဃာ၊ ကြည်ညိုဘိ တည်၏သရဏာ။

၃။ ဘုရား, တရား အများသံဃာ၊ ကြည်ညိုသမှု ကြောင်းပြုပြီးကာ။
မိဂဒါယ တောရမြိုင်မှာ၊ ကျောင်းတော်ကြီး ဆောက်ပြီးလှူပေတာ။

၄။ ကျောင်းတွင်ရှိငြား ဘုရား, သံဃာ၊ ဆွမ်း, သင်္ကန်း, ဆေး သူပေးလှူကာ။
သဒ္ဓါတရား တက်ပွားဝေဖြာ၊ ကုသိုလ်မှု သူပြုအမြဲသာ။

၅။ ထိုသို့ပေါင်းစု ကောင်းမှုတွေဟာ၊ သေရွာဘဝ ရောက်ရသောခါ။
နတ်ဘုံနတ်နန်း ကြွမြန်းပြီးကာ၊ စည်းစိမ်များ စံစားရပေတာ။

၆။ သူ၏မယား ထင်ရှားမှန်စွာ၊ ရေဝတီဟု ခေါ်မှုနာမာ။
မြတ်စွာဘုရား တရား, သံဃာ၊ ကြည်ညိုမှု မပြုရှောင်ပေတာ။

၇။ မကြည်ညိုဘဲ ရှောင်လွှဲပြီးကာ၊ သံဃာအပြစ် စိစစ်ဖွေရှာ။
မမှန်သတင်း ကြံသွင်းပြီးကာ၊ သူတစ်ပါး ပြောကြားတွေ့တိုင်းသာ။

၈။ လူနှင့်ရှင်ကား တူခြားမှန်စွာ၊ ဆူးပေါ်ဖက်ကျ ပေါက်ရဖက်သာ။
ဖက်ပေါ်ဆူးကျ ပေါက်ရဖက်သာ၊ သတိထား အများသိကြပါ။

၉။ မြွေဆိပ်, ကင်းဆိပ် အဆိပ်များစွာ၊ ယခုဘဝ တွေ့ရဒုက္ခာ။
ရဟန်းဆိပ်က ဘဝများစွာ၊ ငရဲကျ ဒုက္ခတွေ့ရမှာ။

၁၀။ ရေဝတီကား ထင်ရှားမှန်စွာ၊ လင်သားကိုလဲ အမြဲနိုင်တာ။
ကြိမ်း, အော်, မောင်းမဲ ဆိုဆဲပြီးကာ၊ မကောင်းမှု သူပြုအမြဲသာ။

၁၁။ ထိုသို့ပေါင်းစု မကောင်းမှုဟာ၊ သေရွာဘဝ ရောက်ရသောခါ။
ငရဲသားများ ဆွဲသွားပြီးကာ၊ လင့်ဌာန ပြကြအမှန်သာ။

၁၂။ လင်စံစားသည့် နတ်၏ချမ်းသာ၊ ကိုယ်တွေ့ဒိဋ္ဌ မြင်ရသောခါ။
လင်၏အနား ခစားပြီးကာ၊ နေလိုကြောင်း သူတောင်းပန်ပေတာ

၁၃။ သို့ပါသော်လဲ မလွှဲမှန်စွာ၊ သူမ ပေါင်းပြု မကောင်းမှုဟာ။
. နေဖို့အရေး မပေးခွင့်မှာ၊ ငရဲသား ဆွဲသွား သူ့ကိုသာ။

၁၄။ ငရဲသားများ ဆွဲသွားပြီးကာ၊ သူ့လက်ခြေများ တုပ်ထားခိုင်စွာ။
ကမ်းပါးခြောက်မှ ပေါက်ချပြီးကာ၊ ငရဲသို့ ဆွဲလို့ခေါ်သွားတာ။

၁၅။ ငရဲသို့ရောက် မထောက်မညှာ၊ လက်ခြေဖြတ်လျက် နှိပ်စက်စုံစွာ။
ငရဲဒုက္ခ ကြီးလှမှန်စွာ၊ ငိုမစဲ အမြဲခံရရှာ။

၁၆။ ကုသိုလ်တရား လင်းသားပြုရာ၊ မယားမှာက မရမှန်စွာ။
အကုသိုလ်များ မယားပြုရာ၊ လင်မရ မြင်ကြ၍ကျမ်းစာ။

၁၇။ ကောင်း, မကောင်းမှု နှစ်ခုရှိရာ၊ လင်နှင့်မယား စိတ်ထားတူစွာ။
ညီညာသမှု ပေါင်းစုပြီးကာ၊ ပြုပါမှ ရကြကျိုးတူသာ။

၁၈။ သေရွာဘဝ ရောက်ကြသောခါ၊ ကိုယ့်နောက်ကိုကား ဘာများပါမှာ။
ပစ္စည်းစုစု တစ်ခုမပါ၊ ကိုယ်ပြုထား ကံများပါမည်သာ။

၁၉။ မထေမဲ့ကင်း အပ်နှင်းဉစ္စာ၊ မိတ္တာရှောင်ရှား ဝတ်စားဆင်ပါ။
ချစ်ခင်မြတ်နိုး ငါးမျိုးမှန်စွာ၊ လင်ကျင့်က လားရထက်နတ်ရွာ။

၂၀။ အိမ်တွင်းမှုလုပ် သိမ်းထုပ်ဥစ္စာ၊ မိစ္ဆာမပြု ပေးမှုလျော်စွာ။
ပြင်းရိခြင်းကင်း မယွင်းငါးဖြာ၊ မယားကျင့် လားခွင့်ထက်နတ်ရွာ။

၂၁။ ထို့ကြောင့်မမှား မယားလင်ဟာ၊ ကျင့်ဝတ်ငါးဝ ဓမ္မကိုသာ။
ကျင့်ပြီးပါက နှစ်ဝညီညာ၊ ကုသိုလ်မှု ပေါင်းစုပြုကြပါ။

၂၂။ ကုသိုလ်ကောင်းမှု ပေါင်းပြုပြီးကာ၊ လင်နှင့်မယား နှစ်ပါးညီညာ။
စိတ်တူကိုယ်မျှ ပြုကြခါခါ၊ သုဂတိ လားမည့်အတူသာ။

* * * * *

(ပြိတ္တာဝတ္ထု)

၁။ လူ့သေဘာဖြစ် စိစစ်ဖို့ရာ၊ ပေတဝတ္ထု ခေါ်မှုကျမ်းမှာ။
မနာလိုမှု မြဲပြုသူဟာ၊ ပြိတ္တာဖြစ် စိစစ်ဖော်ပြလာ။

၂။ သာဝတ္ထိမြို့ကြီး အနီးရွာမှာ၊ ဒကာတစ်ယောက် ပေါ်ပေါက်သဒ္ဓါ။
ကျောင်းထိုင်ဘုန်းကြီး ပင့်ပြီးတော့ကာ၊ ဆရာဟု မှတ်ပြုကိုးကွယ်ရှာ။

၃။ ထိုဆရာကား လွန်များက္လဿာ၊ မနာလိုမှု မြဲပြုလေတာ။
သူမှတစ်ပါး အခြားသံဃာ၊ လှူဒါန်းဖို့ တားလို့ပိတ်ပင်တာ။

၄။ ဒကာကလဲ အစွဲသန်ရာ၊ ဆရာ့စကား ထောင်နားစိုက်ကာ။
ဆရာမှကား အခြားသံဃာ၊ မလှူဘဲ အမြဲမြူစူတာ။

၅။ ဒေသနာကား မကြားဆရာ၊ ဥပုသ်မပြု ကင်းမှုပညာ။
ဒကာအကြိုက် အလိုက်ပြောကာ၊ ဒကာအား ညာစားနေပေတာ။

၆။ ဒကာကလဲ ဉာဏ်မွဲလေရာ၊ ဆရာပြောကြား မမှားယုံရှာ။
ဆရာခိုင်းတိုင်း မဆိုင်းလုပ်ကာ၊ အလဇ္ဇီ ပြုဘိ ပဂ္ဂဟာ။

၇။ ထိုသို့ပေါင်းစု မကောင်းမှုဟာ၊ သေရွာကာလ ရောက်ကြသောခါ။
ထိုကျောင်းတော်ဝင်း မစင်တွင်းမှာ၊ မစင်စား ဖြစ်ကြွားပြိတ္တာသာ။

၈။ ပြိတ္တာဘဝ ရောက်ကြသောခါ၊ ဆရာ့အောက် ထက်ရောက်ဒကာ။
ဦးခေါင်းပေါ်တက် နင်းလျက်မှန်စွာ၊ မစင်များ စားကြွားနေကာန်သာ။

၉။ တစ်ပါးသူက စွန့်ချသောခါ၊ ဒကာကပဲ အမြဲစားတာ။
ဒကာကမှ စွန့်ချလေရာ၊ ဆရာက စားရအမှန်သာ။

၁၀။ ထိုသို့ဖြစ်ခြင်း မယွင်းမှန်စွာ၊ ရှင်မောဂ္ဂလ္လာန မြင်ရသချာ။
ပေတဝတ္ထု ခေါ်မူကျမ်းမှာ၊ ဖော်ပြထား အများသိကြပါ။

၁၁။ ကုန်ရှုံးတစ်ခေါက် မှတ်ထောက်သချာ၊ လင်ကုန်ပျက်ရှုံး သက်လုံးမှောက်မှာ။
ဆရာမှာရှုံး ကမ္ဘာလုံးမှောက်ကာ၊ ဘုရားရှုံး မှောက်အုံး သံသရာ။

၁၂။ အရှုံးလေးပါး သိထားပြီးကာ၊ အရာရာတိုင်း ချင့်နှိုင်းစာနာ။
ကိုယ်ပိုင်ဉာဏ်များ သုံးထားပြီးကာ၊ ဝေဖန်မှု မြေပြုယုံကြည်ပါ။

၁၃။ သူများပြောကြား ယုံစားသူဟာ၊ ဝေဖန်သမှု မပြုဉာဏ်မှာ။
မစင်ကိုစား ဖြစ်ငြားပြိတ္တာ၊ သတိပြု ကြည့်ရှု ဤကျမ်းစာ။

၁၄။ ကြည့်ရှုစဉ်းစား သိထားပြီးကာ၊ မနာလိုမှု မပြုရှောင်ခွါ။
ဝန်တိုမှုများ ပယ်ရှားပြီးကာ၊ ကုသိုလ်များ ကြိုးစားပြုကြပါ။

၁၅။ မကောင်းမြစ်ပြု ကောင်းမှုညွှန်ရာ၊ အသစ်ဟောကြူး နားဖူးထပ်ခါ။
နှတ်ထံတင်မှု မြေပြုမေတ္တာ၊ ဆရာက ကျင့်ရဝတ်ခြောက်ဖြာ။

၁၆။ မေတ္တာစိတ်သက် ဆောင်ရွက်ကြင်နာ၊ ချိုသာနှုတ်ဖျား စကားဆိုရာ။
လိုလျှင်ဖိတ်ထား တတ်အားလှူကာ၊ ဒကာက ကျင့်ရဝတ်ငါးဖြာ။

၁၇။ ဆရာကျင့်ဝတ် မချွတ်ညီစွာ၊ ဆရာကျင့်က လားရနတ်ရွာ။
ဒကာကျင့်ဝတ် မချွတ်ညီစွာ၊ ဒကာကျင့် လားခွင့်ထက်နတ်ရွာ။

မှတ်ချက်

(အာပတ်သင့် အပြစ်ရှိမှန်းသိလျက်နှင့် ကျူးလွန်သောရဟန်းကို အလဇ္ဇီ ခေါ်ဆိုပြီး မကျူးလွန်သောရဟန်းကို လဇ္ဇီခေါ်ပါတယ်၊ အလဇ္ဇီရဟန်းမှန်း သိလျက်နှင့် လှူဒါန်းပါက ကုသိုလ်မရဘဲ ငရဲကြီးပါတယ်၊ မစင်စား ပြိတ္တာ ဖြစ်တတ်ပါတယ်။)

## (တောတေယျဝတ္ထု)

၁။ လူသေဘာဖြစ် စိစစ်ဖို့ရာ၊ သီလက္ခန္ဓ သုဘာသုတ်မှာ။
မိစ္ဆာယူမှေး လူသူဌေးဟာ၊ ခွေးဖြစ်ကြောင်း စုပေါင်းဖွင့်ပြလာ။

၂။ သုံးလူထွတ်ထား ဘုရားမြတ်စွာ၊ ဇေတဝန်ကျောင်း ကိန်းအောင်းပျော်ကာ။
လူ, နတ်, သိကြား အများပြဟ္မာ၊ မြတ်တရား ဟောကြားနေ့စဉ်သာ။

၃။ တုဒိခေါ်ဘိ ဤသည့်ရွာမှာ၊ တောတေယျဟု ခေါ်မှုသညာ။
ထိုသူဌေးကား ယူညားမိစ္ဆာ၊ လှူဒါန်းမှု မပြုပယ်လေတာ။

၄။ သူ၏သားကား ထင်ရှားမှန်စွာ၊ လုလင်သုဘ ခေါ်ကြနာမာ။
ထိုသည့်သားအား ပိတ်ထားဒါနာ၊ မိစ္ဆာပွား အမှားယူစေတာ။

၅။ ထိုသူဌေးကြီး သေပြီးနောက်မှာ၊ သားအိမ်မှာမွေး ခွေးလေးဖြစ်လာ။
သားဟာခွေးလေး ချစ်ရေးပိုကာ၊ ကောင်းစွာထား ကျွေးပြေးစားအစာ။

၆။ အခါတစ်ပါး ဘုရားမြတ်စွာ၊ သံဃာတော်များ နောက်ပါးခေါ်ကာ။
ဆွမ်းခံလှည့်လို့ မချို့မှန်စွာ၊ ထိုအိမ်ဝ ရောက်ရမြန်မကြာ။

၇။ ထိုအိမ်ဝသို့ ရောက်လို့မကြာ၊ တောတေယျခွေး အပြေးထွက်လာ။
ဗုဒ္ဓခြေဖြဲ့ ဆွဲကိုက်ဖို့ရာ၊ ဒေါမာန်ပွား တစ်အား ဟောင်ပေတာ။

၈။ ထိုခါဗုဒ္ဓ နှုတ်ဟသည်မှာ၊ ဟဲ့-တောတေယျ ရှေးကနင်ဟာ။
မိစ္ဆာယူပြု လှူမှုပယ်ကာ၊ ငါဘုရား ပြုထားရန်သူသာ။

၉။ ထိုအရေးကြောင့် သူဌေးနင်ဟာ၊ သားအိမ်မွေးလစ် ခွေးဖြစ်၍လာ၊
ဤယခုလဲ ပြုလွှဲကံဟာ၊ အဝီစိ လားမည့်အမှန်သာ။

၁၀။ ထိုသို့ဘုရား မိန့်ကြားသောခါ၊ ခွေးဟာစိတ်ထဲ ဆင်းရဲပြီးကာ။
အစာမစား အနားမလာ၊ မြာပုံထက် ခွေလျက်အိပ်တော့တာ။

၁၁။ ထိုကြောင်းသုဘ သိရသောခါ၊ ငါ့ဖခင်ကား ဖြစ်သွားပြဟ္မာ။
ရှင်ဂေါတမ ပြောပြတာဟာ၊ လွဲအမှား မုသားဖြစ်သည်သာ။

၁၂။ ထိုခါဗုဒ္ဓ မိန့်ဟသည်မှာ၊ ဟဲ့-မောင်သုဘ နင့်ဖခင်ဟာ။
မပြောခဲ့ဘဲ ထားမြဲစွာ၊ ခွေးကိုမေး မနေ့းယူလေပါ။

၁၃။ ထိုသို့ဘုရား မိန့်ကြားသောခါ၊ ခွေးကိုမေးပြီး ပစ္စည်းယူကာ။
ဖခင်သူဌေး ခွေးဖြစ်သည်ဟာ၊ အဟုတ်ပ မုချသိတော့တာ။

၁၄။ ထိုသို့မုချ သိရသောခါ၊ ဗုဒ္ဓရှင်အား ညွှတ်တွားပန်ထွာ။
တစ်ဆယ့်လေးခု မေးပြုပုစ္ဆာ၊ ဖြေဖို့ကြောင်း ခညောင်းတောင်းပန်ရှာ။

၁။ မေး။ အချို့သူများ ထင်ရှားမှန်စွာ၊ အသက်တိုနည်း(နဲ) သေပွဲဝင်ကာ။
အချို့မှာကား ရှည်ညားသက်မှာ၊ ဖြစ်ရငြား ကံကားဘယ်ကြောင့်ပါ။
ဖြေ။ သူ့သက်သတ်မှု မြဲပြုသူဟာ၊ ငရဲသို့ကျ တိုရသက်မှာ။
သူ့သက်သတ်မှု မပြုသူဟာ၊ နတ်ပြည်လား ရှည်ငြားအသက်မှာ။

၂။ မေး။ အချို့သူများ ထင်ရှားမှန်စွာ၊ ရောဂါထူကဲ အမြဲမမာ။
အချို့မှာကား ကင်းငြားရောဂါ၊ ဖြစ်ရငြား ကံကားဘယ်ကြောင့်ပါ။
ဖြေ။ သူ့ကိုရက်စက် နှိပ်စက်သူဟာ၊ ငရဲသို့ကျ များလှရောဂါ။
နှိပ်စက်သမှု မပြုသူဟာ၊ နတ်ပြည်လား ကင်းငြားနာရောဂါ။

၃။ မေး။ အချို့သူများ ထင်ရှားမှန်စွာ၊ အဆင်းရုပ မလှကြရှာ။
အချို့မှာက လှကြဆင်းမှာ၊ ဖြစ်ရငြား ကံကားဘယ်ကြောင့်ပါ။
ဖြေ။ ဒေါသတရား ကြီးမားသူဟာ၊ ငရဲသို့ကျ မလှဆင်းမှာ။
ဒေါသကင်းထ လှကြပန်းဟာ၊ နတ်ပြည်လား ဆင်းကားလှသည်သာ။

၄။ မေး။ အချို့သူများ ထင်ရှားမှန်စွာ၊ ခြွေရံမရှိ ကင်းဘိသချာ။
အချို့မှာကား ပေါများလေရာ၊ ဖြစ်ရငြား ကံကားဘယ်ကြောင့်ပါ။
ဖြေ။ မနာလိုမှု သူပြုဇောက်န်၊ ငရဲသို့ကျ ကင်းရခြွေရံ။
မနာလိုမှု မပြုသူမှန်၊ နတ်ပြည်လား ပေါများခြွေအရံ။

၅။ မေး။ အချို့သူများ ထင်ရှားမှန်စွာ၊ အလွန်ဆင်းရဲ လူမွဲဖြစ်လာ။
အချို့မှာကား ပေါများချမ်းသာ၊ ဖြစ်ရပြား ကံကားဘယ်ကြောင့်ပါ။
ဖြေ။ ပေးကမ်းလှူမှု မပြုသူဟာ၊ ငရဲသို့ကျ မွဲရမှန်စွာ။
ပေးကမ်းလှူမှု မြဲပြုသူဟာ၊ နတ်ပြည်လား ပေါများချမ်းသာလာ။

၆။ မေး။ အချို့သူများ ထင်ရှားမှန်စွာ၊ ယုတ်ညံ့အမျိုး ဖြစ်ရိုးသေချာ။
အချို့အမျိုး မြတ်ရိုးမှန်စွာ၊ ဖြစ်ရပြား ကံကားဘယ်ကြောင့်ပါ။
ဖြေ။ မာန်မာနမျိုး လွှမ်းမိုးသူဟာ၊ ငရဲသို့ကျ ယုတ်စွာမျိုးမှာ။
မာန်မာနချိုး ရိုကျိုးသူဟာ၊ နတ်ပြည်လား မြတ်ပြားအမျိုးမှာ။

၇။ မေး။ အချို့သူများ ထင်ရှားမှန်စွာ၊ အမြော်မြင်ကင်း ညံ့ဖြင်းပညာ။
အချို့မှာကား ရှိပြားပညာ၊ ဖြစ်ရပြား ကံကားဘယ်ကြောင့်ပါ။
ဖြေ။ ပညာရှိအား ပယ်ထားသူဟာ၊ ငရဲသို့ကျ ကင်းရပညာ။
ပညာရှိအား ခစားသူဟာ၊ နတ်ပြည်လား ရှိပြားဉာဏ်ပညာ။

ဤသို့ဗုဒ္ဓ နှုတ်ဟဖြေရာ၊ လုလင်သုဘ ကြည်စွသဒ္ဓါ။
ရတနာမြတ် စွဲကပ်မှီကာ၊ ဖြစ်လာရ ဥပါသက-သာ။

## မိဘဝတ်ငါးပါး

မကောင်းတားမြစ် ကောင်းဖြစ်ညွှန်ကာ၊ အတတ်သင်ပြီး ရင်းနှီးပေးရာ။
ထိမ်းမြားပြုပြီး သားသမီးမှာ၊ မိဘက ပြုရဝတ်ငါးဖြာ။

## သားသမီးဝတ်ငါးပါး

ကျွေးမွေးမပျက် ဆောင်ရွက်ပြုဖွယ်၊ အမွေခံပြု စောင့်မှုမျိုးနွယ်။
အမျှဝေရ မိဘနှစ်သွယ်၊ သမီးသား ပြုထားဝတ်ငါးသွယ်။

## ကျင့်ဝတ်ဖြည့်ကျင့်ရကျိုး

မိဘကျင့်ဝတ် မချွတ်ညီစွာ၊ မိဘကျင့်က လောကရှုတ်ရှာ။
သားသမီးဝတ် မချွတ်ညီစွာ၊ ကျင့်ပါက လောကရေယက်နုတ်ရှာ။

* * * * * * *

## သံသရာလည်ပုံ

ဒွါရခြောက်ခု လည်မှုသံသရာ၊ ရှင်တော်ဘုရား ဟောကြားမိန့်မှာ။
သံယုတ်ဂန္ထ နိဒါနမှာ၊ လောကသုတ် ဖော်ထုတ်ပြပေတာ။

### (၁) မျက်စိပေါက်ကလည်ပုံ

၁။ **မျက်စိ, အဆင်း** မယွင်းဆုံရာ၊ ဝိညာဏ်ဓာတ်ဟု သိမှုပေါ်လာ။
ထိုသုံးပါးစု ခေါ်မှုဖဿာ၊ မြင်မကောင်း မြင်ကောင်းဝေဒနာ။

၂။ ဝေဒနာများ ထင်ရှားပေါ်ရာ၊ နှစ်သက်ခြင်းပြု ဖြစ်မှုတဏှာ။
စွဲလမ်းခြင်းပြု ဥပါဒါန်၊ ဖြစ်ပေါ်မြဲ မလွှဲအမှန်သာ။

၃။ ဥပါဒါန်ကြီး ဦးစီးပြီးကာ၊ ဒါန, သီလ, သမထ-ပါ။
ခါခါပြုလုပ် အားထုတ်စေတနာ၊ ဘဝဟု ခေါ်မှုအမှန်သာ။
၄။ ဘဝတရား ဖြစ်ပွားသောခါ၊ လူ, နတ်-ဖြစ်ဘိ ဇာတိပေါ်လာ။
အိုရ, သေရ, ဇရာ, မရဏာ၊ စိုးရိမ်ရ သောကဖြစ်သည်သာ။

၅။ ငိုကြွေးရဘိ ပရိဒေဝ၊ ကိုယ်ဆင်းရဲက ဒုက္ခမှန်စွာ။
စိတ်ဆင်းရဲအပ် ဒေါမနဿာ၊ ပူပန်ရ ဥပါယာသ-သာ။

၆။ ထိုတရားများ ထင်ရှားမှန်စွာ၊ အဆင်းကိုစွဲ အမြဲပေါ်လာ။
သံသရာထဲ လည်မြဲမှန်သာ၊ အားလုံးပေါင်း မကောင်းဒုက္ခသာ။

၇။ စွဲလမ်းနှစ်သက် ဖြစ်လျက်ကိလေ၊ စေတနာက ကမ္မတစ်ထွေ။
ဇာတိအစ ဝိပါက ပေး ဝဋ်သုံးပါး ဖြစ်ပွားဒုက္ခတွေ။

### (၂) နားပေါက်ကလည်ပုံ။

၁။ **အသံနှင့်နား** နှစ်ပါးဆုံရာ **ဝိညာဏ်ဓာတ်**ဟု သိမှုပေါ်လာ။
ထိုသုံးပါးစု ခေါ်မှုဖဿာ ကြားမကောင်း ကြားကောင်းဝေဒနာ။

၂။ ဝေဒနာများ ထင်ရှားပေါ်ရာ၊ နှစ်သက်ခြင်းပြု ဖြစ်မှုတဏှာ။
စွဲလမ်းခြင်းပြု ဥပါဒါန၊ ဖြစ်ပေါ်မြဲ မလွဲအမှန်သာ။

၃။ ဥပါဒါန်ကြီး ဦးစီးပြီးက၊ ဒါန, သီလ, သမထ-ပါ။
ခါခါပြုလုပ် အားထုတ်စေတနာ၊ ဘဝဟု ခေါ်မှုအမှန်သာ။

၄။ ဘဝတရား ဖြစ်ပွားသောခါ၊ လူ, နတ်-ဖြစ်ဘိ ဇာတိပေါ်လာ။
အိုရ, သေရ, ဇရာ, မရဏာ၊ စိုးရိမ်ရ သောကဖြစ်ပေါ်လာ။

၅။ ငိုကြွေးရဘိ ပရိဒေဝ၊ ကိုယ်ဆင်းရဲက ဒုက္ခမှန်စွာ။
စိတ်ဆင်းရဲအပ် ဒေါမနဿာ၊ ပူပန်ရ ဥပါယာသ-သာ။

၆။ ထိုတရားများ ထင်ရှားမှန်စွာ၊ အသံကိုစွဲ အမြဲပေါ်လာ။
သံသရာထဲ လည်မြဲမှန်စွာ၊ အားလုံးပေါင်း မကောင်းဒုက္ခသာ။

၇။ စွဲလမ်းနှစ်သက် ဖြစ်လျက်ကိလေ၊ စေတနာက ကမ္မတစ်ထွေ၊
ဇာတိအစ ဝိပါက-ပေ၊ ဝဋ်သုံးပါး ဖြစ်ပွားဒုက္ခတွေ။

## (၃) နှာခေါင်းပေါက်ကလည်ပုံ။

၁။ အနံ့, နှာခေါင်း ဆုံပေါင်းသောခါ၊ ဝိညာဏ်ဓာတ်ဟု သိမှုပေါ်လာ။
ထိုသုံးပါးစု ခေါ်မှုဖဿာ၊ နံမကောင်း နံကောင်းဝေဒနာ။

၂။ ဝေဒနာများ ထင်ရှားပေါ်ရာ၊ နှစ်သက်ခြင်းပြု ဖြစ်မှုတဏှာ။
စွဲလမ်းခြင်းပြု ဥပါဒါန၊ ဖြစ်ပေါ်မြဲ မလွဲအမှန်သာ။

၃။ ဥပါဒါန်ကြီး ဦးစီးပြီးက၊ ဒါန, သီလ, သမထ-ပါ။
ခါခါပြုလုပ် အားထုတ်စေတနာ၊ ဘဝဟု ခေါ်မှုအမှန်သာ။

၄။ ဘဝတရား ဖြစ်ပွားသောခါ၊ လူ, နတ်-ဖြစ်ဘိ ဇာတိပေါ်လာ။
အိုရ, သေရ, ဇရာ, မရဏာ၊ စိုးရိမ်ရ သောကဖြစ်သည်သာ။

၅။ ငိုကြွေးရဘိ ပရိဒေဝါ၊ ကိုယ်ဆင်းရဲက ဒုက္ခမှန်စွာ။
စိတ်ဆင်းရဲအပ် ဒေါမနဿာ၊ ပူပန်ရ ဥပါယာသ-သာ။

၆။ ထိုတရားများ ထင်ရှားမှန်စွာ၊ အနန့်ကိုစွဲ အမြဲပေါ်လာ။
သံသရာထဲ လည်မြဲမှန်စွာ၊ အားလုံးပေါင်း မကောင်းဒုက္ခသာ။

၇။ စွဲလမ်းနှစ်သက် ဖြစ်လျက်ကိုလေ၊ စေတနာက ကမ္မတစ်ထွေ။
ဇာတိအစ ဝိပါက ပေ၊ ဝဋ်သုံးပါး ဖြစ်ပွားဒုက္ခတွေ။

## (၄) ပါးစပ်ပေါက်ကလည်ပုံ။

၁။ လျှာနှင့်အစား နှစ်ပါးဆုံရာ၊ ဝိညာဏ်ဓာတ်ဟု သိမှုပေါ်လာ။
ထိုသုံးပါးစု ခေါ်မှုဖဿာ၊ စားမကောင်း စားကောင်းဝေဒနာ။

၂။ ဝေဒနာများ ထင်ရှားပေါ်ရာ၊ နှစ်သက်ခြင်းပြု ဖြစ်မှုတဏှာ။
စွဲလမ်းခြင်းပြု ဥပါဒါန်၊ ဖြစ်ပေါ်မြဲ မလွဲအမှန်သာ။

၃။ ဥပါဒါန်ကြီး ဦးစီးပြီးကာ၊ ဒါန, သီလ, သမထ-ပါ။
ခါခါပြုလုပ် အားထုတ်စေတနာ၊ ဘဝဟု ခေါ်မှုအမှန်သာ။

၄။ ဘဝတရား ဖြစ်ပွားသောခါ၊ လူ, နတ်-ဖြစ်ဘိ ဇာတိပေါ်လာ။
အိုရ, သေရ ဇရာ, မရဏာ၊ စိုးရိမ်ရ သောကဖြစ်ပေါ်လာ။

၅။ ငိုကြွေးရဘိ ပရိဒေဝါ၊ ကိုယ်ဆင်းရဲက ဒုက္ခမှန်စွာ။
စိတ်ဆင်းရဲအပ် ဒေါမနဿာ၊ ပူပန်ရ ဥပါယာသ-သာ။

၆။ ထိုတရားများ ထင်ရှားမှန်စွာ၊ အစားကိုစွဲ အမြဲပေါ်လာ။
သံသရာထဲ လည်မြဲမှန်စွာ၊ အားလုံးပေါင်း မကောင်းဒုက္ခသာ။

၇။ စွဲလမ်းနှစ်သက် ဖြစ်လျက်ကိုလေ၊ စေတနာက ကမ္မတစ်ထွေ။
ဇာတိအစ ဝိပါက-ပေ၊ ဝဋ်သုံးပါး ဖြစ်ပွားဒုက္ခတွေ။

## (၅) ကိုယ်ကလည်ပုံ

၁။ ကိုယ်နှင့်အတွေ့ ထိတွေ့ဆုံရာ၊ ဝိညာဏ်ဓာတ်ဟု သိမှုပေါ်လာ။
ထိုသုံးပါးစု ခေါ်မှုဖဿာ၊ ထိမကောင်း ထိကောင်းဝေဒနာ။

၂။ ဝေဒနာများ ထင်ရှားပေါ်ရာ၊ နှစ်သက်ခြင်းပြု ဖြစ်မှုတဏှာ။
စွဲလမ်းခြင်းပြု ဥပါဒါန်၊ ဖြစ်ပေါ်မြဲ မလွဲအမှန်သာ။

၃။ ဥပါဒါန်ကြီး ဦးစီးပြီးကာ၊ ဒါန, သီလ, သမထ-ပါ၊
ခါခါပြုလုပ် အားထုတ်စေတနာ၊ ဘဝဟု ခေါ်မှုအမှန်သာ။

၄။ ဘဝတရား ဖြစ်ပွားသောခါ၊ လူ, နတ်-ဖြစ်ဘိ ဇာတိပေါ်လာ။
အိုရ, သေရ, ဇရာ့, မရဏာ၊ စိုးရိမ်ရ သောကဖြစ်သည်သာ။

၅။ ငိုကြွေးရဘိ ပရိဒေဝ၊ ကိုယ်ဆင်းရဲက ဒုက္ခမှန်စွာ။
စိတ်ဆင်းရဲအပ် ဒေါမနဿာ၊ ပူပန်ရ ဥပါယာသ-သာ။

၆။ ထိုတရားများ ထင်ရှားမှန်စွာ၊ အတွေ့ကိုစွဲ အမြဲပေါ်လာ။
သံသရာထဲ လည်မြဲမှန်စွာ၊ အားလုံးပေါင်း မကောင်းဒုက္ခသာ။

၇။ စွဲလမ်းနှစ်သက် ဖြစ်လျက်ကိုလေ၊ စေတနာက ကမ္မတစ်ထွေ။
ဇာတိအစ ဝိပါက-ပေ၊ ဝဋ်သုံးပါး ဖြစ်ပွားဒုက္ခတွေ။

## (၆) စိတ်ကလည်ပုံ

၁။ မန, ဓမ္မ ဆုံကြသောခါ၊ ဝိညာဏ်ဓာတ်ဟု သိမှုပေါ်လာ။
ထိုသုံးပါးစု ခေါ်မှုဖဿာ၊ တွေးမကောင်း တွေးကောင်းဝေဒနာ။

၂။ ဝေဒနာများ ထင်ရှားပေါ်ရာ၊ နှစ်သက်ခြင်းပြု ဖြစ်မှုတဏှာ။
စွဲလမ်းခြင်းပြု ဥပါဒါန်၊ ဖြစ်ပေါ်မြဲ မလွဲအမှန်သာ။

၃။ ဥပါဒါန်ကြီး ဦးစီးပြီးကာ၊ ဒါန, သီလ, သမထ-ပါ၊
ခါခါပြုလုပ် အားထုတ်စေတနာ၊ ဘဝဟု ခေါ်မှုအမှန်သာ။

၄။ ဘဝတရား ဖြစ်ပွားသောခါ၊ လူ, နတ်-ဖြစ်ဘိ ဇာတိပေါ်လာ၊
အိုရ, သေရ, ဇရာ, မရဏာ၊ စိုးရိမ်ရ သောကဖြစ်သည်သာ။

၅။ ငိုကြွေးရဘိ ပရိဒေဝ၊ ကိုယ်ဆင်းရဲက ဒုက္ခမှန်စွာ။
စိတ်ဆင်းရဲအပ် ဒေါမနဿာ၊ ပူပန်ရ ဥပါယာသ-သာ။

၆။ ထိုတရားများ ထင်ရှားမှန်စွာ၊ အတွေးကိုစွဲ အမြဲပေါ်လာ။
သံသရာထဲ လည်မြဲမှန်စွာ၊ အားလုံးပေါင်း မကောင်းဒုက္ခသာ။

၇။ စွဲလမ်းနှစ်သက် ဖြစ်လျက်ကိလေ၊ စေတနာက ကမ္မတစ်ထွေ။
ဇာတိအစ ဝိပါက-ပေ၊ ဝဋ်သုံးပါး ဖြစ်ပွားဒုက္ခတွေ။

* * * * * *

## သံသရာပြတ်ပုံ

ဒွါရခြောက်ခု ပြတ်မှုသံသရာ၊ ရှင်တော်ဘုရား ဟောကြားမိန့်မှာ။
သံယုတ်ဂန္ထ နိဒါနမှာ၊ လောကသုတ် ဖော်ထုတ်ပြပေတာ။

## (၁) မျက်စိက သံသရာပြတ်ပုံ

၁။ မျက်စိ, အဆင်း မယှဉ်းဆုံရာ၊ ဝိညာဏ်ဓာတ်ဟု သိမှုပေါ်လာ။
ထိုသုံးပါးစု ခေါ်မှုဖဿာ၊ မြင်မကောင်း မြင်ကောင်းဝေဒနာ။

၂။ ဝေဒနာများ ထင်ရှားပေါ်ရာ၊ နှစ်သက်ခြင်းပြု ဖြစ်မှုတဏှာ။
ထိုတဏှာများ ချုပ်သွားဖို့ရာ၊ သတိထား တရားရှုရမှာ။

၃။ မျက်စိအဆင်း ဆုံခြင်းရုပ်သာ၊ အသိဓာတ်စု နာမ်ဟုမှတ်ပါ။
မြင်ရာအဟုတ် နာမ်ရုပ်နှစ်ဖြာ၊ သူမငါ ဆင်းရဲလိုမပါ။

(အနိစ္စ၊ ဒုက္ခ အ...

၄။ ထိုသို့တရား၊ ရှုပွားသောခါ၊ ဏှာချုပ်ပျက် နှစ်သက်ပယ်ခွါ။
ဥပါဒါန်လဲ ချုပ်မြဲမှန်စွာ၊ စွဲလမ်းမှု မပြုကြင်းစင်ကွာ။

၅။ ဥပါဒါန်ပြုတ် အဟုတ်မှန်စွာ၊ ဒါန, သီလ, သမထ-ပါ၊
ခါခါပြုလုပ် အားထုတ်စေတနာ၊ ဘဝမျိုး ဖျက်ချိုးနိုင်ပေတာ။

၆။ ဘဝပြုတ်ဘိ ဇာတိချုပ်ကာ၊ ဇရာ, မရဏ, သောကတွေပါ၊
ပရိဒေဝ ဒုက္ခဖြာဖြာ၊ ဒေါမနဿ ချုပ်ပြတ်ဥပါယာသ-သာ။

၇။ တဏှာတရား ချုပ်သွားသောခါ၊ ဒုက္ခအစု ချုပ်မှုသေချာ။
သံသရာဝဋ် ကျွတ်လွတ်ပြီးကာ၊ နိဗ္ဗာန်နန်း စံမြန်းရမည်သာ။

၈။ စွဲလမ်းနှစ်သက် ချုပ်ပျက်ကိလေ၊ စေတနာက ကမ္မတစ်ထွေ။
ဇာတိအစ ဝိပါက-ပေ၊ ဝဋ်သုံးရပ် ချုပ်ပြတ်နိဗ္ဗာန်ပြည်(ပြေ)။

## (၂) နားက သံသရာပြတ်ပုံ

၁။ **အသံ** နှင့် **နား** နှစ်ပါးဆုံရာ၊ ဝိညာဏ်စာတ်ဟု သိမှုပေါ်လာ။
ထိုသုံးပါးစု ခေါ်မှုဖဿာ၊ ကြားမကောင်း ကြားကောင်းဝေဒနာ။

၂။ ဝေဒနာများ ထင်ရှားပေါ်ရာ၊ နှစ်သက်ခြင်းပြု ဖြစ်မှုဘဏှာ။
ထိုတဏှာများ ချုပ်သွားဖို့ရာ၊ သတိထား ကရားရှုကြပါ။

၃။ အသံနှင့်နား ဆုံငြားရုပ်သာ၊ အသိစာတ်စု နာမ်ဟုမှတ်ပါ။
ကြားရာအဟုတ် နာမ်ရုပ်နှစ်ဖြာ၊ သူမမြဲ, ဆင်ရဲ, လိုမပါ။
(အနိစ္စ၊ ဒုက္ခ၊ အနတ္တာ။)

၄။ ထိုသို့တရား ရှုပွားသောခါ၊ တဏှာချုပ်ပျက် နှစ်သက်ပယ်ခွါ။
ဥပါဒါန်လဲ ချုပ်မြဲမှန်စွာ၊ စွဲလမ်းမှု မပြုကြင်းစင်ကွာ။

၅။ ဥပါဒါန်ပြုတ် အဟုတ်မှန်စွာ၊ ဒါန, သီလ, သမထ-ပါ။
ခါခါပြုလုပ် အားထုတ်စေတနာ၊ ဘဝမျိုး ဖျက်ချိုးနိုင်ပေတာ။

၆။ ဘဝပြုတ်ဘိ ဇာတိချုပ်ကာ၊ ဇရာ, မရဏ, သောကတွေပါ။
ပရိဒေဝ ဒုက္ခဖြာဖြာ၊ ဒေါမနဿ ချုပ်ပြတ်ဥပါယာသ-သာ။

၇။ တဏှာတရား ချုပ်သွားသောခါ၊ ဒုက္ခအစု ချုပ်မှုသေချာ။
သံသရာဝဋ် ကျွတ်လွတ်ပြီးကာ၊ နိဗ္ဗာန်နန်း စံမြန်းရမည်သာ။

၈။ စွဲလမ်းနှစ်သက် ချုပ်ပျက်ကိလေ၊ စေတနာက ကမ္မတစ်ထွေ။
ဇာတိအစ ဝိပါကပေ၊ ဝဋ်သုံးရပ် ချုပ်ပြတ်နိဗ္ဗာန်ပြည်(ပြေ)။

## (၃) နှာခေါင်းက သံသရာပြတ်ပုံ

၁။ **အနံ့, နှာခေါင်း ဆုံပေါင်းသောခါ၊ ဝိညာဏ် စိတ်ဟု သိမှုပေါ်လာ။**
ထိုသုံးပါးစု ခေါ်မှုဖဿာ၊ နံ့မကောင်း နံ့ကောင်းဝေဒနာ။

၂။ ဝေဒနာများ ထင်ရှားပေါ်ရာ၊ နှစ်သက်ခြင်းပြု ဖြစ်မှုတဏှာ။
ထိုတဏှာများ ချုပ်သွားဖို့ရာ၊ သတိထား တရားရှုရမှာ။

၃။ အနံ့နှာခေါင်း ဆုံပေါင်းရုပ်သာ၊ အသိစိတ်စု နာမ်ဟုမှတ်ပါ။
နံ့ရာအဟုတ် နာမ်ရုပ်နှစ်ဖြာ၊ သူမမြဲ ဆင်းရဲ,လိုမပါ။
(အနိစ္စ၊ ဒုက္ခ၊ အနတ္တာ။)

၄။ ထိုသို့တရား ရှုပွားသောခါ၊ တဏှာချုပ်ပျက် နှစ်သက်ပယ်ခွာ။
ဥပါဒါန်လဲ ချုပ်မြဲမှန်စွာ၊ စွဲလမ်းမှု မပြုကောင်းစင်ကွာ။

၅။ ဥပါဒါန်ပြုတ် အဟုတ်မှန်စွာ၊ ဒါန, သီလ, သမထ-ပါ၊
ခါခါပြုလုပ် အားထုတ်စေတနာ၊ ဘဝမျိုး ဖျက်ချိုးနိုင်ပေတာ။

၆။ ဘဝပြုတ်ဘိ ဇာတိချုပ်ကာ၊ ဇရာ, မရဏ, သောက-တွေပါ။
ပရိဒေဝ ဒုက္ခဖြာဖြာ၊ ဒေါမနဿ ချုပ်ပြတ် ဥပါယာသ-သာ။

၇။ တဏှာတရား ချုပ်သွားသောခါ၊ ဒုက္ခအစု ချုပ်မှုသေချာ။
သံသရာဝဋ် ကျွတ်လွတ်ပြီးကာ၊ နိဗ္ဗာန်နန်း စံမြန်းရမည်သာ။

၈။ စွဲလမ်းနှစ်သက် ချုပ်ပျက်ကိုလေ၊ စေတနာက ကမ္မတစ်ထွေ။
ဇာတိအစ ဝိပါက-ပေ၊ ဝဋ်သုံးရပ် ချုပ်ပြတ်နိဗ္ဗာန်ပြည်(ပြေ)။

## (၄) ပါးစပ်က သံသရာပြတ်ပုံ

၁။ လျှာနှင့်အစား နှစ်ပါးဆုံရာ၊ ဝိညာဏ်ဓာတ်ဟု သိမှုပေါ်လာ။
ထိုသုံးပါးစု ခေါ်မှုဖဿာ၊ စားမကောင်း စားကောင်း ဝေဒနာ။

၂။ ဝေဒနာများ ထင်ရှားပေါ်ရာ၊ နှစ်သက်ခြင်းပြု ဖြစ်မှုတဏှာ။
ထိုတဏှာများ ချုပ်သွားဖို့ရာ၊ သတိထား တရားရှုရမှာ။

၃။ လျှာနှင့်အစား ဆုံကြားရုပ်သာ၊ အသိဓာတ်စု နာမ်ဟုမှတ်ပါ။
စားရာအဟုတ် နာမ်ရုပ်နှစ်ဖြာ၊ သူမမြဲ ဆင်းရဲ,လိုမပါ။
(အနိစ္စ၊ ဒုက္ခ၊ အနတ္တာ။)

၄။ ထိုသို့တရား ရှုပွားသောခါ၊ တဏှာချုပ်ပျက် နှစ်သက်ပယ်ခွာ။
ဉပါဒါန်လဲ ချုပ်မြဲမှန်စွာ၊ စွဲလမ်းမှု မပြုကြင်းစင်ကွာ။

၅။ ဉပါဒါန်ပြုတ် အဟုတ်မှန်စွာ၊ ဒါန, သီလ, သမထ-ပါ။
ခါခါပြုလုပ် အားထုတ်စေတနာ၊ ဘဝမျိုး ဖျက်ချိုးနိုင်ပေတာ။

၆။ ဘဝပြုတ်ဘိ ဇာတိချုပ်ကာ၊ ဇရာ, မရဏ, သောက-တွေပါ။
ပရိဒေဝ ဒုက္ခဖြာဖြာ၊ ဒေါမနဿ ချုပ်ပြတ် ဉပါယာသ သာ။

၇။ တဏှာတရား ချုပ်သွားသောခါ၊ ဒုက္ခအစု ချုပ်မှုသေချာ။
သံသရာဝဋ် ကျွတ်လွတ်ပြီးကာ၊ နိဗ္ဗာန်နန်း စံမြန်းရမည်သာ။

၈။ စွဲလမ်းနှစ်သက် ချုပ်ပျက်ကိုလေ၊ စေတနာက ကမ္မတစ်ထွေ။
ဇာတိအစ ဝိပါက-ပေ၊ ဝဋ်သုံးရပ် ချုပ်ပြတ် နိဗ္ဗာန်ပြည်(ပြေ)။

## (၅) ကိုယ်က သံသရာပြတ်ပုံ

၁။ ကိုယ်နှင့်အတွေ့ ထိတွေ့ဆုံရာ၊ ဝိညာဏ်ဓာတ်ဟု သိမှုပေါ်လာ။
ထိုသုံးပါးစု ခေါ်မှုဖဿာ၊ ထိမကောင်း ထိကောင်း ဝေဒနာ။

၂။ ဝေဒနာများ ထင်ရှားပေါ်ရာ၊ နှစ်သက်ခြင်းပြု ဖြစ်မှုတဏှာ။
ထိုတဏှာများ ချုပ်သွားဖို့ရာ၊ သတိထား တရားရှုရမှာ။

၃။ ကိုယ်နှင့်အတွေ့ ဆုံတွေ့ရုပ်သာ၊ အသိစိတ်စု နာမ်ဟုမှတ်ပါ။
ထိုရာအဟုတ် နာမ်ရုပ်နှစ်ဖြာ၊ သူ့မမြဲ ဆင်းရဲလို့မပါ။
(အနိစ္စ၊ ဒုက္ခ၊ အနတ္တာ.)

၄။ ထိုသို့တရား ရှုပွားသောခါ၊ တဏှာချုပ်ပျက် နှစ်သက်ပယ်ခွာ။
ဉပါဒါန်လဲ ချုပ်မြဲမှန်စွာ၊ စွဲလမ်းမှု မပြုကြောင်းစင်ကွာ။

၅။ ဉပါဒါန်ပြုတ် အဟုတ်မှန်စွာ၊ ဒါန, သီလ, သမထ-ပါ။
ခါခါပြုလုပ် အားထုတ်စေတနာ၊ ဘဝမျိုး ဖျက်ချိုးနိုင်ပေတာ။

၆။ ဘဝပြုတ်ဘိ ဇာတိချုပ်ကာ၊ ဇရာ, မရဏ, သောက-တွေပါ။
ပရိဒေဝ ဒုက္ခဖြာဖြာ၊ ဒေါမနဿ ချုပ်ပြတ် ဉပါယာသ-သာ။

၇။ တဏှာတရား ချုပ်သွားသောခါ၊ ဒုက္ခအစု ချုပ်မှုသေချာ။
သံသရာဝဋ် ကျွတ်လွတ်ပြီးကာ၊ နိဗ္ဗာန်နန်း စံမြန်းရမည်သာ။

၈။ စွဲလမ်းနှစ်သက် ချုပ်ပျက်ကိလေ၊ စေတနာက ကမ္မတစ်ထွေ။
ဇာတိအစ ဝိပါက-ပေ၊ ဝဋ်သုံးရပ် ချုပ်ပြတ်နိဗ္ဗာန်ပြည်(ပြေ)။

## (၆) စိတ်ကသံသရာပြတ်ပုံ။

၁။ မနဲ့ ဓမ္မ ဆုံကြသောခါ၊ ဝိညာဏ်စိတ်ဟု သိမှုပေါ်လာ။
ထိုသုံးပါး[illegible]ပေါ်မှုဖဿာ၊ တွေးမကောင်း တွေးကောင်း ဝေဒနာ။

၂။ ဝေဒနာများ ထင်ရှားပေါ်ရာ၊ နှစ်သက်ခြင်းပြု ဖြစ်မှုတဏှာ။
ထိုတဏှာများ ချုပ်သွားဖို့ရာ၊ သတိထား တရားရှုရမှာ။

၃။ မနဲ့ ဓမ္မ ဆုံကြသောခါ၊ နာမ်ရုပ်နှစ်[illegible]ပေါ်လာ။
တွေးရာအဟုတ် နာမ်ရုပ်နှစ်ဖြာ၊ သူ့[illegible]ဆင်းရဲ လို့မပါ။
(အနိစ္စ၊ [illegible]၊ အနတ္တာ။)

၄။ ထိုသို့တရား ရှုပွားသောခါ၊ တဏှာချုပ်ပျက် နှစ်သက်ပယ်ခွါ။
ဥပါဒါန်လဲ ချုပ်မြဲမှန်စွာ၊ စွဲလမ်းမှု မပြုကောင်းစင်ကွာ။

၅။ ဥပါဒါန်ပြုတ် အဟုတ်မှန်စွာ၊ ဒါန, သီလ, သမထ-ပါ။
ခါခါပြုလုပ် အားထုတ်စေတနာ၊ ဘဝမျိုး ဖျက်ချိုးနိုင်ပေတာ။

၆။ ဘဝပြုတ်ဘိ ဇာတိချုပ်ကာ၊ ဇရာ, မရဏ, သောက-တွေပါ။
ပရိဒေဝ ဒုက္ခဖြာဖြာ၊ ဒေါမနဿ ချုပ်ပြတ် ဥပါယာသ-သာ။

၇။ တဏှာတရား ချုပ်သွားသောခါ၊ ဒုက္ခအစု ချုပ်မှုသချာ။
သံသရာဝဋ် ကျွတ်လွတ်ပြီးကာ၊ နိဗ္ဗာန်နန်း စံမြန်းရမည်သာ။

၈။ စွဲလမ်းနှစ်သက် ချုပ်ပျက်ကိလေ၊ စေတနာက ကမ္မတစ်ထွေ။
ဇာတ်ိအစ ဝိပါကပေ၊ ဝဋ်သုံးရပ် ချုပ်ပြတ်နိဗ္ဗာန်ပြည်(ပြေ)။

* * * * * * *

# သတိပဋ္ဌာန် စာချိုးကဗျာများ

၁။ သွားသောခါမှာ သွားတယ်သိဖို့၊ တရားတကယ်ရှိလို့ နေရမယ်။
သွားချင်တာဟာ နာမ်နာမ်ပြောသမို့၊ အမှန်သဘောလို့ သိရမယ်။
နာမ်ကြောင့်ဖြစ်ရှာ လှုပ်လာသဘောကို၊ ရုပ်ဝါယောလို့ သိရမယ်။
သွားသောခါလဲ နာမ်ရုပ်ပဲ၊ အမြဲသိရမယ်။
အဲဒါမှ အနိစ္စ၊ ဒုက္ခ၊ အနတ္တ-ထင်နိုင်မယ်။

၂။ ရပ်သောအခါမှာ ရပ်တယ်သိဖို့၊ အမှတ်တကယ်ရှိလို့ နေရမယ်။
ရပ်ချင်တာဟာ နာမ်နာမ်ပြောသမို့၊ အမှန်သဘောလို့ သိရမယ်။
နာမ်ကြောင့်ဖြစ်လာ ရပ်လာသဘောကို၊ ဓာတ်ဝါယောလို့ သိရမယ်။
ရပ်သောခါလဲ နာမ်ရုပ်ပဲ၊ အမြဲသိရမယ်။
အဲဒါမှ အနိစ္စ၊ ဒုက္ခ၊ အနတ္တ-ထင်နိုင်မယ်။

၃။ ထိုင်သောအခါမှာ ထိုင်တယ်သိဖို့၊ အခိုင်သတိ ရှိရမယ်။
ထိုင်ချင်တာဟာ နာမ်နာမ်ပြောသမို့၊ အမှန်သဘောလို့ သိရမယ်။
နာမ်ကြောင့်ဖြစ်လာ ထိုင်လာသဘောကို၊ အနိုင်ဝါယောလို့ သိရမယ်။
ထိုင်သောခါလဲ နာမ်ရုပ်ပဲ၊ အမြဲသိရမယ်။
အဲဒါမှ အနိစ္စ၊ ဒုက္ခ၊ အနတ္တ-ထင်နိုင်မယ်။

၄။ လျောင်းသောအခါမှာ လျောင်းတယ်သိဖို့၊ ကောင်းဖွယ်သတိ ရှိရမယ်။
လျောင်းချင်တာဟာ နာမ်နာမ်ပြောသမို့၊ အမှန်သဘောလို့ သိရမယ်။
နာမ်ကြောင့်ဖြစ်လာ လျောင်းလာသဘောကို၊ အပေါင်းဝါယောလို့ သိရမယ်။
လျောင်းသောခါလဲ နာမ်ရုပ်ပဲ၊ အမြဲသိရမယ်။
အဲဒါမှ အနိစ္စ၊ ဒုက္ခ၊ အနတ္တ-ထင်နိုင်မယ်။

## လူ့သဘောဖြစ် စာစစ်ဖို့ရာ စာချိုးကဗျာများ

၁။ လူ့သဘောခေါ် ဘာကြောင့်ဖြစ်သလဲလို့ စာပေအစစ်နဲ့ စစ်ဆေးရမည်။
လူ, နတ်, တိရိစ္ဆာန်, ပြိတ္တာ, ငရဲလို့ ချိတ်ကာဆွဲဖို့ ငါးခုရှိသည်။
ဂတိငါးလီ ကြုံမည်မမှားသမို့ ဆုံလည်နွားသို့ ပမာတူသည်။
ကောင်းပင်ပျိုးလျှင် ကောင်းကျိုးရလို့ မကောင်းပင်ပျိုးက မကောင်းကျိုးရမည်။
ဗုဒ္ဓ နှုတ်ဟ သုတ်အရ မုချသိရမည်။
အဲဒါမှ လူ့သဘောဖြစ်၊ စာစစ်တွေးနိုင်မည်။

၂။ လူဆိုတာဟာ ဘယ်လိုလဲလို့ တကယ်ကိုမလွဲဖို့ သိကြရမည်။
'လု'ဓာတ်ကလာတာ လူအစစ်မို့ တမူသစ်လို့ သိကြရမည်။
'မနုဿ'ဆိုတာ ပါဠိပုဒ်လို့ စာရှိအဟုတ်မို့ သိကြရမည်။
အဓိပ္ပါယ်မှာ ကုသိုလ်ပွားလို့ အကုသိုလ်များကို ရှောင်ရှားကြသည်။
မနုဿ ထုတ်ပြ ပုဒ်အရ၊ အဟုတ်ပ သိရမည်။
အဲဒါမှ လူ့သဘောဖြစ်၊ စာစစ် တွေးနိုင်မည်။

၃။ လူအစစ်ဖြစ်လာ လူအများတို့ အယူမမှားဖို့ သိထားရမည်။
သုံးပါးရတနာ မိဘများနှင့်၊ ဆရာများကို ပူဇော်ရမည်။
ဒါန, သီလာ, ဘာဝနာ-များကို၊ ခါခါပွားလို့ ပြုကြရမည်။
လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို၊ ကောင်းစွာသင့်ကြား ကျင့်ရမည်။
အဲဒါမှ လူ့သဘောဖြစ်၊ စာစစ် တွေးနိုင်မည်။

၄။ လူအတုဆိုတာ အဝိဇ္ဇာမိုးသမို့ မိစ္ဆာမျိုးလို့ သိကြရမည်။
သုံးပါးရတနာ မိဘများနှင့်၊ ဆရာများကို စော်လှန်သည်။
ဒါန, သီလာ, ဘာဝနာ-များကို၊ ပယ်ကာထားဖို့ ပြောရဲကြသည်။
သုံးဆယ့်တစ်ဘုံဟာ မရှိဘူးလို့ အသိထူးလို့ စူးရှောက်ကြသည်။
မိစ္ဆာယူမှု လူအတု၊ လားမှုအပါယ်ပြည်။
အဲဒါကြောင့် လူ့သဘောဖြစ်၊ စာစစ်တွေးရမည်။

# အာရုံ ၆-ပါး စာချိုးကဗျာများ

## (၁) ရူပါရုံ

၁။ စက္ခု, ရုပ်, ဝိညာဏ-တို့၊ တိက္ကာ သင်္ဂတိ ဖဿကွယ်။
သုံးပါးဆုံရှမှာ မြင်သိတရားကို၊ အစဉ်သတိထားလို့ သိရမယ်။
မြင်မှုသဘောကို ရုပ်တရားလို့၊ အဟုတ်မမှားဖို့ သိရမယ်။
သိမှုသဘောကို နာမ်တရားလို့၊ အမှန်မမှားဖို့ သိရမယ်။
မြင်သောခါလဲ နာမ်ရုပ်ပဲ၊ အမြဲသိရမယ်။
အဲဒါက နာမရူပပရိစ္ဆေဒ၊ ဉာဏခေါ်ပါတယ်။

၂။ မျက်စိ, အဆင်း, နှလုံးသွင်းနှင့်၊ အလင်းရောင်တို့ စုံညီတယ်။
အကြောင်းလေးဖြာ အရှိတရားကို၊ သတိထားလို့ သိရမယ်။
ထို့ကြောင့်ဖြစ်လာ မြင်သိတရားကို၊ အစဉ်သတိထားလို့ သိရမယ်။
မြင်သိရုပ်နာမ်ကို တစ်မျိုးမမှားဖို့၊ အကျိုးတရားလို့ သိရမယ်။
ကြောင်းကျိုးနှစ်ခု ဆက်စပ်ပြု၊ ပေါ်မှုနာမ်ရုပ်ကွယ်။
အဲဒါက ပစ္စယပရိဂ္ဂဟ၊ ဉာဏခေါ်ပါတယ်။

၃။ ကြောင်းကျိုးစပ်လာ ရုပ်နာမ်နှစ်ပါးကို၊ အဟုတ်အမှန်တရားလို့ သိရမယ်။
ဖြစ်ပြီးနောက်မှာ ချုပ်ပျောက်သွားလို့၊ အဟုတ်မဖောက်မှားဖို့ သိရမယ်။
ဥပါဒ်, ဋ္ဌီ, ဘင်, အစဉ်ကျလို့၊ မြင်ခဏမှာပဲ ချုပ်ကြတယ်။
အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ မှတ်ပ ကောန်ကွယ်။
အဲဒါက သမ္မသန၊ ဉာဏခေါ်ပါတယ်။

## (၂) သဒ္ဒါရုံ

၁။ သောတ, သဒ္ဒ, ဝိညာဏတို့၊ တိက္ကာ သင်္ဂတိ ဖဿကွယ်။
သုံးပါးဆုံရာမှာ ကြားသိတရားကို၊ မမှားသတိထားလို့ သိရမယ်။
ကြားမှုသဘောကို ရုပ်တရားလို့၊ အဟုတ်မမှားဖို့ သိရမယ်။

သိမှုသဘောကို နာမ်တရားလို့၊ အမှန်မမှားဖို့ သိရမယ်။
ကြားသောခါလဲ နာမ်ရုပ်ပဲ၊ အမြဲသိရမယ်။
အဲဒါက **နာမရူပ ပရိစ္ဆေဒ၊ ဉာဏ**ခေါ်ပါတယ်။

၂။ နားနှင့်အသံ နှလုံးသွင်းများနှင့်၊ အကြားအပေါက်တို့ စုံညီတယ်။
အကြောင်းလေးဖြာ အရှိတရားကို၊ သတိထားလို့ သိရမယ်။
ကြားသိရုပ်နာမ်ကို တစ်မျိုးမမှားဖို့၊ အကျိုးတရားလို့ သိရမယ်။
ကြောင်းကျိုးနှစ်ခု ဆက်စပ်ပြု၊ ပေါ်မှုနာမ်ရုပ်ကွယ်။
အဲဒါက **ပစ္စယပရိဂ္ဂဟ၊ ဉာဏ**ခေါ်ပါတယ်။

၃။ ကြောင်းကျိုးစပ်လာ ရုပ်နာမ်နှစ်ပါးကို၊ အဟုတ်အမှန်တရားလို့ သိရမယ်။
ဖြစ်ပြီးနောက်မှာ၊ ချုပ်ပျောက်သွားလို့၊ အဟုတ်မမှောက်မှားဖို့ သိရမယ်။
ဥပါဒ်, ဌီ, ဘင် အစဉ်ကျလို့၊ ကြားခဏမှာပဲ ချုပ်ကြတယ်။
အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ မှတ်ပ ကေန်ကွယ်။
အဲဒါက **သမ္မသန၊ ဉာဏ**ခေါ်ပါတယ်။

## (၃) ဂန္ဓာရုံ

၁။ ဃာန, ဂန္ဓ, ဝိညာဏတို့ တိက္ကာ သင်္ဂတိ ဖဿကွယ်။
သုံးပါးဆုံရာမှာ နံသိတရားကို၊ အမှန်သတိထားလို့ သိရမယ်။
နံမှုသဘောကို ရုပ်တရားလို့၊ အဟုတ်မမှားဖို့ သိရမယ်။
သိမှုသဘောကို နာမ်တရားလို့၊ အမှန်မမှားဖို့ သိရမယ်။
နံသောခါလဲ နာမ်ရုပ်ပဲ၊ အမြဲသိရမယ်။
အဲဒါက **နာမရူပ ပရိစ္ဆေဒ ဉာဏ**ခေါ်ပါတယ်။

၂။ နှာခေါင်းနှင့် နံစရာ နှလုံးသွင်းသဘောနှင့်၊ ဝါယောလေတို့ စုံညီတယ်။
အကြောင်းလေးဖြာ အရှိတရားကို၊ သတိထားလို့ သိရမယ်၊
ထို့ကြောင့်ဖြစ်လာ နံသိတရားကို၊ အမှန်သတိထားလို့ သိရမယ်။
နံသိရုပ်နာမ်ကို တစ်မျိုးမမှားဖို့ အကျိုးတရားလို့ သိရမယ်။
ကြောင်းကျိုးနှစ်ခု ဆက်စပ်ပြု၊ ပေါ်မှု နာမ်ရုပ်ကွယ်။
အဲဒါက **ပစ္စယပရိဂ္ဂဟ၊ ဉာဏ**ခေါ်ပါတယ်။

၃။ ကြောင်းကျိုးစပ်လာ ရုပ်နာမ်နှစ်ပါးကို၊ အဟုတ်အမှန်တရားလို့ သိရမယ်။
ဖြစ်ပြီးနောက်မှာ ချုပ်ပျောက်သွားလို့၊ အဟုတ်မမှောက်မှားဖို့ သိရမယ်။
ဥပါဒ်, ဌီ, ဘင် အစဉ်ကျလို့၊ နံ့ခဏမှာပဲ ချုပ်ကြတယ်။
အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ မှတ်ပ ဇကန်ကွယ်။
အဲဒါက သမ္မသန၊ ဉာဏခေါ်ပါတယ်။

## (၄) ရသာရုံ။

၁။ ဇိဝှာ, ရသံ, ဝိညာဏတို့၊ တိက္ကာ သင်္ဂတိ ဖဿကွယ်။
သုံးပါးဆုံရာမှာ စားသိတရားကို၊ မမှားသတိထားလို့ သိရမယ်။
စားမှုသဘောကို ရုပ်တရားလို့၊ အဟုတ်မမှားဖို့ သိရမယ်။
သိမှုသဘောကို နာမ်တရားလို့၊ အမှန်မမှားဖို့ သိရမယ်။
စားသောခါလဲ နာမ်ရုပ်-ပဲ အမြဲသိရမယ်။
အဲဒါက **နာမရူပ ပရိစ္ဆေဒ**၊ ဉာဏခေါ်ပါတယ်။

၂။ လျှာနှင့်စားစရာ နှလုံးသွင်းသဘောနှင့်၊ အာပေါ်ရေတို့ စုံညီတယ်။
အကြောင်းလေးဖြာ အရှိတရားကို၊ သတိထားလို့ သိရမယ်။
ထို့ကြောင့်ဖြစ်လာ စားသိတရားကို၊ ပမှားသတိထားလို့ သိရမယ်။
စားသိရုပ်နာမ်ကို တစ်မျိုးမမှားဖို့၊ အကျိုးတရားလို့ သိရမယ်။
ကြောင်းကျိုးနှစ်ခု ဆက်စပ်ပြု၊ ပေါ်မှု နာမ်ရုပ်ကွယ်။
အဲဒါက **ပစ္စယပရိဂ္ဂဟ**၊ ဉာဏ ခေါ်ပါတယ်။

၃။ ကြောင်းကျိုးစပ်လာ ရုပ်နာမ်နှစ်ပါးကို၊ အဟုတ်အမှန်တရားလို့ သိရမယ်။
ဖြစ်ပြီးနောက်မှာ ချုပ်ပျောက်သွားလို့၊ အဟုတ်မမှောက်မှားဖို့ သိရမယ်။
ဥပါဒ်, ဌီ, ဘင်, အစဉ်ကျလို့၊ စားခဏမှာပဲ ချုပ်ကြတယ်။
အနိစ္စ၊ ဒုက္ခ၊ အနတ္တ- မှတ်ပ ဇကန်ကွယ်။
အဲဒါက သမ္မသန၊ ဉာဏခေါ်ပါတယ်။

## (၅) ဖောဋ္ဌဗ္ဗာရုံ

၁။ ကာယ, ဖောဋ္ဌဗ္ဗာ, ဝိညာဏတို့၊ တိဏ္ဏ သင်္ဂတိ ဖဿကွယ်။
သုံးပါးဆုံရာမှာ ထိသိတရားကို၊ သတိရှိထားလို့ သိရမယ်။
ထိမှုသဘောကို ရုပ်တရားလို့၊ အဟုတ်မမှားဖို့ သိရမယ်။
သိမှုသဘောကို နာမ်တရားလို့၊ အမှန်မမှားဖို့ သိရမယ်။
ထိသောခါလဲ၊ နာမ်ရုပ်ပဲ၊ အမြဲသိရမယ်။
အဲဒါက **နာမရူပ ပရိစ္ဆေဒ၊ ဉာဏ** ခေါ်ပါတယ်။

၂။ ကိုယ်နှင့်ထိစရာ နှလုံးသွင်းပါရှိလို့၊ အမာပထဝီတို့ စုံညီတယ်။
အကြောင်းလေးဖြာ အရှိတရားကို၊ သတိထားလို့ သိရမယ်။
ထို့ကြောင့်ဖြစ်လာ ထိသိတရားကို၊ သတိရှိထားလို့ သိရမယ်။
ထိသိရုပ်နာမ်ကို တစ်မျိုးမမှားဖို့၊ အကျိုးတရားလို့ သိရမယ်၊
ကြောင်းကျိုးနှစ်ခု ဆက်စပ်ပြု၊ ခေါ်မှု နာမ်ရုပ်ကွယ်။
အဲဒါက **ပစ္စယပရိဂ္ဂဟ၊ ဉာဏ** ခေါ်ပါတယ်။

၃။ ကြောင်းကျိုးစပ်လာ ရုပ်နာမ်နှစ်ပါးကို၊ အဟုတ်အမှန်တရားလို့ သိရမယ်။
ဖြစ်ပြီးနောက်မှာ ချုပ်ပျောက်သွားလို့၊ အဟုတ်မမှောက်မှားဖို့ သိရမယ်။
ဥပါဒ်, ဌီ, ဘင်, အစဉ်ကျလို့၊ ထိ-ခဏမှာပဲ ချုပ်ကြတယ်။
အနိစ္စ၊ ဒုက္ခ၊ အနတ္တ- မှတ်ပ ဧကန်ကွယ်။
အဲဒါက **သမ္မသန၊ ဉာဏ** ခေါ်ပါတယ်။

## (၆) ဓမ္မာရုံ

၁။ မန, ဓမ္မာ, ဝိညာဏ-တို့၊ တိဏ္ဏ သင်္ဂတိ ဖဿကွယ်။
သုံးပါးဆုံရာမှာ ကြံသိတရားကို၊ **အမှန်သတိထားလို့ သိရမယ်။**
ကြံသိသဘောကို နာမ်တရားလို့၊ **အမှန်မမှားဖို့ သိရမယ်။**
ဓမ္မာရုံဟာ ရုပ်နာမ်ရောသမို့၊ **အဟုတ်အမှန်သဘောလို့ သိရမယ်။**

ကြံသောခါလဲ နာမ်ရုပ်ပဲ၊ အမြဲသိရမယ်။
အဲဒါက **နာမရူပ ပရိစ္ဆေဒ**၊ ဉာဏခေါ်ပါတယ်။

၂။ မန, ဓမ္မာရုံ, နှလုံးသွင်းတရားနှင့်၊ ဘဝင်စိတ်များ စုံညီတယ်။
အကြောင်းလေးဖြာ အရှိတရားကို၊ သတိထားလို့ သိရမယ်။
ထို့ကြောင့်ဖြစ်လာ ကြံသိတရားကို၊ အမှန်သတိထားလို့ သိရမယ်။
ကြံသိနာမ်ကို တစ်မျိုးမမှားဖို့၊ အကျိုးတရားလို့ သိရမယ်။
ကြောင်းကျိုးနှစ်ခု ဆက်စပ်ပြု၊ ပေါ်မှု နာမ်ဓာတ်ကွယ်။
အဲဒါက **ပစ္စယပရိဂ္ဂဟ**၊ ဉာဏခေါ်ပါတယ်။

၃။ ကြောင်းကျိုးစပ်လာ နာမ်တရားကို၊ အမှန်မမှားဖို့ သိရမယ်။
ဖြစ်ပြီးနောက်မှာ ချုပ်ပျောက်သွားလို့၊ အဟုတ်မမှောက်မှားဖို့ သိရမယ်။
ဥပါဒ်, ဋ္ဌီ, ဘင်၊ အစဉ်ကျလို့၊ ကြံခဏမှာပဲ ချုပ်ကြတယ်။
အနိစ္စ၊ ဒုက္ခ၊ အနတ္တ - မှတ်ပ ဇကန်ကွယ်။
အဲဒါက **သမ္မသန**၊ ဉာဏ ခေါ်ပါတယ်။

* * * * *

## ကျောင်းဒါယကာများတေးထပ်

## ကျွန်းသစ်ကျောင်းဒါယကာဒါယိကာမများ

ကျောင်းအလှူမြတ်ဒါန၊ မှတ်ပါကြ အကြောင်းမှန်။
သဒ္ဓါဇလဝ ကောင်းပြန်သည်၊ တစ်သောင်းတန်ကျော်ငွေ။
ကျောင်းဆောက်တဲ့ဒကာတွေဟာ၊ ဆရာမထေရ်သာ နေဖို့ဆောက်ထား။
ပုဂ္ဂလိကသူတို့အလို၊ လှူဖို့ကိုစိတ်ထား။
သံဃိကာ နှုတ်ဆိုသွားသော်လဲ၊ ပုဂ္ဂိုလ်အားရည်ရွယ်။
စိတ်သာလျှင် အဟုတ်အဓိကမို့၊ ပုဂ္ဂလိကဖြစ်ပါတော့တယ်။
ဓမ္မိကဒါနသယ် **စာအရကွယ်ရှိတာမို့** -

ဝိနယာ မချို့လက်ာရာ၊ ကျမ်းမြတ်မဟာ။
ဆုံးဖြတ်ချက် ဒေသနာဟာ၊ သေအချာရှိသည်ကွဲလေး။
(ကျောင်းလှူတဲ့ သဒ္ဓါအရှိန်အဝါ တွေဟာ၊ တာဝတိံသာရောက်ကြမည်
ကွဲ့လေး။)

## သူများအလှူ မနာလိုသူတေးထပ်

သာဝတ္ထိမြို့ကြီး၏၊ ထိုအနီးရွာမှာ။
ခိုမှီးတဲ့ဆရာဟာ၊ မသမာစိတ်များ။
ရဟန်းကောင်းအမှန်တွေကို၊ မကောင်းကြံ ဝန်တိုလှငြား။
ထိုဆရာအလဗ္ဗီကို၊ ချစ်ကြည်ညိုလေးစား။
လဗ္ဗီကိုဘေးထားလို့၊ မလေးစားမှန်စွာ။
မနာလိုသဘောသွားနဲ့၊ ပြောကြားလို့အပြစ်ဆို ကာ။
အလဗ္ဗီပဂ္ဂဟာ၊ မပျက်သာလုပ်မိလို့ -
ပုပ်ပြည့်တဲ့မစင်တွင်းမှာ၊ ဝင်ဆင်းလို့သာ။
မစင်စားပြိတ္တာသာ၊ ထိတ်စရာဖြစ်ရသည်ကွဲ့လေး။
(သူတစ်ပါး စွန့်ချတာကို ဒကာမသာ စားရသည်ကွဲ့လေး။
ဒကာမ စွန့်ချတာကို၊ ဆရာဝွစာ စားရသည်ကွဲ့လေး။
ရှင်မောဂ္ဂလာန်မထေရ်ဟာ၊ သေအချာ မြင်ရသည်ကွဲ့လေး။
ပေတဝတ္ထုပါဠိတော်မှာ၊ စာအရှိဖော်ကာရေးသည်ကွဲ့လေး။
စာအရှိ ကြောက်စရာ့အရာကို၊ ထောက်ဆကာ ရှောင်ကြကွဲ့လေး)။

## ဝိနည်းကိုသင်ကြားပါ တေးထပ်

(ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ
နာမ ဟောတိ။)

၁။ ဝိနည်းကိုသင်ကြားမှ၊ ရှင်ဘုရားသာသနာ။
အစဉ်ပွားလာပါသည်၊ သာယာမည်မလွဲ။

သာသနာ့အသက်ဟာ၊ မပျက်ပါဝိနည်းသာပဲ။
ဝိနည်းသာတည်ပါလျှင်၊ သာသနာတည်မြဲ။
ဌကထာဋီကာထွဲမှာလဲ၊ တညီတညာတည်း(ထဲ)မိန့်မှာ။
ဝိနည်းကိုဘေးချိတ်ထားလျှင်ဖြင့်၊ ဝေးလိမ့် ဘုရားသာသနာ။
သက်နီးကိုဆင်မြန်းကာ၊ ရှင်ရဟန်းဟာ အတုမို့ -
သူ့အဖို့သာသနာ၊ ညာစားလို့သာ။
ဝိနည်းကိုပယ်ပါလျှင်၊ အပါယ်ရွာ သွားမည်ကွဲ့လေး။

## ပြည်နိဗ္ဗူလိုက်လိုလျှင်တေးထပ်

လောကီကို အစဉ်ရှုလို့၊ ခင်မှုနှင့်နေ့ကုန်။
သင်ပြုသည့်တွေ့အကြုံကို၊ စေ့စုံအောင်ရှုစမ်း။
ငါးအာရုံခင်တွယ်လျှင်၊ သင်အပါယ်ရောက်ဖို့သာမှန်း။
အောက်ဝီစိ သောင်းအငူမှာ၊ ခေါင်းမပြူစတန်း။
မကောင်းသူ လူသရမ်းတို့၊ ဆူပြွမ်းလို့ခံရာ။
ဒေသနာ မြတ်တရားကိုလ၊ မှတ်သားလို့ သိကြခါခါ။
လောဘနှင့်ဒေါသအရာ၊ မောဟကိုရှောင်ပစ်လို့ -
နောင်အသစ်တကယ်ပြင်၊ ကောင်းဖို့အစဉ်။
ပြည်နိဗ္ဗူလိုက်လိုလျှင်၊ အမိုက်ကို ရှောင်ကြကွဲ့လေး။

## ဤတေးထပ်ဖြင့် ဓမ္မာစရိယ ဆရာတော်များအား ပူဇော်ပါ၏

ဓမ္မဿ အာစရိယော-ဟု၊ သဒ္ဒါအရှိဟော ဝိဂြိုဟ်။
စာ၏သဘောကို သိလိုလျှင်၊ ကြည့်လို့သာမှတ်သား။
ဓမ္မာစရိယ ပုဒ်အလိုကို၊ ထုတ်ဆိုကာရေးခဲ့ထင်ရှား။
သုတ်, ဝိနည်း, အဘိဓမ္မာ-မှာ [illegible] ကာဖြစ်ငြား။
ပိဋကအနှစ်တရားတို့လဲ၊ အစစ်အမှားသိရှာ။

ပါဠိတော်, အဋ္ဌကထာ, ဋီကာ-အရ၊ ညီညာမှ ဆုံးဖြတ်လေတာ။
ဆရာတော်များ ဩဝါဒါကို၊ မနောမှာဟပ်ထားလို့
မရပ်မနားသေချာ၊ မှတ်သားလေတာ။
မြတ်ဘုရားဒေသနာကို၊ ဖွေရှာကာကြည့်သည်ကွဲ့လေး။
(မပြတ်မသားတဲ့ ပါဠိအရာကို၊ ဓမ္မာစရိယတွေဟာ ယုံဘူးကွဲ့လေး။
အမှားရော၍ တရားဟောတာတွေကို၊ ကြားသောခါ ပြုံးကြသည်ကွဲ့လေး)။

* * * * *

## ပဋ္ဌာန်အလျှုခံဖြတ်ပိုင်း ဖိတ်ကြားစာတေးထပ်

## (ပဋ္ဌာန်းအကျိုး ၆-မျိုးတေးထပ်)

ကြံခင်းကျောင်း ရပ်ဌာနက၊ ဖတ်ရှာကြသေချာ၊
သဒ္ဓါဗလဝ ဝေဖြာသည်၊ စေတနာပိုးပွား။
ပဋ္ဌာန်းမြတ်ဒေသနာကို၊ သွေမကွာနာကြအများ၊
နာကြားရကျိုးခြောက်ဖြာ၊ ဖြို့မောက်ကာရဖြား။
ထိုးဖောက်လာဘယာများကိုလဲ၊ ခွာထားလို့ကင်းစင်၊
နောင်အခါဖြစ်လာဘေးတို့၊ လစ်ကာပြေးအဝေးသို့ပင်။
ဆောင်ရွက်မှုကျိုးအောင်မြင်၊ ဆိုးရှောင်ကြဉ်ကိစ္စပြီးလို့ -
စိတ်ချအပြီး နိဗ္ဗာန်ကို၊ ရောက်မည်ဆို။
ပဋ္ဌာန်းမြတ် ထိုဒေသနာတော်ကို၊ ရိုသေစွာနာကြားကြလေး။

မှတ်ချက် - (၎င်းတေးထပ်ကို ကိုယ်တိုင်ရေးစပ်ပြီး ဗုဒ္ဓဓမ္မလောကစာစောင်
တွင် ၁၉၈၀-ပြည့်နှစ်က ထည့်ခဲ့ပြီးပြီ။)

## ကထိန်အလှူဖြတ်ပိုင်းဖိတ်ကြားစာတေးထပ်

ကထိန်ကိုအကြောင်းပြုလို့၊ ကောင်းမှုဖို့ရည်ကာ၊
ပေါင်းစုလို့ညီညာတယ်၊ ကြည်သဒ္ဓါအမြဲ။
ဝိသာခါ အနာထပိဏ်လို့၊ သဒ္ဓါအရှိန်တွေ ထွန်တောက်လို့ကဲ၊
တစ်နှစ်မှတစ်ကြိမ်သာ၊ အချိန်ဟာဖြစ်မြဲ၊
ကထိန်မဟာအစစ်ပွဲကိုလ၊ ဆင်နွဲကြမှန်စွာ။
အာနိသင်အကျိုးငါးကို၊ တိုးပွားလို့ရကြမည်သာ။
စာသင်တိုက်မြတ်သံဃာ၊ မှတ်ကြဲကာစိတ်ကြံမှန်းလို့
နိဗ္ဗာန်နန်းမြို့ရောက်ဖို့ရာ၊ လှူကြမှန်စွာ။
ကြံခင်းစာသင်တိုက် ရပ်ဌာနာမှာ၊ မြတ်ဓမ္မာနာ ကြွကြကွဲ့လေး။

## ဒုလ္လဘအလှူခံဖြတ်ပိုင်း ဖိတ်ကြားစာတေးထပ်

ဒုလ္လဘအကြောင်းပြုလို့၊ ပေါင်းစုလို့ကောင်းမှုဖို့ရည်ကာ၊
ပေါင်းစုလို့ညီညာတယ်၊ ကြည်သဒ္ဓါအမြဲ။
ဝိသာခါ, အနာထပိဏ်လို၊ သဒ္ဓါအရှိန်တွေ ထွန်းတောက်လို့ကဲ။
သာသနာ့အမွေကို၊ ထာဝရေယူနွဲ၊
ကံစမ်းလေတစ်ခုမဲကိုလ၊ ယခုပဲဖြတ်ပါ။
ပေါက်လာရင်ရဟန်းအဖြစ်ကို၊ အဆန်းအ့သစ်ပြုရမည်သာ။
သာမဏေအမှုပါ၊ ပြုကာသာစိတ်ကြံမှန်းလို့
နိဗ္ဗာန်နန်းမြို့ ပြည်ခေမာ၊ ရောက်ရမည်သာ။
ကြံခင်းစာသင်တိုက် ရပ်ဌာနာမှာ၊ မြတ်ဓမ္မာနာကြွကြကွဲ့လေး။

ဤတွင်

ဓမ္မစကြာဒေသနာတော်ရှက်စဉ် ပြီးပါပြီ။

* * * * *

# နိဂုံးဂါထာ

## ဣန္ဒက

(က) ဣ - မံ ဂန္ထံ၊ သုပသန္တာ၊
န္ဒ - ဗ္ဗာပိ တ- ထကာမိနော။
က - တွာန က- ရုဏံ စိတ္တံ၊
ယုတ္တံ ဂဏှန္တု သာဓဝေါ။

(က) ဣမံ ဂန္ထံ၊ ဤ သစ္စာလေးဝအလင်းပြ ဓမ္မစကြာသင်တန်း နိဗ္ဗာန်လမ်းညွှန်ကျမ်းကို။ သုပသန္တာ၊ ကောင်းစွာမသေ့ ဖတ်ရှု၍နေကြကုန်သော။ န္ဒဗ္ဗာပိ၊ အကောင်းအဆိုး ကြောင်းကျိုးမြင်သိ ပညာရှိလည်းဖြစ်ကုန်သော။ တထကာမိနော၊ အမှန်ကိုသာ လိုလားကြကုန်သော။ သာဓဝေါ၊ နှလုံး ပျော့ပျောင်း သူတော်ကောင်းတို့သည်။ ကရုဏံ စိတ္တံ၊ အပြစ်မတင် အချစ်ဝင်ကာ အစဉ်သနားသောစိတ်ကို။ ကတွာန၊ ပြု၍။ ယုတ္တံ၊ ပါဠိတော် အဋ္ဌကထာ ဋီကာလာနှင့် ညီညာသဖြင့် အသင့်ကိုသာ။ ဂဏှန္တု၊ ယူနိုင်ကြပါစေကုန်သတည်း။

## ဣန္ဒက

(ခ) ဣ - မိနာ ပုညကမ္မေန၊
န္ဒ - ဗ္ဗော ဟောမိ၊ ဘဝါဘဝေ။
က - လျာဏော၊ ရမိတွာန၊
ခိပ္ပံ ဟောမိ၊ အနာသဝေါ။

(ခ) ဣမိနာ ပုညကမ္မေန၊ ဤဓမ္မစကြာသင်တန်း နိဗ္ဗာန်လမ်းညွှန်ကျမ်းကို ရေးသားပြုစု ကောင်းမှုမှန်စွာ စေတနာကြောင့်။ ဘဝါဘဝေ။ နတ်နှင့်ဗြဟ္မာ နှစ်ဖြာနှစ်သွယ် ဘဝကြီးငယ်၌။ န္ဒဗ္ဗော၊ ကျိုးကြောင်းမြင်သိ ပညာရှိသည်။ ဟောမိ၊ စင်စစ်မသေ့ ဖြစ်ပါစေသတည်း။ ကလျာဏော၊ သာသနာပြု ကောင်းသောအမှု၌။ အဘိရမိတွာ၊ သာသနာပြုဆဲလုပ်ငန်းစဉ်၌ နှစ်မြို့က်မွေ့လျော်

အလွန်ပျော်သည်ဖြစ်၍။ ခိပ္ပံ၊ မင်္ဂလေးပါးကို ဆက်ပွားပြီးကာ လျင်မြန်စွာသာလျှင်။ အနာသဝေါ၊ အာသဝေါကင်းကွာ ရဟန္တာသည်။ ဟောမိ၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

## ဂါထာနက်နှင့် အမျှဝေ မေတ္တာပို့တေးထပ်

ဤကျမ်းကိုဖတ်ကာပ၊ မှတ်ပါကြထင်စွာ။
တတ်ရှာကြပညာ၊ အမြင်မှာပိုငြား။
သူတော်ကောင်းများမိတ္တာ၊ သနားစိတ်သာ ပြုကြအများ။
သင့်တော်မည့်အရာကို၊ စာအလိုယူထား၊
သဒ္ဓါပိုပေါင်းပြုထားသည့်၊ ကောင်းမှုကားမှန်စွာ။
ဖြစ်လေရာဘဝတိုင်းမှာ၊ ခဏမဆိုင်း တတ်မြောက်ပညာ၊
ကောင်းမှု၌မွေ့ပျော်ကာ၊ မမေ့လျော့သာ ဓမ္မာရလို့
အာသဝတို့လျင်မကြာ၊ ကင်းစင်လို့ကွာ။
နိဗ္ဗာန်မြို့ နန်းခေမာကို၊ မြန်းသေချာရောက်ရဖို့လေး
(ကောင်းမှုကိုဝေငှပါသည်၊ မသွေအမျှသာ ရကြကွဲ့လေး။)
(များသတ္တာ ဝေနေယျာ၊ အဝေရာဟောန္တုကွဲ့လေး။)

* * * * *

# ဤ "ဓမ္မစကြာသင်တန်း နိဗ္ဗာန်လမ်းညွှန်ကျမ်း" ကို ရေးသားရာတွင် အမှီပြု၍ ကြည့်ရှုသောကျမ်းများ

၁။ ပါရာဇိကပါဠိတော်
၂။ ၎င်းအဋ္ဌကထာ (ပ-ဒု)
၃။ ပါစိတ်ပါဠိတော်
၄။ မဟာဝါပါဠိတော်
၅။ ပါစိတျာဒိအဋ္ဌကထာ
၆။ ဝဇိရဗုဒ္ဓိဋီကာ
၇။ သာရတ္ထဒီပနီဋီကာ (ပ-ဒု-တ)
၈။ စူဠဝါပါဠိတော်
၉။ ပရိဝါပါဠိတော်
၁၀။ စူဠဝဂ္ဂါဒိအဋ္ဌကထာ
၁၁။ ဝိနယသင်္ဂဟအဋ္ဌကထာ
၁၂။ ဝိနယာလင်္ကာရဋီကာ (ပ-ဒု)
၁၃။ သီလက္ခန္ဓပါဠိတော်
၁၄။ ၎င်းအဋ္ဌကထာ
၁၅။ သုတ်မဟာပါပါဠိတော်
၁၆။ ၎င်းအဋ္ဌကထာ
၁၇။ သုတ်ပါထေယျပါဠိတော်
၁၈။ ၎င်းအဋ္ဌကထာ
၁၉။ မူလပဏ္ဏာသ ပါဠိတော်
၂၀။ ၎င်းအဋ္ဌကထာ (ပ-ဒု)
၂၁။ မဇ္ဈိမပဏ္ဏာသပါဠိတော်
၂၂။ ၎င်းအဋ္ဌကထာ
၂၃။ ဥပရိပဏ္ဏာသပါဠိတော်
၂၄။ ၎င်းအဋ္ဌကထာ
၂၅။ သဂါထာဝဂ္ဂနှင့် နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်
၂၆။ သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ
၂၇။ ခန္ဓဝဂ္ဂနှင့် သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော်
၂၈။ နိဒါနဝဂ္ဂနှင့် ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာ
၂၉။ မဟာဝဂ္ဂသံယုတ်ပါဠိတော်
၃၀။ သဠာယတနနှင့် မဟာဝဂ္ဂ သံယုတ်အဋ္ဌကထာ
၃၁။ ခုဒ္ဒကပါဌ၊ ဓမ္မပဒ, ဥဒါန, ဣတိဝုတ္တက သုတ္တနိပါတ ပါဠိတော်
၃၂။ ခုဒ္ဒကပါဌ အဋ္ဌကထာ
၃၃။ ဓမ္မပဒအဋ္ဌကထာ (ပ-ဒု)
၃၄။ ဥဒါနအဋ္ဌကထာ
၃၅။ သုတ္တနိပါတ အဋ္ဌကထာ (ပ-ဒု)
၃၆။ ဝိမာနဝတ္ထု, ပေတဝတ္ထု, ထေရဂါထာ ထေရီဂါထာ ပါဠိတော်
၃၇။ ဝိမာနဝတ္ထုအဋ္ဌကထာ
၃၈။ ပေတဝတ္ထုအဋ္ဌကထာ

၃၉။ ထေရအဋ္ဌကထာ
၄၀။ ထေရီအဋ္ဌကထာ
၄၁။ အပဒါနပါဠိတော် (ပ)
၄၂။ အပဒါနပါဠိ(ဒု)၊ ဗုဒ္ဓဝံသပါဠိ၊ စရိယာပိဋကပါဠိတော်
၄၃။ အပဒါန အဋ္ဌကထာ (ပ-ဒု)
၄၄။ ဗုဒ္ဓဝံသအဋ္ဌကထာ
၄၅။ စရိယာပိဋကအဋ္ဌကထာ
၄၆။ ဇာတကပါဠိတော် (ပ-ဒု)
၄၇။ ဇာတကအဋ္ဌကထာ (ပ-ဒု-တ-စ-မ-ဆ-သ)
၄၈။ နေတ္တိပါဠိ၊ ပေတကောပဒေသပါဠိတော်
၄၉။ စူဠနိဒ္ဒေသ ပါဠိတော်
၅၀။ မဟာနိဒ္ဒေသပါဠိတော်
၅၁။ စူဠနိဒ္ဒေသနှင့် နေတ္တိအဋ္ဌကထာ
၅၂။ မဟာနိဒ္ဒေသအဋ္ဌကထာ
၅၃။ ဧကက, ဒုက, တိက, စတုက္က-နိပါတ ပါဠိတော်
၅၄။ ပဉ္စက, ဆက္က, သတ္တကနိပါတ ပါဠိတော်
၅၅။ မိလိန္ဒပဉှာပါဠိ
၅၆။ အဋ္ဌက, နဝက, ဒသက, ဧကာဒသက ပါဠိတော်
၅၇။ အင်္ဂုတ္တရအဋ္ဌကထာ (ပ-ဒု-တ)
၅၈။ ပဋိသမ္ဘိဒါမဂ် ပါဠိတော်
၅၉။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ
၆၀။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (ပ-ဒု)
၆၁။ ဓမ္မစကြာမဟာဋီကာကြီး
၆၂။ ဓမ္မစကြာတရားတော်ကြီး (မဟာစည်)ဆရာတော်
၆၃။ မဃဒေဝလင်္ကာသစ်
၆၄။ ဘူရိဒတ်ဇာတ်ပေါင်းပို့
၆၅။ ဓမ္မစကြာတရားတော်နှင့် အနတ္တလက္ခဏာသုတ်တရားတော် (ဂန္ဓာရုံဆရာတော်)
၆၆။ ပေါရာဏဒီပနီ (ပ)
၆၇။ သင်္ဂဇာစကားပုံပေါင်းချုပ်
၆၈။ မဟာဗုဒ္ဓဝင် (ပ-ဒု-တ-စ)
၆၉။ သမန္တစက္ခုဒီပနီ
၇၀။ သဖြိုဟ်ကာသာဋီကာ
၇၁။ အခြေပြုသင်္ဂြိုဟ်
၇၂။ အင်္ဂါဂိဒ္ဓာဋီကာကြီး (ပ-ဒု)
၇၃။ စွယ်စုံကျော်ထင်
၇၄။ သာတ္ထပဒီကာ

* * * * *

# ကျေးဇူးတင်လွှာ

ဤ "(သစ္စာလေးဝအလင်းပြ) ဓမ္မစကြာသင်တန်း နိဗ္ဗာန်လမ်းညွှန်ကျမ်း" ဖြစ်မြောက်ရေးအတွက် ကူညီပြီး လက်နှိပ်စက် ရိုက်ပေးသော အရှင်တေဇနိယ (စာချ)ကိုယ်တော်အားလည်းကောင်း၊ မိတ်ဆက်နိဒါန်းရေးပေးသော ဓမ္မာ-စရိယ ဦးအေးနိုင် (ဘီအေ - မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရ) ဒါယကာကြီး အားလည်းကောင်း၊ စာမူကောင်းဖြစ်လာအောင် စာမူကို ကြည့်ရှု ပြင်ဆင် စီစဉ်ပုံနှိပ်ပေးသော ပါဠိဆရာကြီး ဒါယကာကြီး ဦးစိုးမြင့် (ဓမ္မာစရိယ) အား လည်းကောင်း၊ ဓမ္မဒါနအဖြစ် ပုံနှိပ်ထုတ်ဝေလှူဒါန်းနိုင်ဖို့ရာ နိဗ္ဗာန်ဆော် ပြုလုပ်ပေးကြသော ဒါယကာကြီး ဦးမြသောင်း (ဘီ-အက်-စီ) (ဆန်းမာတိုင်း အဖျော်ရည်နှင့် မြဟသ်ာအဖျော်ရည်လုပ်ငန်းပိုင်ရှင်)နှင့် ဒါယကာကြီး ဦးစိုးမြင့် (ကျန်းမာရေးမှူး-ငြိမ်း)အားလည်းကောင်း၊ စေတနာသဒ္ဓါတရားထက်သန်စွာ နှင့် "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"အရ အမြတ်ဆုံးဖြစ်သော ဓမ္မဒါနကုသိုလ်ကြီးကို ပညာပါရမီဖြည့်ကာ ပါဝင်လှူဒါန်းကြသော ဓမ္မဒါနကုသိုလ်ရှင် ဒါယကာ ဒါယိကာမများအား လည်းကောင်း အထူးကျေးဇူးတင်ပါသည်။

"အားလုံး ကျမ်းမာချမ်းသာကြပါစေ၊ လိုအင်ဆန္ဒ ပြည့်ဝကြပါစေ၊ သာသနာတော်မြတ်ကြီးကို အားပေးလှူဒါန်း နိုင်ကြပါစေ"ဟု ဆုတောင်း မေတ္တာ ပို့သအပ်ပါသတည်း။

အရှင်ကုန္ဒက (ဓမ္မာစရိယ)

# "သစ္စာလေးဝအလင်းပြ ဓမ္မစကြာသင်တန်း နိဗ္ဗာန်လမ်းညွှန်ကျမ်း" ဖြစ်မြောက်ရေးအတွက် အားပေးလှူဒါန်းကြသော အလှူရှင်များ

| အလှူရှင်အမည် | နေရပ်လိပ်စာ | အလှူငွေ |
|---|---|---|
| * ဦးမြသောင်း၊ဒေါ်နုကြည်၊ သား- မောင်ကောင်းမြတ်၊ မောင်လှမြတ်စိုး နှင့် သမီး-မခင်သန္တာမြ | ဆန်းမားတိုင်းအဖျော်ရည်နှင့် မြဟသ်ာအဖျော်ရည်လုပ်ငန်း အမှတ်(၃၁)၊ စိတ္တသုခလမ်း၊ (၇)ရပ်ကွက်၊ လှိုင်၊ ရန်ကုန်တိုင်း။ | ၁၀၀၀၀ |
| * ဒုတိယဗိုလ်မှူးကြီး မြင့်သိန်း၊ ဒေါက်တာ ဒေါ်ဝင်းရီ မိသားစု | (1/F)၊ ရှမ်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။ | ၆၀၀၀ |
| * ဦးလှကင်၊ဒေါ်ထွေးတို့ကိုအမှူးထား၍ မာယဆေးပေါလိပ်လုပ်ငန်းပိုင်ရှင် ဒေါ်လှကြည်၊ သား - မောင်ကျော်သူ၊ သမီး - မမေသူ၊ မချိုသူ | မာယဆေးလိပ်လုပ်ငန်း၊ (၁၈)၊ စိတ္တသုခလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။ | ၅၀၀၀ |
| * ဦးညိုမြ အားရည်စူး၍ ဒေါ်မကြည် | ကျုံးရိုးတန်း၊ ကြံခင်းမြို့နယ်။ | ၅၀၀၀ |
| * မိဘနှစ်ပါးအားအမှူးထား၍ ဒေါ်အေးရီ မိသားစု | အခန်း(၃၀၂)၊ တိုက်(၁၄)၊ အေးရိပ်မွန် (၄)လမ်း၊ ၃-ရပ်ကွက်၊ လှိုင်။ | ၃၀၀၀ |
| * ဦးစိုးမြင့်၊ဒေါ်လှမြင့် မိသားစု | (၃)၊ စိတ္တသုခလမ်း၊ ၇/လှိုင်။ | ၃၀၀၀ |
| * ဗိုလ်မှူးကြည်သိန်း (ညွှန်ကြားရေးမှူး) ဒေါ်ဖြူဖြူဝင်း မိသားစု | သတ္တုတွင်းဝန်ကြီးဌာန | ၂၅၀၀ |
| * ကိုခင်ညို - မဥမ္မာဦး | ၃၂စိတ္တသုခလမ်း၊၇/လှိုင်၊ရန်ကုန်။ | ၂၅၀၀ |
| * နှစ်ပါးကဲသောမိဘများအား အမှူးထား၍ ဦးဗဒအာင်လွင်. နန်းယိင်းယိင်းနောင် နှင်းတောင် မိသားစု | ၉-အေ၊ ဘုတာရုံလမ်း၊ ၆-ရပ်ကွက်၊ လှိုင်မြို့နယ်။ | ၂၀၀၀ |
| * ဦးညီလှဖေ-မိသားစု | ၁၀၊ မြတ်လေးရုံလမ်း၊ ၇/လှိုင်။ | ၂၀၀၀ |
| * ဦးမင်းစိန်၊ ဦးမင်းပို | ၄၀-အေ၊၄-လမ်း၊လမ်းမတော်။ | ၂၀၀၀ |
| * ဆရာမကြီး ဒေါ်ခန်းရင် (အမက၂၆) | ၁၉၊ ပဒုမ္မာလမ်း၊ စမ်းချောင်း။ | ၂၀၀၀ |

| အလှူရှင်အမည် | နေရပ်လိပ်စာ | အလှူငွေ |
|---|---|---|
| * ဦးဟုတ်ရှိန် ဒေါ်ခင်စမ်း မိသားစု | ၃၇၊ စိတ္တသုခလမ်း၊ ၇/လှိုင်။ | ၁၅၀၀ |
| * ဒေါ်လှစိန်နှင့် သားသမီးများ | ၁-အပ်ဖ်၊ ရှမ်းလမ်း၊ စမ်းချောင်း။ | ၁၅၀၀ |
| * ဒေါ်ကျင်မိသား မိသားစု | ၂၂၊ စိတ္တသုခလမ်း၊ ၇/လှိုင်။ | ၁၂၀၀ |
| * ဦးသိန်းလှိုင်၊ဒေါ်သန်းဝင်း မိသားစု | ၃၁၊ စိတ္တသုခလမ်း၊ ၇/လှိုင်။ | ၁၀၀၀ |
| * ဦးကံစော၊ဒေါ်သိန်းရင် | ၂၅၊ စိတ္တသုခလမ်း၊ ၇/လှိုင်။ | ၁၀၀၀ |
| * ဦးမင်းခေါ၊ ဒေါ်စိန်ကြိုင် မိသားစု | ၁၂၄၂၊ ၄၉-ရပ်ကွက်၊ မြောက်-ဒဂုံ။ | ၁၀၀၀ |
| * ဒေါ်စမ်း၊ သား-ဦးတင်လှအောင် သမီး-ဒေါ်မြင့်မြင့်သန်း | ၁၄၊ မြတ်လေးရုံလမ်း၊ ၇-ရပ်ကွက်၊ လှိုင်မြို့နယ်။ | ၁၀၀၀ |
| * မောင်သန်းစိုး-မလှလှမေ မိသားစု | ၃၃၊ စိတ္တသုခလမ်း၊ ၇/လှိုင်။ | ၁၀၀၀ |
| * ကိုညွန့်ဝင်း၊ မတင်လဲ့လဲ့ချော | ၆၊ မယ်စီကုန်းလမ်း၊ ၆/လှိုင်။ | ၁၀၀၀ |
| * ကိုရဲမြင့်ဇော်၊ မခင်လေးနိုင် | ၃၈၊ စိတ္တသုခလမ်း၊ ၇/လှိုင်။ | ၁၀၀၀ |
| * ဦးသန်းလွင်၊ ဒေါ်ဝင်းမြင့် မိသားစု | ၈၀၇၊ကျောင်းကုန်း(၃)လမ်း၊၇/လှိုင်။ | ၁၀၀၀ |
| * ဦးတင်ငွေ၊ဒေါ်တင်ကြည် မိသားစု | ၄၀၊ရတနာသိယ်လမ်း၊မုန့်လုပ်ဆောင်းကုန်းရပ်ကွက်၊ စမ်းချောင်း။ | ၁၀၀၀ |
| * ဗိုလ်မှူးတင်မောင်ထွဋ်၊ ဒေါ်ကေသီမြင့် သားလေး-မောင်ကျော်ဇာနီထွဋ်၊ | ၃၊ စိတ္တသုခလမ်း၊ ၇/လှိုင်။ | ၁၀၀၀ |
| * ဦးလှဝင်း ဒေါ်နီနီ မိသားစု | ၇/၅၆-လမ်း၊ ၇-ရပ်ကွက်၊ လှိုင်။ | ၁၀၀၀ |
| * ဦးမြင့်ခိန်း၊ ဒေါ်စန်းတင့် မိသားစု | ၁၉၂၊ အင်းစိန်လမ်းမကြီး၊ လှိုင်။ | ၁၀၀၀ |
| * ဒေါ်စောယုကြွေ | ၅၆၊ ၅၆-လမ်း၊ ၇-ရပ်ကွက်၊ လှိုင်။ | ၁၀၀၀ |
| * ဦးဘစ်တာသိန်းဟန်၊ဒေါ်ဌေးဌေးခင် မိသားစု | ၅၆၊ ၅၆-လမ်း၊ ၇-ရပ်ကွက်၊ လှိုင်။ | ၁၀၀၀ |
| * ဒု-ဗိုလ်မှူးကြီးမြလွင်၊ ဒေါ်ခင်ဌေးမို မိသားစု | ၄၅၊ ၅၆-လမ်း၊ ၇-ရပ်ကွက်၊ လှိုင် | ၁၀၀၀ |
| * ဗိုလ်မှူးဖေသိန်း၊ဒေါ်ရီရီမြင့် မိသားစု | ၄၂၊ ၅၆-လမ်း၊၇-ရပ်ကွက်၊လှိုင် | ၁၀၀၀ |
| * ဦးကျင်ဖေ(ကွယ်လွန်)၊ ဒေါ်လှဝင်း | တိုက်(၁၂)၊ အခန်း(၃၀၆)၊ အေးရိပ်မွန်(၂)လမ်း၊၃-ရပ်ကွက်၊ လှိုင်။ | ၁၀၀၀ |
| * ဦးမောင်စန်း၊ ဒေါ်ခင်ညို မိသားစု | တိုက်(၁၂)၊ အခန်း(၃၀၇)၊ အေးရိပ်မွန်(၁)လမ်း၊ ၄-ရပ်ကွက်၊ လှိုင်။ | ၁၀၀၀ |

| အလှူရှင်အမည် | နေရပ်လိပ်စာ | အလှူငွေ |
|---|---|---|
| * ဦးမြမောင်၊ ဒေါ်ငြိမ်းအေး မိသားစု | ၄-ဘီ၊ ၂၀၂၊ရတနာမွန်အိမ်ရာ။ | ၁၀၀၀ |
| * နှစ်ဖက်သောမိဘများကိုအမှူးထား၍ တပ်ကြပ်ကြီးမောင်အေးကို၊ မစန်းမော် မိသားစု | ၉၂ ဆ-လ-ရ၊ မင်္ဂလာဒုံ။ | ၁၀၀၀ |
| * ဒေါက်တာဦးနေအောင်-ဒေါ်ဘေဘီစော | ၆-ကျနုဝရတ်ဆေးကုခန်း၊ဘုတာရုံ လမ်း၊ ၆-ရပ်ကွက်၊ လှိုင်။ | ၁၀၀၀ |
| * ဗိုလ်မှူး အောင်ကျော်ကျော် ဒေါ်လွင်လွင်မော် မိသားစု | | ၁၀၀၀ |
| * ဦးစိုးသန်းမင်းဒင်-ဒေါ်တင်ဆွေမြင့် မိသားစု | ၁၀၊ ၆၅-လမ်း၊ ၇-ရပ်ကွက်၊ လှိုင်။ | ၁၀၀၀ |
| * ဦးသန်းထွန်း-ဒေါ်မြင့်မြင့်ရီ မိသားစု | ဘဲဥဆိုင်၊ လှိုင်ဈေးကြီး၊ လှိုင်။ | ၁၀၀၀ |
| * ဦးဖေသိန်း-ဒေါ်ရီရီမြင့် မိသားစု | ၄၂၊ သုခလမ်းသွယ်၊ ၅၆-လမ်း။ | ၁၀၀၀ |
| * ဦးကြည်သိန်း-ဒေါ်ခင်မေကြည် | ၉၆၊ ဗိုလ်ကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်။ | ၁၀၀၀ |
| * ဒေါ်တင်သောင်း | ဆင်ရွာ၊ ရွှေတောင်မြို့နယ်။ | ၁၀၀၀ |
| * မောင်မြဟန် မသန်းလွင် မိသားစု | ဆင်ရွာ၊ ရွှေတောင်မြို့နယ်။ | ၁၀၀၀ |
| * ဦးသိန်းဟန်-ဒေါ်ကြည်အေး မိသားစု | ကျွန်းသစ်ရွာ၊ ကြံခင်းမြို့နယ်။ | ၁၀၀၀ |
| * ဦးစိန်အေး (ဒု-အကောက်ခွန်မှူး) ဒေါ်အေးအေးသက် မိသားစု | ကိုက်(၁၉-ဘီ)၊ အခန်း-၁၄၊ ဆင်မင်းလမ်း၊ အလုံမြို့နယ်။ | ၁၀၀၀ |
| * ဦးစိန်ဝင်း-ဒေါ်စမ်းညွန့် မိသားစု | ကြံခင်းမြို့၊ ဇရာဝတီတိုင်း။ | ၁၀၀၀ |
| * ဦးစိန်ငွေ-ဒေါ်ချိုမာ မိသားစု | ဆိပ်သာရွာ၊ ကြံခင်းမြို့နယ်။ | ၁၀၀၀ |
| * ဦးအေးသောင်-ဒေါ်သန်းသန်း | ၃၅၊စိတ္တသုခလမ်း၊၇-ရပ်ကွက်၊လှိုင်။ | ၅၀၀ |
| * မောင်သန်းအောင်-မောင်ရဲထွန်း | ခေတ္တ (မလေးရှား)။ | ၅၀၀ |
| * ဦးမောင်စိန်-ဒေါ်တင်ကြိုင်၊ သမီး-ခိုင်မာလာ၊ ခိုင်သဇင် | ၃၈၊ စိတ္တသုခလမ်း၊ ၇-ရပ်ကွက် လှိုင်မြို့နယ်။ | ၅၀၀ |
| * ဦးသန့်ဇင်-ဒေါ်စမ်းစမ်းဝင်း မိသားစု | ၂၈၊စိတ္တသုခလမ်း၊၇-ရပ်ကွက်၊လှိုင်။ | ၅၀၀ |
| * ဦးအောင်လင်း-ဒေါ်ငွေငွေဝင်း | ၂၊ ဘူတာရုံလမ်း၊ ၆-ရပ်ကွက်၊ လှိုင်။ | ၅၀၀ |

| အလှူရှင်အမည် | နေရပ်လိပ်စာ | အလှူငွေ |
|---|---|---|
| * ဦးထင်ကျော်-ဒေါ်မငယ် မိသားစု | ၂၀၅၉၊အုတ်ရေတွင်းလမ်း၊အင်းစိန်။ | ၅၀၀ |
| * ကိုဘာဘူ-မစန်းငွေး | ၃၀-က၊ သီရိလမ်း၊ စမ်းချောင်း။ | ၅၀၀ |
| * ကိုအောင်မြင့်-မသန်းသန်းဆွေ | ၁၇၂/၃၇-လမ်း၊ကျောက်တံတား။ | ၅၀၀ |
| * ကိုရှမ်းလေး-မအေးသိင်္ဂီ မိသားစု | ၁၂၀၊ မြေနုလမ်း၊ စမ်းချောင်း။ | ၅၀၀ |
| * ဦးမောင်ဉာဏ်-ဒေါ်ခင်ခင် | ၁၇၆/၃၇-လမ်း၊ကျောက်တံတား။ | ၅၀၀ |
| * မောင်ဆန်းထွန်း | ၅၆၊ မပိုလမ်း၊ မြေနီကုန်း။ | ၅၀၀ |
| * ဦးကောင်းတတ်-ဒေါ်ရိမ် | ၅၁၊ တတိယထပ်၊ လှည်းတန်း။ | ၅၀၀ |
| * ဦးချောင်ရှုဝိန် မိသားစု | ၁၃၀၊တ-ထပ်၊၃၁-လမ်း၊ပန်းဘဲတန်း။ | ၅၀၀ |
| * မောင်စန်းဝင်း | ၄၆၊ မပိုလမ်း၊ မြေနီကုန်း။ | ၅၀၀ |
| * ဦးအဘွန်း-ဒေါ်ခင်ခင်ဝင်း | ၁၂၊ ကျောင်းကုန်း(၁)လမ်း၊ ၇/လှိုင်။ | ၅၀၀ |
| * ဦးထွန်း-ဒေါ်စုမာအောင် | ၂၀၊ မြေနုလမ်း၊ မြေနီကုန်း။ | ၅၀၀ |
| * ဦးဘိဒူး-ဒေါ်ခင်စိန် မိသားစု | ၃၉၊ ကျောင်းကုန်း(၃)လမ်းသွယ်။ | ၅၀၀ |
| * ဦးကြီးရွှေ အားရည်စူး၍ ဒေါ်နွဲ့နွဲ့ဝင်း သား-မောင်သိန်းဇော်ဦး | ၁၉၊ စိတ္တသုခလမ်း၊ ၇-ရပ်ကွက်၊ လှိုင်မြို့နယ်။ | ၅၀၀ |
| * ဦးလှကြိုင်-ဒေါ်ထားထားရီ မိသားစု | ၁၆၈၊ ၅၄-လမ်း၊ (သုခလမ်း)။ | ၅၀၀ |
| * ဦးမြသန်း-ဒေါ်သန်းသန်း မိသားစု | ပစ်တိုင်းထောင်လက်ဖက်ရည်ဆိုင် ၅-ရပ်ကွက်၊ လှိုင်။ | ၅၀၀ |
| * ဦးကြည်-ဒေါ်အေးမိ | ခ/၁၂၉၀၊ငုဝါလမ်း၊၈၈-ရပ်ကွက်၊[illegible]။ | ၅၀၀ |
| * မောင်တင်ကိုဇော | (ခေတ္တစက်ာပူ) | ၅၀၀ |
| * ဒေါက်တာ ဒေါ်ဝင်းရီ အားရည်စူး၍ သမီး-မသက်ထားမြင့် | ၁-F၊ ရှမ်းလမ်း၊ စမ်းချောင်း။ | ၅၀၀ |
| * ကိုကျော်သက်-မယဉ်ယဉ်မွန် သား-မောင်ကျော်စည်သူ | ၁၀-ခ၊ စိတ္တသုခလမ်း၊ ၇-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။ | ၅၀၀ |
| * မောင်ဝင်းနိုင်-မချောလှ | ကျွန်းသစ်ရွာ၊ ကြံခင်းမြို့နယ်။ | ၅၀၀ |
| * ဦးတင်ပြုံး-ဒေါ်ညွန့်တင် မိသားစု | မဲကုန်းရွာ၊ ကြံခင်းမြို့နယ်။ | ၅၀၀ |
| * မောင်ဇော်မျိုးဦး-မလွင်လွင်မာ သား-ဟိန်းထက်လင်း | တိုက်-၅၊E၂၊ အေးရိပ်မွန်(၃)လမ်း၊ ၃-ရပ်ကွက်၊ လှိုင်။ | ၅၀၀ |

| အလှူရှင်အမည် | နေရပ်လိပ်စာ | အလှူငွေ |
|---|---|---|
| * မောင်ကျော်ကြီး-မတင်ဝမ်း | မဲကုန်းရွာ၊ ကြံခင်းမြို့နယ်။ | ၅၀၀ |
| * အမိ-ဒေါ်တင်လှကိုအမှူးထား၍ ဆရာမ ဒေါ်သန်းသန်းဝင်း | နှင်းဆီလမ်း၊ လှိုင်မြို့နယ်။ | ၅၀၀ |
| * ဦးစိန်ဝင်းနှင့် ဒေါ်ခင်လုံးတို့အားရည်စူး၍ ဦးဟန်ကြူ-ဒေါ်မခိုင် မိသားစု | ၃၀၊ ခြံ-၁၆၉၊ ၉-ရပ်ကွက်၊ လှိုင်မြို့နယ်။ | ၅၀၀ |
| * ဒေါ်တင်ရွှေ မိသားစု | ၈၈၊ မယ်စိကုန်းလမ်း၊ ၇/လှိုင်။ | ၅၀၀ |
| * ဦးမောင်စိန်-ဒေါ်ခင်ကြည် မိသားစု | ကျောင်းကုန်း(၃)လမ်း။ | ၅၀၀ |
| * ဦးလှကြိုင်-ဒေါ်ငွေးကြွယ် | ၂၄-ခ၊ မြတ်လေးရုံလမ်း၊ ၇/လှိုင်။ | ၃၀၀ |
| * မောင်ကျော်ဦး | တောင်ငူ။ | ၃၀၀ |
| * ဒေါ်ခင်သစ် မိသားစု | ၉၂၇၊ ကျောင်းကုန်း(၃)လမ်း။ | ၃၀၀ |
| * ဦးကံလှ-ဒေါ်ခင်ပု | မဲကုန်းရွာ၊ ကြံခင်းမြို့နယ်။ | ၃၀၀ |
| * မောင်အေးထွန်း-မအေးစမ်း | မဲကုန်းရွာ၊ ကြံခင်းမြို့နယ်။ | ၃၀၀ |
| * ဦးမောင်သောင်း-ဒေါ်မြငွေ | မဲကုန်းရွာ၊ ကြံခင်းမြို့နယ်။ | ၃၀၀ |
| * မောင်သိန်းငွေ-မခင်ရီ | မဲကုန်းရွာ၊ ကြံခင်းမြို့နယ်။ | ၃၀၀ |
| * မောင်အောင်-မကျင်ထွေး | မဲကုန်းရွာ၊ ကြံခင်းမြို့နယ်။ | ၃၀၀ |
| * ဒေါ်ခင်မြင့် မိသားစု | ၈၇၊ မယ်စိကုန်းလမ်း၊ ၇/လှိုင်။ | ၃၀၀ |
| * ဦးရွှေတိုး-ဒေါ်ခင်ကြည် မိသားစု | မယ်စိကုန်းလမ်း၊ ၇/လှိုင်။ | ၂၀၀ |
| * ဦးမြင့်ကြည်-ဒေါ်ကြည်သိန်း မိသားစု | ကျောင်းကုန်း(၃)လမ်း၊ ၇/လှိုင်။ | ၂၀၀ |
| * ဦးညွန့်တင်-ဒေါ်လှရီမိသားစု | အောင်ချမ်းသာ(၃)လမ်း လှိုင်။ | ၂၀၀ |
| * ဦးတင်-ဒေါ်မရီ | ၈၁၁၊ ကျောင်းကုန်း(၃)လမ်း။ | ၂၀၀ |
| * ဦးခင်ဝင်း-ဒေါ်စမ်းစမ်းရီ | အမှတ်(၃၀)၊ မယ်စိကုန်းလမ်း။ | ၂၀၀ |
| * ဒေါ်သောင်းညွန့် | ဒေါနလမ်း၊ ၅ ရပ်ကွက်။ | ၂၀၀ |
| * ရွှေမန်း မိသားစု | ၁၇၊ ဘူတာရုံလမ်း၊ လှိုင်မြို့နယ်။ | ၂၀၀ |
| * ဒေါ်နုနုနှင့် ညီမများ | ၁၉၊ စိတ္တသုခလမ်း၊ ၇ ရပ်ကွက် | ၂၀၀ |
| * ဒေါ်တင်လှ မိသားစု | ၂၇၊ ကျောင်းကုန်း(၃)လမ်း။ | ၂၀၀ |
| * ဦးတင်လှ-ဒေါ်ခင်သန်း မိသားစု | ၆၀၂ သီရိမြိုင်(၈)လမ်း။ | ၂၀၀ |
| * ဦးထွေးမြင့်-ဒေါ်ရှမ်ဘီ | ၆-ခ၊ ပိတောက်မွှေးဝါလမ်း။ | ၂၀၀ |

| အလှူရှင်အမည် | နေရပ်လိပ်စာ | အလှူငွေ |
|---|---|---|
| * ဦးတင်လှ-ဒေါ်ရီ မိသားစု | ၈၁၁၊ ကျောင်းကုန်း(၃)လမ်းသွယ်၊လှိုင်။ | ၂၀၀ |
| * ဒေါ်သောင်းညွန့် | ဒေါနလမ်း၊ ၅-ရပ်ကွက်၊ လှိုင်။ | ၂၀၀ |
| * ဦးမြအေးကိုရည်စူး၍ ဦးခင့်စိန် မိသားစု | ၃၅၊ ကျောင်းကုန်း(၃)လမ်း။ | ၁၀၀ |
| * ဦးသောင်းရှိန် | ၃၆-က၊ ကျောင်းကုန်း(၃)လမ်း။ | ၁၀၀ |
| * ဦးစံငွေ-ဒေါ်ခင်ရီ | ၂၇၊ ကျောင်းကုန်း(၃)လမ်း။ | ၁၀၀ |
| * ဒေါ်သိန်းကြည် | ၆၄၊ မယ်စီကုန်းလမ်း၊ ၇/လှိုင်။ | ၁၀၀ |
| * ဦးရွှေ | ညောင်ပင်သာရွာ၊ နွားထိုးကြီး။ | ၁၀၀ |
| * ဦးကျော်မြင့် ဒေါ်သန်းလှ | ၂၆၊ စိတ္တသုခလမ်း၊ လှိုင်မြို့နယ်။ | ၅၀ |
| * ဦးမြသောင်းအားရည်စူး၍ ဒေါ်နှင်းကြည် မိသားစု | ၇၉၉၊ ကျောင်းကုန်း(၃)လမ်း။ | ၅၀ |

ဤစာအုပ်တွင် - - -

- ဗုဒ္ဓမြတ်စွာ လောင်းလျာဘဝ ပဋိသန္ဓေနေသည်မှစ၍ ဘုရားဖြစ်တော်မူပြီး ပရိနိဗ္ဗာန်ဝင်စံသည်အထိ ဖြစ်စဉ်တော်များကို နေ့အလိုက် အကျဉ်းဆုံး ဖော်ပြထားခြင်း၊
- ပလ္လင်တော်နှင့်ပတ်သက်၍ သိသင့်သိထိုက်သော အဆိုအမိန့်များကို ဖော်ပြ ထားခြင်း၊
- သာသနာတော်တွင် သံဃာရတနာ စ,တင်ပေါ်ပေါက်လာ၍ တေဝါစိက သရဏဂုံ စ,တင် ဆောက်တည်နိုင်ခဲ့သည့်နေ့၊
- ဓမ္မစကြာ ဒေသနာတော်ကို ဖတ်ရှုသူတိုင်း လွယ်ကူထင်မြင်စွာ သိရှိ၊ ကျင့်ကြံနိုင်ခြင်း၊
- ဓမ္မစကြာဒေသနာပါဠိကို မှန်ကန်စွာ အသံထွက်ရွတ်ဖတ်နိုင်စေရန် ပါဠိတော် မူရင်းနှင့် အသံထွက်ရွတ်ဖတ်ပုံကို တစ်မျက်နှာစီ (မျက်နှာချင်းဆိုင်) ဖော်ပြ ထားခြင်း၊
- သစ္စာ ၄-ပါး၌ သစ္စ, ကိစ္စ, ကတ-ဟူသော တိပရိဝဋ္ဋဉာဏ်ဖြစ်ပုံများအပြင် ပဋိသန္ဓေတည်နေပုံ၊ တည်နိုင်ခွင့် စသည်တို့နှင့်တကွ အခြားသော သိမှတ်ဖွယ်ရာ အစုံအလင်တို့ဖြင့် **ဗဟုသုတ ဟင်းလေးအိုးကြီးသဖွယ်** သိမြင်, မှတ်သား, ကျင့်ကြံ, ပွားများနိုင်ကြမည် ဖြစ်ပါသည်။
- **နောက်ဆက်တွဲ ဝတ်ရွတ်စဉ်ဖြင့် ဝတ်အသင်းများ သံပြိုင်ညီညာ ဝတ်ရွတ်နိုင်ကြပါမည်လည်း ဖြစ်ပါသည်။**